# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်




အတွဲ-၂၊ အမှတ် ၂၈ မှ ၅၂။

စနေနေ့တိုင်း ထုတ်ဝေသည်။

ပန်းချီ — ဦးအောင်တင်

# ဂဠုန်ဆရာစံ

ဇာတ်လမ်း
ဆင်ဖြူကျွန်းအောင်သိန်း

ရွှေသွေး ဂျာနယ်

အတွဲ-၂၊ အမှတ် ၂၇၊ ၄-၇-၇၀






စစ်ပုလိပ်တို့၏ ပစ်ခတ်မှုကြောင့် ဂဠုန်တပ်သား များ အထွေးလိုက် ကျဆုံးကြသော်လည်း-

ရှပ်ရှပ်ချုံချုံတိုက်ခိုက်ကြသဖြင့် စစ်ပုလိပ်တပ် များ နောက်ဆုတ် ပြေးရ၏။

ထိုစဉ် မင်းရဲ ရဲအောင်ထင်အမည်ခံ ဗိုလ်တ အေးကို ကျည်မှန်သွားလေ၏။

လက်ထောက်ဗိုလ်တယောက်ကပြေးလာပြီးပွေ့ရာ

ဂဠုန်တပ်သားတို့ကား သရဲမင်းရဲ စီးနေသူများ ပမာ တိုက်ခိုက် အောင်ပွဲခံလျက်ရှိ၏။


အရေးပိုင် မာရက်တိုးနှင့် ရာဇဝတ်ဝန် ဦး မောင်ကလေးတို့မှာ ထွက်ပြေးကြရ၏။



ဒိုင်း
ဂဠုန် တပ်သား တယောက်ကို ဦးမောင်ကလေးက ဒသနုတ်ဖြင့်ပစ်ရာ—
အခြား ဂဠုန်တပ်သား တယောက်က မြင်၍ ဓားဖြင့်ဝင်ခုတ်လိုက်လေ၏။
လိုက်ဟေ့- ဒီကျောက်ခုတ်ကို အမိဖမ်းဟေ့
မျက်နှာဖြူအရေးပိုင်လည်းသင်္ဘောပေါ်သို့ အတင်းတက်ပြေးပြီး—
စက်ကုန် ခုတ် မောင်း၍ ပြေးတော့၏။
ဗိုလ်ဘအေးမှာ ရင်ဝ၌ ဒဏ်ရာရလျက် နှင့်ပင် —
ခွေးတွေ ပြေးကုန်ပြီ- လက် နက်တွေသိမ်း ကျဆုံးတဲ့သွေးသောက် တွေကိုသယ်ကြ
ဗိုလ်မှူး- ရာဇဝတ်ဝန် ဦးမောင်ကလေးရဲ့ အလောင်းတွေ့တယ်
ဟေ ဟုတ်လား ဝမ်းသာ လိုက်တာ ကွာ
အောင်ပြီ ဒီတိုက်ပွဲမှာ ငါတို့ အောင်တယ် တပ်ပြန်ခေါက်


ဂဠုန်တပ်သားများ တပ်ခေါက် ပြန်လာကြ၍ ထန်းတောရွာသို့ ရောက်သော် —
ရော့-ဆေးလိပ်သောက်ကြဦး- နင်တို့နိုင်လာသလား-မောပါဦး ဟဲ့
ရန်သူအကြီးအကဲ တကောင်နဲ့ မိစ္ဆာဆယ်ကောင် ကျကျန်ခဲ့တယ်ဗျ
ရွာသူ ရွာသားများက ကွမ်း၊ ဆေးလိပ်၊ သောက်ရေ စသည်တို့ဖြင့် ကြိုဆိုကြ၏။
ဝမ်းသာလိုက်တာဟယ်-ငါ့ ငပိအိုးကိုသေးနဲ့ပန်းသွားတဲ့ခွေးကောင်တွေ သေတာကောင်းတယ်
ဟဲ့ကျော်ဖရဲ.. ငါ့ယောကျာ်းကောဟဲ့- ရှေ့မှာမတွေ့ခဲ့ဘူး နောက်ပိုင်းမှာလားဟဲ့
ခြေသလုံးကိုထိပြီး ကျိုးသွားတယ်-မသေတောင် ခြေတဖက် ဖြတ်ပစ်ရမယ် ထင်တယ်
အမယ်လေး-ကျိုးတော့လဲ ငါတသက်လုံး လုပ်ကျွေးမယ်ဟေ့- ငါ့တူမနုနုထွတ်ထွတ်လေးကို ခွေးကျင့်ကျင့်သွားတဲ့ခွေးကောင်တွေကို ငါ့ယောကျာ်းကိုယ်တိုင်သတ်ခဲ့ရလို့ ကျေနပ်ပြီ- ခြေထောက်ကျိုးသွားတာများ ဘာဖြစ်သေးလဲ
ငါမငိုဘူးဟေ့
ငါတို့ကိုယ်စား လက်စားချေရင်း ငါ့မောင်သေတာ ဝမ်းမနည်းဘူးဟေ့
အိပ်ရာထဲအိပ်နေရင်းလဲ မြွေကိုက်လို့- လေဖြတ်လို့ သေနိုင်သေးတာဘဲ- ငါတို့ကို နှိပ်စက်တဲ့ မိစ္ဆာကောင်တွေကို သုတ်သင်ရင်း သေတာ ဂုဏ်တောင် ရှိသေးတယ်အေ့
သားဆုံးသူ၊ လင်သေသူတို့၏ အသံမှာ ပျံ့လွင့်နေတော့၏။

ဆက်ရန်



သူဌေးမကြီးတဦး၏ လက်တွင်ဝတ်ဆင် ထားသော လက်စွပ်မှ စိန်သည် မြက်ခင်း ပေါ်သို့ ကျွတ်ကျ သွားသည်။
အောင်မယ်လေး သေပါပြီဗျ -
စိန်တုံး၏ဦးခေါင်း ပေါ်တည့်တည့်ရှိ၊ မြက်ပင်ရွက်ကလေး ပေါ်တွင် နှင်းရည် တစက်သည်တင် ကျန်ရှိသည်။
အလို - ငါ့အောက်မှာ ကိုစိန်တုံး ရောက် နေပါကလား။
ကိုစိန်တုံးဟာ၊ ငါ့ထက်အဆင့် အတန်းမြင့်မားတယ်ငါဟာသူ့ အထက်ကမနေသင့်ဘူး။ဒါပေမယ့် အခြေအနေအရ၊ ဖြစ်လာတော့ ဘယ်လိုမှမတတ်နိုင်ဘူး။
ထိုအချိန်တွင် ပိတုန်းတကောင် ပျံလာသည်။
အလို - ကိုစိန်တုံးပါလား၊ ဘယ့်တုန်းက၊ ဒီကို အလည်ဆိုက်ရောက်လာ ပါသလဲခင်ဗျာ။
မြင့်မြတ်တဲ့ အမျိုးကဆင်းသက်လာတဲ့ ကိုစိန်တုံးကို အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ အရိုအသေ ပြုပါတယ်။
အဟမ်း- အဟမ်း-





ထိုအချိန်တွင် ရေငတ်သော ပုံဆွား တကောင် ရောက်လာသည်။
အောက်မှာ ရေစက်လေး တစက်ပါလား။ ဆင်းသောက် လိုက်ဦးမှဘဲ။
အလိုလေး-ရေငတ်လွန်းလို့ ရေသောက်မယ်လုပ်ပါတယ်၊ ဘယ်က အသုံးမကျတဲ့ စိန်တုံးနဲ့များ လာတွေ့နေရသလဲ မသိပါဘူး။
ခုအချိန်မှာ အဖိုးတန်တဲ့ ရေတစက်ပေါက် သောက်ချင် လိုက်တာ၊ ရေမသောက်ရရင် ငါသေတော့မှာဘဲ။
သေချင်မှ သေပေါ့ကွ၊ မင်းသေလို့ ငါကတော့ ဝမ်းမနည်းပါဘူး။
အင်း-အခုမှဘဲ၊ တကယ် အဖိုးတန်တာကို သိပါပြီ။ ဘယ်လောက်ဘဲ အဆင့်အတန်း မြင့်မြင့်၊ သူတပါးအတွက် လုံးဝ အကျိုးရှိအောင် မဆောင် ရွက်နိုင်ရင် အလကားဘဲ။ သူတပါးအတွက် ကိုယ်ကျိုး စွန့်သွားတဲ့ အညာကြ နှင်း ရည်စက်လေး အတွက် ကျေးဇူးတင်မိပါတယ်။
အစ္စ-ပုံဆွားရေ၊ သင့်ကို ကျွန်ုပ်ကူညီ ပါ့မယ်၊ ကျွန်ုပ်အသက် သေချင်သေပါစေ။
ဟဲ့. ပလပ် ပါပေတော့။
ဝမ်းသာလိုက်တာ အစ္စရယ်၊ ကျွန်ုပ်အသက် ကို ကယ်တင်နိုင် ပါတယ်ကွယ်။

# မီးပုံးပျံ ရဲ့ဖြစ်

သရုပ်ဖော် ကျော်ကျော်

၁၈ ရာစုနှစ်ဦးပိုင်းက ပေါ်တူဂီပြည် လစ္စဘွန်းမြို့တွင် နေထိုင်သော မသိလိုမျိုး လောရင့် ဒီဂုစမိုး အမည်ရှိ ဘုန်းတော်ကြီးတပါးသည် မိုးပေါ်သို့ ပျံတက်ရန် စိတ်ကူး ယဉ်ခဲ့ပေသည်။ သူသည် အထက်သို့ပျံနိုင်မည့်မီးပုံးပျံတခုကို ကြံစည် ပြုလုပ်သည်။ ထိုအရာမှာ အလွန်ကြီးမားသော ခြင်းကြီးတခုဖြစ်၍ အပေါ်မှ အဝတ်ဖြင့် အုပ်ထားပြီး အောက်ဖက်၌ မီးလင်းဖိုတခု ဆွဲချိတ်ထားသည်။ လောင်စာများကို မီးရှို့လိုက်သော အခါ လေပူများသည် မီးပုံးပျံကြီးနှင့် ဘုန်းတော်ကြီးတို့ကို မ တင်သွားတော့သည်။



ရုတ်တရက်တိုက်ခတ်လိုက်သော လေကြောင့် အခြေ အနေ ဆိုးရွားသွားလေသည်။ မီး ပုံး ပျံ ကြီး မှာ နန်းတော် ထောင့်စွန်း တခုနှင့် တိုက်မိပြီး ဘုန်းတော်ကြီး ဂုစမိုးသည် လွင့်ကျ သွားလေသည်။ မြေပြင်မှ လွန်စွာ မမြင့်သေး၍ တော်ပေသေးတော့သည်။

ဘုန်းတော်ကြီးသည်ဘေးအန္တရာယ်ကိုအမှုမထားပဲ သူ၏ ထူးဆန်းသောကောင်းကင်ပုံ ယာဥ်ကို ပြန်လည်မှုပြင်သည်။ ပရိသတ် ဝိုင်းအုံလာပြန်သည်။ လောင်စာကို မီးရှို့ပြီး ဘုန်းတော်ကြီးဂုစမိုးလည်း လိုက်ပါရန် ပြင်ဆင်လိုက်သည်။ ထိုအခိုက် စစ်သည်တော်များ ရုတ်ခြည်းရောက်လာပြီး သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားလေသည်။









ဘာသာရေး ဆိုင်ရာ တရားရုံးက သူ့အား စုန်းအတတ်ပညာကျင့်သုံး သည် ဆို ကာ သေဒဏ်ပေးရန် အမိန့်ချမှတ် လေသည်။ သို့သော် သူ၏ လက်တွေ့စမ်းသပ်မှုတွင် စိတ်ဝင်စားသူ ဘုရင်ကြီး က ဘုရားသခင်၏သဘာဝဥပဒေသများကို ချိုးဖောက်မိပါသည်ဟု ဝန်ခံစေပြီး အပြစ်မှ လွှတ်ပေးခဲ့သည်။

ဘုန်းတော်ကြီးလည်း နောက်ထပ်စမ်းသပ်မှုများကို မပြုလုပ်တော့ပေ။ သို့သော် ရောမ ငှက်ကြီးများကဲ့သို့သော ကောင်းကင်ပျံယာဥ်ပုံစံများကိုမူ ရေးဆွဲခဲ့ပေသည်။





ယခုအခါတွင်ကား ဓာတ်ငွေ့ကို အသုံးပြုသော မီးပုံးပျံများကို သိပ္ပံပညာရှင်များက အသုံးချလျက်နေရပြီ ဖြစ်ပေသည်။


ကာတွန်း
ရွှေပါ
ပါဝင်သော
တကိုယ်ကောင်း
ရွှေဝါသည် လွန်စွာတကိုယ်ကောင်းဆံသော ကြက်တူရွေးကလေးဖြစ်သည်။
ဟေ့… ငါ့ကတော့ တကိုယ်ကောင်းဆံတယ်ဘဲ ပြောပြော ဘယ်သူပြောပြော ငါတော့ မှုဘူးဘဲကွ… သိလား…
ဒီလိုမပြောရဘူး သားရဲ့… တကိုယ်ကောင်းစိတ်ဆိုတာ ကောင်းတာမှ မဟုတ်ဘဲ သားရယ်…
ဘိုး… မေမေကလဲ ကိုယ့်အရေးထက် ဘယ်သူ့အရေးကိုမှ ဦးစားမပေးနိုင်ပါဘူး… မကူညီနိုင်ပါဘူး… ကောင်းကောင်းအိပ်မယ်၊ ကောင်းကောင်းစားမယ်… ကစားမယ်။
ထို့ကြောင့် သူ့ကို အပေါင်းအသင်း မလုပ်ကြ။
မင်းတို့နဲ့မကစားရလဲ… ငါတကောင်ထဲ ပျော်ရတဲ့နည်းကို ငါကြံမှာပေါ့ကွ… ဘာရမလဲ…
ထို့နောက် –
ကိုဝက်ဝံတို့ညီအကို နှစ်ကောင်ဟာ သိပ်ချစ်ခင်ညီညွတ်ကြတာဘဲ… သူတို့ကို ငါ… အဲ… ဟုတ်ပြီ



သို့နှင့် နောက်တနေ့တွင် ရွှေဝါသည် ဝက်ဝံ ညီနောင်ထံ သွားကာ သူ့အကြံအတိုင်း တကောင်နှင့်တကောင် ရန်တိုက်ပေးပြီး ....
ဟား ဟား ဟား ။ ။ တကယ့် ပွဲကြီးပွဲကောင်းဘဲ ။ ။ ဟုတ်ပြီကွ ။ ချပေး ။ ပျော်စရာကြီးပါလားဟေ့
ရွှေဝါ၏ လုပ်ရပ်အားလုံးကို မြေခွေးကြီး တကောင်သည် အစမှအဆုံး တွေ့မြင်နေရသည်။
သားကြောင့် ကိုဝက်ဝံတို့ ညီအကိုအာဏာတရဖြစ်ကုန်ကြတယ်ဆိုပါကလား ။ ။ ကိုယ့်တကိုယ်ကောင်းပျော်ရွှင်ချင်တာနဲ့ အခုလိုသူများတွေကိုရန်တိုက်ပေးတာ မကောင်းပါဘူးသားရယ် ။ ။
အတော်ဆိုးတဲ့ ကြက်တူရွေးပါလား ။ ။ ။
သို့သော် မိခင်၏စကားကို ဂရုမစိုက်။
ဟုတ်ပြီကွ ။ ။ ခတ်ပေး ၊ တိုး ။ ။ တိုးပေးကွ ။ ဒါ ရွှေဝါကြံတာကွ ။ ဒါကြံတာ ။ ။ ဟားဟားဟား
ထိုအခိုက် —
ကဲ ။ လာခဲ့ ။ ငှက်ဆိုးလေး သူများရန်ပွားမှ ပျော်တဲ့ကောင်ကို ဒဏ်ပေးရမယ်
ဟင်



ဒီလောက်တောင် ဆိုးလွန်းလှတာ၊ ဒဏ်ပေးနေတာကြာတယ်။ တခါထဲသတ်စားပစ်လိုက်တာကောင်းပါတယ်။
ထိုစဉ် ရွှေဝါ၏ မိခင်နှင့် သူငယ်ချင်းများ ရောက်လာကြကာ
တက်ညီလက်ညီ ပိုင်းဝန်းတိုက်ခိုက် ပေးကြသဖြင့် နောက်ဆုံးတွင်
ငါတကိုယ်ကောင်း စိတ်ရှိသလောက်၊ မိတ်ထားညံ့သလောက် ။ မင်းတို့ငါ့အပေါ်ထားရှိတဲ့စေတနာ မြင့်ပါပေတယ်ကွာ။
ကျေနော် နောင်ကို တကိုယ်ကောင်း စိတ် - ဘယ်တော့မှ မမွေးတော့ပါဘူး မေမေရယ်။ သားလိမ္မာပါတော့မယ်။




မိုးရာသီတွင် အပြင်ဖက်၌ စိုစွတ်သဖြင့် ကလေးများသည် ကျောင်း၊ ဇရပ်၊ ဘုရားတန်ဆောင်းများတွင် ကစားကြရသည်။ ကျွန်းတိုင်ကြီးများ အကြား၌ နေရာလည်း ကျယ်ဝန်းသည်။

ကလေးများသည် ထိုတိုင်များအကြား၌ တတိုင်မှတတိုင်သို့ ကူးပြေးကစားနိုင်ကြသည်။ ကစားသူဦးရေသည် တိုင်ဦးရေထက် တယောက် ပိုနေစေရသည်။ သို့မှသာ ထိုတယောက်သည် တိုင်မရှိသော ဘီလူးမအဖြစ် သရုပ်ဆောင်နိုင်ပေမည်။ ကျန်ကလေးများမှာတယောက်တတိုင်စီ နေရာယူ ကိုင်ထားကြပြီး တိုင်မရှိသော လူပိုဘီလူးမကို "တိုင်လဲမရ ဘီလူးမ" ဟူ၍ ဝိုင်းဝန်း လှောင်ပြောင် ကြရသည်။ ဘီလူးမလုပ်သူက "တိုင်ကပိုးကြီး ထိုးလိမ့်တည်း" ဟု ပြန်လည်ချောက်လှန့်သည်။ ထိုအခါ တိုင်ကိုယ်စီနှင့် ကလေးများက "ဟုတ်ကလား" ဟု အလန့်တကြားဆို၍ တတိုင်မှ တတိုင်သို့ ကူးပြောင်းကြရသည်။ ဘီလူးမက ကလေးများ တိုင်ကူး နေကြစဉ် လူလစ်လပ်ရာ တိုင်တခုခုကို ခိုးယူလိုက်ရသည်။ ဘီလူးမ တိုင်ရသွားလျှင် တယောက်ယောက် သည် တိုင်လက်မဲ့ဖြင့် ယောင်တောင်တောင် ကျန်ရစ် နေတတ်ရာ ထိုသူ ဘီလူးမ လုပ်ရပေသည်။ ထိုအခါ တိုင်ရသူတို့က လက်ညှိုးထိုးကာ "တိုင်လဲမရ ဘီလူးမ" ဟု ဆိုကြပြန်သည်။ ဘီလူးမလုပ်ရသူကလည်း နောက်တကြိမ် ချောက်လှန့်ကာ တိုင်ခိုးယူရမည်။ ဤသို့ဖြင့် တပွဲပြီးတပွဲ ပျော်ရွှင်စွာ ကစားနိုင်ကြလေသည်။

ဤကစားနည်းသည် ကိုယ်လက် သန့်စွမ်းစေသည်။ ပါးနပ်စေသည်။ ဖျတ်လတ်စေသည်။





# ကျောင်းအောင်ကြိုးစားပါ

မောင်တင်စိုး

ယနေ့ မောင်ဇော်ငွေသည် ကျောင်းသို့ စောစွာရောက်နေသည်။ အတန်းထဲရှိ အမှိုက်များကို တံမြက်စည်းဖြင့် လှည်းသည်။ အမှိုက်များကို စုကျုံးပြီး အမှိုက်ပုံးသို့ သွားရောက်စွန့်ပစ်လိုက်သည်။ ပြီးလျှင် အတန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

အတန်းထဲတွင် စံလှနှင့် သာအောင်တို့ ရောက်နေကြပြီဖြစ်၏။ နှစ်ယောက်သား ကွာစိများစား၍ ဇော်ငွေအား ပြုံးစိစိဖြင့် ကြည့်နေကြသည်။

“လုပ်အားတန်ဖိုး ချစ်တယ် ချစ်တယ်လို့ မြှောက်ခိုင်းတာကို အဟုတ်မှတ်နေတာပါကွာ”

“ဒီကောင်မျိုး ပေါ့ကွာ – ကြီးလာယင် သူများခိုင်းဖတ်ဖြစ်တာ၊ ဟား–ဟား–ဟား”

ဇော်ငွေသည် သူ့အား စောင်း၍ ပြောမှန်း သိသော်လည်း မကြားယောင် ပြုကာနေလိုက်သည်။ သူတို့နှင့်ဖက်၍ ပြောနေလျှင် ရန်ပွဲဖြစ်မည်ကို ဇော်ငွေသိသည်။ အထူးသဖြင့် ကျောင်းသားအချင်းချင်း သင့်တင့်ညီညွတ်စွာ နေလိုသည်။ ထို့ကြောင့် မိမိခုံတွင် ထိုင်ကာ စာဖတ်၍ နေလိုက်သည်။

စံလှနှင့် သာအောင်သည် ဇော်ငွေအား မနာလိုသူများ ဖြစ်ကြသည်။ ဇော်ငွေ လုပ်သမျှကို အကောင်းထင်သူများ မဟုတ်ကြ။ ပညာ ကြိုးစားသဖြင့် ဇော်ငွေအား ဆရာများက ချီးကျူးသော်လည်း သူတို့က စာခိုးချသည်ဟု မဟုတ်မမှန် စွပ်စွဲသည်။

သူတို့သည် အတန်းထဲတွင် စွာကျယ် စွာကျယ်လုပ်၍ မည်သူ့ကိုမျှ ဗိုလ်မထားလိုသူများ ဖြစ်ကြသည်။ သို့သော် ပညာကြိုးစားမှုတွင်၎င်း၊ စုပေါင်းဆောင်ရွက်မှုတွင်၎င်း သူတို့ ဗိုလ်မစွဲကြ။ ရေသာခိုသူများ၊ အချောင်ကပ်သူများ အဖြစ် ကျောင်းသားများက မှတ်ယူထားကြသည်။ ထို့ကြောင့် ဇော်ငွေအား ပို၍မနာလိုကြခြင်းဖြစ်သည်။

ဇော်ငွေသည် သူတို့ကို အမှုမထားပဲ စာကိုသာ ကြည့်မြဲကြည့်နေသည်။

ထိုအခိုက် သူ၏ ထိုင်ခုံခြေရင်းနှင့် ခြေထောက် ပေါ်သို့ ကွာစိခွံများနှင့် စက္ကူစုတ်များ ဖျောခနဲ ပြန့်ကြဲ၍ ကျလာ၏။

ဇော်ငွေသည် ရုတ်တရက် ဒေါသ ထွက်သွားပြီး ဆတ်ခနဲ မတ်တတ်ရပ်ကာ –

“မင်းတို့ တော်တော် အကျင့်ယုတ်တဲ့ကောင်တွေ။ ကိုယ်ကိုယ်တိုင်က အမှိုက်တစမှ မရှင်းချင်ဘူး၊ ရှင်းတဲ့လူကိုလဲ စော်ကားသေးတယ်”

သို့သော် စံလှနှင့်သာအောင်သည် သူတို့အား မပြောသလိုဖြင့် တဟားဟားရယ်၍ အတန်းထဲမှ ထွက်သွားကြသည်။

တဖြည်းဖြည်းနှင့် ကျောင်းသား ကျောင်းသူများ ရောက်လာကြသည်။ မတင်မေသည် အတန်းထဲသို့ ဝင်ဝင်ချင်း ဇော်ငွေ၏ တင်းမာနေသော မျက်နှာထားနှင့် သူ့ခြေရင်းတွင် ပြန့်

ကြဲနေသော အမှိုက်များကို ကြည့်ရင်း အံ့အား သင့်နေ၏။

"ဇော်ဌေး– နင်ဘာဖြစ်နေတာလဲ။ အမှိုက်တွေလဲပွလို့"

"ဘာမှ မဖြစ်ပါဘူးဟာ–စံလှနဲ့သာအောင်တို့ပေါ့။ ငါ့ကို ရန်စပြီး ငါ့နေရာကို အမှိုက်တွေ ကြဲသွားတယ်"

"အေးဟယ်–သူတို့ကတော့ စာလဲမကြိုးစားဘူး။ ဘာအလုပ်မှလဲ မလုပ်ချင်ကြဘူး။ ကျောင်းမှာ တခုခုစုပေါင်းလုပ်စရာရှိယင်လဲ အရင်လစ်တာဘဲ"

မတင်မေသည် ပြောပြောဆိုဆို အမှိုက်များကို စု၍ကျုံး လိုက်သည်။

ခေါင်းလောင်းသံသည် စီစီညံညံထွက်ပေါ်လာသည်။ အတန်းထဲတွင် ကျောင်းသားအားလုံးရောက်ကြပြီ။ ခဏကြာသော် အတန်းပိုင်ဆရာ ဦးဝမ်းမောင် အတန်းထဲသို့ ဝင်လာသည်။

"မင်္ဂလာပါ"

အားလုံး မတ်တတ်ရပ်၍ ဆရာအား နှုတ်ခွန်းဆက်ကြ၏။

"အေးကွယ်– ထိုင်ကြ ထိုင်ကြ။ မင်းတို့ကို စာမသင်ခင် ဆရာ စကားနန်နဲပြောချင်တယ်။ တခြားတော့မဟုတ်ဘူး။ မောင်ဇော်ဌေးနဲ့ မောင်စံလှ၊ မောင်သာအောင်တို့ကိစ္စဘဲ။ ဆရာလဲ မတင်မေ ပြောမှ သိရတယ်။ ကိုယ့်အတန်းအတွက် အကျိုးရှိစေမယ့် အလုပ် မှန်သမျှဟာ အတန်းသားတိုင်းမှာ တာဝန်ရှိတယ်။ ဒီလိုအလုပ်မျိုးကိုလုပ်ရတာဟာ ဂုဏ်ယူစရာ တမျိုးဘဲ။ မောင်စံလှနဲ့ မောင်သာအောင်တို့ရဲ့အပြုအမူဟာ မိမိတို့ရဲ့ဂုဏ်သိက္ခာကိုထိခိုက်စေတတ်တယ်။ သူတပါးလုပ်တာကို မနာလိုတဲ့ စိတ်မျိုး မမွေးရဘူး။ ကိုယ့်ကိုယ်တိုင်လဲ အများ အတွက် အကျိုးရှိမယ့်အလုပ်ကို စေတနာရှိရှိလုပ်ကြရမယ်။ ကျောင်းကောင်စီရဲ့ ကတိလေးချက်နဲ့ ညီညွတ်အောင် မိမိအတန်း၊ ကျောင်းနဲ့ တိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားကြရမယ်။ မိမိတယောက်မကောင်းတာနဲ့ အတန်းနဲ့ကျောင်းကိုပါ ထိခိုက်စေတယ်။ နောင် ကြီးလာတဲ့အချိန်မှာ တိုင်းပြည်တိုးတက်ရေးဟာ မင်းတို့အားလုံး အပေါ်မှာ တာဝန်ရှိတယ်။ ဒါကြောင့် အစစ အရာရာမှာ ကောင်းအောင် ကြိုးစားကြပါလို့ ဆရာတိုက်တွန်းချင်တယ်"

ဆရာ၏ စကား ဆုံးသွားသောအခါ တတန်းလုံး ငြိမ်သက်နေသည်။ စံလှနှင့် သာအောင်သည် ခေါင်းများကို ငုံ့ထားကြသည်။ အမှားကို နောင်တရကြ၍လား၊ ရှက်နေကြ၍လားမသိ။ သူတို့ ကိုယ်တိုင်သာလျှင် သိကြပေလိမ့်မည်။

သို့သော် တတန်းလုံး၏နားထဲတွင်မူ ဆရာဦးဝမ်းမောင်၏ ကောင်းအောင် ကြိုးစားကြပါ ဟူသောစကားသည် အမြဲတစေ ကြားယောင်နေလိမ့်မည်ဟု ယုံကြည်မိပါသည်။

## မိုး

ရွှေမိုးငွေမိုး ကောက်ပင်ပျိုး၊
စပါးဆန်ရေတိုး။

မိုးပုလဲဝါ ဘယ်ကလာ၊
ပင်လယ်ဆီကလာ။

ရေပြာခိုးငွေ့ လေအေးတွေ့၊
ပုလဲမိုးစက်မြေ ။

ရွာပေ့ဖွေးဖွေး မိုးပေါက်သေး၊
ဆန်စပါးကိုပေး။

မောင်ထွေးမိခင် စဖိုဝင်၊
ထမင်းချက်ဖို့ပြင်။

ဆူယင်ပွက်ယင် အိုးဖုံးမ၊
ရေငွေ့ချွေးစက်ကျ။

ရေစခိုးငွေ့ ပူပူတွင်၊
လေအေးတွေ့ထိစဉ်။

အိုးဖုံးမှာပင် ရွာသွန်းဖြိုး၊
မေမေလုပ်သည့်မိုး။

မေမေ့မိုးပေါက် ပုလဲဝါ၊
အနံ့သူမရှာ။

မရှာသော်လည်း သူကပေး၊
ထမင်းဖြူဖြူဖွေး။ ။

စန္ဒာမြင့်



R. 517






## အင်ကြင်းပန်း

"သဏ္ဍာရိုးတံ၊ မင်းစံရွှေပွင့်၊ ကိုးဆင့် နဝရတ်၊ ဘုံပြာသာဒ်ကဲ့သို့"ဟု စလေဦးပုညက ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် အင်ကြင်းပန်း အကြောင်း ဖွဲ့ပြထားသည့်အတိုင်း၊ အပွင့်၏ အရောင်မှာ ဝါဖန့်ဖန့်၊ ပွင့်ညှာတံက နီရဲရဲဖြစ်သည်။ ဘုံကိုးဆင့်ရှိသော ပြာသာဒ်ပမာ ပန်းခိုင်ကြီးများတွင် အဖူးအပွင့်တို့က အဆင့်ဆင့်ထွက်ကြသည်။

ပွင့်ချပ်ငါးခုတို့သည် ခေါက်ချိုး ခေါက်နေ၍ ဘေးချင်းလည်းထပ်လျက် အလယ်မှ အဝါရင့်ရောင် ဝတ်ဆံများကို ဝိုင်းပတ်ခွေလိပ်နေသည်။ အပွင့်၏အချင်းမှာ လက်မဝက်ခန့်သာ ရှိသည်။ ရနံ့ချိုမွှေး၍ ဝတ်ရည်အများအပြား ရှိသဖြင့် ပန်းပွင့်များအတွင်း ခါချဉ်နှင့် ပုရွက်ဆိတ်တို့ ခိုအောင်း နေတတ်သည်။



အင်ကြင်းပန်းပွင့်ချိန်သည် တပေါင်းလဖြစ်၍ တန်ခူး၊ ကဆုန် လများတွင် အသီး သီးသည်။ အသီးလုံးကလေးများတွင် အတောင်ကြီး နှစ်ခုနှင့် အတောင်ကလေး သုံးခုပါသည်။ အရွက်များသည် အရင်းဝိုင်း၍ အဖျားချွန်သည်။ နွေရာသီအရွက်များ မကြွေမီ နီရဲ ပြောင်လက် လာတတ်လေသည်။

အင်ကြင်းသည် အပင်ကြီးမျိုး ဖြစ်သည်။ ခြောက်သွေ့သော ဒေသများ၌ ပေါက်ရောက်သည်။ အင်ကြင်းသားသည် အသုံးဝင် အဖိုးတန်သော သစ်မာတမျိုး ဖြစ်လေသည်။


၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇ဝ) က ကင်းလွတ်ခွင့်
အမှတ် ဝ၁၂ဝ၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်
စနေနေ့တိုင်း ထုတ်ဝေသည်။
အတွဲ-၂၊ အမှတ်-၂၀၊ ၁၁-၇-၇၀

# အမတ် မောင်ပို

ဇာတ်လမ်း-မောင်ကျော်သူ
သရုပ်ဖော်- ဂဆု





ဤတွင် နောက်ပြောင်တတ်သော အမတ်တဦးက တောဘဲအင်းသို့ အမြန်သွားပြီး-
ကြီး
ကြီး
ကြီး
တောဘဲများကို ချောက်လှန့် ပစ်လိုက်သဖြင့်—
ဟိုက်
ငါကြွားမိလို့ဘဲ
တောဘဲဖမ်းရန် မောင်ပို ရောက်လာသော် တကောင်တမြီးမျှပင် မရှိတော့ပေ။
ထိုအခါ မောင်ပိုမှာ အပြောနှင့်အလုပ် မညီ၍ ရက်ပေါင်းတရာ အကျဉ်းခံရလေ၏။
အကျဉ်းမှ လွတ်လာပြီး မကြာမီ—
ငါ့ကိုယ်တော်မြတ် ညစာအတွက် ငါးကြင်းသုံးကောင်ရအောင်လုပ်ပေးနိုင်ပါမလား
အလိုရှိတော်မူလျှင် ၊ အကောင်နှစ်ဆယ်ရအောင်ဖမ်းပေးနိုင်ကြောင်းပါ
မောင်ပိုသည် အကျဉ်းခံခဲ့ရသည်ကို သတိရသဖြင့် အနည်းငယ် လျှော့၍ကြွား၏။


နောက်ပြောင်တတ်သော အမတ်က ငါးများကို ချောက်လှန့်ထားပြန်၍ -
ဟင်၊ ဘယ်လို့ ဖြစ်ပါလိမ့်
မောင်ပို ရောက်လာသော အခါ ငါးကြင်း တကောင်မျှပင် ဖမ်းမရပေ။
နောက်တခါတော့ ငါလျှော့ကြွားမှဘဲ
ထိုအခါ မောင်ပိုမှာ ရက်နှစ်ဆယ် အကျဉ်းခံရပြန်၏။
မောင်ပို အကျဉ်းမှ လွတ်ပြီး နောက် ရှင်ဘုရင်က တဖန်—
ကိုယ်တော်မြတ်ယုန်သားနဲ့ပွဲတော်တည်ချင်မြန်တယ် ရနိုင်ပါ့မလားမောင်ပို
အလိုရှိတော်မူယင်ယုန်ဆယ်ကောင်တော့ ရနိုင်ကြောင်းပါဘုရား
မောင်ပိုသည် ယခင်ကထက် လျှော့၍ ကြွားပြန်၏။
ငါတော့ဒုက္ခပါဘဲ
ယခုအကြိမ်တွင်လည်း မောင်ပိုသည် နောက်ပြောင်တတ်သော အမတ်ကြောင့် ယုန်တကောင်မျှမရပဲ ပြန်ခဲ့ရသည်။


ဒီတခါတော့ ငါ ကြွားလို့မဖြစ် တော့ဘူး
သို့ဖြစ်၍ အမတ်ကလေး မောင်ပိုမှာ ဆယ်ရက် အကျဉ်းခံရပြန်လေ၏။
ကိုင်း မောင်ပို၊ ဒီတခါတော့ တောကြက်တကောင်လောက် ဂုဏ်အောင် ရှာပေးနိုင်ပါ့မလား မောင်မင်း
အကျဉ်းမှ လွတ်သော နေ့တွင် ဘုရင်က မေးပြန်လေ၏။
ဤအကြိမ်တွင်မူ မောင်ပိုသည် စကားကို အပို မကြွားဝံ့တော့ပြီဖြစ်ရာ—
ဒီတခါတော့ ကျွန်တော်မျိုးကြီး ကြိုးစားကြည့်ပါမယ် ဘုရား
အိမ်း
မောင်ပိုသည် တောကြက်တကောင် ရရှိ၍—
အိမ်း၊ ဒီလိုမှပေါ့—စကားကို လိုတာထက် ပိုမပြောတာ ကောင်းတယ်
ဆုချီးမြှင့်ခြင်း ခံရလေသတည်း။


ဇာတ်လမ်း-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် ဆရာစံ
ပန်းချီ— ဦးအေးတင်
ကဲ- သွေးသောက်တို့ စခန်းပြန်မယ် မြန်မြန် သိ ကြဟေ့
မိုလ်ဘစိန်သည် တပ်သားများကိုစုရုံးပြီး စခန်းသို့ပြန်ကာ၊—
ဘယ်လိုလဲ ဆိုစမ်းပါဦး မိုလ်ဘစိန်
ကျွန်တော်တို့ ညနေ လေးနာရီလောက်က ထန်းတောရွာဘက် မှာတိုက်ပွဲဖြစ်တာ ရာဇဝတ်ဝန် ဦးမောင်ကလေးနဲ့ နောက်လိုက် ဆယ်ကောင် ကျကျန်ခဲ့ပါ တယ်ဆရာကြီး
ခေါင်းဆောင်ကြီးဖြစ်သူ သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံထံဝင်၍ အစီရင်ခံလေ၏။
အင်း-ရန်သူတွေ ဒါလောက်ကျတယ် ဆိုယင် တော်တော်အောင်မြင် တယ်လို့ ဆိုနိုင်ပါတယ်
အရေးပိုင်မာရက်တိုးလဲ မြစ်ထဲလိမ့်ကျပြီး သင်္ဘော ပေါ်ကိုခွေးပြေးဝက်ပြေး တက်ပြေးလို့လွတ်သွား တယ်
ဒါပေမဲ့ မိုလ်ရှုဘအေး တယောက်တော့ ကျဆုံး သွားရှာပါတယ်ဆရာကြီး
ဒါငိုစရာမဟုတ်ဘူး မိုလ်ဘစိန်— သူ့အတွက် ဂုဏ်ယူရမယ်— မိန်းမကောင်တွေကြောင်းကြားသမျှ ကြွံခွားလို့လည်း စင်းခံနေရတဲ့ဘဝနဲ့စာယင် မမောပီပီ မမော့သတ္တိပြရင်း သေသွားတာ က မြတ်ပါတယ်
အင်း-နှမြောတော့နှမြောစရာပါတယ် မိန်းမ အင်္ဂလိပ်တွေကို အသားနားချင်တဲ့ မိုလ်ဘအေး. တက်လိုတက်ကြွပါပေတယ် လေးစားပါတယ် မိုလ်ဘအေးရယ်
ခေါင်းဆောင်ကြီး ဆရာစံသည် မိုလ်ဘရှအေး အတွက် ဝမ်းနည်းသော်လည်း ဂုဏ်ယူလျက်ရှိ၏။




ဆရာစံကား ဓာတ်ဗိန္ဒောနည်းဖြင့် ကု
သသော သမားတော်ဖြစ်၏။
ရွှေဘိုဇာတိဖြစ်သော်လည်း မော်လမြိုင်ဘီလူးကျွန်း
၌ အခြေစိုက်ကာ ဆေးဝါးကုသခြင်း၊ ဆေးကျမ်း
ပြုစုခြင်းဖြင့် အေးချမ်းစွာနေထိုင်လျက် ရှိ၏။
ထိုအချိန်တွင် ဆရာတော်ဦးဥတ္တမအား ကြိုဆိုနေသော လူအုပ်ကို နယ်ချဲ့ပုလိပ်များက မြင်း
နှင့်တိုက်၊ တုတ်ဖြင့်ရိုက်၊ သေနတ်နှင့်ပစ် စသည်ဖြင့် ဖိနှိပ်သည့်အပြင် —
ဆရာတော်ကိုလည်း ဖမ်းဆီး ထောင်ချ
ခြင်း စသော အကြောင်းများကြောင့် —
မျိုးချစ်စိတ်ထက်သန်လှသော ဆရာစံသည် နိုင်ငံရေး
နယ်သို့ဝင်ကာ မြန်မာအသင်းချုပ်ကြီး၏ အဖွဲ့ဝင်
တယောက် ဖြစ်လာ၏။


ဆရာစံသည်အသင်းအဖွဲ့ဆိုင်ရာ စာရွက်စာတမ်း ကတဖက်၊ ဆေးလွယ်အိတ်ကတဖက်ဖြင့် နိုင်ငံ ခရီးဆောင်ရွက်ရင်း—
ဒီဆေးကို ကွမ်းရွက်ပြုတ်ရေ နဲ့ တနေ့ သုံးကြိမ်သောက်ပါ
ရောက်ရာရွာအိပ်ကာ ကြုံရာရွာစား၍ တွေ့သမျှလူ နာများကိုလည်း ဆေးကုသပေး၏။
မင်း တဲ့ယောက် အရေးထက် တပြည်လုံး အရေးကို ဦးစား ပေးနေရတယ်- မယ်ကေ
ထိုဖြင့် ဆရာစံသည် ဇနီးသည်၏ ချမ်းသာ ပျော်ရွှင်မှုကို လျစ်လျူရှုလာရတော့၏။
ဆရာစံသည် အဖွဲ့မှ တာဝန်အရ စုံစမ်းရေးဥက္ကဋ္ဌ အဖြစ် ကျေးရွာအနှံ့ရောက်ရှိခဲ့ရ၏။
အချို့မှာ ထမင်း ချက်မစားနိုင်ပဲ ကျွေးဥ၊ မျောက်ဥ၊ လက်ပံဥများကိုသာ စားနေရ၏။
ဆရာစံ၏ဇာတိ သရက်ကုန်းရွာသို့ ရောက်သော် ဒဏ်ရာရနေသူများကို တွေ့ရလေ၏။

ဆက်ရန်


သူတို့ဆီက
အမဲလိုက်ခြင်း
ရဲဖြင့်
သရုပ်ဖော် - ကျော်ကျော်
တောင်အမေရိက နွားကျောင်းသားများသည် ငှက်ကုလားအုပ်များကို ဗိုးလတ်(စ်)ခေါ် သုံးခွဆိုင်ကြိုး သုံးချောင်း၏ အဖျားများတွင် သံလုံးတလုံးစီတပ်ထားသော လက်နက်ဖြင့် ဖမ်းဆီးကြသည်။ ဗိုးလတ်(စ်)ဖြင့် ပစ်လိုက်ပါက ငှက်ခြေထောက်များကိုရစ်ပတ်တုပ်ချည်မိလေသည်။
ဩစတြေလျလူမည်းများသည် သစ်ခေါင်းအတွင်း နေထိုင်လေ့ရှိသော တိရစ္ဆာန်ငယ်များကို ဖမ်းယူရာ၌တုတ်ချောင်းတချောင်းဖြင့် သစ်ပင်ကိုထောက်၍ နားထောင်ပြီးမှ ဖမ်းဆီးသည်။ ယင်း တုတ်ချောင်းမှာ ဆရာဝန်တို့၏ နားကျပ်သဘောမျိုးပင် ဖြစ်၍ သစ်ခေါင်းအတွင်း၌ တိရစ္ဆာန်ငယ်ရှိပါက အသံကြားနိုင်ပေသည်။
တောင်အာဖရိကတိုက်မှ ဗတ်ရှမန်း တိုင်းရင်းသားများသည် ငှက်ကုလားအုပ်သဏ္ဍာန် ဖန်တီးပြီး ငှက်ကုလားအုပ်များအနီးသို့ ကပ်ခွင့်ရရန် ကြိုးစားကြသည်။ သူတို့သည် ငှက်ကုလားအုပ်အရေကိုခြုံကာ ငှက်ကုလားအုပ်သွားနည်းဟန်ဖြင့် ကပ်သွားသည်။ ကောင်းသော လှည့်စားချက်ဖြစ်သော်လည်း အမြဲတမ်းကား မအောင်မြင်ပေ။


အာဖရိကတိုက် အရှေ့ပိုင်းတွင် မျောက်များကို အခေါင်းဖောက်ထားသော ဗူးသီးဖြင့် ထောင်၍ဖမ်းကြသည်။ ဗူးသီးအထဲတွင် စားစရာတခုခုကို ထည့်ထားသည်။ မျောက်က လက်နှိုက်၍ ဆုပ်ကိုင်လိုက်သောအခါ လက်သီးဆုပ် တစ်နေသဖြင့် ထုတ်၍မရပဲ ဖြစ်နေတော့သည်။
ဘော်နီယိုကျွန်းမှ ကင်ညာတိုင်းရင်းသားများသည် အဆိပ်လူးမြား ထည့်၍ မှုတ်သော မှုတ်ပြောင်းဖြင့် အမဲလိုက်ကြသည်။ (မြန်မာနိုင်ငံ အချို့တောနယ်များတွင်လည်း ဤနည်းအတိုင်း ဝါးမှုတ်ပြောင်းဖြင့် အမဲလိုက်ကြသည်။)
အာဖရိကတိုက်သားတို့သည် ရေမြင်းများကိုလိုက်ရာတွင် ဖောင်တမျိုးကို အသုံးပြုကြသည်။ ဖောင်ပေါ်တွင် ကျူပင်များထိုးစိုက်ထားပြီး ပုန်း၍လိုက်ပါကြသည်။ အနီးသို့ရောက်မှ လှံကြီးများဖြင့် ပစ်ထိုးကြသည်။ ဤနည်းမှာ လွယ်ကူသော်လည်း အန္တရာယ်များပေသည်။
တောင်ပစိဖိတ် ဖိဂျီကျွန်းစုရှိ တိုင်းရင်းသားများသည် ကုန်းပေါ်သို့ တက်လာသော လိပ်ကြီးများကို တုတ်အဖျားတွင်ချည်ထားသော ကြိုးလျှောကွင်းဖြင့် လည်ပင်းကိုစွပ်၍ ဖမ်းယူလေ့ ရှိပေသည်။


တောကြွက်
နှင့်
မြို့ကြွက်
တခါတုန်းက တောကြွက်ဖိုးတုတ် နေသောရွာသို့ မြို့ကြွက် လျှင်မိုက်ကသန်း အလည် ရောက်လာသော်။
လာဟေ့ သူငယ်ချင်း၊ ငါတို့ရွာကို မင်းအလည်လာတာ သိပ်ဝမ်းသာ တာပဲကွာ။
စားပါကွာ၊ အားမနာပါနဲ့၊ ငါတို့တောမှာတော့ ဆန်ပေါက်ပဲ စားစရာ ရှိတယ်ကွ။
အစားအသောက်ဆင်းရဲလှချည်လား သူငယ်ချင်းရာ၊ ငါတို့ မြို့ဆီ တစ်ခေါက်လောက် အလည်လာခဲ့ပါ၊ မင်းကိုနတ်- သုဒ္ဓါလောက် အရသာရှိတဲ့ အစားအစာတွေ ကျွေးချင် လို့ပါကွာ။
မြို့ကြွက်လျှင်မိုက်ကသန်း ဖိတ်သဖြင့် တောကြွက် ဖိုးတုတ်သည် မြို့သို့ အလည်လိုက်သွားသည်။
မြို့မှာနေရတာ ဘယ်လောက်စိတ်ချမ်းသာ ဆိုတာ မင်းကိုယ်တိုင်တွေ့ရမယ်- လာဟေ့။


အဲဒါ-သကြားနဲ့ ဖော်တယ်ကွ၊ ကော်ဖီလိုက် အရသာရှိသလို စားကြည့်စမ်း။
အာ ပဲ့ - တယ်စားလို့ကောင်းပါလား၊ ငါတို့တောမှာ၊ ထန်းလျက် တောင်မစားရပါဘူးကွာ။
သကြားဆိုတာတွေ လာလော်ပေါက်ထားဒီ ကြက်ခြေနဲ့တူတယ်၊ အပေးအောင်မှကွဲ။
ဖြန့်ဖြန့်ပေးစေ၊ ဒီလူကြီးလက်ချက်မိရင် မသက်သာဘူးကွ။
စားထားတဲ့သကြားတွေ၊ ကော်ဖီကောက်ကြွမ်းမှုန်းတောင် မသိပါဘူး၊ မောင်ဂိုက်တာ- ဟူး-ဟူး-
ငါတို့အဖိုးမှာတော့ ဒီလိုပေးရမှာရတာကြီးနေ ပါဖြစ်ကွာ၊ ဟဲ-ပေဟာဒီအခန်းထဲမှာမနေးကို အကောင်းဆုံးအစားအစာတခုကျွေးရ အုံးမယ်-လာ-


အေး ဟေ့-တယ်အရသာရှိပါလားကွ၊
စားကြဦးစမ်း၊ ဟောဒါ ဝက်အူချောင်းလို့ ခေါ်တယ်၊ ကြယ်ပွင့်လောက်အောင် အရသာရှိသကွ။
ပြေးဟေ့-ဒီကောင်ကြီးက မိမယ်၊ အသေကိုက်မှာကွ။
အမယ်လေး-ကံကောင်းလို့ မသေတယ်။
ဒီလောက်လဲ မကြောက်ပါနဲ့ကွာ၊ ငါတို့ဖို့မှာ ဒီလိုဘဲ ပြေးလွှား နေရတယ်ကွ။
ဟိုမှာ-အမဲသားတုံးကြီး ပါလား၊ စားချင်စရာကြီး- ဟီး-ဟီး-
ဟေ့-ဟေ့- ဒီအထဲကဟာကို ဝင်မစား နဲ့၊ မင်းဒုက္ခရောက်လိမ့်မယ်၊
အဲဒါ ကြွက်ထောင်ချောက်လို့ ခေါ်တယ်၊ ဒီအထဲကိုမင်း ဝင်မိမယ်၊ ပြန်လမ်းမရှိတော့ဘူး ကိုယ့်လူ- သိလား-
ဟေ-ဟုတ်လား-
မင်းတို့ဖို့မှာ၊ အစားကောင်း အသောက်ကောင်းတွေ ကြယ် ပေါက်အောင်ရှိရှိ စားနေရပေမယ့် ခုလို အမြဲတမ်း တထိတ်ထိတ်-တလန့်လန့် နေရမယ်ဆိုရင် ဘယ်နိုင်မလဲကွ၊ တောပြန်ပြီး ဆန်ပဲ စားနေရတာက၊ စိတ်ချမ်းသာ ပါသေးတယ်၊ သွားပြီဟေ့။



# ပုန်းစလုတ်

ကျော်ညွန့်ဦး

ဤကစားနည်းကို "ဘုတ်တလုတ်" ကစားနည်း ဟုလည်း ခေါ်၏။ "ဘုတ် တ လုတ် အောက်တဲ့" ဟုလည်း ခေါ်၏။

ခလုတ်ကန်သင်း ချိုင့်ဝှမ်းကင်းသော မြေညီ ကွက်လပ်ပေါ်တွင် ကွင်းငယ်တခု သတ်မှတ် ပြီးလျှင် လူအများစုပေါင်း၍ ကစားရသည်။ ကစား သူများသည် ကွင်းလယ်တွင် စု၍ တယောက်ကို "ပုန်းစလုတ်" ဟု အမည် ပေးကာ မျက်လုံးနှစ်ဖက်ကို အဝတ်ဖြင့် စည်းပြီး အစ ထုံးထားသော အဝတ်ထုပ်တခုကို လက်တွင် ကိုင်ထားစေရသည်။ ထို အ ဝ တ် ထုပ် ကို "ကျပ်ထုပ်" ဟု ခေါ် သည်။ ထို့နောက် ပုန်းစလုတ်နှင့် ကျန် ကစားသူများ အောက်ပါ အတိုင်း အမေးအဖြေ ပြုလုပ်ရ၏။

ကစားသူများ–ပုန်းစလုတ် ကျေ။

ပုန်းစလုတ်–ဟေ–ဟေ။

ကစားသူများ – နင့်သား သမီး ဘယ်နှစ်ယောက် ရှိ။


ပုန်းစလုတ်– လေးယောက် ရှိ။

ကစားသူများ – ဒို့တ ယောက်ပေး။

ပုန်းစလုတ်–မပေးဘူး၊ ငါ့ ခြံထဲ သေးလဲ မပေါက်နဲ့၊ ချေးလဲ မယိုနဲ့။

ထို့နောက် ကစား သူများ က မြေပေါ် သို့ထိုင်ချပြီး "ရှီး– ရှီး" ဟူ၍ရင်း၊ "ဗျစ်–ဗျစ်" ယူ၍ ရင်း သေးပေါက် ချေးပါဟန် ဆောင်၍ အသံပေးကြရသည်။ ထိုအခါ ပုန်းစလုတ်က အသံရှိရာကိုမှန်း၍ ကျပ်ထုပ်ဖြင့် လိုက်ရိုက်ရသည်။ ကစား သူများ သည် ကွင်း အပြင်ဖက်သို့ ပြေးလျှင် သေ၏။ ကျပ်ထုပ်ဖြင့် အရိုက်ခံရသူသည် ပုန်းစလုတ် အဖြစ် သရုပ်ဆောင်ရလေသည်။






"ဘယာကြော်လေ· ဘယာကြော်–"

ချိုတူးနှင့်အတူ တဖက်အိမ်မှ လာကစားကြသော ကျော်ကျော်၊ ညီညီတို့၏ စုရုံးအော်ဟစ်လိုက်သံကြောင့်ချိုတူး မေမေပင် လန့်သွားသည်။

ချိုတူးတို့သည် ကလေးငယ်တယောက်၏ အသံကို လိုက်၍ပြောင်လှောင် အော်နေခြင်းဖြစ်သည်။

"ဘယာကြော်– ဘယာကြော်–"

ဆွဲခြင်းကလေးကို လက်တွင်ချိတ်ပြီး ကလေးငယ်သည် စူးရှစွာ အော်ဟစ်လိုက်ပြန်ပါသည်။

"တခါခါ မစား– ဘယာကြော်ကုလား"

ချိုတူးကစပြီး အော်လိုက်သည်။ နောက် ကျော်ကျော်တို့က လိုက်၍အော်ကြသည်။

"ဟော့ဟော့–သားတို့ ဘာဖြစ်လို့ လိုက်ပြောင်ရတာလဲ"

ချိုတူးမေမေ့ အသံကြောင့် ချိုတူးတို့ အသံသည် တန့်ရပ်သွားသည်။ ဘယာကြော်သည်ကလေးကို ချိုတူးမေမေကလှမ်းကြည့် လိုက် သည်။ အင်္ကျီနှင့် ထဘီတို့မှာ အဖာတရာနှင့် ဖြစ်လေသည်။

"ဟော့ သားတို့လာကြ လာကြ။ ဘာဖြစ်လို့ လိုက်ပြောင်ရတာလဲကွယ်၊ သားတို့က သူနဲ့သိလို့လား"

"သားတို့ ဟိုဘက်လမ်းမှာ ကစားတိုင်း သူနဲ့အမြဲတမ်း ဆုံတယ်မေမေရဲ့။ သားတို့ပြောင်နေကျဘဲ။ သားတို့ပြောင်လဲ ဒီကောင်မလေး တခါမှစိတ်မဆိုးဘူး"

"သူဈေးရောင်းတာက ငယ်ငယ်လေးဘဲ ရှိသေးတယ် ကြီးကြီးရဲ့။ ဒါကြောင့် ကျနော်တို့က ရယ်ချင်တာပေါ့"

ကျော်ကျော်က ပြောသည်။

"အော်· သားတို့က အသက်ငယ်ယင် ဈေးမရောင်းရဘူးလို့ ထင်နေတာကိုးကွဲ့"

"ဒါပေါ့မေမေရဲ့။ သားတို့လဲ သူ့အရွယ်ဘဲ၊ ဘယ်မှာ ဈေးရောင်းရလို့လဲ။ ကျောင်းဖွင့်ယင် ကျောင်းတက်တယ်၊ ကျောင်းပိတ်ယင် သူငယ်ချင်းတွေနဲ့ ကစားရတာဘဲမဟုတ်လား"

"အေး–သားတို့ကို မေမေ ပြောပြမယ်....။ ကဲ–ဒီမှာကြည့်စမ်း သားတို့၊ ဟောဒီလက် ငါးချောင်းက ညီသလားကွယ်"

"မညီပါဘူး ကြီးကြီး"

ကျော်ကျော်က ဖြေသည်။

"အေး– ဒို့များ ဟောဒီကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေ အားလုံးဟာလဲ ဒီလက်ချောင်းတွေလိုဘဲ မညီကြဘူး။ချမ်းသာတဲ့လူက ချမ်းသာတယ်၊ ဆင်းရဲတဲ့လူကဆင်းရဲတယ်၊ ပြည့်စုံမှု မရှိကြဘူး။ ပြည့်စုံတယ်ဆိုတာက ခုကြည့်စမ်း၊ သားတို့မှာ ထမင်းစားမယ်ဆိုယင် မေမေတို့က အဆင်သင့်ခူးပေးတယ်။ မုံ့စားချင်တယ်ဆိုယင်လဲ မေမေတို့က အဆင်သင့်ပေးတယ်။ အင်္ကျီအဝတ်အစား၊ ပြီးတော့ ကျောင်းတက်ဖို့ စာအုပ်၊ ခဲတံ အားလုံး

အဆင်သင့်ဖြစ်အောင် သားတို့ကို မေမေတို့က လုပ်ပေးတယ် မဟုတ်လား။ ဒါကို ပြည့်စုံတဲ့ လူလို့ ခေါ်တယ်''

ချိုတူးတို့သည် သူတို့လက် ချောင်းကလေးများကိုထောင်၍ ကြည့်နေကြသည်။ သံဆူးကြိုး ဝိုင်းနားတွင် ရပ်ကြည့်နေသော ဘယာကြော်သည် ကလေးသည် ချိုတူးတို့ အိမ်ရှေ့တည့်တည့်သို့ ရောက် လာ ပါသည်။ ချိုတူး မေမေက ခေါ်ခိုင်းလိုက်၍ ချိုတူး လှမ်းခေါ်လိုက်သည်။

''ခလေးက ကျောင်းမနေဘူးလားကွယ့်''

''နေပါတယ်ကြီးကြီး၊ ဒီနှစ် နှစ်တန်းတက်ရပါမယ်''

''အော်အော်– ခလေးမိဘတွေကော ရှိလား''

''အမေဘဲရှိပါတယ်၊ အဖေသေသွားပါပြီ''

''ခုကျောင်းဖွင့်နေပြီ မတက်သေးဘူးလား''

''စာအုပ်ဖိုး မပြည့်သေးလို့ မတက်ရသေးပါဘူး''

''မေမေ– ဒီလိုဆို ချိုတူး မနှစ်က နှစ်တန်းစာအုပ်တွေ သူ့ပေးလိုက်ပါလား မေမေ။ ချိုတူးက ဒီနှစ် သုံးတန်းဆိုတော့ မလိုတော့ပါဘူး''

''ကျော်ကျော်မှာလဲ ဗလာစာအုပ် အပိုရှိတယ်၊ သုံးအုပ်လောက်ပေးလိုက်မယ်ကြီးကြီး''

''ညီညီ မှာ လဲ ခဲ တံ နှစ်ချောင်းပိုတယ်၊ ပီးတော့ ခဲတံချွန်စက်တခုလဲပိုတယ်ကြီးကြီး''

ကျော်ကျော်နှင့် ညီညီသည် သူတို့အိမ်ပေါက်ဆီသို့ ပြေးပြီး သူတို့ပိုင်ပစ္စည်းကလေးများကို ယူဆောင်လာ၍ ပေးကြပါသည်။ ဘယာကြော်သည် ကလေးသည် စာအုပ်၊ ခဲတံ၊ ခဲတံချွန်စက်ကလေးများကိုကြည့်ပြီး ဝမ်းသာသောမျက်ရည်ကလေးများ ရစ်ဝဲနေပါသည်။

''ကဲကဲ - ခလေးသွားတော့။ ဘယာကြော်တွေ ကုန်အောင် ရောင်းလိုက်အုံး။ နေ တောင် စောင်းသွားပြီ''

ဘယာကြော်သည် ကလေးသည် ဆွဲခြင်းကလေး ပြန်ချီတ်ကာ ခပ်သုတ်သုတ်ထွက်သွားပါတော့သည်။

''သားတို့ကို မေမေချီးကျူးပါတယ်ကွယ်။ မေမေပြောတာကို ချက်ချင်း သဘောပေါက်လွယ်ကြတာကိုး။ ခုလို သားတို့က ကူညီလိုက်တော့ သားတို့မှာလဲ ကုသိုလ်ရတယ်၊ သူမှာလဲ ဘယ်လောက် ဝမ်းသာလိုက်မလဲလို့။ နောက်ကို ဘယာကြော်သည်ကလေးလို ဆင်းရဲတဲ့လူမျိုးတွေ့ယင် မနောက်ပြောင်ရတော့ဘူးနော်''

''ဟုတ်ကဲ့၊ ကျနော်တို့ မနောက်တော့ပါဘူး''

ချိုတူးတို့က ပြိုင်တူဖြေကြသည်။ နောက်ကို ဘယာကြော်သည်ကလေးအား သူတို့လူစုနောက်ပြောင် ကြတော့မည် မဟုတ်ပေ။

× × ×

# သက်တန့်နှင့်စို

မိုးရေကို နေရောင် ဖြတ်တော့
ဖြစ်ပေါ်တတ် သည်အရာ။
ရောင်စုံစွာ နှောဖြာယှက်
ကောင်းကင်ထက်မှာ။
''သက်တန့်''တဲ့ ခေါ်တွင်ရာ
အရှေ့မှာ တွေ့မြဲ။
အနောက်က သူပေါ်လာယင်
''စို''လို့သာ မှတ်ရသည်ပဲ။


ခရမ်းရယ်နဲ့ မဲနယ် အပြာ။
စိမ်း၊ အဝါ၊ လိမ်မော်သွေးနဲ့
နီစွေး တျာတျာ။
အရောင်ပေါင်း ခုနစ်ဖြာ
သူ့ဆီမှာစုစည်း။
လေးကိုင်းနဲ့အသွင်တူတယ်
မြင်မြင်သူ ရှုလို့မငြီး။

သက်တန့်ရယ်
ရေသောက်ဆင်းတော့
မိုးမင်းက အနောက်မှာ။
ဖြိုးစွေလို့ရွာ။
နေမင်းကြီးဖန်ဝါ
ရောင်ခြည်ဖြာဖြေလျှော့။
တနေ့တွက် တာဝန်ကုန်ပြီ
နောက်အရပ် လင်းဖို့ပေပေါ့။

ကော့ လင်းနိုင်



R. 517






## စွယ်တော်ပန်း

အဖြူ၊ ပန်းနု၊ ပန်းရင့်၊ ခရမ်း စသော အရောင်အသွေးတို့ဖြင့် စွယ်တော်ပန်းများ ဖူးပွင့်ကြသည်။ မူလပေါက်ရောက်ရာ အိန္ဒိယနိုင်ငံတွင် ထိုထက်အရောင်စုံသည်။ ရန့်လည်းသင်း၍ အိန္ဒိယနိုင်ငံ၏ အလှဆုံးသော ပန်းသစ်ပင်တမျိုး ဖြစ်သည်။ အပွင့်တို့၏ ပုံပန်းသဏ္ဌာန်သည် သစ်ခွပန်းနှင့် ဆင်ဆင်တူ၍ သိမ်မွေ့လှပသည်။ စွယ်တော်ဖြူမှ လွဲလျှင် အပွင့် ပွင့်ချိန်သည် ဆောင်းဦးမှ ဆောင်းနှောင်းအတွင်း ဖြစ်သည်။ အခိုင်လိုက်ပွင့်ရာ အပွင့်ကြီး၍ တခိုင်လျှင် နှစ်ပွင့်၊သုံးပွင့်ခန့် သာ ပါသည်။ အဖူးများမှာ ခပ်ချွန်ချွန်ဖြစ်၍ အမြောင်းများထနေသည်၊ တော့ညွှတ်နေသော ပွင့်ချပ်ငါးခု ပါရှိရာ အဖျားချွန်၍ အရင်းသိမ်သည်၊ အကြောများ ခပ်ရေးရေးပေါ်နေသည်၊ ခရမ်းရောင်စွယ်တော် ပွင့်ချပ်တို့သည် ပို၍ငယ်ပြီးလျှင် ဝတ်ဆံအဖျားများက ပို၍ကောက်သည်၊ စွယ်တော်ဖြူကမူ တနှစ်ပတ်လုံး ဝေဝေဆာဆာပွင့်သည်၊ အပင်ကလည်း အငယ်စားဖြစ်၏၊ စွယ်တော်ပင်၏ ထူးခြားချက်မှာ အရွက်များ၏ ပုံသဏ္ဌာန်ဖြစ်သည်၊ ကျောက်ကပ်ပုံနှင့် တူသည်ဟုလည်း ဆိုကြသည်၊ ဘေးချင်းပူးကပ်နေသော အမြွှာရွက်ဟုလည်း ဆိုကြသည်၊ ထိုအရွက်များကို အိန္ဒိယနိုင်ငံ၌ဘီဒီဆေးလိပ်လိပ်ရန် သုံးကြသည်၊ ဆောင်းတွင်း၌အရွက်ကြွေသည်၊ အသီးများသည် ရှည်ရှည်လုံးလုံး ဖြစ်လေသည်၊



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ - ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးသင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။



စနေနေ့တိုင်းထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ–၂၊ အမှတ်–၂၈၊ ၁၀–၇–၇၀

## အာဇာနည်များနေ့

မြန်မာ့လွတ်လပ်ရေး ဗိသုကာ အာဇာနည်ကြီးများ ဖြစ်ကြသော...ဗိုလ်ချုပ်အောင်ဆန်း---သခင်မြ--- ဒီးဒုတ် ဦးဘချို--- ဦးဘဝင်း....မန်းဘခိုင်....မိုင်းပွန် စော်ဘွား....ဦးရာဇတ်....နှင့် ဦးအုန်းမောင်....ဦးထွေး.... တို့အား ပြုသမျှကုသိုလ်- ဝေငှပါသည်-----

အမျှ ....


အမျှ ....


အမျှ ......


ဇူလိုင်လ-၁၉-ရက်နေ့

# ဖေဖေတို့ တာဝန်


ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - သာညွန့်







ဆရာညွန့်တို့ သားအဖသည် အဖွဲ့များ နှီတက်
အာဇါနည်ကြီးများကို
အလေး........
......ပြု
အလေး ပြုသည်ကို ကြည့်ပြီး လူရှင်း ချိန်၌
သတိ -
အလေး....ပြု
အာဇာနည် အုတ်ဂူများကို အလေး ပြု ကြ၏။
ဗိုလ်ချုပ် အောင်ဆန်း
စကားပြောတဲ့ ဟန်က
ဒီအတိုင်းဘဲ -
ကဲ - ကဲ -
အလေးပြု
ကြအုန်းစို့
ထိုနောက်ကန်တော်ကြီးရှိ ဗိုလ်ချုပ် ကြေးရုပ်သို့
သွားရောက်၍ အလေးပြုကြ၏။
ထိုနောက် တာဝါလိမ်းလမ်းရှိ ဗိုလ်ချုပ်အောင်
ဆန်း ပြတိုက်သို့ သွားကြ၏။
ဗိုလ်ချုပ်ဟာ - ဂုဏ်ပကာသန - အခေါင်အယောင်
တွေကို မကြိုက်ဘူး ကွဲ့၊ ရိုးရိုးဘဲ နေတယ်၊ အဝတ်
အစား ကောင်းကောင်းတောင်
မကျန်ခဲ့ဘူး ---
အဝင်ဝကစပြီး ဆရာညွန့်က ပြောပြသည်။


ဒီမှာ - ဗိုလ်ချုပ် စာဖတ်တယ်
ဒါက ဘုရားစင်
နောက်တနေ့တွင်
အဲဒီလို ထိုင်ပြီး စည်းဝေး နေတုန်းမှာ---
အတွင်းဝန်များရုံးဟောင်းသို့ ခေါ်သွားပြီး –
....ဝင်ပစ်သွားလို့-လေး ယောက်ကလွဲယင် အားလုံး ဘဲ.....
ဗိုလ်ချုပ်တို့ ကျဆုံးသည့် အခန်းကို ပြ၍ ပြောပြသည်။ ထိုနောက် –
နုလို - ငိုနေ ကြတာလား...
ပြန်ထွက်လာကြစဉ် ချီချီနှင့်မောင်တိုးတို့တရှုပ်ရှုပ် ငိုနေကြသဖြင့် ဆရာညွန့်က –
ဖေဖေတို့ သိထား ဖို့က ..ဗိုလ်ချုပ် အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေ အသက်နဲ့ လဲပြီး ရယူထားတဲ့ လွတ်လပ်ရေးကြီး ကို ထိန်းသိမ်း ဖို့ဟာ- ဖေဖေတို့ - သားတို့ - သမီး တို့ရဲ့ တာဝန်ဘဲ - ကွဲ

ယခင်အပတ်မှအဆက်


ဇာတ်ပေး - ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန်ဆရာခံ
ပန်းချီ — ဦးအေးတင်
အမေယ်လေး ကျုပ်သမီးလေး အဖြစ်ကို မမြင်ခဲ့ပါဂလား တော့ အမေပါလိုက်ခဲ့မယ် သမီးရေ့
ငိုနေသော မိန်းမကြီးသည် မည်သူမျှ မဆွဲနိုင်မီ ဓားတချောင်းဖြင့် မိမိရင်ကို ခွဲကာ ဇာတ်သိမ်း သွားရှာတော့၏။
ဟင် ဘယ်လို ဖြစ်ရတာ လဲဗျာ
အစိုးရစစ်ပုလိပ်တွေက အခွန်မပေးနိုင်လို့ တရွာလုံး ရိုက်နှက်သွားပြီး -- ဆယ်နှစ်ရွယ် ခလေးမလေးကို ခေါ်ကားပြီး သတ်သွားလို့ ဗျာ
ဝေ့ - သသသမေမ ဝေးလို့ ငါတို့စားစရာတောင် မရှိ - ခုတော့ မြက်ခုတ်တဲ့ ဓါးမတိုတောင် ယူသွားတယ် ဆရာ ဝေ့
ဆရာခံသည် ကျေးရွာသားတို့၏ အဖြစ်ဆိုးကို မြင်၍ ရင်နာမိတော့သည်။
ဆရာခံရေ့ - ကျုပ်တို့ မြေပေါ်မှာ ကျုပ်တို့နေတာကိုလဲ အခွန်ကောက်သေးသဗျ - မပေးနိုင်တော့လဲ နှိပ်စက်ခေါ်ကားသေးသဗျာ
ဆရာခံသည် ဒဏ်ရာရသူ လူနာများကို ဆေးဝါးထည့်ပေးကာ ပြုစုရတော့သည်။
အင်္ဂလိပ်အစိုးရသည် လူခွန်မပေးနိုင်သူများကို ရက်ရက်စက်စက် ရိုက်နှက် နှိပ်စက်၏။



ကောက်ရိုးပုံကို သိမ်း၏။ လှည်းနွားကို ယူ၏။
အိမ်ကိုဖျက်၍ သိမ်းယူ၏။
ဒါတွေကိုယူတာယူပါတော့. ကိုယ်ကမှ အခွန် မပေးနိုင်တာကိုး - ခုတော့ကျုပ်ငပါဒိုးကို ယူမသွားဘဲ သေးနဲ့ပန်းသွားတာယ - အတော်ယုတ်မာတဲ့ ခွေးတွေ
ဒါမှ - အိုင်တို့ စပါးဈေး ပေါ်ပေါ်နဲ့ရမှာ
ထိုအချိန်တွင် အင်္ဂလိပ် ကုန်သည်ကြီးများသည် ဘူလင်ဂျာပူးအမည်ဖြင့် ကုမ္ပဏီဖွဲ့ကာ စပါးဈေးကို ချုပ်ကိုင်၍ ဈေးချထား၏။
ဒီလောက်နည်းတဲ့ဈေးနဲ့တော့ စပါးတွေ မရောင်းဘူးကွာ
လယ်သမားများက စပါးမရောင်းပဲနေရာ
ဒီအချိန်မှာ အခွန်တောင်းယင် လယ်သမားတွေစပါးမရောင်းဘဲ မနေနိုင်ဘူး
အော ဒိုက် အစိုးရကို အခွန်တောင်းဖို့ အကြံပေးရမယ်
ဘူလင်ဂျာပူးသည် ထင်သလောက် စပါးများ မရသဖြင့် တမျိုးကြံပြန်လေ၏။
မင်းတို့ အမြန်ဆုံး အခွန်ဆောင်ရမယ်
သူကြီးများက လူခွန် မြေခွန်များကို အတင်းတောင်းခံလေတော့သည်။


ကြွေးမဆပ်နိုင်ဘူးဆော့ စပါးတွေကို အခု သိမ်းယူသွားမယ်
မြေရှင် ချစ်တီးများကလည်း ကြွေးကို အတင်းတောင်း၍ စပါးများကို သိမ်းလေတော့၏။
ချစ်တီးသိမ်းပြီးလို့ ကျန်တဲ့စပါးလေး ရောင်းပြီး အခွန် ဆောင်ခဲ့ရတယ် ရှင်မရေ
အချို့က လက်ကျန်စပါးလေးကို ရောင်း၍ အခွန် ဆောင်လိုက်ရ၏။
အခွန်မဆောင်တဲ့ လူဟာ ဒီလို ခံရမယ်ဆိုတာ မှတ်ထား
အချို့မှာ ဘာမျှရောင်းစရာမကျန်၍ ဘာခွန်မှမဆောင်နိုင်သဖြင့် စစ်ပုလိပ်တို့၏ အနှိပ်အစက်ခံနေရသည်ကို ဆရာစံ မျက်မြင်ကိုယ်တွေ့ဖြစ်၏။
တနေ့တွင်
ဟားဟား - မြင်းထိကကြက်တွေလို - ဒင်းတို့လုပ်သမျှ ခံနေရတဲ့ဘဝမှာ - ခင်ဗျားတို့က ရွာခမ်းရေးလုပ်ပြီး ဘယ်ကောင်ဆီ သွားပြောလို့ရမှာလဲဗျ
ဆရာစံသည် ဝဲရွာဦး ကိုဘအေးတို့နှင့် တွေ့ဆုံလျက် —
ကျုပ်တို့ကလယ်သမားတွေ ခံနေရတာကို စုံစမ်းပြီး သက်ဆိုင်ရာကို ပြောမှာပေါ့ဗျာ
ဘယ်ခွေးသားကို သွားပြောမှာလဲ - စစ်ဆေးပါအုံးမယ်နဲ့ပြီးမှာဘဲ - ကျုပ်တို့လယ်သမားတွေသာ ထပ်ပြီး အနှိပ်စက်ခံနေရမှာပါဗျာ
မျက်နှာဖြူတွေဟာ ကျုပ်တို့ပြည်ကိုလဲ သိမ်းသေးတယ် - ဒီပြည်မှာလူဖြစ်ခဲ့ပြီး အခွန်လဲကောက်သေးတယ် - ကိုယ့်ဥစ္စာ ထဲနေတာကို - နေခဲ့ပြီးလာတောင်းတော့ ဓါးနဲ့ထခုတ်ဖို့ဘဲရှိတော့တယ် - ဒီတော့ သူပုန်ထရမယ်ဗျ

ဆက်ရန်

# အသပြာ

ရေးသူ – ဥာဏ်ခင်း




အသပြာ သို့မဟုတ် ငွေသည် လူသားတို့အား များစွာလွှမ်းမိုးနိုင်သော ပစ္စည်းဖြစ်သည်။ အသပြာကို ချင့်ချင့်ချိန်ချိန်သုံးစွဲတတ်လျှင် ချမ်းသာသုခကိုရနိုင်သည်။ မချင့်ချိန်နိုင်ပါက ဒုက္ခနှင့် ရင်ဆိုင်ရတတ်သည်။

လူသား တို့သည် အသပြာ အတွက် တသက်တာလုံးလုံး အလုပ် လုပ်ကြရသည်။ သို့သော် အချို့သည် ရိုးရိုးသားသားမလုပ်ကိုင်ကြပေ။ ခိုးဝှက်၍ရင်း၊ လုယက် တိုက်ခိုက်၍ရင်း ရယူတတ်ကြသည်။ အချို့ကား ယင်းအသပြာအတွက် အချင်းချင်း ရက်ရက် စက်စက်ပင် သတ်ဖြတ် ကြသေးသည်။

ယင်း အသပြာကား ကျွန်ုပ်တို့ အလိုရှိသော ပစ္စည်းများကို ဝယ်ယူရာတွင် အသုံးပြုသည့် ကြားခံ ပစ္စည်းဖြစ်ပေသည်။ အသပြာကို တီထွင် အသုံး ပြုခြင်းသည် လူ့သမိုင်းတွင် အရေးပါသော အကြောင်း အချက် တရပ်ဖြစ်ပေသည်။

ယနေ့ကာလတွင်အသုံးပြုနေသောဒင်္ဂါးများနှင့် ငွေစက္ကူများ မပေါ်မီက အသပြာ၏ အသွင်မှာအမျိုးမျိုးအဖုံဖုံရှိနေခဲ့ပေသည်။ အချို့ကနွားကို အသပြာ အဖြစ် အသုံးပြုကြသည်။ ရောမစစ်သားများမှာ ဆားကို လစာအဖြစ် ထုတ်ယူကြရသည်။ ပုံများဖြင့် ပြထားသည့် အတိုင်း ငါးမျှားချိတ်ငွေအထိ အမျိုးမျိုးရှိခဲ့ပေသည်။

ကာတွန်း မောင်မောင်သော်

မင်းတုန်းဘုရင်လက်ထက်တော်ကတည်း
ဒေါင်းဒင်္ဂါးနှင့် ယှဉ်ခဲ့တော်သည်
မြန်မာငွေတစ်ကျပ်နှင့် ဒင်္ဂါးစာချီ



သို့သော် နွားကို ငွေအဖြစ်အသုံး ပြုလျှင် အခက် အခဲ တွေ့ရသည်။ နွားသည် ရောဂါဖြင့်သေသွားနိုင်သည်။ လွတ်၍ ပျောက်ဆုံးသွားနိုင်သည်။ ဆားသည်လည်း အရည်ပျော်သွား နိုင်သည်။ ကောက်ပဲ သီးနှံများကိုအသပြာအဖြစ်အသုံး ပြုလျှင်လည်းမပျက်မစီးမှ ဖြစ်မည်။

အသပြာ ပုံစံကို စတင်အသုံး မပြုမီက ပစ္စည်းချင်း ဖလှယ်ယူသည့် စံနစ်သာ ရှိခဲ့သည်။ စပါးတတင်းနှင့် ဒူးလေးတလက် လဲလှယ်ယူနည်းမျိုး ဖြစ်သည်။ ဤသို့လဲလှယ်ယူသောစံနစ်တွင် မကျေနပ်မှုများ ပေါ်ပေါက်တတ်သည်။

ထိုကြောင့်ကြားခံပစ္စည်းတမျိုးကိုတီထွင်သတ်မှတ်အသုံး ပြုကြရသည်။ ထိုပစ္စည်းကိုလူသားအားလုံးက လက်ခံ အတည် ပြုကြရသည်။

ဤသို့ဖြင့် အသပြာခေါ် ငွေသည် လူတို့၏ အသုံး အဆောင်ပစ္စည်း ဖြစ်လာ ခဲ့သည်။ ယခုအခါ ကမ္ဘာ့ အနှံ့မှာပင် ငွေဒင်္ဂါးများ၊ ငွေစက္ကူများကို သတ်မှတ် အသုံး ပြုနေကြပြီ ဖြစ်သည်။


ပြောပေလို့
ဇာတ်လမ်း-ဂျဲအောင် - သရုပ်ဖော်-ကာဆု
မောင်ထွန်းလင်းသည် တညနေတွင်
ကန်တော်ကြီးစောင်း၌ လမ်းလျှောက် လျှက်ရှိစဉ် –
အဖိုးကြီးတဦး ပြေးလာသဖြင့် –
ဘာဖြစ်လို့ပါလိမ့်
သစ်ပင်ကိုကွယ်ပြီးကြည့် နေမိသည်။
အဖိုးကြီးသည် လက်ဆွဲအိတ်ကို သစ်ခေါင်းထဲထိုးထည့်ပြီး –
ဟင်
ကပျာကရာ အဝတ်လဲ၊ နှုတ်ခမ်းမွေးတုကိုချွတ်ကာ ဟန်မပျက် ရပ်နေလိုက်သည်။


ထိုအခိုက်
လူနှစ်ယောက် ပြေးလိုက်လာပြီး....
ခုနက လက်ဆွဲအိတ်နဲ့ အဖိုးကြီး တယောက် ပြေးသွားတာ မတွေ့မိ ဘူးလားဗျာ
ဟိုဖက် ပြေးသွားတာ တွေ့လိုက်တာဘဲဗျ
တောက်
မောင်ထွန်းလင်း မှာ ကြည့်မနေ နိုင်တော့သဖြင့်—
သစ်ပင်ကွယ်မှ ပြေးထွက်လာပြီး –
လိမ်ပြောနေ တာခင်ဗျ
လူဆိုးပါ ဒီလူကြီး၊ အိတ်ကိုလဲ သစ်ခေါင်း ထဲမှာ ဝှက်ထားတယ်
ဟိုက်
ဟာ၊ ပြေး ပြီကွ
လိုက်မှ


သို့သော် လူဆိုးမှာ ဝေးဝေးမပြေးနိုင်ပဲ –
ဓါးပြ
မပြေးနဲ့
အမယ်လေးဗျ
ပတ္တရောင်လှည့်လာသော ရဲသားများနှင့် တိုးမိနေတော့သည်။
ထိုစဉ် လူကြီးတယောက် မောကြီးပန်းကြီးဖြင့် ရောက်လာသဖြင့် –
ပေါပါ ပေါပါ
ဘကြီး အိတ်လဲပြန်ရပြီ လူဆိုးကိုလဲမိထားပြီ
ကျေးဇူးတင်လိုက်တာကွယ်
ကျနော်တို့ထက် ဒီခလေးကိုကျေးဇူးတင်ခင်ဗျ
ဒီခလေးကပြောလို့သာ ဂုပ်ဖျက်သွားတဲ့ လူဆိုးကိုကျနော်တို့သိတာ
ဪ-ဟုတ်လား
လူကြီးလည်းကျေးဇူးတင်လှ၍မောင်ထွန်းလင်းကို ငွေတဆယ် ဆုချသွားလေသည်။

# စွပ်ခဲပါစေ နှံ့ပါစေ


ကျော်ညွန့်ဦး



တစုံတခုကိုမိမိ လက်ခုပ်ထဲ၌ "စွပ်ထားခဲ့ပါစေ၊ နှံ့ထားခဲ့ပါစေ" ဟုဆိုလိုသည်။ ဒိုင်လူကြီးတယောက် ထားရသည်။ မြေကြီးပေါ်တွင် စည်းနှစ်စည်းကို မျဉ်းပြိုင် ရေးဆွဲပြီး ကစားသူများသည် ရှေ့စည်းကို မျက်နှာမူကာနောက်စည်း ပေါ်၌ တန်းစီရသည်။ လက်များကို ခွက်သဏ္ဍာန်ပြုလုပ်ပြီး တင်ပါးပေါ်သို့နောက်ပြန် တင်ထားရသည်။ အားလုံး "စွပ်ခပါစေ၊ နှံ့ပါစေ" ဟု သံပြိုင်ဆိုနေကြစဉ် ဒိုင်လုပ်သူသည် ကျောက်ခဲတလုံးကို လူတိုင်း၏ လက်ခုပ်ထဲသို့ထည့်ဟန်ပြုကာ တယောက် ယောက်၏ လက်၌ စွပ်ခဲ့၊ နှံ့ခဲ့ရသည်။ မည်သူ့ထံအမှန်တကယ်အပ်နှံခဲ့သည်ကိုမသိစေရပေ။ မရိပ်မိစေရန်လည်း ဣန္ဒြေဆည်၍ ထားကြရ၏။ ထို့နောက်ဒိုင်က "စွပ်" ဟု အော်လိုက်သော အခါ အပ်နှံရသူသည် ရုတ်တရက် ရှေ့စည်းသို့ပြေးထွက်ရ၏။ ဘေးမှလူကရိပ်မိ၍ ထိုသို့ပြေးထွက်ချိန်၌လက်ဖြင့်လှမ်းပုတ်လျှင်အပုတ်ခံရသူသည် မိမိနေရာ၌ ပြန်နေရပေသည်။

အကယ်၍ မမိပဲ ရှေ့စည်းပေါ် သို့ရောက်သွားလျှင်နောက်စည်းပေါ်မှကျန်လူ တယောက်ယောက်ကို ကျောပိုး စီးခွင့်ရသည်။ ဒိုင်က ကြက်သား၊ ဘဲသား၊ အမဲသား သို့မဟုတ် ပိန္နဲသီး၊ မလကာသီး၊ သရက်သီး၊ စသည့်အမည်များကို လူစေ့လျှို့ဝှက်စွာ ပေးထားသည်။ ထို့နောက် ရှေ့စည်းမှလူကို ဘာဟင်းစားမလဲ၊ သို့မဟုတ် ဘာသီး စားမလဲဟုမေး၍ ထိုသူကဖြေလျှင် အဖြေနှင့် ကိုက်ညီသူသည် ကျောပိုးစီးခံရလေသည်။ တခါတရံ နားရွက် ဆွဲကြေးလည်း ကစားကြ၏။

## ဆောက်လုပ်ရေးပုံစံများ



# ရွှေတာလိုစိတ်

နွယ်နီ ကြိုင်သင်း



သည်နေ့ ညနေ ကျောင်းဆင်းရသည်မှာ တခြားနေ့များနှင့် မတူပါ။ အလွန် ပျော်နေမိပါသည်။ နောက်နေ့တွင် ကျွန်တော်သွားချင်နေသော အပိုလိုပြပွဲသို့ ကျောင်းမှ လေ့လာရန် သွားမည်ဆို၍ ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများကျောင်းပြင်သို့နှစ်ယောက်တတွဲ သုံးယောက်တတွဲ ထွက်လာကြ ပါသည်။ ကျွန်တော်သည် ကျော်သူအား ရပ်စောင့်နေပါသည်။

ကျော်သူသည် ကျွန်တော့်ထံ မြန်မြန်လျှောက်လာပြီး –

"ဟေ့ – မောင်အောင် မနက်ကျယင် ငါအစောကြီးဝင်ခေါ်မယ်နော်၊ မင်း အဆင်သင့်ပြင်ထားနှင့်"ဟု ပြောပါသည်။

"အေးပါကွာ – ငါလဲ အစောကြီးနိုးနေပါ့မယ်"ဟု ကျွန်တော်က ပြန်ပြောရင်း လမ်းခွဲကာ ပြန်လာ ခဲ့ပါသည်။

ကျွန်တော်သည်အိမ်ရောက်လျှင် ပိုက်ဆံ တောင်းမည်ဟု လမ်းထဲက တွေးသွား ပါသည်။

မကြာမီ ကျွန်တော့်အိမ်ရှေ့သို့ရောက်သဖြင့် အိမ်ပေါ်သို့ အပြေးတက်၍ လွယ်ထားသော လွယ်အိတ်ကို ချိတ် လိုက် ပါသည်။ ထို့နောက် မေမေ့အနားသို့ ကပ်သွားပြီး – "မေမေ – သားတို့ ကျောင်းက မနက်ကျယင် အပိုလို ပြပွဲကို လေ့လာရေးသွားရမယ်။ အဲဒါ သားကို မုန့်ဖိုးများများ ပေးရမယ် နော်" ဟု ပြောလိုက်ပါသည်။

"အေးပါကွယ် – မင်းဖေဖေပြန်လာယင်ရမှာပေါ့"ဟု အမေကပြောသဖြင့် ကျွန်တော်သည် ကျေနပ်သွားပါသည်။

နေလုံး နီနီကြီးပင် ကွယ်ပျောက်သွားလေပြီ။ မကြာမီ လမ်း မီးတိုင်များလည်း လင်းလာပါသည်။ ကျွန်တော်သည် ဖေဖေ့ကို စောင့်ရင်း စာကျက်နေပါသည်။

အချိန်သည် တရွေ့ရွေ့ကုန်သွားခဲ့သည်။ အဖေကား မလာသေးပါ။ ကျွန်တော်မစောင့်နိုင်သဖြင့် အိပ်ပျော်သွားပါသည်။

× × ×

ကျွန်တော်သည် စိတ်စောနေသဖြင့် အစောကြီး နိုးနေပါသည်။

မိုးသား ကင်းစင် သောကောင်းကင် ပြင်သည် အပြာနုရောင်သန်းလျက် နေရောင်များပင် တောက်ပနေကြပါပြီ။

ဖေဖေအလုပ်သွားပြီ ဖြစ်ပါသည်။ ကျွန်တော်သည် အဝတ်များလဲကာ ကျော်သူအလာကို စောင့်နေပါသည်။

ကားလမ်းမ ဖက်သို့ မျှော်ကြည့်ရင်း "မေမေမုန့်ဖိုးပေးလေ၊ ကျော်သူလာယင် သွားကြမှာ" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

မေမေသည် ကျပ်တန် တရွက်ကိုကိုင်လျက် ကျွန်တော့်ကို လှမ်းပေးလိုက်ပါသည်။

ထိုအခိုက် ကျော်သူ ရောက်လာသဖြင့် နှစ် ယောက် သား ကျောင်းသို့ထွက်လာခဲ့ပါသည်။

ကျောင်းတွင်လူတော်တော်များများ ရောက်နှင့် နေကြပြီ။

ကျွန် တော် နှင့် ကျော် သူသည် ကျောင်းထဲသို့ဝင်ပြီး အတန်းပိုင်ဆရာကို စာရင်း သွားပေးကြပါသည်။

လူစုံပြီဖြစ်၍ ကျောင်းမှ စတင် ထွက်လာပါသည်။ ကျွန်တော်နှင့် ကျော်သူမှာ တကားထဲတွင် အတူ ပါလာပါသည်။ ကျွန်တော်တို့ကားမှာ ထိပ်ဆုံးမှဖြစ်သည်။

အပိုလို ပြပွဲခန်းမသို့ ရောက်လျှင် ဆူညံခြင်းမပြုရန်နှင့်စည်းကမ်းတကျ ကြည့်ရှုရန် ဆရာကမှာကြားနေပါသည်။

မကြာခင် ကျွန်တော်တို့ အပိုလိုပြပွဲခန်းမသို့ ရောက်လာပြီး နှစ်ယောက်တတွဲ တန်းစီလျက်ဝင်ကြည့်ကြလေသည်။

ကျွန်တော်တို့သည် ပြပွဲခန်းမတွင် ပြသထားသော ဓာတ်ပုံများနှင့် ရုပ်ရှင် ပြသခြင်းကို ကြည့်ကြပါသည်။

ကျောင်းသားစာရင်းကို စစ်ဆေးပြီးသည်နှင့် ကျွန်တော်တို့ ပြပွဲခန်းမမှ ပြန်လည် ထွက်ခွာလာကြပါသည်။

ကျွန် တော် သည် အ လာတုန်းက အလယ်တွင် ထိုင်လျက်ပါလာပြီး အပြန်တွင်ဘေးမှထိုင်ကာ အပြင်သို့ ကြည့်၍ လိုက်ပါလာလေသည်။

ကျွန်တော်သည် လမ်းဘေးမှ မြင်ကွင်းများကို ကြည့်သွားစဉ်မမျှော်လင့်ပဲ ဖေဖေ့ကိုတွေ့လိုက်ရ ပါသည်။ ဖေဖေသည် တိုက်တတိုက်၏ဘေးတဝိုက်တွင် အကွက်ကျချည်ထားသော ဝါးလုံးများ အပေါ်၌ ထိုင်လျက် ဆေးသုတ်နေပါသည်။

ကျွန် တော် သည် ထို မြင်ကွင်းကြောင့် လာတုန်းက ပျော်နိုင်သကဲ့သို့ မပျော်နိုင်တော့ပါ။ ဖေဖေ သက်စွန့်ဆံဖျား အလုပ်လုပ်နေသည်ကိုသာ စိုးရိမ်နေမိပါသည်။

"ဟေ့ – မောင်အောင် ငြိမ်လှချည့်လားကွ။ လက်မှာပေါ် သွားချင်လို့လား" ဟု ဘေးမှ ကျော်သူက မေးလိုက်ပါသည်။

ခဏအကြာတွင် ကျွန်တော်တို့ကျောင်းသို့ ရောက်လာကြပါသည်။ ကျောင်းသား ကျောင်းသူများလည်း အိမ်သို့ အသီးသီး ပြန်ကြလေသည်။

ကျွန် တော် သည် အိမ် သို့ ရောက်သော အခါ လေးကွေး စွာတက်လာခဲ့ပါသည်။ မေမေသည် ကျွန်တော့်ကိုမြင်သဖြင့် –

"သားမျက်နှာလဲ မကောင်းဘူး၊ နေကောင်း ရဲ့လား" ဟု မေးရှာပါသည်။

"သား နေကောင်းပါတယ် မေမေ။ ဖေဖေလုပ်နေတဲ့အလုပ်ကို သား မြင်ခဲ့လို့ ဖေဖေ့ကို သနားနေတာပါ။ သားဒီနေ့က စပြီး မုံ့ဖိုးလဲ ရှော့ ယူ မယ်၊ ကျောင်းစာအုပ်နဲ့ အဝတ် အထည်များကိုလဲ ချွေချွေတာတာ ကိုင်တွယ် ပါတော့မယ်" ဟု မေမေ့အား ပြောလိုက်ပါသည်။

## အာဇာနည်နေ့

ရှစ်ခွင်တိုင်းမှာ အုံ့မှိုင်းပြာ၊
မိုးရိပ်ဆင်လို့လာ။

ရွာပါသော်လဲ တဖွဲဖွဲ၊
ငွေရည်မိုးပုလဲ။

ရွာမစဲတဲ့ ထိုစနေ၊
ကျဆုံးခဲ့ရပေ။

ဇာနည်တွေရဲ့ အဖြစ်ဆိုး၊
ဇူလိုင်တဆယ့်ကိုး။

တိုင်းကျိုးပြည်မှု ရှေးရှုကာ၊
တာဝန်ထမ်းဆဲမှာ။

အာဇာနည်တို့ သွေးမြေခ၊
ကျဆုံးခဲ့ပါရ။

ဖခင်ဗိုလ်ချုပ် သူ့လမ်းစဉ်၊
ချီတက်ကြဖို့မြင်။

အောင်မြင်စေမှု ဒို့ရှေးရှု၊
ဦးညွှတ်အလေးပြု။ ။

တက္ကသိုလ် ကြည်မာ



R. 517






# ပုန်းညက်ပန်း

"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညို မာလာမင်းက၊ သင်းလှတယ်လေး" ဟု ဖွဲ့ဆိုထားသည့်အတိုင်း၊ ပုန်းညက်ပန်းများသည် ဝါဆိုလတွင် ဖူးပွင့်ကြသည်။ ပွင့်ချိန်မှာ ရက်သတ္တ နှစ်ပတ်ခန့်သာ။ ပွင့်ချပ်များနှင့် ပွင့်ညှာတံပါ ဖယောင်းစိမ်ထားသည့်နှယ် ဖြူဖြူ တောင့်တောင့်ကလေး ဖြစ်နေသည်။ ဝတ်ဆံမှာ အဝါရောင်ဖြစ်၍ ကံ့ကော်ဝတ်ဆံနှင့်တူသည်။ နှစ်သက်ဖွယ်ရာ မွှေးကြိုင်သောရနံ့ရှိ၍ ပျားပိတုန်းများ ဝိုင်းအုံနေကတ်လေသည်။

ချစ်စဖွယ် ပုန်းညက်ပန်းများသည် သေးငယ်သည်။ အခိုင်လိုက်ပွင့်ရာ တခိုင်လျှင် အပွင့် လေးပွင့်မှ ၁၅ ပွင့်အထိ ပါတတ်သည်။ ထူထပ်သော အရွက်အလက်များ အကြားမှ အခိုင်များက တည့်တည့်မတ်မတ် ထွက်၍ ပွင့်ကြသည်။ ပုန်းညက်သီးများသည် လုံးဝန်း၍ တလက်မခန့် ရှိသည်။ ရင့်လာလျှင် မည်းနက်သွားသည်။

ပုန်းညက်ရွက်များသည် ထူထဲချောမွတ်၍ တောက်ပြောင်နေသည်။ ဘဲဥပုံသဏ္ဍာန်ရှိသည်။ ပုန်းညက်ပင်တို့သည် ၁၂ရာသီစိမ်းနေသည်။ ယင်းတို့သည် အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ မျိုးပျံ့လာသည်။ ကုန်းတွင်း၌လည်းစိုက် ပျိုး၍ရသော်လည်း၊ရခိုင်တိုင်းနှင့်တနင်္သာရီတိုင်း ပင်လယ် ကမ်းရိုးတန်း တလျှောက်တွင် ပို၍ ဖြစ်ထွန်းသည်။ ဒေသအလိုက် အချို့က ပုန်းညစ်ဟုလည်းခေါ်ဝေါ်ကြလေသည်။



ပုန်းညက်သားကို သစ်မာတမျိုးအဖြစ် သုံးနိုင်သည်။ အစေ့မှ အဆီနှင့် အခေါက်မှ အစေးသည် ဆေးဖက်ဝင်သည်။



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၁) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရ ဗဟာဒန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။

# မေချော

ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - ကိုကြီး မြင့်သိန်း

အတွဲ - ၂ အမှတ် - ၃၀၊ ၂၅-၇-၇၀




ဟယ်.....
ချစ်စရာ ကောင်းလိုက်တဲ့ ကြက်ခလေးပါလား
မီးခွက်ပြန်ထွန်းပြီး ကြည့်ရာ ငြိမ်သက်စွာ ဝပ်နေသော ကြက်မလေးတကောင်ကို တွေ့ရ၏။
ငါ အမေါ်ရဖြို– ဒီကြက်လောက်တော့ - ငါကျွေးနိုင်တယ်.... ဝမ်းသာလိုက်တာဟယ်....
ထူးဆန်းစွာ ရောက်လာသော ကြက်ကလေးကြောင့် အဖွားအိုမှာ ဝမ်းသာမဆုံး ဖြစ်နေ၏။
စားသမီး ဝ,အောင်စား
အဖွားအိုသည် သူစားမည့် ထမင်းဟင်းများကို တဝက်ခွဲပြီး ကြက်မကလေးအား ကျွေး၏။
ဟော - -သမီးလေး အိပ်သွားဖြီ...
ထိုနောက် တောင်းထဲ၌ ထည့်သိပ်ကာ သမီးလေးပမာ ချစ်မဝနိုင်အောင် ပီတိဖြစ်နေ၏။
ဒေါက် ဒေါက် ဒေါက် ဒေါက်
အမယ်ကြီး - ကျုပ်ကြက်မ - ဒီကိုလာတယ်မဟုတ်လား
ထိုစဉ်တံခါးခေါက်သံကြား၍ ထွက်ကြည့်ရာ ကိုလောဘဆိုသူ ဖြစ်နေသည်ကို တွေ့ရ၏။
ကြက်ခလေးတကောင်တော့ လာပါတယ် မောင်ရယ်
အဲဒီကြက်မကိုသတ်စားမလို့ လိုက်ဖမ်းနေတာ - - ကျုပ်ကို အင်မတန်ဒုက္ခပေးတဲ့ကြက် - - - - ဘယ်မှာလဲ ဒီကြက်မ



သူတပါး အသက်ကို မရက်စက် ပါနဲ့ ကွယ် - သနား စရာလေးပါ - ကျုပ် မွေးပါရစေ သားရယ် --
ဒါဖြင့် - ခင်ဗျား ဝယ်မလား - ဝယ်ယင် တန်ရာ တန်ဖိုး ပေးပေါ့ - ရောင်း မယ်လေ --
ကျုပ် - ဝယ်ချင် ပါတယ် - ဒါပေမယ့် ကျုပ် မှာလဲ ပိုက်ဆံ တပြားမှ မရှိဘူး
ဒါဖြင့်ယင် - ဟို - ခင်ဗျား ... ပေးပေါ့ - အဲဒီ ... ချင်လို့တဲ့ - ကြက်မ အပိုင် ပေးမယ် လေ - ဘယ့်နှယ် လဲ --
ကြက်မလေး နဲ့တော့ မခွဲနိုင် ဘူး
အဲဒါက - ကျုပ်ယောကျ်ား ... ကသုံးတဲ့ဓါး - အမှတ်တရ သိမ်း ထားတာ ကွယ် -- ဒါပေမဲ့ ကြက်မ လေး ရမယ် ဆို ယင် - ယူသွား လေ ----
ကိုလောဘသည် ဓား ကို ယူပြီး တခစ်ခစ် ရယ်လျက် မှောင်ထဲ ပျောက်သွား၏။
ဒေါက် - ဒေါက်
ကိုလောဘလား - ကြက် ရခဲ့ လား
အိမ်ပြန်ရောက်၍ တံခါးခေါက်လိုက်ရာ
ကြက်မ တော့ မရခဲ့ဘူး --- ဒါပေမယ့် ---
သွား - သွား -- ဒါပေမယ့် ... ကြက်မရ ယင် ပြန်မလာနဲ့ လို့ပြောထားတယ် ... ဝင်မလာခဲ့နဲ့ ... ဒါဘဲ - ဝင်လာယင် ... ဖြစ်သွားမယ် ---


ဟဲ့-ဟဲ့-နေပါအုံး -နင်လိုချင်နေတဲ့ ငှက်ကြီးတောင် ဓါးတလက်ရခဲ့တယ်-ဓါးအိမ် နဲ့-ပန်းပွားနဲ့-လှလိုက်တာကြည့်ပါအုံး
ဟင်-ဟုတ်လား- ဝမ်းသာလိုက်တာ တော်.... ဒါမှ-ဒို့ ကိုလော
သမီးငွေဖြူ-တနေ့တနေ့ဥလိုက်ရတာ မောလှရောပေါ့- ရော့စားအုံး
အဖွားအို၏ မေတ္တာစေတနာနှင့် ကျွေးမွေး ပြုစုမှုကြောင့် ကြက်မလေးမှာ တနေ့တခြား အလှတိုး၍ နေတော့၏။
ကြက်ဥ-လတ်လတ် ဆတ်ဆတ်နော်... ဆန်ခါလေးပါ ရောင်းတယ်၊
အဖွားအိုမှာ တောင်းရက်၊ ကြက်ဥရောင်း နှင့် အတော်ချောင်လည် လာလေရာ....
ကြီးတော် - နေကောင်းတယ်နော်
ကောင်းပါ- ကောင်းပါ့-
အရပ်ထဲ၌ခေါ်မည့်၊ ပြောမည့်သူ ပေါများ လာလေသည်။
ဒီကြက်မ ပိန်ကာကျိုး တကယ် ယုတ်ညံ့ ရက်ပဲ့တယ်- ငါ့ကို တော့ မဥပေးဘူး- ပြန်တောင်းပြီးဥနိုင်း မယ်- မဥယင်- သတ်စားမယ်-
ထိုအဖြစ်ကို မဒေါ်သ သိရာ....
ကိုလော - ဒါတဲ့ - ရှင် ဒီနေ့ ပဲ ကြက်မ ရအောင်ပြန်တောင်းပေး - ရမှဖြစ်မယ်......
ဟာ- မိဒေါ်ရယ်- အပြီး အပိုင်လဲထားတာ - ဘယ် ပြန်တောင်းလို့ဖြစ်ပါ့မလဲ...
သူယောကျ်ား ကိုလောဘကို နားပူပြန်၏။

(အဆက်ရှိ)


ကာတွန်းဆရာ-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် ဆရာစံ
ပန်းချီ — ဦးအေးတင်
ဘူးပုန်ထတိုက်တယ်ဆိုတာ ကလေးကစားတာမဟုတ်ဘူး ခေတ်ပေါ်လက်နက်ရှိတဲ့ မျက်နှာဖြူကို ဓါးမတုံးနဲ့ ထတိုက်ရင် အကုန် သေကုန်မှာပေါ့ ကိုဘအေး
ကျုပ်တော့ ခုလို ငုံ့ခံရင်း ကျိုးပဲ့ လူ့စဉ်မမှီတဲ့ ဘဝ ထက် နယ်ချဲ့ကောင်တွေ ကို တိုက်ပြီး အသေခံ မယ်များ
ခင်ဗျားကတော့ မြန်မာတို့ရဲ့ ဓာမရှိသွေး ခမ်းပါပေတယ်. ဘူးပုန် မိုလမြစ်ထိုက် ပါတယ်
မိုလမြစ်ချင် နေပါစေဗျာ - မျက်နှာဖြူသွေးနဲ့ ခြေဆေးရမယ် တော့ပါပြီ
ဆရာစံသည် သာယာဝတီခရိုင်၊ ဝဲရွာ၊ လှည်းလမ်းကူး၊ အင်းကောက်၊ သဲဖြူ၊ သင်တောရိုး၊ ဖားရွှေကျောင်းရွာများသို့ လှည့်လည် သွားလာရင်း -
ထိုခင်
ရော့ ဟောဒီဆေးကို သံပရာရေနဲ့ သောက် ဗိုက်အောင့်တာ ပျောက် ပါလိမ့်မယ်
ရောက်လေရာ၌ လူနာတွေ့လျှင် အခကြေးငွေ မယူပဲ ဆေးဝင်ကု၏။
ဟော ဦးထွန်းစိန်ပါလား လာလာ-ထိုင်ပါဦး
ဆရာကြီးရယ် မပြောချင်တော့ပါဘူး -ထွန်းမြတ်တို့ အခွန်တမတ်မဆောင်နိုင်လို့ တောထဲထင်းခိုးခုတ်တာမိသွားတော့ သစ်တောပုလိပ်က ဖိုက်ခံတောင်းတယ် x x



အဲဒါပေးစရာမရှိတော့ သူကြီးတော်ပူလိပ်က
မျက်နှာကို ခြေနဲ့ကန်လို့ သွားကျိုးသွားတယ်
ငကျော့ကတော့ မခံနိုင်လို့ ဓားနဲ့ထခုတ်တော့ ပူလိပ်တကောင် နားရွက်ပြတ်သွားတယ်
မတရားနှိပ်စက်တာကိုး ဗျ- ဒါဟာ လူ့သဘာဝပဲ- ဒါဖြင့် ငကျော့ကို ဖမ်းပြီး တရားစွဲမှာပေါ့
ငကျော့တင်မဟုတ်ဘူး အားလုံးကိုဖမ်း တရားစွဲတာ- ဟဲဟောက် ဒဏ်ငွေတဆယ်စီ ရိုက်သတဲ့
ဟောဗျာ- တမတ်မှမပေးနိုင်တဲ့လူတွေ- ဒဏ်ငွေ တဆယ်ဘယ်ကရမှာလဲ
ဒါကြောင့် ထောင်သုံးလစီကျသွားပြီ- ငကျော့လဲ ထောင်ဆယ်နှစ် ထက်မနည်းကျမှာပါဘဲ ဆရာကြီးရယ်
ထိုခဏ
ဆရာကြီးကို ဆရာတော်ဘုရားက အခေါ်လွှတ်လိုက်ပါတယ်
အေး- အေး ခုဘဲလာခဲ့မယ်



ဒကာကြီး - လာ - လာ - ကျုပ်ကောင်းကောင်းနေမကောင်းတာနဲ့ အခေါ်လွှတ်တာပါ
ဒီဆေးကို ဘုန်းပေးပါ ဘုရား
ဆရာစံသည် စမ်းသပ်ကာ ဆေးပေး ရလေ၏။
ထိုစဉ် သူကြီးအိမ်မှ မောင်းသံကြား ရပြီး
မကြာမီ ဘုန်းကြီးကျောင်းဝင်းထဲသို့ မျက်နှာဖြူ နယ်ပိုင်ခေါင်း ဆောင်ကာ ဝင်လာသော စစ်ပုလိပ်တို့ကို တွေ့ရ၏။
ဘုရား - ဘုရား အခွန်တောင်းပြီး နှိပ်စက်အုံးမယ် ထင်ပါ့
ရွာသားများလည်း ရောက်ရှိလာ၏။
ယောင်မင်းများ အခွန်မဆောင်တာ ကျုပ်တို့ရဲ့ အရှင်သခင် လော့ဘုရင် မင်းမြတ်ကို မလေးစားရာရောက်တယ် ဘာကြောင့် အခွန်မဆောင်ကြ သေးသလဲ

# ကြိမ်

ကာတွန်း မောင်မောင်သက်
















ကြိမ်သည် ဆူးနှင့် အဆစ်များပါရှိသော နွယ်ယောင်ပင်ယောင် တမျိုးဖြစ်၍ ထန်းမျိုးရင်းတွင် ပါဝင်သည်။

ကြိမ်တွင် ကပေါင်းကြိမ်၊ ကြိမ်ခါး၊ ရေကြိမ်၊ ကြိမ်နီ၊ ထားဝယ်ကြိမ်၊ ယမထာကြိမ်၊ ဝါးပိုးကြိမ်၊ သိုင်းကြိမ် စသည်ဖြင့် ကြိမ်အမျိုးမျိုးရှိသည်။

ကြိမ်သည် ပေါ့ပါးပြီး ရှည်လျား၍ ခိုင်ခံ့သည့် အပြင် ကွေးညွတ်၍ ရခြင်းကြောင့် လူသုံး ပစ္စည်းအဖြစ် များစွာ အသုံးဝင်သည်။


ကြိမ်ပင်နုနုကို ဟင်းချိုဟင်းခါး ချက်ပြုတ်၍ စားကြသည်။ ကြိမ်သီးမှည့်ကို စားရသည်။ ကြိမ်စေ့ကလေးများကို စိပ်ပုတီးလုပ်ရသည်။

အားကစား အတွက် ကြိမ်ကို ခြင်းလုံး ပြုလုပ်ပြီး ခြင်းခတ် ကစားရသည်။ လူသုံး ပစ္စည်းများ အဖြစ် လက်ကိုင်တုတ်၊ ကြိမ်ဆွဲခြင်း၊ ကြက်မွေး အရိုးတံ၊













ကျွဲနွားနှင်တံ၊ အမှိုက်တောင်း၊ ကြိမ်ခြင်း တောင်း၊ ကြိမ်စားပွဲ၊ ကြိမ်ကုလားထိုင် စသည်များ ပြုလုပ် သုံးစွဲရသည်။


ကြိမ်ကိုမီးဖုတ်ပြီး ကြိမ်မီးသွေးချောင်းဖြင့်အုပ် နံရံနှင့် ပိတ်အဝတ်များပေါ်တွင် ပန်းချီ ရေးဆွဲရန် ကောက်ကြောင်းမျဉ်း ရေးဆွဲရန် အသုံးပြုသည်။




အိမ်ဆောက်ရာနှင့် လှေလှည်းများလုပ်ရာတွင် ၎င်း၊ သစ်ဖောင်၊ ဝါးဖောင်များဖွဲ့ရာတွင်၎င်း ကြိမ် ကိုချည်နှောင်ရန်အတွက် အသုံးပြုကြသည်။




ကမ္ဘာတွင် အရှေ့အိန္ဒိယကျွန်းစု၊ မလေးကျွန်း ဆွယ်၊ တရုပ်၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ သီဟိုဠ်နိုင်ငံ များအပြင် ဩစတြေလျနှင့် အာဖရိကတိုက်တို့၌ ကြိမ်ပင်ပေါက်ရောက်သည်။ မြန်မာနိုင်ငံ၌ ကွင်း ပြင်နှင့် တောင်နိမ့်ပိုင်းရှိ စိုစွတ်သော သစ်တော များတွင် အနှံ့အပြားပေါက်သည်။





လက်ကိုင်တုတ် လုပ်ရသော ကြိမ်အမျိုးများ အနက်မလေးကျွန်းဆွယ်မှ ထွက်သော ကြိမ်သည် ကမ္ဘာတွင် ထင်ရှား၍ မြန်မာနိုင်ငံ၌ မြိတ်ကြိမ် သည် ကျော်ကြားသည်။

# ပင်လယ်ကျွန်းသို့ သွားလေသူတို့

သရုပ်ဖော် - လှစိန်
ဇာတ်လမ်း - မြသစ်ဆွေ

မောင်ဖြူဝင်းနှင့် မောင်ညိုဝင်း ညီအစ်ကို နှစ်ယောက်သည် နွေရာသီကျောင်းရက်ရှည် ပိတ်သဖြင့် အဖိုးအဖွားများရှိရာ ဒေးဒရဲသို့ ဦးလေး တယောက်နှင့်အတူ ဇရာဝတီ သင်္ဘောစီး၍ ပြန်ခဲ့ကြစဉ် သူတို့ဘေးနား၌ လူကြီးတယောက်....







မောင်ဖြူဝင်းက ဦးကျော်နှင့် တွေ့ခဲ့ပုံကို ပြန်ပြောပြ၏။
သံဗိုတ်ရွာရောက်သော် ရေလုပ်သားကြီး ဦးကျော်က ဝမ်းသာအားရ ဆီးကြိုသည်။
ဦးကျော်သည် မောင်ဖြူဝင်းတို့ ညီအစ်ကို ကို ရွာထဲသို့လျှောက်၍ လိုက်ပြသည်။
ပင်လယ်ကမ်းသို့ ရောက်သော် —


ပင်လယ်ကမ်းခြေ၌ လျှောက်ကြည့်ပြီး ဦးကျော်၏အိမ်သို့ ပြန်ရောက်သော်—
ငါးပုစွန် ဟင်းတို့ဖြင့် အဝစား လိုက်ကြ၏။
ရန်ကုန်ရောက်၍ ကျောင်း ပြန်ဖွင့်သော်
မောင်ဖြူဝင်းတို့ ဆရာက နွေရာသီ အတွေ့အကြုံကို စာစီစာကုံး ရေးခိုင်း၏။
မောင်ဖြူဝင်းလည်း သူတွေ့ကြုံခဲ့ရသော ရေလုပ်ငန်းများ အကြောင်းကို ရေးလိုက်ရာ....
သူ၏ စာစီစာကုံးမှာ အကောင်းဆုံး အဖြစ် ချီးကျူး ခံရလေသတည်း။




ကလေး တယောက်က "ကြွက်"အဖြစ် သရုပ်ဆောင်ရသည်။ ကြွက်သည် စည်းထိပ်သုံးလေးပေခန့် အကွာတွင် ရပ်နေရသည်။ ကျန် လူများက စည်းပေါ်တွင် ခွ၍ ရပ်နေကြရသည်။

စည်းပေါ်တွင် ခွရပ်နေသူများက "စိန်" ဟု ခေါ်လျှင် ကြွက်သည် စည်းကိုမကျော်ဘဲ တဖက်ဖက်မှ ပြေး၍ လိုက်ဖမ်းရသည်။ ပြေးသူများကမူ စည်းကို တဖက်မှ တဖက်သို့ကျော်၍ ဖြတ်ပြေးနိုင်သည်။ ကြွက်ကို လွတ်အောင် ရှောင်တိမ်းရခြင်းမှာ အလွန်ပျော်ရွှင်ဖွယ်ကောင်းသည်။


မိသူက ကြွက်အဖြစ် သရုပ်ဆောင်၍ ပွဲဆက်မပြတ် ကစားနိုင်လေသည်။

ကြွက်သည် မီးဖို ချောင်၌ ကျက်စားနေထိုင်သည်။ လူတို့ ထမင်းဟင်း ချက်ရန် မီးမွေး၍ မီးခိုးထွက်လာလျှင် ကြွက်သည် တခုခုချက်ပြုတ်တော့မည်ကို သိသဖြင့်ဟိုဟိုသည်သည် လျှောက်ကာ အစာကိုရှာဖွေနေလေ့ရှိ၏။

ဤသဘာဝကို အခြေ ခံ၍ ဤကစားနည်းကို ရေးကတီထွင်ခဲ့ကြဟန် တူပေသည်။

ပါဝင်ကစားမည့် လူဦးရေကို လိုက်၍ မြေညီ ကွက်လပ်ပေါ်တွင် စည်းကြောင်းရှည် တခုကို ခန့်မှန်းပြီး ဆွဲထားရသည်။ ဥပမာ- လူ ၁၀ ယောက်ကစားမည်ဆိုပါက အရှည် ၁၀ ပေခန့် ဖြစ်သင့်သည်။ စည်းကြောင်းအစား ဝါးလုံးရှည် တလုံးကို မြေပေါ်တွင် ချ၍လည်း ကစားနိုင်သည်။

# မြင်းရုပ်လက်ဆောင်






နေမင်းကြီးသည် နီရဲလျက်ရှိချေသည်။ နေဝင်ခါနီးမို့ အစမ်းကုန်လှပနေ၏။ မြစ်ပြင်ပေါ်၌ လှိုင်း ကြက်ခွပ်ကလေးများ ထနေသည်။ ဗေဒါပင်တို့သည် အစုလိုက်၊ အစုလိုက် ရွေ့ရှားနေကြ၏။ သင်္ဘောကြီး၊ သင်္ဘောငယ်အချို့သည် ဘော့တန်တားတွင် ဆိုက်ကပ်နေကြ၍ အချို့မှာ ရေလယ်၌ ကျောက်ချနေကြလေသည်။

သင်္ဘောအချို့ပေါ်မှ ဆန်အိတ်များကို အလုပ်သမားများက သယ်ချနေပါသည်။ သူတို့ကိုယ်တွင် ချွေးများ ရွှဲနေ၏။ အလွန်လေးသောဆန်အိတ်ကြီးများကို ထမ်းထားရ၍ ခါးများကိုင်းနေပါသည်။ အတော်ပင်မောပန်းကြပါလိမ့်မည်။ အဝတ်အစားများမှာလည်း ဟောင်းနွမ်းနေပေပြီ။ သူတို့၏ အသားအရေများမှာ မည်းနေ၏။ သို့သော် ပျော်ပျော် ပါးပါးပင် နောက်ပြောင်ကာဖြင့်ဆန်အိတ်များကို ထမ်းနေကြပါသည်။

"ဝိုး.... မောလိုက်တာကွာ။ လူကိုယ် မလှုပ်ချင်တော့ဘူး"

"အေးကွ။ ငါလဲ တချောင်ချောင်မှာ ထိုးအိပ်ချင်ပြီ"

အလုပ်သမား နှစ်ယောက် ကျွန်တော်တို့အနားမှ ခပ်သုတ်သုတ်ဖြတ်သွားရင်း ပြောသွားခြင်း ဖြစ်ပါသည်။ သူတို့ကိုယ်မှ ချွေးနံ့များထွက်နေပါသည်။ တယောက်သည် သူ့ကျောကုန်းကို မမှိုမကမ်း နှင့် လှမ်း ကုတ် နေသည်။ လက်သည်းများမှာ ရှည်လျား၍ ချွေးများကြောင့် မည်းနေပါသည်။

"သိပ်ညစ်ပတ်တဲ့ လူတွေဘဲနော် ဖေဖေ"

ကျွန်တော်က ဖေဖေ့ကို လှမ်းပြောလိုက်ပါသည်။ ဖေဖေကမူ ပြုံးနေပါသည်။ ထို့နောက် ဖေဖေသည် ဆေးလိပ်ဝယ်ရန် ထွက်သွားပါသည်။ ကျွန်တော့်ကိုမူ ဤနေရာမှပင် စောင့်နေခိုင်းပါသည်။

ကျွန်တော်သည် ဆန်အိတ်သယ်နေသော အလုပ်သမားများကို အကဲခပ် ကြည့်နေမိပါသည်။ ပုရွက်ဆိတ်များ ဆန်သယ်ပုံနှင့် တူလှပါသည်။ လူသည် အလုပ်လုပ်မှ ချမ်းသာမည်ဟု မေမေက ပြောဘူးပါသည်။ သို့သော် သူတို့မှာမူ ချမ်းသာကြဟန်မတူပါ။ အလွန်ပင် ဆင်းရဲကြပေလိမ့်မည်။ သူတို့သည် ကျွန်တော်လောက် လှလှပပမရှိပါ။ ညစ်ပတ်ပေရေနေပါသည်။ ညစ်ပတ်လျှင် ကျွန်တော်မုန်းပါသည်။ ထို့ကြောင့် သူတို့ကိုလည်း မုန်းမိပါသည်။

"ဟေ့ ကလေး၊ မင်း တယောက်ထဲလားကွ ဟင်"

ကျွန်တော် တွေးနေစဉ် လူတယောက်က လာမေးပါသည်။ ဤလူသည် တောက်တောက်ပြောင်ပြောင် ရှိပါသည်။ အဖိုးတန် အဝတ်အစားများနှင့် ဖြစ်သည်။ လက်ပတ်နာရီကြီးမှာ ကြီးမားကာ အရောင် တလက်လက် ဖြစ်နေပါသည်။ အသား

ဖြူသည်။သဘောလည်းကောင်း ပုံရသည်။

“စာဖတ်မလား ကလေး” သူက ပြုံးကာမေးပါသည်။ ကျွန်တော်လည်း သူ့လက်ထဲမှ စာအုပ်များကို လှမ်းကြည့်မိပါသည်။ ကာတွန်း စာအုပ်များ ဖြစ်၍ လှမ်းယူပြီး ဖတ်ကြည့်မိပါသည်။ သူလည်း ကျွန်တော့် အနားတွင် ထိုင်ကာ အတူတူ ကြည့်ပါသည်။ လက်တဖက်ကိုမူ ကျွန်တော့်ပခုံးပေါ်၌ တင်ထားပါသည်။

အချိန် အနည်းငယ် ကြာသွားပါသည်။ ဖေဖေလည်း ပြန်မလာသေးပါ။ သူသည် လက်မှ နာရီကို ငုံ့ကြည့်ပြီး –

“ကဲ ကလေး၊ ဦးပြန်တော့မယ်နော်၊ ဟုတ်လား”ဟုဆိုကာ ထမည် ဟန်ပြင်လိုက်ပါသည်။

“ဟော့ကောင်၊ ဒါဘာလုပ်တာလဲ။ ကလေးဟာ ပြန်ပေးလိုက်စမ်း”

ဤသို့ ကျယ်လောင်စွာ အော်ပြောလိုက်သံကြောင့် ကျွန်တော် လှည့်ကြည့်မိပါသည်။ ဗလကောင်းကောင်းနှင့် အလုပ်သမားကြီး တယောက် ဖြစ်နေပါသည်။ သူသည် ဒေါသထွက်နေဟန်လည်း ရှိပါသည်။

“ဟော့ ပြောနေတာ မကြားဘူးလား။ ခွေးမသား ခါးပိုက်နှိုက်”ဟု ဆိုကာ ထိုအလုပ်သမားကြီးသည် ကျွန်တော့်ဘေးမှ လူကြီးကို ပြေးထိုးလိုက်ပါသည်။ ကျွန်တော့်ဘေးမှလူကြီးသည် မြေပေါ်သို့ လဲကျသွားပါသည်။ သူ့ပါးစပ်မှ သွေးထွက်လာပါသည်။ နှုတ်ခမ်းကွဲသွားဟန် တူပါသည်။ ထပ်ထိုးရန် ဟန်ပြင်သောအခါ –

“မလုပ် မလုပ်ပါနဲ့ဗျာ။ပြန်ပေးပါ့မယ်၊ ပြန်ပေးပါ့မယ်”ဟု ပြောရင်း သူ့လက်ထဲမှ ဆွဲကြိုးလေးကို ကျွန်တော့်အားပေးပါသည်။ ထိုအခါကျမှ ကျွန်တော့် လည်ပင်းတွင် ဆွဲကြိုး မရှိတော့သည်ကို သတိပြုမိပါသည်။ ထိုအချိန်တွင် ဖေဖေလည်း ပြန်ရောက်လာပါသည်။

“ကျုပ် ဒီကောင့်ကိုမသင်္ကာလို့ ကြည့်နေတာ။ ထင်တဲ့အတိုင်း ခါးပိုက်နှိုက်ဖြစ်နေတာဘဲဗျ။ ကလေးကို စာအုပ်နဲ့မျှားပြီး ဆွဲကြိုးကို ဖြတ်ယူတော့မှ ကျုပ်လဲ ဝင်ထိုးတာဘဲ”

အလုပ်သမားကြီးက ရှင်းပြပါသည်။ ဖေဖေက ကျေးဇူးတင်စကား ပြောပါသည်။ ခါးပိုက်နှိုက်ကိုမူ ဆိပ်ကမ်းရဲများက ဖမ်းသွားပါသည်။

ကျွန်တော် စဉ်းစားနေမိပါသည်။ ညစ်ပတ်ပေရေနေသော အလုပ်သမားကြီးသည် စိတ်ထား ဖြူစင်စွာဖြင့် ကျွန်တော့်ကို ကူညီပါသည်။ တောက်ပြောင်သန့်ရှင်းသောလူကြီးကမူ စိတ်ထား ယုတ်မာပါသည်။ အလုပ်သမားကြီးများကို အထင်သေးခဲ့မိသည့် ကျွန်တော့်အဖြစ်ကိုစဉ်းစားမိတိုင်း စိတ်မကောင်း ဖြစ်နေရပါတော့သည်။

## ဖိုးထောင်

ဝါဆိုဝါခေါင် ရေတွေကြီး
သပြေသီးမှဲ့ မကောက်ပေါင်။

မိုးကြီးမှောင်မှောင် ချောင်းရေစီး
လောင်းလှေကြီးနဲ့ မဆော့ပေါင်။

အုန်းလက်ထောင်ထောင် မားခုတ်လှီး
နွားလုပ်ပြီးတော့ မစီးပေါင်။

ဉပုသ်ကျောင်းဆောင် အချောင်သွား
အမြှောင်စားဖို့ မလိုက်ပေါင်။

လူငယ့်ရှေ့ဆောင် ကျုပ်သားလေး
လုပ်အားပေးတဲ့ ကိုဖိုးထောင်။

လယ်ကွင်းခေါင်ခေါင် မိုးရေထဲ
ပျိုးတွေကြဲတဲ့ ကိုဖိုးထောင်။

အဖေ့သားမောင် အရွယ်ထွား
လယ်သမားလေး ကိုဖိုးထောင်။

သည်နှစ်တော့မောင် စပါးမျိုး
တအားဖြိုးလို့ တန်ခိုးပြောင်။

အကျိုးဆောင်–ဖိုးထောင်။ ။

ဗန္ဓုရဝင်း



R. 517



# ကျွဲကောသီး

ကျွဲကောသီးသည် ရှောက်၊ သံပရာ၊ လိမ်မော် စသည်တို့နှင့်အတူ ရှောက်မျိုးတွင် ပါဝင်သည်။ ချို၊ ချဉ်၊ ခါး အရသာရှိ၍ ရေငွေ့အများအပြား ပါဝင်သည်။ အချို့က ကျွဲကောသီးကို ရှောက်ပန်းသီး ဟုလည်း ခေါ်ကြသည်။

ကျွဲကောသီးကို စားသုံးခြင်းဖြင့် သွေးလေတို့နှင့်ပတ်သက်သော ရောဂါအချို့ကို ပျောက်ကင်း စေနိုင်သည်။ ဝမ်းစေသည်။ ခံတွင်း ရှင်းစေသည်။ အများအားဖြင့် မှည့်သောအခါ၌ စားသုံးကြသည်။ ဖျော်ရည်လုပ်၍လည်း သောက်နိုင်သည်။

ကျွဲကောသီးကို အသားရောင်လိုက်၍ အဖြူနှင့် အနီမျိုးဟူ၍၎င်း၊ အရသာကိုလိုက်၍ အချဉ်နှင့် အချိုမျိုးဟူ၍၎င်း ခွဲခြားနိုင်သည်။ တလုံးချင်းသီးက ကျွဲကောဟူ၍၎င်း၊ အခိုင်လိုက် သီးက ကျွဲကောကလေး ဟူ၍၎င်း ခေါ်ကြ သေးသည်။ အနောက်နိုင်ငံတွင် စားသုံးလေ့ရှိသော ဂရိတ်ဖရုခေါ် အသီးသည် ကျွဲကောကလေးနှင့် မျိုးတူပင် ဖြစ်သည်။

ကျွဲကောကို ကိုင်းကူးဆက်နည်း၊ မျက်စိဆက်နည်းတို့ဖြင့် စိုက်ပျိုးပါက အစေ့မှ စိုက်ပျိုးခြင်းထက် ပိုမိုကြီးထွား ဖြစ်ထွန်းသည်။

ကျွဲကောပင်သည် မလေးကျွန်းစုနှင့် ပိုလီနီးရှင်း ကျွန်းများတွင် မူလ ပေါက်ရောက်သည်။ နောက်မှ မြန်မာနိုင်ငံသို့ မလေးကျွန်းဆွယ်နှင့် အိန္ဒိယနိုင်ငံတို့မှတဆင့် ရောက်လာသည်။

မြန်မာနိုင်ငံတွင် ကျွဲကောသီးထွက်ရာ နာမည်ကြီးဒေသမှာ မုတ္တမနယ်၊ ကျိုက္ခမီနယ်တို့ ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ အနှံ့အပြားမှာပင် ကျွဲကောပင်များကို တွေ့ရှိ နိုင်ပေသည်။

နိုးမြင့်






ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇ဝ) က ကင်းလွတ်ခွင့်
အမှတ် ဝ၁၂၁၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

## မေတ္တာ -၂-

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ကိုကြီးမြင့်သိန်း


အတွဲ - ၂။ အမှတ် - ၃၁။ ၁-၈-၇၀






အဖွားအိုမှာ တညလုံး ငို၍သာနေတော့၏။
ကိုလောဘလည်း အိမ်ရောက်သည်နှင့် တပြိုင်နက် -
ကြက်မလေးလက်ထဲရောက်သော်မဒေါသသည်
လည်ပင်းညှစ်ပြီး ကြမ်းနှင့် ကိုင်ဆောင့်ကာ -
နှိပ်စက်သဖြင့်မေ့မျောမတတ်ဖြစ်သွားလေသည်


ထိုသို့ နေ့စဉ်နေ့တိုင်း ညှဉ်းဆဲ၍ အစာငတ် ရေငတ်ထားသဖြင့် ကြက်မလေးမှာ ဥမဥနိုင်ပဲ ပိန်ချုံးသွားတော့၏။
နောက်ဆုံး၌
မဒေါ်သလည်း အခဲမကျေ ဖြစ်နေရာမှ တစုံတခု ဆုံးဖြတ်ချက်ချလိုက်လေ၏။
ဟဲ...ကိုလော- ဒီကြက်မကို ဒီညဘဲ သတ်စားလိုက် ကြရို၊ ဥ,မစားရယင် သူ့အသားဘဲ စားမယ် - တော်
မျာ
ကိုလောဘ ပြန်အလာတွင် ဆီး၍ပြောရာ....
သတ်စားဘို့တော့-မတော် ပါဘူး မယ်ဒေါ်ရယ်... ဖင်းသဘော မကျယင် အဖွားကြီး ကိုပြန်ပေးလိုက်ပေါ့... သူ့နှက်ကြီးတောင် ကိုလဲ မျှားသေးတယ်
ကိုလောဘ၏ အဖြေကို မကျေနပ်သဖြင့် --
ဟဲ- သွားဟယ် — သွား — သွား
အော်ဟစ်ပြီး ပေါက်ကရာနှင့် ကိုင်ပေါက်သည် ကိုပင် ကိုလောဘသည် ဟဟားဟားနှင့် –
အမယ်ကြီး ... ခင်ဗျားချစ်တဲ့ ကြက်မလေးပြန်ပို့ ပါတယ် --ရော့ --- ဟဲ - ဟဲ
ဟင်- ဝဖိုးသာ လိုက်တာ မောင်ရယ်
အဖွားအိုထံသွားပြီး ပြန်ပေးလိုက်၏။



သမီး ရယ်... ပိန်သွားလိုက်တာ အညို-အမဲ တွေနဲ့ ပါလား
သမီး.. မသေလို့ ပြန်တွေ့ရတာ... --- ဒီတခါတော့ သေအတူ-ရှင် မကွာ-မခွဲ တော့ဘူး-ကွယ်-
အဖွားအိုမှာ ဝမ်းသာလွန်း၍ ငိုရှာ၏။
အဖွားအို၏ ဂရုတစိုက်ပြုစုကျွေးမွေး မှု ကြောင့် ကြက်မ လေးမှာ ယ ဖြည်း ဖြည်း ကျန်း မာ ဝ ဖြိုး လာပြီး -
သမီး ငွေဖြစ် စား စား- ဝအောင် စား
ယခင်ကထက် ဥများ ဥသည်သာမက
သားသမီးများပင် ပေါက်ဖွားကာ
သားကြီး၊ သမီးကြီး၊ မြေးကြီး များစွာ ရလာ၏။
မေတ္တာ
အဖွားအိုလည်း စီးပွား တက်လာသဖြင့် ငွေထုပ်ပိုက်ကာ မေတ္တာ၏တန်ဖိုးကို အဖန်ဖန် တွေးရင်း ပီတိဖြစ်နေလေသတည်း။


ကာတွန်း-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် သရခံ
ပန်းချီ——ဦးအေးတင်
ငဖိုးဆယ် ဖောင်မင်းဘာကြောင့် အခွန်မဆောင်သလဲ
ကျွန်တော်မျိုးတို့ရဲ့လယ်ထွက်စပါးနဲ့လှည်းနွားအားလုံးကိုအဘလာကပွဲချစ်တီးကသိမ်းသွားလို့ငတ်နေပါပြီ-အခွန်ဆောင်စရာမရှိလို့ပါသခင်
ချစ်တီးကအခိုးရလား ငါတို့ကအခိုးရလား
သခင်တို့က အခိုးရပါ
ချစ်တီးကိုပေးနိုင်ယင် ငါတို့ကိုလဲပေးနိုင်ရမှာပေါ့
မရှိလို့ အခွန်မဆောင်နိုင်ပါဘူးသခင်
သို့ဖြင့် အခွန်မဆောင်နိုင်သူတို့မှာ—
နေကိုမော့ကြည့်ရမယ်-မျက်စိမမှိတ်ရဘူး-ခေါင်းမငုံ့ရဘူး
အမျိုးမျိုး အပြစ်ပေးခံကြရလေ၏။





သင်တို့ ကိုသာမဟုတ်ဘူး-
သင်တို့ ကိုးကွယ်တဲ့ဘုရား
ကိုလဲ ငါတို့ အဆိုးရတယ်-
ဟိုမှာကြည့်စမ်း
စစ်ပုလိပ်တို့သည် ဆင်းတုတော်တဆူကို ကြိုးဖြင့်ဆွဲချ၏။
သတိထားပါ
အရှင်ဘုရား
တယ်ယုတ်မာ
တဲ့ ခွေးတွေ
သည်းမခံနိုင်သော ဦးပဉ္ဇင်းများကို လူတို့က အနိုင်နိုင်ဆွဲထားရ၏။
ထပါ
နေကို ကြည့်ခိုင်းထားသူများလည်း တယောက်ပြီးတယောက် လဲကျလျက်ရှိ၏။
ဟင် – အဖိုး
အသက်မရှိတော့
ပါကလား
ဦးဖိုးဆယ်ကား ဒဏ်မခံနိုင်တော့ပေ။
တနေ့တွင်
ဒီ မိစ္ဆာကောင်တွေဟာ
သိပ်ယုတ်မာလာပြီ- မြန်တိုက်
မှာဘဲဖြစ်တော့မယ် ဦးဘအေး
ဘယ်တော့လဲ
ဆရာ- ခုလား


ဖြစ်နိုင်ယင် အခုချက်ချင်းဘဲလေ- ဒါပေမဲ့ အသိအသင့်တော့ အမြန်ဆုံး လုပ်ရမယ် - ရွာတွေမှာအဖွဲ့တွေဖွဲ့ရမယ်
အဖွဲ့နာမည် ကိုဘယ်လိုခေါ်မလဲ
ခနေနံ့-နဂါးဖြစ်တဲ့ အင်္ဂလိပ်ကို တိုက်မယ့်အဖွဲ့ဟာ-နဂါးကိုနိုင်တဲ့ ဂဠုန်-ဟုတ်ပြီ - ကျုပ်တို့အဖွဲ့ကို ဂဠုန်အဖွဲ့လို့ အမည်တပ်မယ်
ဟာ-သိပ်ကောင်းပေါ့ ဆရာ - ကဲ. ကျွန်တော်လဲ တခြားရွာတွေ သွားပြီး တိုးတိုးတိတ်တိတ် အဖွဲ့ ဖွဲ့ နိုင်း ရမယ်
ဆရာစံသည် စည့်နှစ်ခွရွာသို့ ရောက်လာစဉ် ---
မြင်ကွင်းကားမကောင်းလှပေ။ အာဏာကပ္ပ ချစ်တီးသည် လယ်သမားတဦး၏ ပစ္စည်းအားလုံးကို သိမ်းယူနေ၏။
အမေရေ- ကျုပ်တို့ နွားလေး ယူသွားပြီ
ကုလားကြီး ငါ့နွားပြန်ပေး
ဟဲ့ ကောင်ဂလေး သွား
အမယ် လေး
ချစ်တီးနှင့် အတူ ပါလာသော ပုလိပ်က ကလေးကို ခါးမှ ကိုင်မြှောက် ပစ်ချလိုက်၏။

ဆက်ရန်


# ရှေးခေတ် ကမ္ဘာ့







ဘီစီ ၆၀၀ ခန့်က သဲကန္တာရ အလယ်ရှိ ဗက်ဗီလုံးမြို့၌ နက်ဗျူခတ်နက်ဇာ ဘုရင်က သူ၏ ချစ်မိဖုရားအတွက် တည်ဆောက်ပေးခဲ့သော ပေ ၃၅၀ ခန့် အထိ မြင့်သည့် မိုးပျံဥယျာဉ်ကြီးများ



# အံ့ဖွယ်ခုနစ်သွယ်

ဘီစီ ၂၆၀ ခန့်က အလက်ဇန္ဒြီးယားမြို့ရှိ ဖေးရော့ မီးပြတိုက်ကြီးမှာ ပေ ၄၀၀ မြင့်၍ နှစ်ပေါင်း ၁၅၀၀ နီးပါး သင်္ဘောများကို လမ်းပြပေးခဲ့သည်။






ဘီစီ ၂၈၀ ခန့်က ရုတ်ကျွန်း ဆိပ်ကမ်း အဝင်ဝရှိ ကိုလော့ဆပ် ကြေးရုပ်ကြီးမှာ ၁၀၅ ပေမြင့်၍ နေနတ်သားကို ရည်စူး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



ဘီစီ ၅၀၀ ခန့်က အိုလင်ပီယာမြို့ရှိ ဇုနတ်ရုပ်ကြီးမှာ မျက်လုံးများတွင် မီးကဲ့သို့ တောက်ပသော အဖိုးတန်ကျောက်များ တပ်ဆင်ထားသဖြင့် အသက်ဝင်လျက်ရှိသည်ဟု ထင်မှတ်ခဲ့ရသည်။




ဘီစီ ၃၅၀ ခန့်က ဟာလီကာနက်ဆပ်မြို့ရှိ မောဆိုလီယမ် သင်းချိုင်းဂူကြီးမှာ မောဆိုလပ် ဘုရင်ကြီးအတွက် မိဖုရားက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ရဲမြင့်

# ကြွင်ကြွင်နာနာ

ဇာတ်လမ်း **အောင်ရဲညွန့်**
ပန်းချီ **ကျော်သောင်း**




အောင်ဌေးတွင် အလွန်လိမ်မာသော ကြက်တူရွေးတကောင်ရှိသည်။





တနေ့တွင် ထဖက်ခြံမှကြောင်က အလစ်ဝင်ခုပ်ရာ....




ရွှေခဲ၏ အော်သံကြောင့် အောင်ဌေးအပြေးအလွှားရောက်လာသဖြင့်-




ရွှေခဲမှာ ကြောင်၏ရန်မှ သီသီကလေး လွတ်မြောက်သွားလေသည်။




နောက်တနေ့တွင် တဖက်ခြံမှကြောင်ကို သူ့ခွေးအောင်နက်က ဟောင်နေသည်ကို တွေ့ရ၏။


နင့် ကို ရေတွင်းထဲ ချပစ်မယ်
အောင်ဌေးသည် သစ်ပင်ပေါ်တက်၍ ကြောင်ကို ဖမ်းယူခဲ့ပြီး -
ကဲ - ငါ့ရွှေခဲကို ကိုက်ချင်အုံး -
ရေတွင်းထဲသို့ ပစ်ချလိုက်၏။
ငါ့ ကြောင်လေး ဒီဘက် လာတာ တွေ့မိ-လား
ဟင့်အင်း
တဖက်ခြံမှ ကြောင်ပိုင်ရှင် ကျော်ကျော်က လာစုံစမ်းရာ အောင်ဌေးက လိမ်ပြောလိုက်သည်။ ထိုစဉ် - - -
သားရေ-အောင်ဌေး မြန်မြန် လာပါအုံး
သွားကွ - အောင်ဌေး ငါလဲ လိုက်ခဲ့မယ်-
အောင်နက်လေး ဘာဖြစ်မှန်း မသိဘူး - ပါးစပ် က အမြှုပ် တွေ ထွက်ပြီး ပက်လက် လန်နေတယ်
ဗျာ-
?
သူ့အမေက အောင်နက်ဖြစ်ပုံကို ပြောပြ၍ အောင်ဌေးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရာ....
ဟေ့ အောင်ဌေးစိတ်မပူနဲ့ - ဒါ အစားမှားလို့ဖြစ်တာကွ - မင်းဒီက စောင့်နေ ငါ အခု ပြန်ခဲ့ မယ်- - - - -


ရော့ရော့ ဒီကန္တန်းရွက် ထောင်းပြီးတိုက်လိုက်--
နာရီဝက်ခန့်ကြာသော်.
သနားပါတယ်ကွာ--
အောင်နက်ကလေးမှာ လန်းလန်းဆန်းဆန်းပြန် ဖြစ်လာသည်။
ကျော်ကျော်ကယ် လို့ဘဲ-သူ့ကိုကျေးဇူး တင်ရမယ်--
သူဟာကြင်နာ မိတ်ရှိတယ်-သူ့ ကြောင်လေးကို ပြန်ကယ်သင့် တယ်---
ထို့နောက်
ပြီးတာတွေ ပြောမနေပါ နဲ့တော့-ကြောင်လေးကို သွားယူကြ မယ်---
ရေတွင်းတွင်
ဘာမှမဖြစ် ဘူးလားကွဟင်
အေးဘာမှမဖြစ် ဘူးကွ----
အိမ်နီးနားချင်းဆိုတာ အမြဲတမ်းကြင်ကြင်နာနာနဲ့ နေတာကောင်းတာပေါ့
ပြီး




တကျောင်းတကျောင်း –
ဒို့တကျောင်းဗျ/ရှင့်
ကရွာတရွာ–ဒို့ပြည်ရွာ
ညီညာဖျဖျ– ထလိုက်ကြ”

ဟုရွတ်ဆိုကာ ဘပြိုင်တည်းအညီအညာ မတ်တပ်ရပ်၍ ခြေတပေါင်ကျိုးခုန်ကြရသည်။ ဤသို့ ခုန်နေစဉ် –

“စလူစလူ–နေပူပူ
နေပူပူ–စလူဆောင်း
ဒို့ငယ်ပေါင်း – အောက် မေ့တယ်”

ဟူသောကဗျာကို သံနေသံထားဖြင့် အဆက်မပြတ်ရွတ်ဆိုနေကြရသည်။ မော၍ အဆိုရပ်လျှင်သော်လည်းကောင်း၊အခုန်ရပ်လျှင် သော်လည်းကောင်း ထိုသို့ရပ်သောသူရှုံး၍ဒဏ်ထွက်ပေးရသည်။ နောက်ဆုံး တဦးတည်း ကျန်သည်အထိ အဆက်မပြတ် ခုန်ရင်း ရွတ်ဆိုနေနိုင်သူသည် အနိုင်ရ၏။


စလူရွက်သည် မြန်မာ့ကျေးလက်များ၌ အိမ်မိုး ပစ္စည်းတခု ဖြစ်သည်။ နေပူသည့်အခါ ထီးကဲ့သို့ ခေါင်းဆောင်း၍လည်း သွားနိုင်သည်။ ကျေးရွာကလေးသူငယ်များသည် ယင်းစလူရွက်ကိုဆောင်း၍ ကျောင်းတက်ခဲ့ရသည်။ ဤကစား နည်းတွင် ကဗျာရွတ်ဆို၍ ကိုယ်လက်လှုပ်ရှား ကြရသည်။ မိန်းကလေး၊ ယောကျ်ားကလေးများ ဝိုင်းဖွဲ့၍ ကစားနိုင်သည်။

ကစား ပုံမှာ ကလေးများသည် အလယ်ဗဟိုတွင်ခြေဖဝါးချင်းဆုံမိအောင် ခြေဆင်း ထိုင်ကြရသည်။ လူများလျှင် များသလောက် ဝိုင်းကိုချဲ့၍ ကစားနိုင်သည်။ ထိုသို့ဝိုင်းဖွဲ့ထိုင်ပြီး –


‘‘တပေါင်း တပေါင်း –
ဒို့ တပေါင်း

× × ×

# လှည်းဘီးလုံးလေး



အပ်ချည်ဘီးလုံးလွတ်တခု၏ အနားနှစ်ဖက်ကို ပုံ (၁) အတိုင်း ထစ်ပါ။ သားရေကွင်းတခုကို ဘီးလုံးတဖက်တွင် သံမှိုတချောင်း၌ အသေတပ်၍ ကျန်တဖက်တွင် ဖယောင်းတိုင်တိုတခုနှင့် ဝါးချောင်းစလေးတခုကို တပ်ပါ။ပုံ (၂)။ ဝါးချောင်းကိုလှည့်ပေးပြီး ကြမ်းပေါ်မှာချလျှင် ဘီးလုံးလေး လိမ့်သွားပါလိမ့်မည်။ ပုံ (၃)



# မိညိုရဲ့ ထမင်းစားခန်း

ဓါ နီလွှင်ဖေး ရေးသည်



မိညိုစိတ်ထဲတွင် တထင့်ထင့် ဖြစ်နေသည်။ ဖြစ်မှ ဖြစ်ပါ့ မလား ဟူ၍လည်း သူ့ကိုယ်သူ မယုံမရဲရှိသည်။ လေ့လာထား သည်ကို လက်တွေ့ ပြုလုပ်ရမည့် မို့ ကျေနပ်ခြင်းတော့ ဖြစ်မိ သည်။

"ထမင်းမချက်ခင် ဆန်ကို ပြာရတယ်သမီးရဲ့။ ဆန်ပြာတာ ကတော့ ဖုန်တွေ၊သဲတွေ ထွက် သွားအောင်လို့ဘဲ။ နောက်ပြီး တော့ စက်ချေးတုံးကလေးတွေ၊ စပါးလုံးတွေကိုလဲ ရွေးထုတ်ပစ် ရတယ်။ ထမင်းစားရင်း စက် ချေးတုံးကလေးတွေကိုဝါးမိယင် မကောင်းတဲ့ အနံ့ အသက် ကြောင့် ထမင်းစား ပျက် တတ်တယ်"

ဆန်ပြာရင်း မေမေ့ သင် ကြားချက်ကို စဉ်းစားမိသည်။ သည်သင်ခန်းစာကိုတော့ မိညို နားလည်နေပြီ။ ဆန်ပြာ၊ စပါး လုံးရွေးသော အလုပ်ကို နေ့ တိုင်း လုပ်နေရသည်။ အတွေ့ အကြုံအရ မိညိုသည် ဆန်ကို မဖိတ်မစဉ်အောင်ပင် ပြာတတ် နေပြီ။ ဖုန်မှုန့်၊ ဆန်ကွဲမှုန့်၊ သဲ မှုန့် များကိုလည်း လက်ခုပ်က လေးနှင့် ပြာခတ်၍ ယူတတ် နေပြီ။

"ဆန်ဆေးတဲ့ အခါမှာ လဲ လက်ဝါး နှစ်ဖက်နဲ့ ပွတ်ပြီး မဆေးရဘူးကွဲ့။ ဆန်ကို လက် ဝါးနဲ့ ပွတ်ဆေးယင် ဆန်စေ့ ကြေမယ်။ ဆန်စေ့မှာ ကပ်နေ တဲ့ ဖွဲနုမှုန့်ကလေးတွေ ရေထဲ မှာ ပါသွားလိမ့်မယ်။ ဆန် စေ့ပေါ်က ဖွဲနုမှုန့်တွေ မရှိယင် ဆန်ရဲ့ အာဟာရဓာတ် ပျက် သွားရော။ အာဟာရ ဓာတ် ချွတ်ယွင်းတဲ့ ဆန်ကို စားယင် ကိုယ်ရောင် ရောဂါ ဖြစ် တတ် တယ်လို့ မေမေ ကြားဘူးတယ် သမီးရဲ့"

ဆန်ဆေးတော့လည်း မေ မေ့ သင်ခန်းစာကို မှတ်မိနေ သည်။

ဆန်ပြာ ဆန်ဆေး တတ် သော်လည်းမိညိုရင်၌ တုန်နေဆဲ ဖြစ်သည်။ သင်ခန်းစာ အရ သာ နားလည်ပြီး လက်တွေ့မ လုပ်ရသေးသော အလုပ်နှစ်ခု ရှိသေးသည်။ ပထမ အလုပ်မှာ မီးမွှေးမီးထိုး လုပ်ငန်း ဖြစ်၍ ဒုတိယ လုပ်ငန်းက ဆန်ကို ထမင်းဖြစ်အောင် ချက်ရခြင်း ပင်ဖြစ်သည်။

သည်နေ့တော့ ထမင်းဖြစ် အောင် ကိုယ်တိုင် ချက်ရတော့ မည်။ အကြောင်းကလည်း ဖန် လာသည်။ မနက်က မေမေ သည် မီးဖွားဖို့ ဆေးရုံတက်ရ သည်။ မေမေ့ကို ဆေးရုံ တင် ပြီးလျှင် ဖေဖေလည်း စက်ရုံကို အလုပ် ဆက်ဆင်းမည် ဖြစ် သည်။ အိမ်၌ မိညိုသာလျှင် ကျန်ခဲ့သည်။

ဖေဖေကတော့ ထမင်းချက် ထားရန်မမှာကြားခဲ့ပေ။ မိညို ကသာ ဆန်ကိုထမင်းဖြစ်အောင် စမ်းသပ် ချက်ပြုတ် ကြည့်ချင် သည်။ ဖေဖေ ဆူမှာကိုတော့ မိညိုကြောက်သည်။ ကြောက် ရွံ့သော်လည်း စမ်းသပ် ကြည့်

ချင်သည်။ မေမေ သင်ပြသည့်အတိုင်း ဂရုစိုက်လျှင် အောင်မြင်ရမည်ဟု မိညို ယုံကြည်သည်။

"မိုးမွေးတဲ့ အခါမှာ မိုးဖိုထဲကို ရေနံဆီတွေ လောင်းမထည့်ရဘူးသမီးရဲ့။ တကယ်လို့ ရေနံလောင်းတာ လက်လွန်သွားယင် မိုးတောက်တွေများပြီး မိုးအန္တရာယ် ဖြစ်တတ်တယ်။ ထင်းစကြီးကြီး နှစ်ချောင်းကိုအောက်ခံပြီးတော့ အပေါ်က ထင်းပေါက်စ ကလေးတွေ တင်ရတယ်။ ပြီးတော့ ထင်းစ သေးသေး တချောင်းကို ရေနံဆွတ်ပြီး ထင်း ပေါက် တွေ အောက်မီးရှို့ ပေးရတယ်။ မီးရှိန်ရလာတော့မှ ထင်းစကြီးတွေနဲ့ မီးစထိုးရတယ်"

မိညိုသည် မေမေပြောသည့်အ တိုင်း ဂ ရု စိုက် ၍ မီး မွေးသည်။ မီးရှိန်ရလာလျှင် ထမင်းအိုးကို မီးဖိုပေါ် တင်လိုက်သည်။ သူ့လုပ်ငန်းသည် ဤအထိ အောင်မြင်နေ၍ ရင်ထဲ၌ ပီတိဖြစ်ရပြန်သည်။

"ထမင်းအိုး တယ်တဲ့ အခါမှာ မီးကိုမပြတ်ထိုးပေးရတယ်။ ဒါပေမဲ့ လိုတာထက်ပိုပြီး မီးတောက်တွေတက်အောင် မလုပ်ရဘူး။ မီးတောက် များယင် အန္တရာယ် ဖြစ် တတ် တယ်။ မီးသိပ်နည်းယင်လဲထမင်းပွတတ်တယ်။ထမင်းပွယင် ဖွယ်တတ်တယ်။ စားရတဲ့နေရာမှာ အရသာမရှိဘူး။ ထမင်းအိုး ဆူတဲ့အခါမှာ ချက်ချင်း မချရဘူး။ ဆန်စေ့အလယ်က ဝတ်ဆံလေးတွေပျောက်ပြီး ထမင်းစေ့ စင်းနေမှထမင်းရေ ငှဲ့ရတယ်။ ငှဲ့ပြီး ထမင်းကို နပ်သွားအောင် ပြန်နှပ်ရသေးတယ်။ အငွေ့လှိုင်လှိုင်ထွက်တော့မှ ထမင်း နပ်တယ်သမီးရဲ့"

ထမင်းအိုးနပ်လျှင် မီးဖိုပေါ်က ချလိုက်သည်။ မီးစများကိုလည်း အပြင်ထုတ်ပြီးရေနှင့်လောင်း၍ သတ်လိုက်သည်။ မီးဖိုထဲတွင် မီးကြွင်းမီးကျန် များမရှိအောင်လည်း အထူးဂရုစိုက်၍ ပြုလုပ်သည်။ မိညိုသည် ထမင်းချက်တတ်ပြီဖြစ်၍ ကျေနပ်နေသည်။လုံးလုံးလျားလျားတော့ ဝမ်းမသာမိသေး။ ဖေဖေ လာလျှင် မည်သို့ ပြောဦးမည်မသိ။

စဉ်း စား နေ ရင်း ဖေ ဖေ ရောက်လာသည်။ ဖေဖေသည် မီးဖိုထဲကိုဝင်၍ ထ မင်း အိုးကို ဖွင့်ကြည့်သည်။ အိုးထဲ၌ ချက်ပြီးစ ထမင်းများ တွေ့ရလျှင် မိညိုကို အံ့သြ ဝမ်းသာသော မျက်နှာနှင့် ကြည့်လိုက်သည်။

"ဖေဖေက ထမင်း ချက်မလို့ ပြန်လာတာ၊ အခု သမီးက ချက် ပြီး နေ မှ ကိုး။ သ မီး က ထ မင်း ချက် တာ တော် တယ်ဟေ့၊ ထမင်းကလေးကို ကော့နေတာဘဲ"

မိ ညို ၏ စွန့် စား မှု ကား အောင်မြင်သွားပေပြီ။ မိညိုတယောက် ဝမ်းသာ မိသည်မှာ မိုးမမြင်လေမမြင်။

# တိမ်မဲညို

အုန်းအင်အုန်းအင်၊တေးသံလွှင်
မြက်ပင်ကြို့ကြား၊ ကိုရွှေဖား
မိုးခေါ်သလား၊ ခေါ်သလား။

တိမ်မဲညိုဆင်၊ မိုးကောင်းကင်
လျှပ်မျှင်ပန်းပွား၊
ခြိမ်းဟောက်ကြွား
မိုးရွာမှာလား၊ ရွာမှာလား။

မြေလွှာတခွင်၊ ပန်းသစ်ပင်
ဝိုလွင်ဝင့်ကြွား၊ သီးနှံထွား
မိုးရွာသလား၊ ရွာသလား။

မထွေးမောင်ခင်၊ပြေးဆော့ချင်
လယ်ခွင်တလွှား၊ ဖွေးစေသား
မိုးရွာပါလား၊ ရွာပါ့လား။ ။

မောင်ငယ်သွေး (မလှိုင်)



# ကြက်မောက်သီး



တရုပ် ကြက်မောက်၊ တောကြက်မောက်နှင့် မော်လမြိုင်ကြက်မောက် ဟူ၍ ကြက်မောက် သုံးမျိုးရှိသည်။

တရုပ် ကြက်မောက်ကို ကချင်ပြည်နယ်နှင့် ရခိုင်တိုင်းတို့တွင် တွေ့နိုင်သည်။ ကချင်ပြည်နယ်တွင် တရုပ် ဆီးသီးအဖြစ် လူသိများသည်။ တရုပ် ကြက်မောက်သည် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်းပွင့်၍ ဧပြီလလယ်လောက်မှ မိုးဦးကျသည်အထိသီးမှည့်လေ့ရှိသည်။ အသီးတွင် အမွေးမရှိပဲ အသားထူ၍ အစေ့ကျွတ်သည်။ အရသာအရှိဆုံး၊ မျိုးအကောင်းဆုံး ဖြစ်သည်။

တောကြက်မောက်သည် မိုးများသော ဒေသရှိ သဲမြေနှင့် ဂဝံမြေများတွင် ပေါက်သည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်းပွင့်၍ မတ်လနှင့် ဧပြီလအတွင်း သီးမှည့်လေ့ရှိသည်။ အသားပါးသည်။

မော်လမြိုင် ကြက်မောက်ကို တနင်္သာရီတိုင်း ပင်လယ်ကမ်းခြေနှင့် တောင်ခြေများတွင် စိုက်ပျိုးသည်။ ဒီဇင်ဘာလတွင် စပွင့်၍ မေလနှင့် ဇွန်လတို့တွင် အသီးများမှည့်သည်။ အစေ့ကျွတ်မျိုးက အစေ့ကပ်မျိုးထက် အသားပိုထူ၍ အရသာပိုကောင်းသည်။

ကြက်မောက်သီးသည် ချို၏၊ စဉ်းငယ်ချဉ်၏၊ နှလုံးကို နှစ်သိမ့်စေတတ်၏၊ သွေးသည်းခြေနှင့် သင့်၏၊ လေကို အနည်းငယ် ပျက်စေတတ်၏ဟု မြန်မာ့ဆေးကျမ်းတွင် ပြဆိုသည်။

ကြက်မောက်သီးကို လတ်လတ်သော်၎င်း၊ စည်သွတ်၍သော်၎င်း၊ အခြောက်လှန်း၍သော်၎င်း စားသုံးနိုင်သည်။

မောင်မောင်မြင့်








ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၁) က ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်
စနေနေ့တိုင်း ထုတ်ဝေသည်။
အတွဲ - ၂။ အမှတ် - ၃၂။ ၁-၁-၇၀

ကျော်ကျော်-ပါဝင်သော

# ညစ်ပတ်လေး







တနေ့တွင်
ကြည့်စမ်း-ကျောင်းသွားတုန်းကတော့ အကို့အဝတ်အစားသန့်သန့်ပြန့်ပြန့်နဲ့၊ အခုဘယ်လိုဖြစ်လာတာလဲကျော်ကျော်၊ မင်းကိုတော့ မင်းဆရာနဲ့တိုင်ပေးမှဖြစ်တော့မယ်၊
ဆရာနဲ့တော့မတိုင်ပါနဲ့မမရေ၊ ကျနော်ကျောင်းသွားတုန်းကသန့်သန့်ပြန့်ပြန့်သွားတာပါ၊ အပြန်ဘောလုံးဝင်ကန်လို့ပါ၊
အို-မရဘူး တိုင်မယ်မင်းဆရာကိုတိုင်ပေးမှ မင်းမှတ်မှာ၊
ထိုနေ့ည
ဆရာနဲ့တိုင်ပြေပေးတော့၊ ငါ့ကိုဆရာရိုက်မှာသေချာတယ်၊ မမမောကြီးကိုငါဘယ်လိုမှပြေလို့မရဘူး၊ ဒုက္ခပဲ၊
ခေါ- ခေါ့ ခေါ့
ဘာဂုဒ်ဘာမိန့်တော်မြွက်လိုက်သည်၊ ကျွန်းဗာဝေဂူးကို အထူးအလေးပေးသည့်အနေဖြင့်၊ တိုင်းသူပြည်သားများအား၊ သန့်ရှင်းစွာနေထိုင်ကြရန်အမိန့်ထုတ်လိုက်သည်၊ ညစ်ပတ်စွာနေထိုင်သူအားတွေ့ရှိပါက၊ ကြီးလေးသောအပြစ်ဒဏ်ပေးမည်-ဘာဂုဒ်ဘာမိန့်တော်-
ဟောဒီမှာညစ်ညစ်ပတ်ပတ်နေတဲ့ကောင်လေးကိုတွေ့ပြီ၊ ဖမ်းကြဟေ့၊
အောင်မယ်လေး-ကျနော်မသိလို့ပါ-လွှတ်ပါဗျ-လွှတ်ပါ





အို-ခင်ဗျားလို ညစ်ပတ်တဲ့ဝက်နဲ့ ကျွန်တော် ညီအစ်ကို မတော်ပါဘူး။ သွားစမ်းပါဗျာ။
ဟောင်မယ်-မင်းလဲ တကိုယ်လုံး ညစ်ပတ်နေတာကို မှတ်လား။ ငါနဲ့ ဘာထူးလို့လဲ ညစ်ပတ်တဲ့ ခလေးတိုင်းဟာ ငါ့ညီတွေချည်းပဲ။ လာပါကွာ- ရှုံ့ထိနမ်းကြရအောင်။
လွှတ်ပါဗျ-ကျွန်တော် ခင်ဗျား ညီမဟုတ်ပါဘူး။ အောင်မယ်လေးဗျ-ကယ်ကြပါဦး-ကျွန်တော် ဘယ်တော့မှ မညစ်ပတ်တော့ပါဘူး။
ကျွန်တော် ဘယ်တော့မှ မညစ်ပတ်တော့ပါဘူး။ လွှတ်ပါ- လွှတ်ပါ-ဟင်-ငါ အိပ်မက်မက်နေတာပါလား- ဟူး-ဟူး-
တော်ပြီ-တော်ပြီ-ငါ နောက်ဆိုရင် ဘယ်တော့မှ ညစ်ညစ်ပတ်ပတ် မနေတော့ဘူး။ သန့်သန့်ရှင်းရှင်း နေတော့မယ်။
ထိုအချိန်မှ စ၍ ကျော်ကျော်သည် သန့်သန့်ပြန့်ပြန့် ဝတ်စားနေထိုင်ကာ ဖေဖေမေမေနှင့် တအိမ်သားလုံးမှာ ဝမ်းသာမဆုံး ဖြစ်နေကြသည်။


ကာတွန်း-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် ဆရာစံ
ပန်းချီ— ဦးအေးတင်
ဟေ့- ချစ်တီး ငါ့အိမ်ကို မထိနဲ့
တော်နေပါနဲ့ ပစ်ဟ
ဝုန်း
အာလာကပ္ပ ချစ်တီးသည် သူ့နောက်လိုက်ပုလိပ်များနှင့် အိမ်ကို ဖျက်ယူနေစဉ် လူတယောက် ထွက်လာပြီး—
အမယ်လေး-ကြွေးငါးဆယ်ချေး မိတာနဲ့ ခေါင်းတရာယူလဲ မပြီး- လှည်းနွားသိမ်းလဲ မအေး- ခုတော့ လူပါယူသွား ပါပေ့လားတော့
ဖြစ်ရလေ ဗျာ
သေတာဘဲ အေးပါတယ်
ဘာ- ဘာပြော တယ်
ဒင်းတို့ လုပ်သမျှ ငုံ့ခံနေရမယ့်အစား သေတာက အေးရော မဟုတ်လား ဆရာကြီး
အေး- ငုံ့မခံချင်ယင် နွားခေါင်း အိမ်ကိုသွား- ဂဠုန်အဖွဲ့ အကြောင်း ကိုမေးပြီး- ကြိုက်ယင်ဝင်- ဒါဘဲ
ဆရာစံသည် သဲဖြူရွာသို့ ရောက်လာ၏။
တရွာလုံးလဲ လူတယောက် မှမတွေ့ပါလား
ကိုကောက် ဗျို့- ကိုကောက် အသံလဲမကြားပါ လား- ဝင်ကြည့် အုံးမှ


ဟင်. ကိုကောက် ဘာဖြစ်နေတာလဲဗျာ အို. အားပြတ်ပြီး လဲနေတာပါလား:
ကဲ - ကိုကောက်ဟော့ဒီ စတုမဓုလေး စားလိုက်ပါဦး. ဘယ်လိုဖြစ်တာလဲဗျာ
ဟင်. ဆရာကြီးပါလား အရသာရှိပါဘိဗျာ ခုမှဘဲ အားရှိသွားတော့တယ်
ကျွန်တော်ထမင်းမစားရတာ ခြောက်ရက်ရှိပြီ. ဖြစ်ပုံက ဒီရွာတဝိုက်မှာ သူဌေး ဘုရားဒကာ ဦးဖိုးအောင်ရဲ့ လယ်တွေချည်းဘဲ. အခုဒီ ဒီနှစ် လယ်တွေ ပိုးကျလို့ ပျက်စီးကုန်ကြတာနဲ့ - - - -
မြေဘိုး မပေးနိုင်တော့ လယ်သမားတွေမှာရှိတဲ့ ဆန်ဆီဆားငပိ လှည်းနွား အားလုံးကို ဦးဖိုးအောင်က သိမ်းသွားတယ် ဆရာကြီး:
ဟင် ဒါဖြင့် ဘာစားနေကြသလဲ
တရွာလုံး လူရှိသမျှငတ်ကြတာပေါ့. ရေဘဲသောက်နေရတယ် - ရေကုန်သွားတော့ ထမခံနိုင်ကြဘူး လဲနေကြတော့ ကြွက်ကြီးတွေက ကိုက်တာ ဒီအတိုင်း ငုံ့ခံနေရတယ်. လက်ကမချောက်နိုင်တော့ ပါးခပ်နဲ့ချောက် - လူးလှိမ့်ပေး နဲ့ နေရတယ်ဆရာကြီး:
အို - ဒီလောက်တောင်ဘဲလား ဗျာ
ဘယ်ကမလဲ. ဒီလိုလဲ ရှေ့တွင်း စစ်ပုလိပ်တွေက တအိမ်တယောက်လာပြီး အခွန်ဆောင်ဘို့ ခေါ်လူခုကြတယ်. ဘယ်သူမှ ဘူတို့ အိမ်ကို မသွားနိုင်ကြဘူး:


လူတွေမလာကြတော့ စစ်မှုထမ်းတွေက အိမ်တွေပေါ် တက်ဖျက်တော့တာဘဲ- ကြက်ဝက်ငါး ဆီ ဆားတွေကို ဦးဖိုးအောင်က ယူသွားပြီးဖို့. သာမှမရတော့ အိမ်တွေ ဖျက်- မိန်းမတွေဖော်ကား-နောက်ဆုံးလက်လှမ်းမှီ ရာလူတွေကို သတ်သွားတော့တာပါဘဲ ဆရာကြီးရယ်
တောက်. အသိနာလိုက် တာဗျာ- ကဲ. မသေသေးတဲ့ လူတွေစားဘို့. စားစရာသွား ရှာအုံးမယ်ဗျာ
တခြားရွာမှာ ရသမျှ အလှူခံတောင်းရမ်း ကြွေးရမှာဘဲ
စားစရာ ရှာရန် ထွက်လာစဉ် လမ်း၌-
အလို ဓါးသည် တွေကိုဓါးပြ တိုက်နေ ပါကလား
ကယ်ပါအုံးဆရာကြီး အတော်မခံနိုင်လို့ဈေး ရောင်းတာ- အရင်း ပြုတ်ပါပြီရှင်
ဓါးပြ တိုက်နေသည်နှင့် ပက်ပင်းတိုးနေတော့၏။
ဟေ့-မောင်တို့. အချင်းချင်းဓါးပြတိုက် နေလို့ အလကားဘဲ. သါဖြူရွာမှာလူ တွေငတ်သေတာ လဒ်တရုန်းရုန်း ဖြစ်နေပြီ - အဲဒီဒုက္ခသည်တွေဟာ မင်းတို့ လို လယ်သမား တွေဘဲကွယ် - -
မင်းတို့တကယ်တိုက်ရမှာက- အာဏာရှိပြီး ဦးဖိုးအောင်တို့လို မြေရှင်တွေ နဲ့ နယ်ချဲ့ အင်္ဂလိပ်တွေ ကိုတိုက်ရမှာကွ
အင်း- ဟုတ်ပါရဲ့. ကျွန်တော်တို့ မှားပါ တယ်ဆရာကြီး
ခင်ဗျားတို့ မှာပါတဲ့စားစရာ လေးတွေကို ယူခဲ့ပါဗျာ- သါဖြူရွာ ကလူတွေကို သွားပေးရမယ်

ဆက်ရန်

# မြက်

ရေးသူ
မောင်မောင်မြင့်





သင့်ကို မြက်စားပြီး ကြီးနေသူဟု ပြောလာလျှင် သင်စိတ်ဆိုးမည်လား။



စင်စစ် သင်သာမဟုတ်၊ လူတိုင်းပင် တိရစ္ဆာန်များနည်းတူ အနည်းနည်းဖြင့် မြက်စားပြီး ကြီးပြင်းနေကြရပေသည်။ အဘယ်ကြောင့်ဆိုသော် ဆင်၊ မြင်း၊ ကျွဲ၊ နွားများ စားနေကြသော မြက်မျိုးများသာလျှင် မြက်ဖြစ်သည် မဟုတ်ပေ။ လူတို့ စားနေကြသော ဆန်စပါး၊ ဂျုံစပါး၊ မုယောစပါး၊ ပြောင်းအမျိုးမျိုးနှင့် ကြံစသည်တို့သည်လည်း မြက်အနွယ်ဝင် အပင်များပင် ဖြစ်လေသည်။ ကျူပင်၊ ဝါးပင်၊ စပါးလင်ပင်တို့သည်လည်း မြက်အမျိုးတွင် ပါဝင်သည်။

ကမ္ဘာ့ပေါ်တွင် မြက်အမျိုးပေါင်း ၆၀၀၀ ခန့် ရှိ၍ မြန်မာနိုင်ငံတွင် အမျိုးပေါင်း ၅၀၀ ထက်မနည်း ရှိသည်ဟု သိရသည်။



မြက်မျိုးနွယ်ဝင် သီးနှံပင်များမှ လူတို့စားရန် အစာရသည်။ မြက်စားတိရစ္ဆာန်များ၏ အသားနှင့် နို့ရည်တို့မှ တဆင့်လည်း ခွန်အားဖြစ်စေသော အသားဓာတ်ကို ရရှိပြန် သည်။ မြက်တပေါင်မှရသော







အပူဓာတ်သည် လူတယောက်ကို တနာရီခွဲကြာအောင် လမ်းလျှောက်စေနိုင်သည်။ နာရီဝက်ကြာအောင် လှေခွဲစေနိုင်သည်။ သုံးနာရီ ကြာအောင် ပန်းကန်ဆေးစေနိုင်သည်။



မြက်သည် ကျွန်းမျောများ၊ ကုန်းမြေများဖြစ်အောင် ဖန်တီးပေးသည်။ ရေကာတာကြီးများ၊ တာရိုးကြီးများ ပြိုမကျအောင် ကုပ်တွယ်ပေးထားသည်။

တံမြက်စည်း၊ ဦးထုပ်၊ မြက်ဖျာ၊ စက္ကူ၊ ကြိုး၊ အိမ်မိုးသက်ငယ် စသည်များကိုလည်း မြက်နွယ်ဝင်အပင်များမှပင် ပြုလုပ်ရရှိသည်။ စပါးလင်ပင်မှ ဆီမွှေး၊ ရေမွှေးများ ထုတ်ယူနိုင်သည်။

သိပ္ပံပညာရှင် အက်ဒီဆင် တီထွင်သည့် လျှပ်စစ်မီးလုံး၏ မီးစာသည် မြက်အနွယ်ဝင် ဝါးမျှင်ဖြစ်သည်။

စင်စစ် လမ်းဘေးမှ မြက်တပင်ကား သုံးတတ်လျှင် လူသားတို့အတွက် အဖိုးထိုက်သော ပဒေသာပင် တပင်ပေတည်း။






စိတ်ထားမမှန် ကိုယ်သာခံ
ပန်းချီ
နန်းဝင်း
ရွာတရွာတွင် မောင်ခနှင့် မောင်လှ သူငယ် ချင်း နှစ်ယောက် ရှိလေ၏။
အရွယ်ရောက်ကြသော် မောင်ခမှာ လက်သ မားအလုပ်ဖြင့် ပင်ပန်းစွာ အသက်မွေးနေရ၏။
မောင်လှမှာ ကုန်သည်ပွဲစား အလုပ်ဖြင့် ကြီး ပွား ချမ်းသာ လျက် ရှိရာ—
ငါ့သူငယ်ချင်း မောင်ခ လဲ .... အနေအစား ဆင်းရဲရှာပါတယ် သူ့ကို ဘယ်လို ကူညီရပါ့မလဲ သူ အံ့ဩသွားမဲ့ အကူညီ မျိုးရှာပြီးပေးမှဘဲ
ဆင်းရဲနေသော သူငယ်ချင်းကို ကူညီထောက် ပံ့ရန် အကြံဖြင့် -
သူငယ်ချင်း-ငါ့မိတ်ဆွေတဦးကိုပေး- ချင်လို့-ငါ့အတွက် အိမ် ကြီး ကြီးနဲ့ ကောင်း ကောင်း တလုံးဆောက် ပေးစမ်း ပါကွာ
တနေ့ မောင်ခထံ သွား၍
အိမ်ဆောက်ရန် သစ်ဖိုးငွေနှင့် လက်သမားခ အပြင် အပိုသုံးရန် ငွေများပါ ပေးခဲ့၏။



အင်း..သစ်ဖိုး ငွေထဲက.... တဝက်ကို ဖြောင်ပြီး..ကျန် ငွေနဲ့ ဖြစ်သလို ဆောက်- ပေးလိုက်ယင်ပြီးတာဘဲ ဒီကောင်ယသိပါဘူး ဟား-ဟား-ပွ ချင်တော့
ပွ ချင်တော့ ဟားဟား...
မောင်ခသည် အပေါ်စား သစ်များဖြင့် အိမ်ကြီးကို ဆောက်လိုက်၏။
အဲဒါ ယင်းဆောက်ခိုင်းတဲ့ အိမ်ဘဲ..သူငယ်ချင်း
အိမ်ကြီး ပြီးသောအခါ မောင်လှကို ခေါ်၍ အပ်ရာ ....
အခုယင်းဆောက်တဲ့ အိမ်ကြီးဟာ-ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းကို ပေးဘို့ဆို- တော့-ဒီအိမ်ဟာ-ယင်းအတွက် အိမ်ဘဲ- ဒီလိုလုပ်- .....
သုံးဖြုန်းပစ်မှာစိုးလို့ပါ..ဒီတော့ယင်း.. ငါ့ကိုချစ်ယင် ငါအသက်ရှိနေသရွေ့ ဒီအိမ်ကြီးမှာ နေသွားပါ့မယ်ဆိုတဲ့ ကတိ..ငါ့ကိုပေးစမ်းပါကွာ.....
နေပါ့မယ် ကွာ
ယင်းအတွက် နေပါ့မယ်


မောင်ခသည် အိမ်ကြီးကို ပိုင်ဆိုင် ရရှိသော်လည်း –
သူ လုပ်ခဲ့သော မိုက်ပစ်ကြောင့် တနေ့မှ စိတ်မချမ်းသာခဲ့ရပေ။
မကြာမီ မိုးတွင်း ကျရောက်လာပြီး တညတွင်လေကြီး မိုးကြီး တိုက်ခတ်စဉ် သစ်ဆွေးသစ်ညှပ်များဖြင့် ဆောက်လုပ် ထားသော အိမ်ကြီးမှာ–
လေပြင်းဒဏ် မခံနိုင်၍ ပြိုကျလေရာ ....
အမယ်လေး လုပ်ကြပါအုံး
ငါ့ရဲ့စိတ်ထား မမှန်လို့ အခုလို ဒုက္ခရောက်ရတာဘဲ





ရှေးကစ၍ မြန်မာ့ ကျေးလက်တောရွာများတွင်သောက်ရေခွက်အဖြစ် အုန်းမှုတ်ခွက်ကို လက်ကိုင်အရိုးရှည်တပ်၍ အသုံးပြုခဲ့ကြသည်။ ယင်းကို "ရေမှုတ်" ဟု ခေါ်သည်။ ယင်းကို အကြောင်းပြု၍ ဤကစားနည်းကို စိတ်ကူးပေါ်က တီထွင်ခဲ့ကြဟန်တူပေသည်။


မြေကြီးပေါ်တွင် စည်းဝိုင်းကြီးတခုဆွဲပြီး စည်းဝိုင်း တဖက်တွင် မျဉ်းဖြောင့် နှစ်ကြောင်းဖြင့် ဆက်လိုက်သောအခါ အရိုးတပ်ထားသော ရေမှုတ်ကြီးပုံသဏ္ဌာန်နှင့် တူလာပေသည်။ ဤကစားနည်းမှာ လိုက်တန်းပြေးတန်းကစားနည်း တမျိုးပင်ဖြစ်သည်။

လိုက်သူသည် ရေမှုတ်အပြင်ဖက် ထွက်နေသော ရေမှုတ်ရိုးအစွန်း၌နေရသည်။ စည်းဝိုင်းအတွင်း၌ ပြေးသူတို့နေရသည်။ ပြေးသူတို့က "စိန်" ဟု ခေါ်လျှင် လိုက်သူသည် ရေမှုတ်ရိုးမျဉ်းအတိုင်း ဝင်လိုက် ရသည်။ ပြေးသူများက စည်းဝိုင်းအတွင်းအပြင် ဝင်ထွက် ပြေးလွှား နိုင်ကြသည်။ စည်းဝိုင်း အပြင်သို့ လိုက်လိုလျှင် လိုက်သူသည် ရေမှုတ်ရိုးမျဉ်းအတိုင်း ပြန်ထွက်၍ လိုက်ရပြန်သည်။ တနည်းဆိုသော် လိုက်သူသည် ရေမှုတ်စည်းဝိုင်းကို ဖြတ် ကျော်ခြင်း မပြုရ။ ရေမှုတ်ရိုး မျဉ်းအတိုင်းသာ ဝင်ထွက်နိုင်ခွင့်ရှိသည်။ ထို့ကြောင့် ရေမှုတ်ရိုးမျဉ်းကို ရှည်လျားစွာ မရေးဆွဲသင့်ပေ။ ခပ်တိုတို အရှည်တလံခန့် ရေးဆွဲပါမှ လိုက်သူ သက်သာ ပေမည်။ ဤကစားနည်း၌ မိသောသူက ပြန်၍လိုက်ရပေသည်။

## မြွေရုပ်ခွေလေး လှုပ်တုတ်တုတ်



ဤပုံကို စက္ကူ အထူတွင် ကပ်ပြီး အခွေလိုက် ဖြတ်ယူပါ။ မြွေရုပ်ခွေ၏ အတွင်းဖက် မြားပြ ထားသည့်နေရာမှစ၍ မြွေခေါင်းသာဖက် ပါး အထိ ကတ်ကြေးဖြင့် ဝိုက်၍ညှပ်ပါ။ ငယ်ထိပ်အလယ်တည့်တည့်၌ အပေါက်ဖေါက်ပြီး တိုင်ထိပ် တွင်တင်၍ တွယ်အပ်ဖြင့် စိုက်ပါ။ တိုင်အတွက် ဝါး တုတ်တံ တရို သုံး၍ဖေါ့တွင် စိုက်ပါ။ မြွေရုပ်ကို လေ မှုတ်ပေးလျှင် တလည်လည်လှုပ်ရှား နေပါလိမ့်မည်။



# မောင်မျိုး

ဥက္ကလာ ဖွန်းငွေသန်း



"ကျွန်တော့်ကို ပိုက်ဆံ တကျပ်လောက် ပေးပါအမေ"

"ငွေ တကျပ်တောင် ဘာလုပ်ဖို့လဲသားရဲ့"

ရုပ်ရှင်ကြည့်မလို့ပါအမေ"

"ရုပ်ရှင် ကြည့်တာဘဲသားရယ်.... တကျပ်တောင်ဆိုတော့ မများလွန်းဘူးလား။ အမေတို့က အကြော်တွေကုန်မှ တကျပ်စ နှစ်ကျပ်စမြတ်တာ။ နောက်ပြီး သားကလဲ အပတ်တိုင်း ရုပ်ရှင်ချည်းဘဲကြည့်တော့ စာမှာလဲ ထိခိုက် နိုင်တယ်။ အခုလို ကျောင်းပိတ်ရက်တွေမှာ အမေ့ကို ကူညီပါလားသားရယ်...."

"အမေကလဲဗျာ - ဒီတခါထဲ ကျွန်တော်ကြည့်မှာပါ။ နောက်ကိုမကြည့်တော့ပါဘူး"

အမေသည် မောင်မျိုးအား သူ၏ချွေးခံအင်္ကျီအိတ်ထဲမှ ငွေ တကျပ် ထုတ်ပေး လိုက်သည်။ မောင်မျိုးသည် ပိုက်ဆံ ရရချင်း အကြော် ဆိုင်ထဲမှ ပြေးထွက်သွားလေတော့၏။

အမေသည် မောင်မျိုး၏ နောက်ကျောကို ကြည့်ရင်း ရင်လေးစွာသက်ပြင်း ချလိုက်လေသည်။ မောင်မျိုး၏အဖေသည် မောင်မျိုး ငယ်စဉ် ကတည်းက သစ်စက်၌သစ်တုံးပိ၍ ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့် အမေသည် သားအမိ နှစ်ယောက်၏ ဝမ်းရေး အတွက် အကြော်ကြော်ရောင်းပြီး မောင်မျိုးအား ကျောင်းထားပေးသည်။ အမေသည် ဖတဆိုးလေး ဖြစ်သော မောင်မျိုး အား လွန်စွာအလိုလိုက်ထားသဖြင့် ယခု ကဲ့သို့ စည်းမဲ့ ကမ်းမဲ့ဖြစ်၍ နေ၏။

မောင်မျိုး ရုပ် ရှင် ရုံ သို့ ရောက်သောအခါ အချိန်စောသေးသဖြင့် လက်မှတ်မရောင်းသေးပါ။ ထို့ကြောင့် သူသည် ရုပ်ရှင်ရုံဘေး၌ မြေပဲဆားလှော် ရောင်းနေသော သက်တူရွယ်တူ ကောင်လေး တယောက် ထံမှ မြေပဲဆားလှော်တထုပ် ဝယ်လိုက် လေသည်။ မြေပဲများကို စားရင်းနှင့် မြေပဲ ဆားလှော်သယ်လေးအား -

"မင်း နာမယ် ဘယ်လိုခေါ်လဲကွ"

"ငါ့နာမယ်က သံချောင်းလို့ခေါ်တယ်။ မင်းနာမယ်ကကော"

"ငါ့နာမယ်က မောင်မျိုးလို့ ခေါ်တယ်ကွ"

မောင်မျိုး နှင့် မြေပဲဆားလှော်သယ်ကလေးတို့သည် အပြန်အလှန် နာမည်များ မေးမြန်းကြရာမှ မိတ်ဆွေ ဖြစ်သွားကြလေသည်။ မောင်မျိုးက—

"မင်း ကျောင်းနေသလားကွ"

"နေတာပေါ့ကွ၊ မင်းကကော"

"ငါလဲ နေတယ်ကွ၊ အခု ငါ လေးတန်းရောက်ပြီ"

မောင်မျိုး သည် လက်မထောင်၍ ဝင့်ကြွားစွာ ပြောလိုက်သည်။

သို့သော် မြေပဲ ဆားလှော်သယ်ကလေးက "ငါလဲ လေးတန်းဘဲကွ" ဟု ပြောလိုက်သံကြောင့် မိမိကြွားဝါစွာ ပြောလိုက်မိခြင်းကို ရှက်သွား၏။

"မင်းဒီလို မြေပဲဆားလှော် ရောင်းတာ အိမ်က မင်းမိဘတွေက ဘာအလုပ်မှ မလုပ်လို့လား ကွ"

"လုပ်တာပေါ့။ ငါ့အဖေက ဆိပ်ကမ်းက ကာယလုပ်သား ကြီးဘဲ။ အလုပ်ကို ကျေကျေပွန်ပွန်ဆောင်ရွက်ခဲ့လို့ အခုစံပြ လုပ်သားဖြစ်နေပြီကွ။ အမေကတော့ ဟင်းသီး ဟင်းရွက် ရောင်းတယ်။ ငါကလဲ ကျောင်း အားရက်ဆိုယင် ဒီရုပ်ရှင်ရုံမှာ မြေပဲဆားလှော် ရောင်းပြီး တဖက်တလမ်းက ဝင်ငွေရှာရင်းနဲ့ မိဘတွေကို ကူညီတာပေါ့ကွာ"

"မင်း ဒီလို မြေပဲဆားလှော် ရောင်းနေတာ မရှက်ဘူးလား ကွ"

"ဘာဖြစ်လို့ရှက်ရမှာလဲ။ငါ သူများပစ္စည်းခိုးတာမှ မဟုတ်တာ။ ဒို့ကျောင်းက ဆရာက ပြောတယ်။ ရိုးရိုးသားသားနဲ့ လုပ်ကိုင်စားတာ ရှက်စရာ မဟုတ်ဘူးတဲ့။ လုပ်အားတန်ဖိုး ချစ်မြတ်နိုး သူတယောက်အနေနဲ့ ဂုဏ်ယူစရာကောင်းတယ်တဲ့။ နောက်ပြီး သူများပစ္စည်း ခိုးတဲ့သူတို့၊ မိဘပစ္စည်းကို သုံးဖြုန်းပြီး ဘာအလုပ်မှ မလုပ်ချင်တဲ့ ဆန်ကုန်မြေလေးတွေမှ လူကဲ့ရဲ့စရာဖြစ်လို့ ရှက်စရာ ကောင်းတယ်တဲ့။ ဟောဟိုမှာ ရုပ်ရှင်လွှတ်လိုက်ပြီ၊ ငါ ဈေး သွား ရောင်းလိုက်အုံးမယ်ကွာ"

မြေပဲ ဆား လှော် သယ် ကလေး မောင်သံချောင်း သည် မောင်မျိုး၏ အနားမှ ဈေး ရောင်းရန် အပြေးလေး ထွက်သွား၏။

"မိဘ ပစ္စည်းကို ဖြုန်းပြီး ဘာအလုပ်မှ မလုပ်ချင်တဲ့ ဆန်ကုန်မြေလေးတွေမှ လူကဲ့ရဲ့စရာဖြစ်လို့ ရှက်စရာ ကောင်းတယ်တဲ့"

မြေပဲ ဆားလှော် သယ်ကလေး၏ စကားသည် မောင်မျိုးနားထဲ၌ ပြန်လည်ကြားယောင်နေမိသည်။

"ငါဟာ ကျောင်းသွား၊ အိမ်ပြန်ယင် စာကြည့် စတဲ့ ကျောင်းသား အလုပ်တွေကလွဲလို့ အိမ်အလုပ်နဲ့အမေ့အလုပ်ကို ဘာမှ ကူညီမလုပ်ပေးခဲ့ဘူး။ သံချောင်းပြောသလို မိဘပစ္စည်း သုံးဖြုန်းပြီး ဘာအလုပ်မှ မလုပ်ချင်တဲ့ ဆန်ကုန်မြေလေး တယောက် ဖြစ်နေပြီ။ ငါရုပ်ရှင် မကြည့်တော့ဘူး။ ဒီ ပိုက်ဆံကို အမေ့ ပြန်ပေးလိုက်တော့မယ်။ နောက်ပြီး ငါအမေ့ကိုလဲ ကူညီ လုပ်ကိုင်ပေးမယ်"

မောင်မျိုးသည် ရုပ်ရှင်ရုံမှ ချာခနဲ လှည့်ထွက်လိုက်ပြီး အိမ်ဖက်ဆီသို့ ဦးတည်ကာ ခြေလှမ်းလိုက်လေသည်။ သံချောင်း၏ စကားများက သူ့စိတ်ဓာတ်ကို ပြုပြင်ပေးလိုက်သဖြင့် အမြင်မှန် ရလာသောကြောင့် သူ၏ခြေလှမ်းများသည် အလာတုန်းက ထက်ပင် ပို၍ သွက်သေးသည်ဟု ထင်မိပါသည်။

## ဘုံလယ်မြေ

မယ်တို့ယခမြေ၊ ရိုးအနောက်က
ဆယ့်ခြောက်ကော ဘုံလယ်မြေ။

တိုင်းပြည်နိုင်ငံ၊
သာစေကြောင်းနဲ့
ဝုကာပေါင်းလို့ ထွန်ယက်ပေ။

ပင်ထွားသန်အောင်၊
မြေဇာဓာတ်နဲ့
စမ်းသပ်စိုက်တဲ့ တို့အခြေ။

ရောင်းတောတွေ၊
မြေမလပ်အောင်
သီးထပ်သီးညှပ် စိုက်ပျိုးမလေ။

ပဲဆေးနှမ်းဝါ၊ ဂျုံစပါးနဲ့
ပဲကြား ပဲလွန်း ပြည့်ဖြိုးဝေ။


တို့တိုင်းနိုင်ငံ၊ စိုက်ပျိုးမှုနဲ့
တို့ပေါင်းစုလို့ ချီတက်နေ။

တို့မြေ တို့မြေ။ ။

ဗန်းမော်—ညိုလေး




R. 517



# သီဟိုဠ်သီး

အသီးအပြင်ဖက်တွင် အစေ့ထွက်၍ သီးတတ်သော အသီး တမျိုးမှာ သီဟိုဠ်သရက်သီးခေါ် သီဟိုဠ်သီး ဖြစ်သည်။

သီဟိုဠ်သီးသည် များစွာအသုံးဝင်သည်။ အသီးမှည့်ကို သုပ်ချည်းစားနိုင်သည်။ သုပ်၍ စားနိုင်သည်။ ငပိနှင့် တို့နိုင်သည်။ ဟင်းထဲတွင် ထည့်ခတ်နိုင်သည်။ သီဟိုဠ်သီးမှ အရက်၊ အရက်ပြန်၊ ပုံးရည်၊ ရှာရကာရည်၊ ဆံပင်ဆိုးဆေးနှင့် ဆီးဆေးများလည်း ချက်နိုင်သည်။ အစေ့ဆံ ကို ယို၊ ဘီစကွတ်၊ တော်ဖီ၊ သကြားလုံးများပြုလုပ်နိုင်သည်။ အစေ့ခွံမှ ရသောအဆီကို စားသုံးဆီနှင့် ရောစပ်သုံးနိုင်သည်။ ဆပ်ပြာ ချက်နိုင်သည်။ အရောင်တင် ဆေး၊ ပိုးသတ်ဆေးများ ပြုလုပ်နိုင်သည်။ အစေးကို အရောင်တင်ဆီနှင့် စာအုပ်ချုပ်ကော်အဖြစ် သုံးနိုင်သည်။




သီဟိုဠ်သားသည် လှေနှင့် သေတ္တာများ ပြုလုပ်ရန်၊ မီးသွေးဖုတ်ရန် အသုံးဝင်သည်။ အခေါက်ကို ဖန်ရည်ဆေးနိုင်သည်။ မင်လုပ်နိုင်သည်။ အရွက်ကို ငပိနှင့်တို့နိုင်ပြီး၊ ပြာချ၍ သွားတိုက်သော် သွားပိုးကျသည်ဟု ဆိုသည်။



မြန်မာဆေးကျမ်းတွင် သီဟိုဠ်သီးမှည့်သည် ချို၏၊ ဖန်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ ဝမ်းရောင်ခြင်း၊ လေနာခြင်းတို့ကို ဖြစ်စေတတ်၏၊ သလိပ် သည်းခြေကို နိုင်၏ ဟု ဖော်ပြထားသည်။

သီဟိုဠ်ပင်သည် ပင်လယ်ကမ်းရိုးတန်းတလျှောက်နှင့် မိုးများ၍ ပူအိုက်သော ဒေသများတွင် အလေ့ကျပေါက်သည်။ ရေး၊ မြိတ်၊ ထားဝယ်၊ ကျိုက္ကမီ၊ မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရွှေကျင်၊ တွံတေး၊ သံလျင်၊ ကျောက်တန်း စသည့်ဒေသများတွင် များစွာ စိုက်ပျိုးဖြစ်ထွန်းသည်။



**မောင်မောင်မြင့်**

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၃ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား


စနေနေ့တိုင်း ထုတ်ဝေသည်။

ရှေ့သွား ဂျာနယ်

အတွဲ-၂၊ အမှတ်-၃၃၊ ၁၅-၈-၇၀

# ရေသာခိုသော်

ပန်းချီ - ဦးဘကြည်
စာလယ်း - မောင်မြေသား




ကဲ - လွတ်ရာ - ကျွတ်ရာ သွားကြပေတော့ - အမေ့ ကိုယ်လုံးကကြီးတော့ - ဒီခြံပေါက်က မထွက်နိုင်ဘူး ကွယ် ....
ဝက်ကလေးများ တော်တော်လေး ကြီးတဲ့ အရွယ်ရောက်လာတော့ မပုတိုဟာ သားသမီး သုံးကောင်လုံးကို ဝက်ခြံထဲက လွှတ်ပေးလိုက် သတဲ့။
နောက် ၂-လ ခန့်ကြာသော်
ကဲ - မိုးကျခါနီး ဖြစ်- မလှမ်းမကမ်းမှာ တကောင်ကို-အိမ်တဆောင် စီ ဆောက်နေကြရအောင်
ရပါတယ် - ဒီနေ့ဘဲ ဆောက်မယ်
တောထဲရောက်သွားလို့ နေသားတကျ ဖြစ်တဲ့ အခါ ကိုကြီးညိုက အကြံပေးသတဲ့။
အငယ်ဆုံးငဝါကား လယ်ကွင်းထဲမှကောက် ရိုးများ သွားယူကာ တတ်သမျှပညာနဲ့
ငါ့အိမ်က - ဘယ် ဆိုးလို့လဲ - ဟဲ
တဲအိမ်တလုံးဆောက်လိုက်ပြီးကျေနပ်နေသတဲ့။
ညီမ မိဖြူကတော့ သစ်ကိုင်းတွေစုပြီး
စိတ်ရှည် လက်ရှည် စိတ်ကူး ယဉ်ယဉ် နဲ့ ဆောက်ကာ ....


အင်း - ငါ့ အိမ်ကတော့ အပျံစားတဲ့ ... ဟဲ - ဟဲ ကိုညို လာတွေ့ယင်တော့...
သူ့လက်ရာကိုသူ အတော်ပီတိဖြစ်နေသတဲ့။
ကဲ - ယောက်ျား ဘ, သား
ကိုကြီးညိုက ကျောက်တုံးကြီးတွေ သယ်တုန်းမှာ—
ဟောတော့ —
ကိုညို - ကျောက်တုံးကြီးတွေ တွန်း နေပါလား
အကိုညို - ရိုင်းတွန်းပေး မယ်လေ - ဘာလုပ် မလို့လဲ
အိမ်ဆောက်မို့ - - -
ဖူး
ရိုင်းတွန်း မှ မလိုပါဘူး —
ကိုယ့်ထူ ကိုယ်ထ စနစ် ဘဲ ကောင်းတယ် —
ဒေါ် ခလေ
နောက်ဆုံးမှ အိမ်ပြီးသွားပြီး မော လွန်း လို့
ခြေပစ်လက်ပစ် အိပ်ပျော်သွားသတဲ့။
အမေ အိမ်က ပျံ ---- နေတာဘဲ
အမယ် ...... ငါ့လာ ချောက် မနေနဲ့ --- နင့် အိမ်က, မှ ပညာ သားပါတာ
ကိုညို့ အိမ်ကတော့ တုံး ပါတယ်နော်...
ရွှတ် - ကြားသွားလို့ ဒေါပွနေအုံးမယ်


နောက် ရက်များမကြာမီ တောထဲမှာ လေကြီး၊ မိုးကြီး ပြင်းထန်စွာ ကျလာသတဲ့။
လေပြင်းပင့်လိုက်တာ ဝေါရော တဲပါ လွင့်ပြီး ပါသွားသတဲ့။
ဝှီး
ဝှီး
ဝှီး
မိဖြူရဲ့အိမ်ကလေးလဲ လေအဟုန်၊ မိုးအဟုန်ကြောင့် တခါတဲ ပြိုကျသွားသတဲ့။
မောင်နှမ နှစ်ကောင်သား ကြောက်အား လန့်အားနဲ့ မိုးရွာထဲ အကိုကြီးထံ ပြေးကြသတဲ့။
ကိုကြီး ညှိုထံရောက်လို့ သူတို့ရဲ့အဖြစ်အပျက်ကို ငိုယိုပြီး ပြောပြတော့....
အေး ......မှတ်ထား။ အလုပ်တခုကို ပေါ့သာ ရှိပြီး လုပ်ယင် - ဘယ်တော့မှ ကောင်းကောင်း မရဘူး။ မေမေက - ငါတို့ကို ခဏခဏ ပြောဘူးတယ် - ဝက်တို့ရဲ့ အင်အားကိုမှ မသုံးဘဲ - အိမ်ဆောက်တာ တောင် - လှယင်ပြီးရော - ပြီးယင်ပြီးရော ဆိုပြီး - - - ပေါ့သာရှိကြတော့ - ခုလို ဒုက္ခရောက်ကြရ!


ယခင်အပတ်မှအဆက်
ဂဠုန်
ပန်းချီ —— ဦးအေးတင်
ဂဠုန်တပ်ကို စတင်ဖွဲ့လေပြီ
က. တပ်သား ၂၁၆ ' တဲ့ မှတ်ထား
အဖွဲ့ဝင်တို့၏ လက်မောင်းသွေးသည် ရေဖလားထဲသို့ တပေါက်ပေါက် ကျနေ၏။
ထိုအတွင်း ဂဠုန် တပ်သားများကို လက်မောင်း၌ ဆေးထိုး၍ အမှတ်အသား ပြုလုပ်ပေး၏။
တနေ့ကျ
ငါတို့ဘုရားကို စော်ကားတဲ့ မိစ္ဆာတွေကို ခေါ်ရတော့ မယ်ကွ
ဟေ့. ဟို မှာ ဆရာကြီး ခေါ်နေပြီ သွားကြစို့
တပ်သားတို့မှာ တက်ကြွလျက်ရှိ၏။
နေရာကား ဂဠုန်တပ်သားများ စုဆောင်းနေသည့် အင်းစိန်ခရိုင်၊ ရွှေနားကွင်းရွာ ဖြစ်၏။
ကဲ လိုက်ဆိုကြ - ဘုရား တပည့်တော်တို့ သည် အမျိုး ဘာသာ သာသနာ နှင့် ဂဠုန်အဖွဲ့ကြီး၏ သစ္စာကို စောင့်သို ရိုသေပါမည်. မိမိတို့၏ အသက်အိုးအိမ်တို့ကို ဂဠုန်အဖွဲ့ ကြီးအား လှူဒါန်းပေးအပ်ပါသည် × × အသက်ကို ပဓာန မထားဘဲ တိုင်းပြည်အတွက် မသေမချင်း ဆောင်ရွက်မည်ဟု အဓိဋ္ဌာန် ပြုပါ၏ × × ×


ဒါမှ သွေးသောက်ကွ
ဒို့ဗမာကွ
ဂဠုန်ကွ
ဂဠုန်တပ်သားတို့သည် ငွေဖလားထဲမှ သွေးကို သောက်ကြလေသည်။
သွေးသောက်တဲ့ ဒီနေ့ဟာ ၁၂၉၂ ခု နတ်တော်လဆုတ် ၈ ရက်ဖြစ်တယ်
ရွှေနားကွင်းရွာ ဦးထူးအိမ်တွင် ကျင်းပသည့် ဂဠုန်အဖွဲ့ဗိုလ်များ၏ အစည်းအဝေးတွင်—
တို့ဗမာလယ်သမားတို့ရဲ့ ဒုက္ခများမှ လွတ်မြောက်ရေး အတွက် အင်္ဂလိပ်နယ်ချဲ့ကို ပုန်ကန်တိုက်ခိုက်ရန် - - ဆုံးဖြတ်လိုက်တယ်
မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်တွေကိုတိုက်ခိုက်ဖို့ အတွက်- ဒီနေ့မှ ၁၁ ရက်မြောက်ဖြစ်တဲ့ - ၁၂၉၂ ခု ပြာသိုလဆန်း ၅ ရက် အင်္ဂါနေ့ နံနက် ၄ ချက်တီးတိတိကို သတ်မှတ်လိုက်တယ်
ဟေး. ဒါမှ ဗမာကွ - ဂဠုန်ကွ - အင်္ဂလိပ်သွေးနဲ့ ခြေဆေးမယ်ဟေ့
ဟောဟိုသုံးဆယ်ချောင်းဖျားနဲ့ဆက်နေတဲ့ အလံတိုင်တောင်ကို ဌာနချုပ်လုပ်ထားမှာဘဲ. ကဲ ဗိုလ်တွေ အားလုံးကို ခေါ်စမ်းပါအုံး


ဟင် ဦးအုံးဖေ ဘာကိစ္စ
ဘူတာရုံမှာ ဆရာကြီး နာမည်ကိုမေးနေတာနဲ့ ခေါ်လာပါတယ် - ဆရာကြီးရဲ့ ဆရာလို့လဲ အမိန့်ရှိပါတယ်
အလို - ဦးရင်း ပါလား - ဆရာတော်ရော - ကျန်းမာပါရဲ့လား
အေးဟ - ကျန်းမာကြပါတယ် - ငါလဲ မင်းကို သတိရတာနဲ့ တွေ့ရအောင်လိုက်လာတာ ဘဲ
ထိုစဉ်
သွေးသောက်တို့ အရေးတော်ပုံအတွက် အလံတိုင်တောင်ကို - ဌာနချုပ်လုပ်မလို့ သဘောတူကြရဲ့လား
သဘောတူပါတယ် ဆရာကြီး ကောင်းပါတယ်
ရေတိုက်ရွာသား ဗိုလ်ဖိုးထစ်တို့လူစု ရောက်လာရာ—
ဟ - မောင်စံရဲ့ မင်းတို့ ဘာများလုပ်နေကြတာတုံး ငါ မင်းဆရာပါကွ - ပြောစမ်းပါဦး
သူပုန် ထမလို့ ဘုရား
အေး - မင်းရဲ့ ဥပဓိ ရုပ်ကလဲ ရာဇ ရုပ် - ဇာတာကလဲ သူမတူ အောင်ထက်မြက်တဲ့ဇာတာ - တကဲ့ အာဇာနည် ယောကျ်ားမြတ် ကဲ - ကဲ မင်းကို ဘိသိက် တင် ပေးရဦးမယ်
ဆရာစံမှာ မပြော မဖြစ်သည်နှင့် ဖွင့်ပြောရတော့သည်။
တပည့်တော် ဒါတွေကို လေ့လာ လိုက်စားဘူးပါတယ်- ဒါတွေကို ဒီကိစ္စမှာ အသုံးမပြုလိုပါဘူး

ဆက်ရန်

# ခြင်းလုံး

ရေး/ မင်း-ဦးဘသိန်း



မြန်မာနိုင်ငံ၌ ပေါက်ရောက်သော ကြိမ်ပင် အမျိုးမျိုး အနက် နဂထာကြိမ်နှင့် ယမထာ ကြိမ်များသည် ခြင်းလုံး ရက်လုပ်ရန်အတွက် အကောင်းဆုံးဖြစ်သည်။

ရွေးပြီးစွာ ကြိမ်ပင်များမှ ဖြတ်ယူလာသော ကြိမ်အလုံးကို ဓားဖြင့် ခွဲစိတ်ရသည်။ ကြိမ်ပင် အကြီးအသေးကို လိုက်၍ နှစ်စိတ်မှ ခြောက်စိတ်အထိ ခွဲစိတ်နိုင်သည်။ ထိုနောက် ခွဲစိတ်ပြီး ကြိမ်ခြမ်းများကိုသစ်တုံးပေါ်တွင် ယှဉ်၍ ထောင်စိုက်ထားသော ဓားနှစ်ချောင်း၏ အကြားသို့ သွင်း၍ နန်းဆွဲရသည်။ ဓားအစား ဆောက်နှစ်ချောင်းကို တေးတိုက်ထောင်၍လည်း နန်းဆွဲလေ့ရှိသည်။





ခြင်းတလုံးအတွက် နန်းဆွဲပြီး ကြိမ်ပင်ခြောက်ပင်ဖြင့် ရက်လုပ်ရသည်။ ကြိမ်အပတ်ရေ ငါးပတ်မှ အများဆုံး ဆယ်ပတ်အထိ ရက်လုပ်ကြသည်။ အများအားဖြင့် ရက်လုပ်ရိုးထုံးစံမှာ ရှစ်ပတ်ဖြစ်သည်။ ကြိမ်အပတ်ရေကိုလိုက်၍ ငါးပတ်ခြင်း၊ ရှစ်ပတ်ခြင်း၊ ဆယ်ပတ်ခြင်းဟုခေါ်သည်။

ကြိမ်ခြောက်ပင်ဖြင့် ရက်လုပ်ရသည့်အတွက် ခြင်းလုံးအတွင်း၌ အစသိမ်းထားသော ကြိမ်ပင်ကလေး ၁၂ စ တွေ့ရပေမည်။

ခြင်းလုံး၏လုံးပတ်မှာ ၁၇½လက်မမှ ၁၈ လက်မအထိရှိသည်။ ခြင်းတလုံး၏ အလေးချိန်မှာ ခြောက်ကျပ် ခွဲသားမှ ရှစ်ကျပ်သားအထိ ရှိသည်။ ထိုထက် လေးသော ခြင်းများကို ခြေနာ၍ မခတ်ကြပေ။ ပေါ့လွန်းသော ခြင်းလုံးသည်လည်းခြေတွင် အဆမရှိသဖြင့် ခတ်ကစား၍ မကောင်းပေ။







ငါးပတ်ခြင်းရက်လျှင် ကြိမ်ပင်၏ အရှည် ငါးတောင် ရှိရသည်။ ရှစ်ပတ်ခြင်း လုပ်ရန်အတွက် ကြိမ်ပင်အရှည် ရှစ်တောင် ရှိရသည်။ ဤနည်းဖြင့် ကြိမ် တပတ်တိုးတိုင်း ကြိမ်ပင် အရှည်တတောင်တိုး၍ ထားရသည်။ ကြိမ်အပတ်ရေနည်းလျှင် ပြက်ကြီးကြီးထား၍ နန်းဆွဲရသည်။ ကြိမ်အပတ်ရေများလျှင် ပြက်သေးသေးထား၍ နန်းဆွဲရသည်။




ခြင်းတလုံးတွင် အပေါက် ၁၂ ပေါက် ပါရှိ၍ တပေါက်လျှင် ထောင့် ငါး ထောင့် ပါရှိသည်။ ကြိမ်ခြောက်ပင်ကို တပင်နှင့်တပင်ယှက်ပြီး ခွေပတ်၍ ရက်လုပ်ထားသောကြောင့် ကြိမ်တခွေပေါ် တခွေ ထပ်နေသည့် အထပ်ပေါင်း ၃၀ ပါရှိသည်။ ကြိမ်ခွေများ တခုပေါ်တခု သုံးပွင့်ဆိုင်ထပ်နေသည့်နေရာပေါင်း ၂၀ ပါရှိသည်။



ခြင်းလုံးကို ရှုလုံးနှင့်တွဲဖက်၍ အတင် အညွှန်ဖြင့် တယောက်တည်း အလှအပ ကစားသူတို့က ခြင်းလုံးကို အစိမ်းအတိုင်း မာမာ တင်းတင်း ကစားလေ့ရှိကြသည်။ ဝိုင်းဖွဲ့၍ ခြင်းယိုင်၊ ခြင်းအရှင်စက်ကစားသူများကမူ ကြိမ်တခွေနှင့်တခွေ ထပ်နေသည့်အကြားများတွင် ဝါးခြမ်းစေ့ပါးပါးကလေးများကို ထပ်ထိုး၍ ရေနွေးအိုးဆူဆူထဲ၌ ကြိမ်ပင်များ နူးနပ်လာသည်အထိ ခြင်းလုံးကို ထည့်ပြုတ်ကြသည်။ ထို့နောက် နေရောင်တွင်အခြောက်လှန်း၍ ထပ်ချောင်း ကလေးများကို ပြန်ဖြုတ်လိုက်သော အခါ ခြင်းလုံးသည် တင်းမာ မနေတော့ဘဲ ကြွကြွ ရွရွ ကလေး ဖြစ်လာသည်။ ထိုအခါ ခြင်းလုံးအသံလည်းရသည်။ ခြေနာလည်း သက်သာသည်။ ခြင်းအစိမ်းလောက် လွှင့်စဉ် ထွက်ပြေးခြင်းလည်းမရှိသဖြင့် ဝိုင်းဖွဲ့၍ခြင်းယိုင်စက်ကစားသူများက နှစ်သက်ကြလေသည်။







ပါဝင်သော
အလှအပ
အရှက်ရ
မမဈေးသွားတုန်း
မမဘိနပ်ကို
ကျောင်းစီးသွားအုံးမယ်
ကျောင်းရောက်သော်
ဟယ်! ဖြူမွှာဘိနပ်
ကသိပ်ဆန်း
တာဘဲ
ဒါမှငါပို
လှနေမှာ
အို! ခွဲလုံးတက်နင်း
မိပြီ-အား
ဟား
ဟား
ကိုယ်နဲ့မလိုက်ဘဲလှချင်
ယင်နောက်ဆုံးအရှက်
ရတာဘဲ


တာဝန်သိတတ်သူ
ဇါတ်လမ်း
မြသိန်းအောင်
ကျောင်းအားရက် တနေ့တွင် အောင်ချို သည် ဗန္ဓုလပန်းခြံသို့လမ်းလျှောက်ထွက် လာ၏။
မြေပဲလှော် ကြွပ်ကြွပ် လေး
မြေပဲလှော်သယ် လာပါဦး
အောင်ချို ဟိုဟိုသည်သည် လျှောက်ကြည့်နေစဉ် သူ့ အနားသို့ မြေပဲလှော်သည်ကလေးတဦး ရောက်လာ သည်။
မြေပဲလှော် တထုပ်ပေးပါ
တထုပ် ဆယ်ပြားပါ
အောင်ချိုသည်မြေပဲလှော် တထုပ် ခေါ် ဝယ်ပြီး
ခုံပေါ် တွင်ထိုင်ရင်း ဖိမ်ဖြင့်စားနေစဉ်—
သူစားပြီး ချထားသော မြေပဲခွံများကို မနှစ်မြို့စွာကြည့်သွားကြ၏။
ဒို့ဘဲကောက်ထဲ့ လိုက်မယ်ကွ
ထိုအခိုက် လူငယ်သုံးယောက် ရောက်လာပြီး မြေပဲ ခွံများကို ကောက်၍ အမှိုက်ပုံးတွင် ထည့်ကြ၏။
အောင်ချိုမှာ အလိုလိုရှက်လာကာ ကျန်မြေ ပဲခွံများကို လိုက်ကောက်နေတော့သည်။



ကျောက်တွန်း
အဓါ
မျိုးဝင်း ဟိုကောင်တွေနဲ့ ဘယ် သွားမလို့လဲ မသိဘူး?...
သူ့အိမ်သွားဖို့ ကျောက်တွန်း
ဦး..မျိုးဝင်းကိုဝေ ကူးဘို့..သူ့သူငယ်ချင်း တွေလာခေါ်သွားတယ်.. အခုတင်ဘဲ..
ဘယ်ကဟုတ်ရမှာလဲ-သူ့အဒေါ် အိမ်သွားဘို့ အကိုဝမ်းကွဲတွေလာ ခေါ်သွားတာကွ..
မင်း လာဖို့ ကျောက်တွန်း တာမှတ်လား!




ပဆစ် ပစ်ခြင်းကို ကြွေပစ် ကစားနည်းဟုလည်း ခေါ်၏။

တဖက်လျှင် တယောက်မှ သုံးယောက်ထိ ကစား နိုင်၏။

ပဆစ်အိမ်သည် ကြက်ခြေခတ်သဏ္ဍာန် ရှိ၍ ရောင်စုံ အကွက်ဖော်ထားသည်။

ပိုရှစ်လုံးစီဖြင့် ကစားကြရသည်။ ပိုမှာ သစ်သားတုံးကလေးများ ဖြစ်၍ တဖက်နှင့် တဖက်အရောင်ကွဲစေရန်အစိမ်း၊ အနီ ခြယ်ထားလေ့ရှိ၏။


ရှေးဦးစွာ တယောက် တလှည့် ကြွေပစ်၍ အပွင့်သာသူက ဦးဆုံး ကြွေပစ်လှည့်ကိုရ၏။

ကြွေစေ့ခြောက်စေ့ကို ဆုပ်ကိုင်ပြီး ပန်းကန်ထဲသို့ ပစ်ထည့်သောအခါ ကြွေစေ့ ပြန်ထွက်လာပါက "အန်" သည်ခေါ်၏။ အန်လျှင် ပို ရွှေ့ခွင့်မရပဲ တဖက်ကို ပစ်လှည့်ပေးရ၏။

ကြွေစေ့ အမှောက် အလန် ပေါ် သည့်အတိုင်းပိုရွှေ့ကြရ၏။ တစေ့လန်လျှင် "တဆယ်" ဟု ခေါ်၍ ပိုကို ဆယ်ကွက်ရွှေ့ရသည်။ နှစ်စေ့လန်လျှင် "ဂါ" ဟု ခေါ်၍ နှစ်ကွက် ရွှေ့ရ၏။ သုံးစေ့လန်လျှင် သုံးလုံး (သို့မဟုတ်) "သုံးချွန်း" ခေါ်၍ သုံးကွက်ရွှေ့ရသည်။ လေးစေ့လန်လျှင် လေးလုံး ခေါ်၍ လေးကွက် ရွှေ့ရသည်။ ငါးစေ့လန် တစေ့ မှောက်လျှင် "တစိတ်" ခေါ်၍ နှစ်ဆယ့်ငါးကွက် ရွှေ့ရသည်။ အားလုံးလန်သော် "တဗာရာ" ခေါ်၍ ဆယ့်နှစ်ကွက် ရွှေ့ရသည်။ ကြွေစေ့ အားလုံး မှောက်လျှင် "တခြောက်" ဟု ခေါ်၍ခြောက်ကွက်ရွှေ့ရသည်။

သို့သော် "ပိုနိုး" ပြီးမှ ပိုရွှေ့ခွင့်ရသည်။ ပိုနိုးသည် ဆိုသည်မှာ တဆယ်သော်၎င်း၊ တစိတ်သော်၎င်း ကြွေလက် ကျခြင်း ဖြစ်သည်။ ပိုတကြိမ်နိုးလျှင် တပိုသာ တင်ခွင့်ရသည်။

ပိုအားလုံး အလျှင်ပြီးသူက အနိုင်ရလေသည်။





# ကျေးဇူးသိတတ်သောနီနီ

ကျော်စမ်းမင်း (လှိုင်မြေ)

နီနီသည် သူတွင် ခဲတံမပါခဲ့သဖြင့် စာရေးရန် အခက်အခဲတွေ့နေသည်။ ဆရာမ ရိုက်မည်ကိုလည်း တွေး၍ ကြောက်နေသည်။ အတန်းသားတယောက်ယောက်ထံမှ ခဲတံငှား၍ရေးရန် စဉ်းစားမိသည်။

ကျောင်းမတက်မီက ချိုချိုတယောက် ခဲတံအသစ်တချောင်း ဝယ်လာသည်ကို နီနီ သတိရလိုက်သည်။ ထို့ကြောင့် နီနီသည် ချိုချိုအနီးသို့ တိုးသွားသည်။

"ချိုချို–ငါ့မှာခဲတံပါမလာလို့၊ နင့်ဆီက ခဲတံ တချောင်း ခဏလောက် ငှားပါလား" ဟု နီနီက ချိုချိုအား အသံ အုပ်အုပ်ဖြင့် ပြောသည်။

နီနီ၏ အသံကို ကြားလျှင် ချိုချိုက စာရေးနေရာမှ လှည့်ကြည့်သည်။ သူ့လက်ကလည်း လွယ်အိတ် ထဲသို့ စမ်းလိုက်မိသည်။

"ငါ့မှာလဲ ရေးနေတဲ့ ခဲတံ တချောင်းဘဲရှိတယ်"

"နင် စောစောက ခဲတံအသစ်တချောင်း ဝယ်လာတာ ငါ တွေ့ပါတယ်ဟာ"

"အဲဒီခဲတံက မောင်လေးဖို့ မေမေက ဝယ်ခိုင်းလိုက်တာ" ဟု ချိုချိုက နီနီအား ပြန်ပြောလေသည်။

နီနီသည် ချိုချို စကားကြောင့် မျက်နှာလေး ငယ်သွားပြီး –

"ချိုချိုကလဲဟာ–အပိုင်ယူမှာမှမဟုတ်တာ။ ကျောင်းလွှတ်တော့ ပြန်ပေးမှာပေါ့" ဟု နီနီက ထပ်ပြောသည်။

"ဟော့အေး–ဟော့အေး၊ ရေးပြီးသားကြီးပြန်ပေးတော့ မေမေက ငါ့ကို ဆူမှာပေါ့"

"ဒီလိုဆို ငါအသစ်ပြန်ဝယ်ပေးမယ်လေ။ ငါ့မှာခဲတံတကယ်မပါလို့ပါဟာ။ တော်ကြာ ဆရာမက ငါ့ကို ရိုက်မှာဟ၊ ပေးပါဟယ်နော်"

နီနီက မျက်နှာငယ်လေးနှင့် ထပ်၍ပြောပြန်သည်။ ထိုအခါ ချိုချိုသည် နီနီ့ကို သနားသလို ဖြစ်သွားသည်။ ခဲတံမရ၍ စာမရေးလျှင် နီနီ့ကို ဆရာမက ရိုက်ပေမည်။ ခဲတံ ချွန်ပြီးသားကြီး မေမေ့ကို ပြန်ပေး လျှင်လည်း မေမေက သူ့ကိုဆူမည်။ မေမေဆူလျှင် သေသေချာချာ ပြောပြက ရနိုင်မည်။ ဆရာမ ရိုက်မှာကို နီနီပြောပြ၍ လွယ်မည်မဟုတ် စသည်ဖြင့် ချိုချိုက တွေးနေမိသည်။ ထို့နောက် နီနီကို ခဲတံထုတ်ပေးရန် ဆုံးဖြတ်လိုက်တော့၏။

"ရော့ နီနီ–အသစ်လဲ ဝယ်မပေးပါနဲ့ဟာ။ ကျောင်းလွှတ်တော့ ဒီခဲတံဘဲပြန်ပေးပေါ့" ဟု ပြောကာ နီနီ့အား ခဲတံကိုပေးလိုက်သည်။

နီနီလည်း ခဲတံကို အားရဝမ်းသာ လှမ်းယူသည်။ "ဝမ်းသာ လိုက် တာ ချို ချို ရာ" ဟုလည်း ပြောကာ လွယ်အိတ်ထဲမှ ချွန်စက်ကိုထုတ်၍ ချွန်လိုက်သည်။

နီနီသည် စာရေးရန် ခဲတံ ရသွားသဖြင့် အလွန် ပျော်ရွှင်သွားသည်။ ထိုအတူ ချိုချိုက

လည်း နီနီပျော်ရွှင်သွားအောင် ကူညီလိုက်ရသဖြင့် စိတ်ထဲတွင် ကျေနပ်ဝမ်းသာသွားမိသည်။

တဖြည်းဖြည်းနှင့် နီနီတို့ ကျောင်း မုန့်စား လွှတ်ချိန်သို့ ရောက် လာ သည်။ ခေါင်း လောင်းထိုးပြီး၍ ဆရာမက ခွင့် ပြုလိုက်လျှင် အတန်းသားများ မုန့်စားဆင်းရန် ပြင်ဆင်ကြတော့ သည်။

နီနီနှင့် ချိုချိုတို့လည်း စာ အုပ် ကိုယ်စီ သိမ်းကာ မုန့်စား ဆင်းရန် ပြင်ဆင်လိုက်ကြ၏။ ထိုအခိုက် ချိုချိုသည် လွယ် အိတ်ထဲသို့ လက်နှိုက်ရင်း –

"ဟာ – ငါ့ပိုက်ဆံ ဘယ် ရောက် သွား လဲ မ သိ ဘူး" ဟု မျက်လုံးလေး အဝိုင်းသားနှင့် အ လန့် တ ကြား ပြော လိုက် သည်။

ချိုချိုအသံကို ကြားလျှင် နီနီက အလောတကြီး ဝင်မေး သည်။

"ဟေ–ဟုတ်လား၊ဘယ်မှာ ထည့်ထားတာလဲ၊ဘယ်လောက် တောင်လဲ"

"လွယ်အိတ်ထဲ ထည့်ထား တာ–တမတ်တောင်"

ချို ချို သည် သူ ခေါင်း ကို ကုတ်ရင်း ပြန်ဖြေသည်။

"သေသေချာချာ ရှာပါအုံး ဟာ" ဟု နီနီကပြောကာ ချို ချို လွယ်အိတ်ထဲသို့ လက်ဖြင့် နှိုက်၍ ကူရှာပေးသည်။ သို့ရာ တွင် ပိုက်ဆံကို မတွေ့ရပေ။ လွယ်အိတ်အောက်ဖက် ထောင့် တခုတွင် ချုပ်ရိုးပြုတ်၍ ဟနေ သောအပေါက်တခုကို လက်ဖြင့် ထိုးမိသည်။

"ဟင်–ဒီမှာ အပေါက်ကြီး ပါလား"

"ဟယ် – ဟုတ်ပါရဲ့။ ဒီအ ပေါက်ကဘဲ ကျသွားပြီ ထင် တယ်။ ဒုက္ခဘဲဟာ – ဒီနေ့အဖို့ တော့ မုန့်ငတ်ပါပြီ"

"ချိုချိုသည် ရှုံ့မဲ့မဲ့ မျက် နှာလေးနှင့် ဝမ်းနည်းစွာ ပြော လိုက်သည်။ ချိုချိုအတွက် နီနီ လည်း စိတ်မကောင်းပေ။

"နီ နီ သည် သူ့ လက် ထဲ မှ ပိုက်ဆံ ပြားသုံးဆယ်ကို ဖြန့် ကြည့်လိုက်သည်။ ချိုချိုသည် သူ့ကို ဆရာမ၏ အရိုက် မခံရ အောင် ကူညီပေးခဲ့သည်။ သူ့ကို ကူညီခဲ့သည့် ချိုချိုတယောက် ယခု မုန့်ငတ်တော့မည်။ ချိုချိုကို ကူညီမှ ဖြစ်မည်။ သို့မှလည်း ကျေးဇူးသိရာရောက်မည်စသည် ဖြင့် နီနီက တွေးမိလိုက်ပြီး ချို ချိုလက်ကို ဆွဲလိုက်သည်။ ထို့ နောက် –

"ကဲပါ ချိုချိုရယ် စိတ်မ ကောင်းဖြစ်မနေပါနဲ့။ ငါ့ဆီမှာ ပိုက်ဆံပါပါတယ်။ဒို့နှစ်ယောက် အတူတူ ဝယ်စားကြတာပေါ့" ဟုပြောကာ အတန်းအပြင်ဖက် မုန့်ဈေး တန်း ဆီ သို့ ခေါ် သွား တော့သည်။

ချိုချိုလည်း ရှုံ့မဲ့နေရာမှ နီနီ့ကိုကြည့်ကာ ပြုံး၍လိုက်လာ လေတော့၏။

# မယ်ခခွေး
# နှင့်
# ကိုဝလုံး

မယ်ခခွေး ချစ်စရာ၊
ကွေးလို့ ကနေတာ။
အနားမှာ ပျက်လုံးထုတ်၊
ဝလုံး ဝတုတ်တုတ်။
နှုတ်ချိုသွေးလို့ အတူယှဉ်၊
အနား ကပ်နေချင်။
ထာဝစဉ် ပျော်မဆုံး၊
ဆလိမ်ဖြစ်လို့ တပြုံးပြုံး။ ။

တက္ကသိုလ် ကြည်မာ



R. 517

# ရဲယိုသီး





ရဲယိုသီးကို စားသုံးသူ နည်းသော်လည်း အရွက်ကို လူကြိုက်များကြသည်။ ရဲယိုသီးအမှည့်၏အနံ့ကိုမကြိုက်ကြသဖြင့် စားသူနည်းသည်။ အနံ့ကို ကြိုက်သော သူများက ရဲယိုသီး အမှည့်ကို ထန်းလျက်နှင့် ရောနယ်ပြီး စားကြသည်။ အချို့က ဆားနှင့်တို့၍ စားသည်။

ရဲယိုရွက်၏ အရသာမှာ အနည်းငယ် ခါးသည်။ ဆေးဖက်ဝင်သော အရွက်ဟု အသိအမှတ်ပြုကြသည်။

ရဲယိုရွက်ကိုကျည်း၊ ခူ၊ ငရံ့ကြိုက်ရာငါးတမျိုးမျိုးနှင့်ဟင်းချိုချက်စားနိုင်သည်။ ပုဇွန်ဆိတ်သို့မဟုတ် ငါးနုပ် ငါးသေးများဖြင့် ရော၍ရဲယိုရွက် ငါးပေါင်းကြော် လုပ်၍စားကြသည်။ ရဲယိုရွက် ငါးပေါင်းကြော်မှာ ရေနွေးကြမ်းနှင့် ဖက်မိသော သားရေစာတမျိုးဖြစ်သည်။ ရဲယိုရွက်နှင့် သုပ်၍ပေါင်းထားသောငါးပေါင်းထုပ်မှာ အလွန် အရသာ ထူးပါသည်။







ရဲယိုသီးနှင့် ရဲယိုရွက်သည် ကိုယ်ခန္ဓာအရိုးနှင့် သွားများကို ကြီးထွားခိုင်မာစေသည်။ ကြက်မြက်သင့်ရောဂါ၊ ကြာဆုံးနာများကို ကာကွယ်ပေးသည်။ သွေးအား ကောင်းစေသည်ဟု ဆိုသည်။



စိန်တင်

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား

စနေနေ့တိုင်း ထုတ်ဝေသည်။


# ခွေးအောင်နက်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မောင်အေး


ရွှေသွေး ဂျာနယ်
အတွဲ-၂။ အမှတ်-၃၄။ ၂၂-၈-၇၀




အောင်နက် သည် ကြီးမား ထွားကျိုင်းသလောက် အစားအသောက် အလွန်ကြူး၏။





သူ့သခင်က ကောင်းကောင်း ကျွေးမွေးပြီး အိမ်ကလေးတခုနှင့် ထား၏။




သို့သော် အောင်နက်မှာ မတင်းတိမ်နိုင်ပေ။ အခြားနေရာများသို့ သွား၍ သူ့မလ အားကိုးနှင့် အတင်းလုစားလေ့ရှိ၏။ ကျန် ခွေးများကလည်း ကြောက်ရလေသည်။


ရသာလျှင် ကြောင်များ၏ အစာကိုပင် မညှာမတာ လုယ်၍ စားတတ်သေးသော ကြောင့် ကြောင်များကပါ သူ့ကို မုန်းကြ၏။
နင်တို့ခွေး နေလို့ - ငါက ရှင်းကျူးစားပေး တာပါ - ဟဲ-ဟဲ-
အမယ် - - - တော်စမ်းပါ — ခွေးသူခိုးက — စပ်ဖြဲဖြဲနဲ့
သေချာမှလဲ ပြောစော်
သေချာ ပါတယ် ဗျ
တနေ့တွင် ခြံဘေး၌ လူနှစ်ယောက်သည် -
ဒါပေမဲ့ — အောင်ခုက် ဆိုတဲ့ ခွေးကြီး ရှိတယ် — ဗျ
ဒီခွေး အတွက် ငါ့တာဝန် ထားပါ


အောင်နက် —
ရုပ်ရှင်ကပြန်
လာယင် - မုန့် ဝယ်ခဲ့မယ်
အိမ်ကောင်း
ကောင်းစောင့်
နော်
ထိုည၌ တအိမ်သားလုံး ရုပ်ရှင်သွားကြည့်ကြ၍
အောင်နက်သည် ဇိမ်နှင့် မှိန်းနေစဉ်
ကြားသော် -
ရှပ်
ဝုတ်
ဝုတ်
ဝုတ်
ထိုသို့ ထိုးဟောင် လိုက်လျှင် ခြံစည်းရိုးဆီမှ
အောင်နက် အိမ်ဝသို့ -
ဖျတ်


ဟာ - -
တယ်မွှေးပါလား
ချက်
ချပ်
တယ်ကောင်း
ဖုတ်
ဖုတ်
အစာတခု ကျလာ၍ မွှေးလှသဖြင့် စားကြည့်စဉ် နောက်ထပ် အများကြီး ကျလာလေ၏။
ချပ်
အင်း - တယ်
ကောင်းပါလား
ချက်
ပလပ်
ပလပ်
ချပ်
ချပ်
အစားပုပ်ကြီး အောင်နက်ကား ရသမျှကို ဘိုက်ကားအောင်စားပြီး -
အဆီယစ်ကာ လောကကြီးကို မေ့၍ ငိုက်မျည်းနေတော့၏။

ယခင်အပတ်မှ အဆက်


ကာတွန်း - ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် ဆရာစံ
ပန်းချီ — ဦးအေးတင်
အလံတိုင်တောင်သည် ဂဠုန်ဌာနချုပ် ဖြစ်နေလေပြီ။ တဲမဏ္ဍပ်ကြီး ဆောက်လုပ်ပြီး လူသူ လက်နက်ရိက္ခာများ စုဆောင်းထားပြီး ဖြစ်သည်။
နက်ဖန် ဆိုယင် ဦး အရေးတော်ပုံကြီး စ ရတော့မယ်ကွ
ဟုတ်တယ် မျက်နှာဖြူ တွေနဲ့ သူ့ နောက်လိုက် တွေကို ချေမှုန်းရမယ်
အနယ်နယ်မှ လူများကိုလည်း စံနစ်တကျ စည်းရုံး လှုံ့ဆော်ပြီး ဖြစ်သည်။
တဖက်က တက်ကြွနေသလောက် တဖက်သော သူ ကြီးအချို့ကား ယုတ် မာရက်စက်လျက်ပင် ရှိနေ၏။
ထိုသူကား မြေရှင်သူကြီး ဦးဖိုးညွန့် ဖြစ်၏။
ဟဲ့ - မိဆောအေး လင် ဘယ်သွား သလဲ
ဆောဆောက ဟိုဖက်ဘေးမှာ တလင်းလုပ်နေ ပါတယ်
အဲဒီမှာ ရှိသေးရဲ့လား ဟဲ - ဟဲ - ဘယ်ရှိမလဲ ငါ့ထိပ်တုံးခတ်ထား လိုက်ပြီဟဲ့


ဟင် - ဘာအပြစ် ရှိလို့လဲ သူကြီးရယ်
လူခွန်မဆောင် လို့ ဟဲ့
ခပါးမပေါ်ခင် - ကျမတို့မှာပေးစရာ ငွေမရှိပါဘူး - ကျမယောကျ်ား ကို လွှတ်ပေးပါရှင် - ကျေးဇူးမမေ့ပါဘူး
အေး - လွှတ်ပေး မယ် - ငါ့ကို အခု ကျေးဇူးဆပ် ရမယ် - ကဲ - လာ
လွှတ်နော် - လွှတ် ဒါမျိုးမရဘူး ခွေးကျင့်ခွေးကြံ မလုပ်ပါနဲ့
ထိုခဏ
ဆရာ - ဆရာ - တောစပ် မှာလူတွေအများကြီးဘဲ ဘာလုပ်နေကြတယ်မသိ ဘူး - ဆရာ့သားကိုတိုင်းကျော် နဲ့ ဦးစံပွင့်တို့ ဆရာ့ကို လိုက်ရှာနေတယ်
ဟေ - ဟုတ်လား အရေးထဲမှာ ကွာ - တောက်
ဆော်ဖိုးသိန်းလယ် နဲ့ တောစပ်မှာ - လူစုနေကြ တယ်ဗျ
ဒီလူစုဟာ သူတို့လယ်တွေကို ကြွေးနဲ့ ငါသိမ်းထားတဲ့လူ တွေထင်တယ် - ငါလဲ သွား မကြည့်ဝံ့ဘူး
ဓါးပြတိုက် ကြမလို့ ထင်တယ်
ထိုအခိုက်တွင် တောစပ်မှ မောင်းသံ ပေါ် ထွက်လာ၏။
ဂွ ၊ ဂွ ၊
ဟ - ဘာ မောင်းသံ လဲကွ


အား
မြားတစင်းသည် ဦးဖိုးညွန့် ရင်ဝကို လာစိုက်၏။
ပြေးပြီဟေ့-ပဆိုကြ
မိအောင်ဖမ်းကြ
ဦးစံပွင့်နှင့် တိုင်းကျော်လည်း ပြေးကြ၏။
ဦးစံပွင့်မှာ လဲကျန်ရစ်သဖြင့် ဂဠုန်တပ်သား တို့က ဖမ်းမိသွားလေသည်။
တိုင်းကျော်တော့ လွတ်သွားတယ် ဟောဒီ မြေပိုင်ရှင်ငနွားကြီး စံပွင့်တော့ မိလာပြီ
သွေးသောက်တို့ သတ်ဖြတ်တာကို ဆရာကြီးမကြိုက်ဘူး-တိုက်ခိုက် ရင်း သေကဲ့လူလဲ သေပြီ-သူ့ကိုလွှတ် လိုက်ကြပါကွာ


ဆက်ရန်

# ပင်လယ်ငါးဖမ်းလုပ်ငန်း

ရေးသူ - မောင်မောင်မြင့်

ပန်းချီ
အောင်အောင်ချက်
သရုပ်ဖော်

ပင်လယ်ငါးများကို ဖမ်းယူရာတွင် ကမ်းတွင်း၊ ကမ်းနီးနှင့် ကမ်းဝေးဟူ၍ လုပ်ငန်းသုံးမျိုးရှိသည်။ ဖော်ပြထားသော ငါးဖမ်းနည်းများသည် ထိုလုပ်ငန်း သုံးမျိုးတွင် အသုံးပြုသည့် ပင်လယ်ငါးဖမ်းနည်း အချို့ဖြစ်သည်။




ပိုက်ကို လူအားဖြင့် ဆွဲရသည်။ နွေနှင့် ဆောင်း ရာသီတို့တွင် အများဆုံး အသုံးပြုသည်။ သေိုင်းနှင့် ကြေးင်းများ အမိများသည်။

ရေ ရာ ဝ တီမြစ် နှင့် ပင်လယ် ကမ်း ခြေ သောင်ခုံပေါ်တွင် ရေမတက်မီ ကပင် အသင့် ဆောက်လုပ် ထားရသည်။ နွေရာသီ၊ မိုးမကျ မီနှင့် ဆောင်းရာသီ တို့တွင် အသုံးပြုသည်။


လှေနှစ်စင်းတွင် ပိုက်တပ်ပြီး ဆွဲရသည်။ လှေမမှောက်စေရန် လှေနံတဖက်တချက်စီတွင် ဝါးလုံးများ ကပ်မြှောင် ထားရသည်။ ပိုက်ထိပ်တွင် အခြားလှေတစင်း က ရေပေါ်တွင် ပိုက်ပေါ်နေစေရန် ထိန်းပေးရသည်။ သေလောက်နှင့် ကွေမ်းရှပ်များ အမိများသည်။




သင်္ဘော တစင်းဆွဲ နှင့် နှစ်စင်းဆွဲ ဟူ၍ ဖမ်းနည်းနှစ်မျိုး ရှိသည်။ ငါး အများဆုံးမိသော ဖမ်းနည်းလည်း ဖြစ်သည်။ ဇလိပ်ကျောက်၊ ကကူရံနှ‌‌ ငမန်းများကိုပင် ဖမ်းမိသည်။

ပိုက်ထိပ်ဝတွင် ပိုက်ကွက်ကျဲသလောက် အတွင်းဖက်တွင် ပိုက်ကွက်စိပ်သည်။ ငါးအကြီးအသေးမျိုးစုံ ဖမ်းနိုင်သည်။ ဒုတိယ ငါး အများဆုံးမိသော ဖမ်းနည်း ဖြစ်သည်။





ပိုက် အောက်ခြေမှ ကြိုးစကို လှေတွင် ချည်ထားပြီး ပင်လယ်ထဲတွင် မျှောထားသည်။ ငါးများ တိုးဝင်သည့်အခါ ကြိုးစကို ဆွဲလိုက်လျှင် ပိုက်သည် အပေါ်သို့လန်တက်သွားပြီး ငါးများကို ဖမ်းမိပြီး ဖြစ်နေသည်။


ကာတွန်း
မောင်မောင်သက်
ကိုကို နှင့် ညီညီ
နေ့လယ်ကျောင်းဆင်းချိန်တွင် ကိုကိုနှင့် ညီညီသည် မုန့်ဝယ်စားရန် ကျောင်းဝင်းအပြင်ဖက်သို့ ထွက်လာကြ၏။
ဖေကြီးမေမေကမုန့်ဖိုး ဆယ်ပြားပေးလိုက်တယ်
ကျွန်တော့်ကိုလဲ ဆယ်ပြားပေး လိုက်တယ်.
မင်းဘာစားမလဲ ညီညီ ကိုကိုတော့ဘာယာကြော် ဝယ်စားမယ်.
လျှောက်ကြည့် သေးတာပေါ့
ဈေးဆိုင်တန်းသို့ ရောက်သောအခါ....
ပေါက်ယင်ဆယ်ပြား တန်ဖိုးချောင်း မပေါက်ယင်လဲ တချောင်းရမယ်.
တနေရာတွင်....
ကိုကိုရေ့ဟိုမှာ မဲတခါနှိုက် ဆယ်ပြားတဲ့ ကျွန်တော် မဲနှိုက်ချင်တယ်
မနှိုက်ပါနဲ့ ညီညီ ရှာ၊ အေးအေး မုန့်ဘဲဝယ်စားပါ၊ လောင်းကစားဆိုတာ မလုပ်ရဘူး
ကိုကိုဘာသိလဲ၊ ပေါက်ယင် ရေခဲချောင်းသုံးချောင်း စားရမှာမျ-
ပြောမရလဲ မင်းသဘောပေါ့


ညီညီသည် ရေခဲချောင်းသယ် ထံသွား၍ –
ကဲ–ကဲ–ရပ်ကြည့်လို့ အမြတ်မရှိဘူးနော် စမ်းကြည့်မှ အကျိုးရှိမယ်၊ လာကြ–လာကြ–
မဲတခုပေးပါ
ပေါက်ပါစေ– ပေါက်ပါစေ၊
ဟင်–ပလာကျတယ် သွားပြီ မပေါက်ဘူး
ပလာဆိုယင် တချောင်းပေါ့ကွ–
ဟာ သေးသေးလေး ငါးပြားဘဲတန်တယ်
မင်းကို အစက ငါမပြောဘူးလား မဲမနှိုက်ပါနဲ့လို့ လောင်းကစား ဆိုတာ ဘယ်တော့မှ ကောင်းကျိုး မပေးဘူး မှတ်ထားကွ
အလကားဘဲ ဘိုက်ထဲက ဆာနေပြီ


ကဲပါ ဝမ်းနည်းမနေပါနဲ့တော့ မင်းကိုငါ မုန့်ကျွေးပါမယ်
ကိုကိုသည် ညီညီကို ဘယာကြော်ဆိုင်သို့ ခေါ်သွားသည်။
ဘယာကြော် ဆယ်ပြားဖိုး ပေးပါ
ကိုကိုနှင့် ညီညီသည် ဘယာကြော်ထုပ်ကိုယူ၍ သစ်ပင်ရိပ်သို့သွားကြ၏။
သစ်ပင်ရိပ်တွင်....
ညီညီရော့ ဟော့ ဆယ်ပြားဖိုးဝယ်ယင် ဘယာကြော် သုံးလုံးရတယ်ကွ
မဲမနှိုက်ဘဲ မုန့်ဝယ်စားယင် ကျွန်တော်တို့နှစ်ယောက် များများ စားရမှာ-
ကိုယ့်မှာရှိတဲ့ ပိုက်ဆံနဲ့ ထိုက်တန်သလောက် မုန့်ဝယ်စားယင် ကောင်းကောင်း စားရတာပေါ့--
-လေါဘနဲ့ များများ လိုချင်လို့ အလေါင်းအစားလုပ်ယင်တော့ ရှိတဲ့ပိုက်ဆံပါ ဆုံးမှာပဲကွ
ကိုကိုသာငါ့လို မဲနှိုက်ယင် ဒို့နှစ်ယောက် မုန့်ငတ်မှာပဲ

# ကြက်ဥခိုး

ကျော်ညွန့်ဆွေ



လိပ်ဥဝှက်တမ်း ကစားခြင်း နှင့် ဆင်တူသည်။ ဤ ကစား နည်း၌ လိပ်အစား ကြက်မ အဖြစ် သရုပ် ဆောင်ရသည်။ စည်းဝိုင်း အလယ်တွင် ကြက်မ သည် ဝပ်လျက်ရှိသည်။ ကြက် မ၏ဝမ်းပိုက်အောက်တွင် ကြက် ဥ အမှတ်ဖြင့် ကျောက်စရစ်ခဲ ခြောက်လုံးထားရသည်။


ကြက်၏သဘာဝမှာ မိမိဝပ် နေသောကြက်ဥများကို အစွမ်း ကုန် ကာကွယ် စောင့်ရှောက် တတ်သည်။ လာရောက် နှိုက်ယူ ခြင်းခံရပါက အလွန်ဒေါသဖြစ် ပြီးလျှင် နှိုက်သူ၏ လက်ကို နှုတ် သီးဖြင့် လိုက် လံ ဆိတ်တတ် ပေသည်။

ဤသဘာဝအတိုင်းပင်ကြက် မအဖြစ် သရုပ် ဆောင်သူသည် စည်းဝိုင်း အပြင်မှ ကလေးများ ၏ဝင်ရောက်နှိုက်ယူမှုကို အလစ် မပေးပဲ ခြေဖြင့် ကန်ကျောက် ပစ် ရ လေ သည်။ ဤသို့ ကန် ကျောက်၍ ထိသွားသူ ရှိပါက ထိုသူကြက်မလုပ်ရသည်။ ထိသူ မရှိပဲ ကြက်ဥများကို လစ်လျှင် လစ်သလို ခိုး၍ကုန်လျှင် ကြက် မကြီးကို ဝိုင်းမ,ချီကာ "အပူ ကြိုက်သလား၊ အအေး ကြိုက် သလား"ဟုမေးရသည်။ ကြက် မက အပူကြိုက်သည်ဟုဖြေလျှင် သဲတော ဖုတ်တောထဲတွင် ချ ထားခဲ့ရသည်။ အအေး ကြိုက် သည်ဟုဖြေလျှင် မြက်တောထဲ တွင်ချထားခဲ့ရသည်။ ထိုသို့ချခဲ့ ပြီးနောက်စည်းဝိုင်းထဲသို့ အမြန် ဆုံး ပြေးဝင်ကြစဉ် ကြက်မက နောက်မှလိုက်ဖမ်းရသည်။စည်း ဝိုင်းအတွင်းသို့မရောက်မီ ဖမ်းမိ လျှင် ထိုသူ ကြက်မ လုပ်ရ၏။ အကယ်၍ မမိလိုက်လျှင် လိုက် ဖမ်းသူပင် ကြက်မ ပြန်လုပ်၍ ဆက်ကစားကြရလေသည်။

# သိပ္ပံမျက်လှည့်

စက္ကူ၊အဖြူ ထူထူတချပ်တွင် အချင်း ရှစ်လက်မခန့်ရှိ စက်ဝိုင်းတခုဆွဲပါ။ စက်ဝိုင်းခြမ်းတဖက်ကို အနက်ရောင်ခြယ်ပါ။ကျန်တခြမ်းကိုပုံပါအတိုင်းသုံးပိုင်းအညီ ပိုင်းပြီး ⅜ လက်မခန့် မျဉ်းထူများကို မင်နက်ဖြင့် ဆွဲပါ။ ထို့နောက် စက်ဝိုင်းကို ညှပ်ထုတ်ပြီး အလယ်တွင် အပ် စိုက်၍ တုတ်ကလေးတချောင်း၏ အဖျားတွင်တပ်ကာ မွှတ်နေအောင် လှည့်ပေးပါ။ အနက်သာပါသော စက် ဝိုင်းမှ အရောင်မျိုးစုံ ထွက်ပေါ်လာလိမ့်မည်။







# ဗျုးယည်

တသင်ကျွန်း မောင်အောင်ငြိမ်း



တိုးမြင့် သည် ကျောင်း ပိတ် ရက်ဆိုလျှင် များသောအားဖြင့် ရွာသို့ ပြန်လေ့ရှိသည်။ ရွာပြန်ရ မည် ဆိုလျှင် တိုးမြင့် အလွန် ပျော်သည်။

သည် နှစ် လည်း ကျောင်း ပိတ် ရက် ဖြစ် ၍ ရွာ ပြန် ရန် သင်္ဘော ဆိပ် သို့ သူ စော စော ဆင်းခဲ့သည်။ သင်္ဘောပေါ် တွင် ရောက်နှင့်နေကြသောခရီးသည် အတော် များများရှိသည်။ ထို ခရီးသည်အကြားတွင် ကြီးဒေါ် မအေးသာကို သူ မြင် လိုက် ရ သည်။ ကြီးဒေါ် မအေးသာသည် သူတို့ ရွာမှ ကုန်စိမ်း ဈေးသည် တဦး ဖြစ်၏။ ထို့ကြောင့် သူ့ကို တွေ့တွေ့ချင်းအားရဝမ်းသာဖြင့် လက်ယပ် လှမ်းခေါ် လေသည်။

"မဖြစ်ဖူး၊ မဖြစ်ဖူး၊ သူ့အ နား သွားလို့တော့ မဖြစ်ဖူး။ ဒီ မိန်းမကြီးက ဈေးသည်ဆိုတော့ အထုပ်အပိုးတွေ ပါတတ်တယ်။ တော်တော်ကြာ ငါ့ကိုဝိုင်းသယ် ခိုင်းနေယင် ခက်မယ်။ သူနဲ့ဝေး ဝေး သွားထိုင်နေမှ ဖြစ်မယ်" ဟု တွေးလျက် တိုးမြင့်သည် မလာ လိုကြောင်း ခေါင်းခါပြလိုက်၏။ ထို့နောက် သင်္ဘော စက် အနီး တွင် သွား၍ ထိုင်နေလေသည်။

ထိုစဉ် ခရီးသည် တဦးသည် တိုးမြင့် အနီးတွင်ရပ်လျက် –

"ငါ့ညီ က ဟို ဘက် နဲ့ နဲ လောက် တိုးပါလားကွာ။ အကို တယောက်စာထိုင်လို့ရရုံပါ" ဟု မေတ္တာရပ်နေသည်ကို တွေ့ရ၏။

သို့သော် တိုးမြင့်သည် မမြင်

အကယ်၍ သူသာ အနည်းငယ် တိုးရွှေ့ ပေးလိုက်လျှင် ထိုသူ့အ တွက် နေရာရနိုင်ပေသည်။

"တိုးပါ ငါ့ညီရာ၊ တိုးလို့ရပါ တယ်။ခရီးသည် အချင်းချင်းဘဲ ယိုင်းပင်းတဲ့ စိတ်ထားမှပေါ့"

တိုးမြင့်မှာ မနေ သာ တော့ ပေ။ မတိုးချင် တိုးချင်နှင့် ဘေး သို့ တိုးရွှေ့ပေးရလေသည်။စိတ် ထဲကမူ ထိုသူ့အပေါ် မကျေနပ် လှပေ။ ထို့ကြောင့် တစုံတရာ ပြန်လှန် ပြောကြားရန် စိတ်ကူး နေစဉ် သင်္ဘော ထွက်ခွာ ပြီဖြစ် ၍ အာရုံ ပြောင်းသွား ရသည်။ ရွာ ရောက် တော့ မည် ဟူသော အသိက သူ့ခေါင်းထဲသို့ တိုးဝင် လာဟန်တူပေသည်။

တိုးမြင့်တို့ ရွာသည် ပဲခူးမြစ် ကမ်းပေါ် တွင်ရှိ၍ ရန်ကုန်မြို့နှင့် ငါးမိုင်ကျော် ကွာဝေးသည်။

သင်္ဘောသည် ပဲခူး မြစ်စဉ် အတိုင်း တငြိမ့်ငြိမ့် ခုတ်မောင်း နေ၏။ အချိန်မှာ မွန်းလွဲ တနာ ရီခန့်ရှိပေပြီ။ ရေတက်ချိန်ဖြစ်၍ မြစ်ထဲတွင် လှေ သမ္ဗန် တို့ဖြင့် ပြည့်နေ သလို ရှိသည်။ အချို့ သမ္ဗန် တို့မှာ ရွက် လွှင့် ထား ၍ ရေ အား လေ အား ဖြင့် စက် သင်္ဘောနှင့် အပြိုင် ပြေးလျက် ရှိကြ သည်။ သို့သော် တခဏ အ တွင်း မှာ ပင် သ င်္ဘော ၏ နောက်၌ ကျန်ရစ် ပျောက်ကွယ် ခဲ့သည် ချည်းသာ ဖြစ်၏။ ထို့ ကြောင့် လည်း ရွာသို့ မြန်မြန်

ရောက် လိုသော တိုးမြင့် သည် ရှာပြန်လျှင် သမ္ဘန် မစီးခြင်းဖြစ်သည်။

"ကဲ–ဒီအနားက ခရီးသည်တွေ လက်မှတ်ဝယ်ကြပါခင်ဗျာ သင်္ဘော လက်မှတ် ဝယ်ကြပါ"

ထိုအသံကြောင့် တိုးမြင့်သည် မြစ်ပြင်သို့ မျှော်ငေးနေရာက လက်မှတ်ဝယ်ရန် အင်္ကျီအိတ်ထဲသို့ ပိုက်ဆံအိတ် နှိုက်ယူလိုက်သည်။ သူ့အိတ်ထဲတွင် ပိုက်ဆံအိတ် မရှိပေ။ လွယ်အိတ်ထဲသို့ နှိုက်ကြည့် ပြန်သည်။ လွယ်အိတ်ထဲ၌ လည်း မတွေ့ရပေ။ တိုးမြင့်သည် မကျေနပ်သေး သဖြင့် နောက်ထပ် အကြိမ်ကြိမ် ရှာဖွေကြည့် သော်လည်း မတွေ့ရပေ။ သည်တော့မှပင် အိမ်က စားပွဲပေါ်၌ ပိုက် ဆံ အိတ် မေ့ကျန်နေခဲ့သည်ကို သူအမှတ်ရမိလေသည်။

"ဒီချာတိတ်ကကော ဘယ်ရှာသွားမှာလဲ။ တဝက်ခတော့ ပေးရမယ်နော်"

သင်္ဘောလက်မှတ် ရောင်းသူသည် သူ့အနီးသို့ရောက်လာလေပြီ။ တိုးမြင့်၏ ရင်ထဲ၌ တဒိတ်ဒိတ်ခုန်နေ၏။ တဝက်ခဆိုလျှင် ပြား ငါး ဆယ် တော့ ပေးရပေမည်။

တိုးမြင့်သည်ကြီးဒေါ် မအေးသာကို ချက်ချင်း သတိရမိ၏။ ထို့ကြောင့်အကူအညီရလိုရငြား လှမ်းမျှော် ကြည့်လိုက်ရာ ကြီးဒေါ် မအေးသာကို မူလနေရာတွင် မတွေ့ရတော့ပေ။ တိုးမြင့်မှာ အခက်ကြုံနေရပေပြီ။

ထိုအခိုက် "ငါ့ညီက ဘယ်ရှာသွားမှာလဲ" ဟူသော မေးသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် လှည့်ကြည့်မိ သည်တွင် အသံရှင်မှာ စောစောက သူ့အနီးတွင် ဝင်ရောက် ထိုင်ချလိုက်သူ ဖြစ်ကြောင်း တွေ့ရပေသည်။

ထိုအခါ တိုးမြင့်သည် "ငါ့အဖြစ်ကိုတော့ သူသိနေပုံဘဲ။ ဘာဘဲ ဖြစ်ဖြစ် ငါပြောမှ ဖြစ်တော့မယ်" ဟု တွေးကာ သူသွားရမည့် ရွာကို ပြောပြ လိုက်လေသည်။ သူထင်သည့်အတိုင်းပင် ထိုသူသည် သူ့အတွက် သင်္ဘောလက်မှတ် တစောင်ဝယ်ယူ၍ ပေးလေသည်။

"ကျေးဇူး တင်ပါတယ်အကိုရာ။ ရွာပြန်ချင်ဇောနဲ့ ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ အခက်တွေ့နေတုန်း...."

"အကိုသိပါတယ်ကွာ။ ခရီးသွားကြတဲ့အခါ ဒီလိုဘဲငါ့ညီရ။ အခက်အခဲ ကိုယ်စီရှိကြတာဘဲ။ ဒါကြောင့်မို့ ခရီးသည် အချင်းချင်း ယိုင်းပင်း ကူညီစိတ် ထားပါလို့ အကိုပြောတာပေါ့"

တိုးမြင့်မှာသူ့ကိုကြည့်လျက် စောစောက ထိုသူ့အပေါ် ပြုမူခဲ့သည့် မိမိ၏ အပြုအမူအတွက် လွန်စွာစိတ် မ ကောင်း ဖြစ် နေမိလေသည်။

# နေ့ နှင့် ည

ကမ္ဘာလုံးကြီး လည်ပတ်ရာ၊
နေ့ညဖြစ်ပေါ်လာ။

နေမင်းမျက်နှာ မူသည့်ဖက်၊
နေ့ဟုခေါ်တွင်လျက်။

ကျန်တဖက်က မျက်နှာပြင်၊
မဲမှောင်အတိပင်။

လနှင့်ကြယ်စင်ရောင်တောက်ပ၊
ညချိန် အကာလ။

ဝင်ရိုးပေါ်မှ တပတ်လည်၊
နှစ်ဆယ့်လေးနာရီ။

ချိန်တဝက်စီ တာဝန်ထမ်း၊
နေ့ညမမောပန်း။ ။

အမောင် (ရန်ကင်း)



R. 517

# သလဲသီး






သလဲသီးတွင် အချိုသီး၊ အချဉ်သီးဟူ၍ နှစ်မျိုးရှိသည်။ အချိုသီးမှာ အလုံးအဖန်ကောင်း၍ လှသည်။ အချဉ်သီးမှာ အလုံးသေး၍ အချဉ်ဓာတ်များသည်။ သလဲချဉ်သီးကို ဆားနှင့် တို့စားကြသည်။ သလဲသီးမှာ လှပသော အရောင်အဆင်းနှင့် ပြည့်စုံ၍ မြင်ရလျှင် စားချင့်စဖွယ် ရှိသည်။ အရသာမှာ နှစ်သက်ဖွယ်ကောင်းသဖြင့် လူကြိုက်များသည်။

သလဲပင်သည် မြေကောင်း မြေညံ့မရွေး ပေါက်တတ်သော အပင်တမျိုး ဖြစ်သည်။ သလဲပင်၏ အမြင့်မှာ ၄ ါးတောင် ခြောက်တောင်ခန့်မြင့်၍ အပင်မှာ အုပ်ဆိုင်းဆိုင်း နေတတ်သည်။ ကိုယ့်အိမ်ဝင်းအတွင်း သလဲပင်ကို စိုက်ပျိုးထားလျှင် ရာသီမရွေး သလဲသီးများကို စားနိုင်သည်။



သလဲသီးကို စားပေးလျှင် အရိုးနှင့် သွားများကို ခိုင်မာစေသည်။ သွေးအား ကောင်းမွန်စေသည်။ ကိုယ်ကာယ အစိတ် အပိုင်းများကို ကြီးထွားသန်မာအောင် ပြုပြင်ပေးနိုင်၍ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သော အာဟာရဓာတ်များ ပါဝင်သည်ဟု ဆိုသည်။

စိန်တင်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


# အောင်နက်၏

ရွှေသွား ဂျာနယ်

ပန်းချီ - ဦးသဂြည် -
ဇါတ်လမ်း – အောင်အေး

အတွဲ-၂။ အမှတ်—၃၅။ ၂၉-၈-၇၀




ဒုတ်
သို့သော် သူသည် အလွန်အမင်း စားထား၍
ဗိုက်ကားပြီး အိမ်ကလေး၏ အဝမှာ တစ်နေ
သဖြင့် ထွက်၍မရပဲအိမ်ပါမြောက်နေတော့၏။
ဟောင်လိုက်တိုင်း၊ ရုန်းထွက်လိုက်တိုင်း ဗိုက်
တစ်နေ၍ မခံမရပ်နိုင် ဖြစ်နေရ၏။
ထိုသို့ ဖြစ်နေသည်ကို ခြံစည်းရိုးနားမှ အရိပ်
နှစ်ခုက ခပ်တိုးတိုး စ, လိုက်သေးသဖြင့်
ဒုတ်
ဒုတ်
အောင်နက်မှာ ဒေါသမထိန်းနိုင်ပဲ ဟောင်ပြန်
၏။ ဟောင်လိုက်တိုင်းလည်း နာရပြန်၏။
နာတိုင်း အော်ရ၍ ဟောင်တိုင်းလည်း
မှောင်ထဲမှအသံများကို ကြားနေရ၏။
နောက်ဆုံး၌ အောင်နက်ခမျာ မောသွားပြီး မှိန်းနေ
ရလေတော့၏။


များမကြာမီ
အမေရေ - အခန်းလဲ မီးပွင့်နေတယ်
ဟင်
အိမ်ရှင်များ ရုပ်ရှင်မှပြန်ရောက်သော် –
ဟာ - ပစ္စည်းတွေပြန့်ကြဲနေပါလား ...
သူခိုးဝင်မွှေ သွားပြီထင်တယ်
အမယ်လေး ..... ကုန်ပါပြီတော့ .....
အိမ်ကို သူခိုးတက်သွားကြောင်း သိသဖြင့်
အင်း
အောင်နက် ကော - အောင်နက် မင်းဘယ် သွားနေလဲ
အော်... လက်စသတ်တော့ မင်းကိုသူခိုးက အစာပေးပြီး အိမ်ဖောက်သွားတယ်ပေါ့ ...
အိမ်ရှင်သည် အောင်နက်ကိုလိုက်ရှာရာ -
အောင်နက်အဖြစ်ကို တွေ့ရတော့၏။
ဟဲ-ဟဲ-ဝယ်လာတဲ့မုန့် လေးလဲ စားအုံး လေ...
စားဟာ -
စားဟာ --
စားဟာ ---
အိုင်
ဝယ်လာသော မုန့်ကိုပင် ထပ်ကျွေးကြည့်ရာ အောင်နက်လည်း စားရန်ဟန်ပြင်လိုက်စဉ် -
အိမ်ရှင်သည် စိတ်ဆိုးဆိုးနှင့် ပါလာသော တုတ်ဖြင့် ရိုက်နှက်လေတော့၏။


နောက်တနေ့တွင် အောင်နက်မျော့ဇက်ရာ
အပြည့် ဖြစ်နေသည်ကို အခြားခွေးများက မြင်၍ ဝမ်းလာနေကြ၏။
စားလေ အောင်နက်
အိမ်ရှင့်သားကလေး အစာလာကျွေးသည်ကိုပင် မစားဝံ့ ဖြစ်နေ သည်။
ထိုအဖြစ်ကိုတွေ့ရသော ပူစီသည် အချက်ပိုင်ပြီဟု သိရှိသဖြင့် —
ကိုအောင်နက် —
ကြောင်စာလေး
မြည်းကြည့်
ပါအုံးလား
ရှင်
အောင်နက်အနားသို့သွားပြီး —
တော်ပါပြီဗျာ....
ငါလဲ နောင်တရပါပြီ။
ဟိုလဲမစား တော့ဘူး -
ဟုလဲမစား တော့ဘူး -
တော်ပြီ....တော်ပြီ


ယခင်အပတ်မှ အဆက်
ဂဠုန်သစ္စာခံ
ပန်းချီ – ဦးအေးတင်
သွားတော့ ဦးစံမွှင့် နောက်ကိုမတရားမလုပ်ပါနဲ့ ဆင်းရဲသားတွေကို ညှာတာပါ
ကောင်းပါပြီ ခင်ဗျာ -- ကောင်းပါပြီ
ဂဠုန်တပ်သားများသည် သစ်တောဝန် မျက်နှာဖြူ ဗိုးကလပ်၏ ဗိုလ်တဲကိုဝင်စီးပြီး
ဗိုးကလပ်ကို ဖမ်းဆီးလိုက်သည်။
ရေဝိုက်ရွာဖက်တွင်လည်း
ရာဇဝတ်ဝန် ဦးမောင်ကလေးတို့ အဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားရာ....
စစ်ပုလိပ်များ အကျအဆုံးများပြားသဖြင့် ထွက်ပြေးရလေသည်။


ဦး.တိုက်တာ-မျက်နှာဖြူနဲ့မြေခွေးတွေကို သာဖြစ်တယ်- ရွာသူရွာသားတွေရဲ့ပစ္စည်း ကို ထင်းကျိုးတချောင်းမှမယူကြပါနဲ့.
အင်းရွာဘုတာဖက်၌လည်း ဂျပန်တပ်သားတို့က အောင်မြင်စွာ တိုက်ခိုက်လာနိုင်သည်။
ယင်းသို့ဖြင့် အလံတိုင်စခန်းတွင်
အောင်မြင်ခဲ့သော ဂျပန်ဗိုလ်တို့က ဆရာစံထံ အစီရင်ခံ နေကြသည်။
ဖိုးကလပ်က တလမ်းလုံးဆဲလာတာနဲ့ မိတ်နာတဲ့တပ်သားတွေက ဗိုင်းခိုက်တာ သေသွားလို့ ခေါင်းဖြတ်ယူခဲ့ပါတယ်ဆရာကြီး
ဖိုးကလပ်လိုမျက်နှာဖြူကိုသုတ်သင် လိုက်တာအပြစ်မဆိုသာဘူး- အင်း ရွာဘူတာမှာ မဆိုင်တဲ့လူတွေကို သတ်တဲ့တပ်သားကိုတော့ ဂျပန် တပ်ကထုတ်ပစ်ရမယ်
အခု မင်းတို့လုပ်တာ လူနတ်သာရ ခေါ် ပါတယ်- ငါ့တပည့် ဆရာစံဟာ ခေါင်းဆောင် ဘဲ- ခေါင်းဆောင်ဆိုတာ ရှင်ဘုရင်ဘဲ ကွ- ဒါကြောင့် မင်း-ရာဇဘိသေက ခံရမယ်
ထိုစဉ် ဦးပဥ္ဇင်းက ကြွလာပြီး....



ဦးရင်း မဟုတ်တာလာမပြောပါနဲ့- ဒါဟာ ဘုရင်တပါးကို ပုန်ကန်တာမဟုတ်ဘူး - ကိုယ့် အိမ်ထဲဝင်လာတဲ့ သူခိုးဓါးပြကို ခေါင်းထုတ် တာပါ- အင်္ဂလိပ်ပြေးရင် ဘယ်သူ ဘုရင်လုပ်လုပ်-တပည့်တော်နဲ့ မဆိုင်ပါဘူး
ပြီးတော့ တပည့်တော် မသိဘဲ-ငယ်သား တွေကို လက်ဖွဲ့တွေပေ- အင်းမြှ - ဆေးထိုး-ဆေးစီရင်နဲ့ လုပ်ပေးနေ တာလဲ မကြိုက်ပါဘူး
ကာယသိဒ္ဓိ- အမန်းအမှုတ် အဆောင် လက်ဖွဲ့တွေကို အားကိုးလာတဲ့အခါ အချင်းချင်း အားကိုးစိတ်ပျောက်ပြီး စိတ်ဝမ်းကွဲနိုင်တယ် ဦးရင်း
ဒါပေမဲ့ ဆရာစံ ရာ- လူတွေရဲ့ စိတ်ကို ယုံကြည်လာအောင် ဆွဲဆောင် ရမယ်မဟုတ်လား
မလိုပါဘူး ဦးရင်း
အင်း- ကိုယ့်အစွမ်း ကိုယ်အားကိုး ရမယ့်အစား- အင်းအိုင် လက်ဖွဲ့ မန္တရားတွေကို အားထားနေရင် ဒီအရေးတော်ပုံကြီး အောင်မြင် နိုင်ပါ့မလား
ဘာသတင်း ရသေးသလဲ ဖိုးလဘစိန်
သာယာဝတီကို စစ်မာရီတွေရောက် လိမ့်မယ်လို့ ကြားတယ်-ဆရာကြီး

ဆက်ရန်

ရေးသူ - ရဲမြင့်

# အံ့ဩဘွယ် ငှက်များ

ပန်းချီ - ဦးအောင်တင်






ကမ္ဘာပေါ်တွင် ငှက်အမျိုးပေါင်း ၁၀,၀၀၀ ခန့် ရှိသည်။ အမျိုးကွဲသည့် အလျောက် တမျိုးနှင့်တမျိုး ပုံသဏ္ဌာန်၊ အရွယ်အစား၊ ဓလေ့စရိုက် များတွင် အံ့ဩဘွယ်ကောင်းလောက်အောင် ကွာခြားတတ်သည်ကို တွေ့ရပေသည်။

ငှက်ကုလားအုပ်သည် အတောင်ရှိသော်လည်း မပျံနိုင်ပေ။ သို့သော် အပြေးအလွန်မြန်သည်။ သက်တန်း ၄၅ နှစ်အထိ နေကြရသည်။

အခြားဗိုးသက်ရှည်ငှက်များမှာ တောဘဲ အနှစ် ၈၀၊ ကြက်တူရွေး အနှစ် ၁၀၀၊ လင်းတ အနှစ် ၁၁၅၊ သိမ်းငှက် အနှစ် ၁၆၀ စီ ဖြစ်သည်။

အချို့ငှက်များသည် တနေရာမှ တနေရာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ အချို့သည် ကမ္ဘာ့ဝင်ရိုးစွန်း တခုမှ တဖက် ဝင်ရိုးစွန်းသို့ တိုင်အောင် ပြောင်းရွှေ့ နေထိုင် တတ်ကြသည်။ အဲလပ တောင်တန်းတွင် ဗလန့် အမည်ရှိ တောင်ကြီးတတောင် ရှိသည်။ ငှက်များသည် ယင်းတောင်ကြီးကိုအပေါ်မှဖြတ်မပျံပဲတောင်ခါးပန်းရှိ လိုဏ်ခေါင်းကြီးကိုဖြတ်၍ သွားကြသည်။




ကမ္ဘာပေါ်တွင်အသေးငယ်ဆုံးငှက်ကား ပိတုန်းငှက်ပင်ဖြစ်သည်။ လိပ်ပြာတကောင်၏ အရွယ်ခန့်သာရှိသည်။ အမြဲတမ်း အစာစား၍ နေတတ်သည်။ သုံးမိနစ်၊ လေးမိနစ် ခြား တွင် ပြန်၍ ဆာလောင်တတ်ခြင်းကြောင့် ဖြစ်သည်။




နယူးဇီလန်ကျွန်းရှိ အတောင် မပါသော ကီဝီငှက်မှာ ထူးဆန်းလှသည်။ ရေကို လုံးဝ မသောက်ပေ။ မည်သည့်အခါမျှ မအော်မြည်ပေ။ သူ၏ဥမှာ အလွန် စံချိန်ကောင်းသည်။ ခန္ဓာကိုယ်၏ အလေးချိန် လေးပုံတပုံခန့် အချိန်စီးသည်။ တနှစ်လျှင် တဥသာ အုသည်။ ဥမှ သားငယ်ပေါက်စေရန် အဖိုက ဝပ်ပေးသည်။



ချီလီနှင့် ဗိုလစ်ဗီးယားနိုင်ငံများရှိ တောင်ကြားများတွင် နေထိုင် ကျက်စားသော ရေကြက် တမျိုးသည်လည်း ထူးဆန်းလှသည်။ တောင်ထွတ်များအကြားရှိ ဆားငန်ဓာတ်ပါသော စမ်းရေအိုင် များတွင် အသိုက်အအုံ ဆောက်လုပ် နေထိုင်ကြသည်။ ရေထဲတွင်ပင် အသိုက်ဆောက်သည်၊ ဦးစွာကျောက်တုံးများ ကို နှုတ်သီးဖြင့်ကိုက်ချီ၍ ရေပြင် တနေရာတွင် စုပုံသည်။ ကျောက်ပုံ တဖြည်းဖြည်း မြင့်တက်လာမှ ရေမှော်ပင်များကိုခင်း၍ အသိုက်လုပ်သည်။ သူ၏ နှုတ်သီးအပေါ်တွင် ကြံဦးချိုကဲ့သို့ ဦးချိုတမျိုး ပါရှိသည်။


စိတ်ကောက် မုံ့လို့
● အောင်မျိုးညွန့်
ရော့ စိတ်ကောက်မနေနဲ့ မုန့်စား
ရော့
စားဘူး သွား -
ဟင်!
ဒါက မေ စေတနာ နဲ့ကျွေးတာ . .
မင်းဟာမင်း စိတ်ကောက်ပြီး လွှင့်ပစ်တော့ မင်းဘဲ ငတ်တာပေါ့ . .


မြတ်
သော
ထင်ကျော်
သားငယ်လူလေး မယ့်ရှေ့သွေး
ကျွေးမွေးယုယ ပြုစုရ၊
ပညာတတ်ရန် ဆရာ့ထံ
အပ်နှံသင်ကြား ကျောင်းမှာထား။
အိမ်ပြန်ရောက်ခါ ကျောင်းကစာ
လေ့လာမှတ်သား သင်ကြိုးစား။
စာပေတတ်လျှင် ဘွဲ့ထူးဆင်
ပေါ်ထင်ပျံ့သင်း ဂုဏ်သတင်း။
ကိုယ်လက်လှုပ်ရှား အားကစား
လိုက်စားလေ့ကျင့် ဥာဏ်ရည်မြင့်။
ကာယဥာဏ်ဖြိုး စွမ်းရည်တိုး
သည်ပိုးဆောင်ရွက် တိုင်းပြည်တွက်။


နေ့လည်မုံ့စားလွှတ်ချိန်
ကတိဆိုတာ
ဦးလှရေ... ငါ့ပိုက်ဆံပျောက်သွားလို့... မင်းမှာအပိုပါရင် ငါ့ကိုချေးစမ်းပါကွာ... နောက်မှပြန်ပေးပါ့မယ်...
ချစ်တူးသည် မုံ့ဖိုးပိုက်ဆံပျောက်သွား၍ အခက်တွေ့နေ၏။
နောက်တနေ့
ရက်အတော်ကြာသောအခါ
ချစ်တူးသည် ပိုက်ဆံကို ပြန်မပေးဘဲ အမြဲ ရှောင်နေလိုက်သည်။



# ပုဏ္ဏားတိုင်မေး

ကျော်ညွန့်ငြိမ်း

"ပုဏ္ဏားတိုင်"ဆိုသော မြန်မာစကားသည် ယခုခေတ် ဒိုင်လူကြီးနှင့် အဓိပ္ပာယ် တူသည်။ ကြားမှ သမာ သမတ် ဆုံးဖြတ်ပေးရသောပုဂ္ဂိုလ်ဖြစ်သည်။

ပုဏ္ဏားတိုင် အဖြစ် ဆောင်ရွက်သူအား နှစ်ဖက်အသင်းမှ ကလေးများက တယောက် တလှည့်သွားရောက်တိုင်ကြားမေးမြန်း ကစားရသောကြောင့် ဤကစားနည်းကို "ပုဏ္ဏားတိုင်မေးကစားနည်း"ဟု ခေါ် သည်။

ရှေးဦးစွာ မြေကြီး ပေါ်၌ အတန်သင့် ဝေးကွာသော စည်းနှစ်စည်းကို တားရသည်။ ရှေ့စည်း၌ ယှဉ်ပြိုင် ကစားမည့် အသင်းနှစ်သင်းမှ လူများ တန်းစီနေကြရ၍ နောက် စည်း တွင် ပုဏ္ဏားတိုင် လုပ်သူက ရပ်နေရသည်။ ပုဏ္ဏားတိုင်နှင့် ကစားသူများသည် မျက်နှာချင်းဆိုင်နေကြရသည်။

ရှေးဦးစွာ တဖက်အသင်းမှ ကစားသူတဦးသည် ခြေတပေါင်ကျိုးခုန်၍ ပုဏ္ဏားတိုင်ထံ လာရောက်ပြီးလျှင် အခြား တဖက်အသင်းမှ မည်သူ လာလျှင် စီးမည် ဟု နာမည်တပ်၍ လျှို့ဝှက်တိုင်ကြား ရသည်။ ထို့နောက် မိမိနေရာသို့ ခြေစုံခုန်၍ပြန်သွားရသည်။ ကျန်အသင်းမှ ကစားသူတဦးသည်လည်း ထိုနည်းတူ ပုဏ္ဏားတိုင်ထံ သွား၍ မည်သူလာလျှင် စီးမည်ဟု တိုင်ကြားပြောဆိုရသည်။ တဖက်ဖက်က တိုင်ကြားသည့်အတိုင်း မှန်နေလျှင် ပုဏ္ဏားတိုင်က တိုင်ကြားသူကို ကျောပိုးခွဲရန် အမိန့်ပေးရ၏။ ထိုအခါ တိုင်သူကို ကျောပိုး၍ ပုဏ္ဏားတိုင်ဆီသို့ခေါ် သွားပြီးလျှင် သူ့နေရာရောက်အောင် ကျော ပိုး လျက် ပင် ပြန် ပို့ ရသည်။

အကယ်၍ ကစား သူ များသည် မိန်းကလေးများဖြစ်ပါက နားရွက်ဆွဲတမ်း ကစားနိုင်၏။

× × × ×



ကလေးတို့ရေ -

ပုံတွင်ပါသော အစက်များ အတိုင်း

ညှပ် ထုတ်ပြီး အားလုံးကို ရောလိုက်၍

မူလပုံ ပြန်ရအောင်ဆက်ပါ။

RASU




ခင်မောင်ထွေး(ဖျာပုံ)

# ဒါဖျားခိုင့် ပဒါဖန့်



"ဟော့ကောင်–မောင်ထွေး၊ မင်းလုံချည်ဝတ်တာ ချက်ပြုတ်မဝတ်နဲ့ကွ"

ကျွန်တော့်အား တင်ဝင်းက ပြောပါသည်။

"ငါဖာသာ ငါဝတ်တာ မင်းနဲ့ဘာဆိုင်သလဲကွ"

ကျွန်တော်က မာဆတ်ဆတ် ပြေလိုက်ပါသည်။

"မင်း ဟိုတနေ့က ဆရာ ပြောထားတာမေ့နေပလားကွ"

ထိုနေ့က ဆရာသည် "ဟေ့ မောင်ထွေး၊ အတန်းရှေ့ထွက်ခဲ့စမ်း" ဟု ကျွန်တော့်ကို အတန်းရှေ့သို့ ခေါ် ထုတ်ပါသည်။

"ကဲ-တပည့်တို့၊ သူပုဆိုးဝတ်ထား ပုံ ကို ကြ ည့် ကြ စမ်း။ ကောင်းသလား၊ မကောင်းဘူးလား"ဟု အတန်းသား များအား မေးပါသည်။

"မကောင်းပါဘူးဆရာ" ဟူ သောအသံများ ထွက်ပေါ်လာပါသည်။

"ကဲ–မောင်ထွေး၊ ပုဆိုးကို သေသေချာချာပြန်ဝတ်ပြီး မင်းနေရာ မင်းသွားတော့"ဟု ဆရာက ပြောပါသည်။

ကျွန်တော်လည်း ပုဆိုးကို ချက်အပေါ် ခပ်များများတင်၍ ခါးပုံစကို သေးနိုင်သမျှသေးကာဝတ်လိုက်ပါသည်။ပြီးသော် ဆရာဖက်သို့ လှည့်ပြပြီး ကျွန်တော့်နေရာသို့ လာခဲ့ပါသည်။

"ကဲ-တပည့်တို့၊ မောင်ထွေးကို ကြည့်ကြ။ တကယ်တော့ အခုလိုဝတ်တာဟာ သူ့အဖို့ပိုပြီး တော့ ခန့်ညားလာတယ်။ကျက်သရေလဲ ရှိလာတာပေါ့။

"ဆရာ သိရသလောက်ဆိုယင် ဗမာပြည်ထဲကို ဒီပုဆိုးချက်ပြုတ် ဝတ်တဲ့ အ ကျင့် ဆိုး တ ခု ရောက်လာတာဟာ ရုပ်ရှင်ကတဲ့လို့ ယူ ဆ တယ်။ တ ပည့် တို့ ကောင်းဘွိုင် မြင်းစီးကားတွေ ကြည့်ဘူးမှာပေါ့။အဲဒီကားတွေမှာပါတဲ့ ရုပ် ရှင် မင်း သား တွေဟာ နွားကျောင်းသားတွေဘဲကွ။ သူတို့တိုင်းပြည်မှာ အဲဒီအချိန် အဲဒီအခါတုန်းကဆိုယင် သေနတ်ကို ကိုင်ချင်တဲ့သူ ကိုင်ခွင့်ရှိတယ်။ သူတို့ဟာ နွားတွေကို ရာနဲ့ချီပြီး ကျောင်းရတာဆိုတော့ သူတို့မှာ နွား တွေ ကို ချောက်လှန့်ဖို့သေနတ်တွေကိုယ်စီ ပါကြရတယ်။ အနဲဆုံးတော့ နှစ်လက်စီ ပါကြတာပေါ့။သူတို့ဟာ သေနတ်တွေကို ဘယ် တ ဖက် ညာတဖက်၊ ကျည်ဆံတွေ တသီတတန်းကြီးနဲ့ချိတ်ဆွဲထားလေ့ရှိတယ်။ အဲဒီတော့ ခါးပတ်ဟာ သေနတ်နှစ်လက်နဲ့ ကျည်ဆံ တွေ ရဲ့ အ လေး ကြောင့် အောက်ကို လျှော ကျ နေ တာပေါ့။

"အဲဒီ ရုပ် ရှင် ကား တွေ ကို ကြည့်ပြီး တို့ဗမာလူငယ်တွေက ဘောင်းဘီလဲ မဝတ်နိုင်။ ရှိတဲ့ ပုဆိုးနဲ့ဘဲ ချက်အောက် ခပ်လျှောလျှော ဝတ်ကြရတယ်။ ချက်အောက်မရောက်လဲ ရောက်အောင် လက်မနဲ့ ဖိချလိုက်ကြသေးတယ်။ ဒါကို ကြည့်မယ်

ဆိုယင် မလိုလားအပ်တဲ့ အကျင့်
ဆိုးကလေးတွေဘဲ။ မင်းတို့ ရှက်
တတ်စမ်းပါကွာ။

"တပည့်တို့ ဆရာပြောတဲ့ အတိုင်း ပြင် ကြ မယ် မ ဟုတ် လား"

"ပြင်ပါ့မယ် ဆရာ"

ကျောင်းသား အား လုံး က ပြိုင်တူဖြေလိုက်ကြသည်။ ကျွန်တော်သည် ပါးစပ်မှ ဖြေလိုက်ရသော်လည်း စိတ်ကတော့ မပါပေ။

ကျောင်းဆင်း ခေါင်းလောင်းထိုး၍ ကျွန်တော် ပြန်လာခဲ့ပါသည်။ ကျောင်းဝင်း အပြင်ရောက်သော် ကျွန်တော့် ပုဆိုးကို ချက်ပြုတ်ကျကျ ပြန်ဝတ်လိုက်သည်။ ခပ်တည်တည်ပင် အိမ်ပြန်လာခဲ့သည်။

× × ×

ယနေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ နံနက်ပိုင်း သတင်းလည်း ရေဒီယိုမှ လာနေပေပြီ။ ကျွန်တော်သည် ကာတွန်းစာအုပ်တအုပ်ကိုဖတ်နေပါသည်။

"ဟေ့- မောင်ထွေးဘာလုပ်နေလဲကွ"

"ကာတွန်း ဖတ်နေ တယ် ဦးလေး"

ဦးလေး ထွန်းမောင် ဖြစ်ပါသည်။ ကျွန်တော်ပျော်သွားပါသည်။ ယနေ့ကဲ့သို့ အချိန်မျိုး လာသည်ဆိုလျှင် ရုပ်ရှင်လိုက်ပြရန်အတွက် ဖြစ်ပါလိမ့်မည်။

"လိုက်မလားကွ ရုပ်ရှင်"

"ဟုတ်ကဲ့လိုက်မယ်ဦးလေး"

ကျွန်တော်က သွက် လက်စွာအဖြေပေးလိုက်ပါသည်။ ပြီးသော်ဖေဖေနှင့်မေမေအားပြောပြီး ဦးလေးထွန်းမောင်နှင့်ထွက်ခဲ့ကြ ပါသည်။

ကျွန်တော်တို့သည် ရန်ကုန်မြို့လယ်ရှိ ပပဝင်း ရုပ်ရှင်ရုံသို့ ရောက်လာကြပါသည်။ ကောင်းဘွိုင်ကား ဖြစ်သည်ဆို၍ ကျွန်တော် အလွန် ပျော်သွား မိပါသည်။

ရုပ်ရှင်ထဲမှ ကောင်းဘွိုင်တို့သည် ဘောင်းဘီ ကျပ်ကျပ်ကို ဝတ်ထားကြသည်။ စီးကရက်ကို ခဲကြသည်။ အရက်ကို သောက်ကြသည်။ အချင်းချင်း မကြာခဏစကားများကာ ထိုးကြသည်။ သတ်ကြသည်။ သူတို့၏ရုပ်ရည်သည် အရူးတယောက်ကဲ့သို့ ရွံရှာဘွယ် ကောင်း တော့သည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများမှာ မည်း၍ ညစ်ပတ်နေကြသည်။

ယခင်က ကျွန်တော်သည် ဤဇာတ်ကား မျိုးကို ကြည့်ဘူးခဲ့ ပါ သည်။ သို့သော် ကြည့်ကောင်း ကောင်းနှင့် ကြည့်ခဲ့သည် သာ များပါသည်။ ယခုကား ဆရာ ပြောသည့် အချက်များကိုကြားယောင် နေသဖြင့် ကောင်းဘွိုင်တို့၏ မြင်ကွင်းကို ကြည့်ရင်းကျွန်တော်သည် ရွံမုန်းလာပါသည်။

အပြန်ခရီးကား ကျွန်တော်၏ ခြေလှမ်းများသည်သွက်လက်၍ နေပါတော့သည်။

# သူရဲကောင်း နှစ်ယောက်နှင့် ကြက်အိုမယ်

ပျားကလေးတွေ တဝီဝီ
ပျားရည် စုကုန်ပြီ။
စီစီညီညီ ပုရွက်လမ်း
ထမင်းလုံးတွေ ထမ်း။
မပန်းနိုင်တဲ့ မမောနိုင်
နေမင်းကြီးနဲ့ ပြိုင်။
မိုးတွေဖြိုင်တော့ သူတို့နား
လုပ်သား သူရဲကောင်းများ။
ဝမ်းခါးမလှ ကြက်အိုမယ်
မိုးရေထဲမှာ တလယ်လယ်။
နွေမယ်တုန်းတော့ မစုဆောင်း
သူ့အပြစ်နဲ့ သူ့အကြောင်း။
သူ့လိုမကျင့်ကောင်း။ ။

စောသိန်းပန် (လယ်ယာမြေ)





# သစ်တော်သီး

သစ်တော်သီးသည် အရသာ ရှိသလောက် တန်ဖိုးရှိသည့် လူကြိုက်များသော သစ်သီးဖြစ်သည်။ အရသာမှာ ချို၊ ချဉ်၊ ဖန် ဖြစ်သည်။ သို့သော် အချိုဖက်ကို နှယ်သည်။ အရည်ရွှမ်းသောအသီး ဖြစ်၍ အစာကြေစေသည်။ အားတိုး စေသည်။ အသားအရေကို လှပစေသည်။ သွားများခိုင်မာစေပြီး မျက်စိကိုလည်း ကြည်လင်စေသည်။ သစ်တော်သီးကို အများအားဖြင့် အစိမ်းအတိုင်း စားကြသည်။ သစ်တော်သီး ဖျော်ရည်အဖြစ်ရင်း၊ ယိုအဖြစ်ရင်း ပြုလုပ်၍လည်း စားသုံးနိုင်သေးသည်။

သစ်တော်ပင်ကို ဆစ်တော်စေ့မှ စိုက်နိုင်သည်။ သစ်တော်ပင်ရိုင်း၏ ပင်စည်ကို ဓားဖြင့်ခွဲပြီး မျိုးကောင်းသစ်တော်ပင်မှ မျက်စိကို ထည့်သွင်း၍စိုက်က သစ်တော်မျိုးကောင်း ရရှိနိုင်သည်။




သစ်တော်သီး အမျိုးပေါင်း များစွာရှိသည်။ အချို့ သစ်တော်သီးများသည် တလုံးလျှင် တပိဿာ နီးပါး အချိန် စီးလောက်အောင် ကြီးထွားသည်။ ပုံသဏ္ဍာန်အားဖြင့် အလုံးအဝိုင်း ပုံများအပြင် ဗူးသီးပုံသဏ္ဍာန် သစ်တော်သီးမျိုးလည်း ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တော်သီးကို အထူးသဖြင့် ရှမ်းပြည်နယ်၌ များစွာ စိုက်ပျိုး ဖြစ်ထွန်းသည်။






နိုးမြင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇ဝ) က ကင်းလွတ်ခွင့် အမှတ် ဝ၁၂ဝ၇ အရထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆ဝ-ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၂။ အမှတ် - ၃၆။

# စစ်သူကြီး နှစ်ယောက်

ဇာတ်လမ်း - အာပါကြီး

သရုပ်ဖော် -

ရွှေသွား ဂျာနယ်

၁၃၃၂ ခု၊ တော်သလင်းလဆန်း ၅ ရက်။ (၅-၉-၇၀)





စနေနေ့တိုင်း ထုတ်ဝေသည်။






ဟာ-ကျားကြီး-
ဟမ်း


ဇာတ်လမ်း- ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန် ဆရာခံ
ပန်းချီ - ဦးအေးဝင်
ဒီကောင်တွေ ရထားနဲ့ လာမှာဘဲ- ရထားလမ်း ဖျက်ထားယင်- ခင်ဗျား မလာနိုင်တော့ပါဘူး
ဟော- ဗိုလ်မှူးဖိုးလွင်ပါလား နောက်က လူတွေက ဘာကိစ္စလဲဗျ
သမီးကညာ ဆက်ချင်လို့ ပါတဲ့ဆရာကြီး
တယ်လဲ ခက်ပါလား- ဒုက္ခတော့ ကောင်းကောင်းကြီး ရောက်ပြီ - ကဲ ထိုင်ကြပါ
သာသနာပြုမယ့်ဗုဒ္ဓရာဇာ မင်းမြတ်ကြီး- ကျွန်တော်မျိုးတို့ရဲ့ ကောင်းခြင်း ငါးဖြာနဲ့ပြည့်ဝတဲ့ သမီးကညာကို မိဖုရားခေါင်ကြီး အရာပေးသနားပါရန် ဆက်သပါတယ်အရှင် မင်းမြတ်
ဟာ- ဒုက္ခပါဘဲ- ကျုပ်ဘုရင်မဟုတ်ပါဘူး ဆူပွန်ဗျ- ဆူပွန်ဆိုတာ တောခေါင်ခေါင်မှာ အဝတ်တော်အပြတ်ပြတ်နဲ့ ဒုက္ခရောက်နေရတာဗျ - ကဲ-ကဲ- ခင်ဗျားတို့ သမီးကို ပြန်ခေါ်သွားပါ - ဘယ်နဲ့ ကြံကြံဖန်ဖန်များ
တောင်နန်းမိဖုရားခေါင်ကြီး မဖြစ်တောင် မြောက်နန်း တော့ပေးပါအရှင်
ကျုပ်တောင် ဘုရားပေါ်က ရေပ်မှာကပ်နေရတာဗျ- ကဲ သွားကြ ပါတော့ဗျာ ကို့


ကပ္ပတိန် အက်ဖ်အိပ်ချ်ရပ်စ် အုပ်ချုပ်သော ပန်ချာပီ
စစ်တပ်သည် ထန်းတောရွာသို့ ဝင်လာလေ၏။
ရွာသားများ ထွက်ပြေးကြရာ မပြေးနိုင်
သောအမယ်အိုကို ဖမ်း၍
မီးထဲသို့ ပစ်ချ၏။
ကလေးငယ်တဦးကို လှံစွပ်ဖြင့်
ထိုးသတ်၏။
ထန်းတောရွာကိုလည်း မီးရှို့
လိုက်လေသည်။
ဂဠုန်ဗိုလ်မှူးတပ်ချီတက်လာပြီးတိုက်
ပွဲဖြစ်ပွားရာ–
ကပ္ပတိန် ရပ်စ်ဒဏ်ရာရသဖြင့် ပန်ချာပီတပ်သည်ထွက်
ပြေးလေတော့သည်။



ဘယ့်နှယ့် ဗိုလ်မှူး စောအေးဖေ အခြေအနေ ဘယ်လိုလဲ ဗျ
ဌာနချုပ်ရှိ မဏ္ဍပ်တွင်း၌ ဂဠုန်တပ်ဖွဲ့ဝင်များ စည်ကားလျက်ရှိသည်။
သူကြီး သာခွေး က - ဘာဂဠုန် ညာဂဠုန် နဲ့ လျှောက်ဆဲနေလို့ ကျုပ်တို့လဲ ဒူးလေးနဲ့ ပစ်ပြီး သူ့သေနတ်ကို လုလာခဲ့တယ်ဗျ- သာခွေးလဲ ပြေးလိုက်တာ တန်းနေတာဘဲ ဟား - ဟား - ဟား - - -
ကျုပ်တို့ဝက်ထီးကန် နားက မြို့မရွာမှာ တိုက်ပွဲဖြစ်တယ် - ရာဇဝတ်ဝန်နဲ့ - - အင်္ဂလိပ်တော်ကျသွားတယ် - သူတို့က နေ့လယ်ဘက်ဝင်လာပြီး ကြက်ဝက်တွေ ဖမ်း - မိန်းမတွေ ဆွဲနဲ့ - ကျုပ်တို့ဝင်ဆော်လိုက်တာ ဒီကောင်တွေ အတော်ထိသွားတယ်
ဒါနဲ့ သာယာဝတီမှာပန်ချာပီစစ်တပ် အင်အား နှစ်ထောင်လောက်ရောက်နေဆိုပါလား
ဟုတ်တယ် - မြို့လဲ တညသုံးလေးခါ လန့်နေသတဲ့
အင်း - ကျုပ်တို့ဝင်တိုက်ဖို့ အချိန်ကောင်းဘဲ - ဒါပေမဲ့ ကျုပ်တို့အဖွဲ့ထဲက တချို့ဟာ ခမြတိုက် - လုယက်နဲ့ လယ်သမားအချင်းချင်း ပြန်နှိပ်စက်နေတော့ ခက်ပါတယ်
ဟုတ်တယ်ဆရာကြီး - အင်းရွာတပ်ရင်းက ဗိုလ်အုံးဖေ ဆိုယင် ဌာနချုပ်ကိုတောင်မလာရဲဘူး - ရှောင်နေတော့တယ်
အင်း - ဒီလိုဆို ဂဠုန်အဖွဲ့ဟာ သက်ဆိုးမှ ရှည်ပါ့မလား


အမျိုးသားပြတိုက်သို့
မောင်သက်ကြူ ပန်းချီဦးစိန်
စနေနေ့ဖြစ်သည်။ နေ့ဝက်ရုံးဆင်းသဖြင့် ဦးလေးသည် ကျွန်တော်တို့ကို ပန်းဆိုးတန်းလမ်းရှိ အမျိုးသားပြတိုက်သို့ ခေါ်သွားပါသည်။
ဒီဒါ. အမျိုးသားပြတိုက်ပေါ့ အထဲဝင်ပြီး လေ့လာရမယ်
ဟုတ်ကဲ့ ဦးလေး
ဟော ဒါ - သီဟာသနပလ္လင်လို့ခေါ်တယ်
ပြတိုက်ထဲ ဝင်ကြည့်တဲ့အခါ-ပြထားတဲ့ ပစ္စည်းတွေကို မကိုင်ရဘူးကွဲ့-စည်းကမ်းရှိရမယ်
ပလ္လင်၏ရှေ့တွင် လောကနတ်ရုပ်ကိုမြင်ရပါသည်။ ထိုနတ်ရုပ်မှာ ကနေ၏။ ခြေထောက်တွင်လည်း စည်းကလေးရှိ၏။
ပြတိုက် ကြည့်တယ်ဆိုတာ အလှကြည့်ရတာမဟုတ်ဘူး-တခုစီ-သေသေချာချာလေ့လာရတယ်-နောက်ပြီး တွေးကြည့်ရသေးတယ်



ဟာသော်ရုပ် ကွမ်းအုပ်တဲ့ -
ဒီပစ္စည်းတွေဟာ - ရှေးက
ရှင်ဘုရင်တွေသုံးတဲ့ပစ္စည်း
တွေပေါ့
ရွှေအစစ်နဲ့
လုပ်ထားတယ်
နော်..
ကွမ်းနဲ့ပတ်သက်တဲ့ပစ္စည်း
တွေ အများကြီးတွေ့ရလို့
ရှေးကဘုရင်တွေဟာကွမ်း
သိပ်စားမှာဘဲ
ဒီအတွေး
မဆိုးဘူးဟေ့
ကဲဟေ့-ကျောက်ခေတ်
ပြခန်းထဲကိုဝင်ကြစို့




ဆက်ရန်



တရားသူကြီး ပညာသိဂိုကျော်
ပညာသိရိကျော်သည် လွန်စွာ တရားစောင့်သည့် တရားသူကြီးချုပ်တပါး ဖြစ်သည်။
..... သို့သော် ဘုရင်ကြီးသည် .......
ပညာ သိရိကျော်ရဲ့ စီရင်ချက်တွေမှာ၊ ငါမသိတဲ့ မတရားမှုတွေများ၊ ရှိနေသေးသလား…
စီရင်ဆုံးဖြတ်ချက်တွေ မတရားလို့ မကျေနပ်သူ ရှိရင် ငါ့ဆီတိုက်ရိုက် အယူခံဝင်နိုင်အောင် စီမံထားဖို့ကောင်းတယ်… ဒီတော့…
ဘုရင်ကြီးသည် မကျေနပ်သူ ရှိက ခေါင်းလောင်း ထိုး၍ တိုင်ကြားနိုင်အောင် မြို့လယ်ခေါင်၌ ခေါင်းလောင်း တလုံး ထားရှိစေသည်။
သို့သော် ရက်လနှစ်တွေသာကုန်ဆုံး၍ ခေါင်းလောင်း ထိုးသံကား တခါမျှ မကြားရချေ။ တနေ့သော် လူတယောက်သည် နွယ်ကြိုး ခတ်ရာမှအပြန်-
အလို.. ခေါင်းလောင်းထိုးဖို့ ကြိုးလဲ ဆွေးမြေ့နေပါရောလား..၊ ငါ့နွယ်ကြိုးကမှ ပိုခိုင်အုံးမယ်.. ကြိုးဟောင်းနေရာမှာ အစားထိုးချည်ပေးခဲ့လေအုံးမှ


ထိုနေ့ညနေတွင် ---
ဟင်
ဘုရင်ကြီးသည် ခေါင်းလောင်းထိုးသူကို ချက်ချင်း အခေါ်ခိုင်းလိုက်ရာ....မကြာမီ ---
အလို • နွားအိုကြီးပါလား••
မှန်လှပါ...ရှူလကြိုးဆွေးနေရာအစားထိုးချည်ထားတဲ့နွယ်ပင်က..အရွက်တွေကို ဒီနွားအိုကြီး ဆွဲယူစားနေလို့ခေါင်းလောင်းမြည်တာပါဘုရား
...မတော်တဆဖြစ်တာကိုး...ကဲ..ကဲ ဒါဖြင့်လဲ ဒီနွားအိုကြီးကိုပြန်လွှတ်လိုက်...ခေါင်းလောင်းကြိုးသစ်လဲပြန်တပ်လိုက်ကြကွယ်..
မှန်လှပါ... ဒီကိစ္စဟာ မတော်တဆအမှု မဟုတ်နိုင်ပါ..., ဒီတရားကိုကျွန်တော်မျိုး စီရင်ပေးလိုပါသည် အရှင်ဘုရား........
နွယ်ကြိုးကအရွက်ကို-နွားအိုဆွဲစားလို့အသံမြည်တဲ့ကိစ္စဘဲဟာ၊တရားစီရင်ဖို့လိုအုံးမှာလား ပညာသိဂီကျော်ရဲ့..စဉ်းစားလဲပြောပါအုံး...



လိုပါတယ်ဘုရား…၊ဒီနွားကြီးကို ကြည့်ရတာ အလုပ်မလုပ်နိုင်တော့လို့ သူ့သခင်က အစာ ရေစာဝအောင်မကျွေးဘူးထင်ပါတယ်ဘုရား…
သန်မာဖျတ်လတ်စဉ်က ခိုင်းချင်တိုင်း ခိုင်းပြီး၊ အခုလိုအိုမင်းကာမှ လျစ်လျူရှုထားတာကို ဒီနွားကြီးကျေနပ်နိုင်ပါ့မလားဘုရား
အင်း..ဟုတ်ပေတယ်၊ ဒီနွားအိုကြီး အနေနဲ့ဘယ် ကျေနပ်နိုင်ရှာမလဲ…သူ့သခင်ကို တရားစွဲသင့် တာပေါ့…၊ ကဲ..ဒီနွားပိုင်ရှင်ကိုသွားခေါ်ချေ…..
နွားပိုင်ရှင်ကြီး ရောက်လာသောအခါ--
ယနေ့မှစ၍ သင်ဒီနွားအိုကြီးကို နေ့စဉ် အစာဝအောင်ကျွေးပြီး၊ ကောင်းစွာ စောင့် ရှောက်ရမယ်…ချမ်းသာစွာထားရမယ်၊
သိရိဇြကျော်..သိရိဇြကျော်…၊ တကယ့်ကို ပညာရှိပါပေတယ်၊ သူ့အပေါ်မှာ သံသယဝင်မိတာ ငါသိပ်မှားတာဘဲ….
သင့်အပေါ် ငါသံသယဝင်မိတယ် ပညာသိရိဇြကျော် … ဒါပေမဲ့..အခုလို တိရစ္ဆာန်ရဲ့ တရားကို ရှုမြင် ဆုံးဖြတ်ပုံ တွေ့ရတော့- ငါ့အမှားကို ငါမြင်လာတယ် •သင်ဟာ တကယ့်ကို တရားစောင့်သူပါဘဲ….

# ရတနာတင်ထု

ကျော်ဆွန့်ဦး




ရှေးဦးစွာ အကျယ် ခြောက်ပေခန့် ရှိသော စည်းဝိုင်း တခု အတွင်းတွင် ကလေးတယောက်သည် မြေကြီးကို လက် နှစ်ဖက်ထောက်၍ ဆောင့်ကြောင့် ထိုင်နေရသည်။ ထိုသူကို "ရတနာတင်"ဟု အမည်ပေးထားသည်။ ကျန် ကစားသူ ကလေးများက စည်းဝိုင်း အပြင် ၌ ဝိုင်း ၍ မတ်တပ် ရပ်နေကြရသည်။ အပြင်မှ ကလေးများသည် စည်းဝိုင်းအတွင်းမှ ရတနာတင်ကို အလစ် ချောင်းဝင်၍ သူ၏ တင်ပါးကို ထုရလေသည်။ထုသောအခါ မနာ မကျင်အောင် ထုရသည်။ ထို့ကြောင့် ဤ ကစား နည်းကို "ရတနာတင်ထု" ဟု ခေါ်ခြင်း ဖြစ်ပေသည်။

အိမ်ပြင်ပ ကစားနည်းတရပ် ဖြစ်၍ ကလေးများ၏ကိုယ်လက်လှုပ်ရှားမှု၊ စိတ်ပျော်ရွှင်မှုတို့ကို အားပေးသည်။ ကစားနေသော အခါတွင် ရွတ်ဆိုရန် ကဗျာ လင်္ကာဟူ၍ မပါချေ။ မိန်းကလေး ဖြစ်စေ၊ ယောကျ်ားကလေး ဖြစ်စေ မိမိတို့အချင်းချင်း စုပေါင်းဝိုင်းဖွဲ့၍ ကစားနိုင်လေသည်။

ဤ ကစား နည်း ၌ ရတနာတင်သည် စည်းဝိုင်းထဲဝင်၍ မိမိကို ထုသူများအား ပြန်၍ခုခံခွင့် ရှိသည်။ သို့သော် ထိုင်နေရာမှ မထဘဲ ဆောင့်ကြောင့်ထိုင် အနေအထားဖြင့်ပင်လက်ဖြင့်လှမ်း၍သော်၎င်း၊ ခြေဖြင့်သော်၎င်း ပြန်လည် ပုတ်ခတ်ရသည်။ စည်းဝိုင်းထဲမှ လူကို အလစ်တွင် ဝင်၍ ထုသူတို့ကလည်း ပြန်လည် ပုတ်ခတ်ခြင်းကို မထိအောင် ရှောင်ကြရသည်။ အရှောင် မတော်၍ ထိသွားခဲ့သော် အထိခံရသူက ရတနာတင် လုပ်၍ ဆက်ကစားရလေသည်။

## လေးဘီးကားငယ်
### လုပ်နည်းလွယ်

ပုံကို စက္ကူ၊ ခပ်မာမာ ပေါ်တွင် ကပ်ပြီး ညှပ်ထုတ်ပါ။ ကားခေါင်မိုးပိုင်းတဖက်စီမှ အောက်သို့ချိုး၍ ခေါက်လိုက်ပြီး အနှောင့် ချွန် ကလေးများကိုချိုးကာကော်ဖြင့် ကပ်၍ဆက်ယူပါ။



# တာဝန်

နန်းခမ်းအေး



မောင်ကျော်ဦးသည် မိဘ ပိုက်ဆံ ချမ်းသာသဖြင့် ထင်သလို သုံးဖြုန်းနေထိုင်စားသောက်လေ့ရှိသည်။ ယခုအသက် ၁၅ နှစ်ထဲ ရောက်လာသည့်တိုင် ခုနစ်တန်းမျှသာ ရောက်သေးသည်။ လေးတန်းနှင့် ခြောက်တန်းတွင် စာမေးပွဲ ကျရှုံးခဲ့ဘူးသည်။ ယခုနှစ် နွေကျောင်းပိတ်ရက်တွင်သူ့ဖခင်က သူ့ကို သီပေါမြို့သို့ အလယ်လွှတ် လိုက်သည်။

မောင်ကျော်ဦးသည် သီပေါမြို့သို့ရောက်ပြီး တပတ်ခန့်ကြာသည့်တိုင် အချိန်ရသရွေ့ ပြသမျှရုပ်ရှင်ကားများ ကိုသာ အလဲအလှယ် ကြည့်ရှုနေခဲ့သည်။

တနေ့တွင် ဒုဋ္ဌဝတီ မြစ်ကမ်းဘေး၌ ကျောက်စရစ် ခဲ ကလေးများကိုလိုက်လံကောက်ယူနေသော ကလေးငယ် နှစ်ဦးကို အမှတ်မထင်တွေ့မိသည်။ သူတို့သည် ဟောင်းနွမ်း စုတ်ပြတ်သော အင်္ကျီ နှင့် ဘောင်းဘီများ ဝတ်ဆင် ထားကြသည်။

"ဒီမယ် - ညီလေးတို့ အခုကောက်နေတာ ဘာလုပ်ဖို့လဲဟင်"

"ပန်းအိုးနဲ့ ပန်းအလှစိုက်တဲ့ လူတွေဆီမှာ လိုက်ရောင်းရတယ် အကို"

"ဩော်–ဟုတ်လား။ မင်းတို့ တခြားကော ဘာတွေ လုပ်ကြသေးသလဲ"

"အိမ်တွေကိုသတင်းစာလိုက်ပို့ကြတယ်လေ"

ထို့နောက် မောင်ကျော်ဦးသည် သူတို့အကြောင်းကို တွေးရင်း အိမ်သို့ပြန်လာခဲ့လေသည်။

နောက်တနေ့တွင် မြို့ထဲသို့ လျှောက်ခဲ့မိပြန်သည်။ ဈေးဖက်သို့သွားသော လမ်းချိုးကလေးတခု၌ လိမ်မော်သီး ခြင်းကလေး နှစ်ခြင်းကိုကိုင်ကာ ရပ်နေသော ကလေးနှစ်ဦးကို ရုတ်တရက် တွေ့လိုက်မိသည်။

"ဟော - အကို။ လိမ်မော်သီးခြင်းတွေ ဝယ်ပါအုံးလား"

အသံ ဝဲဝဲ လေး နှင့် အကြီးကောင် ကလေးက လှမ်း ခေါ် လိုက်သည်။

"လိမ်မော်သီး ရောင်းနေကြပြန် ပြီ လား။ တ ခြင်း ဘယ်လောက်လဲကွ"

"နှစ်ကျပ်ထဲပါ အကို။ ဝယ်နော်"

"အေး- အကိုတခြင်းယူမယ်။ ရော့ နှစ်ကျပ်"

ကလေး နှစ်ယောက်က ဝမ်းသာ အားရပင် ငွေကို လက်ခံလိုက်ကြသည်။

"ဒါထက် ညီလေးတို့နာမယ်တွေ အကိုမသိရဘူးလား"

"ကျွန်တော်ကအိုက်စံ၊ သူက အိုင်စိုင်း"

"မင်းတို့ဘာတော်သလဲဟင်၊ အသက်ကော ဘယ်လောက်ရှိကြပြီလဲ"

"ညီအကိုပါအကို။ ကျွန်တော်က ၁၃ နှစ်၊ သူက ၁၁ နှစ်ပါ"

"ကျောင်းနေကြပြီလား"

"ကျောင်း – ကျောင်း – ကျောင်းမနေရဘူးအကို"

ကလေး များ ၏ အဖြေကို ကြားရလျှင် မောင်ကျော်ဦး

အဖို့ အတော်ပင် စိတ်မကောင်း ဖြစ်သွားမိသည်။

"ဒါထက်- ညီလေးတို့က ဒီမြို့ ကနော်။ အကိုက အလယ်လာ တာကွ။ အကိုကို မင်း တို့မြို့ နဲ့ အောင် လိုက်ပို့ပေးပါလား"

"ဟုတ်ကဲ့ အကို"

သို့နှင့်ပင် နှစ်ရက်ခန့် သီပေါ တခွင်ပြုပြစင်အောင်အနှံ့အပြား လျှောက်လယ်ကြသည်။ ကလေး နှစ်ယောက်ကိုမောင်ကျော်ဦးက သနားသဖြင့် နှစ်ရက်အတွက် ငွေတဆယ် ပေးသည်။ သူတို့က မျက်ရည်ဝဲလာသည်ထိ ဝမ်းသာ စွာနှင့် လက်ခံယူကြသည်။

သူတို့ကို မြင်ရပြီး မိဘပိုက်ဆံ ကို အခန့်သား ဖြုန်းတီးနေလာ ခဲ့မိသည့် မိမိ အ ဖြစ် ကို တစိမ့် စိမ့် တွေးကာ ရှက်လာမိသည်။

နောက် တ နေ့ တွင် မောင် ကျော်ဦးသည် သူ၏ကြီးကြီး ခွင့် ပြုချက်အရ လားရှိုးသို့ ရထား ဖြင့် အလည် လိုက် ခဲ့ သည်။ ဘူတာမှ မြို့တွင်းသို့ ကားစီး၍ သွားစဉ် ဆေးရုံ ဝင်းတံခါးရှေ့၌ အိုက်စံတို့ကို ရုတ်တရက် သတိပြု မိလိုက်သည်။ ဘာလာလုပ်ကြပါ လိမ့် ဟူသော စူးစမ်းလိုစိတ်က မောင်ကျော်ဦး ရင်ထဲတွင် အ ပြည့် ရှိနေခဲ့သည်။ ဤခရီးသို့ အလယ်သက်သက်လာခြင်းကား မဟုတ်နိုင်ဟု စဉ်းစားမိသည်။

မောင် ကျော် ဦး သည် ကား သမားကို အရပ်ခိုင်းပြီး ဆင်း လိုက်သည်။ က လေး များ မှာ မောင်ကျော်ဦးမမြင်ကြပဲဆေးရုံ ထဲသို့ ဝင်သွားသည်။ မောင် ကျော်ဦး တဦးတည်း အဝင်ဝ တွင် ယောင်ချာချာနှင့် ရပ်နေမိ သည်။ ၁၀ မိနစ်ခန့် ကြာလျှင် မစောင့်နိုင်တော့သဖြင့် အထဲသို့ ဝင်လိုက် သွား သည်။ ဆရာမ တဦးကို တွေ့၍ က လေး နှစ် ယောက်ကို မြင်လိုက်မိပါသလား ဟု မေးသည်။ ဆရာမက သူ့ နောက်ကိုလိုက်ခဲ့ရန်ခေါ် ဆောင် သွားသည်။ အခန်းတခုအတွင်း သို့ ကြည့်လိုက်ရာ အိုက်စံ တို့ ညီအကိုမှာ လူနာခုတင် ပေါ်မှ လူနာ မိန်း က လေး တဦးနှင့် စကားပြောနေကြသည်ကို တွေ့ ရသည်။ အကြောင်းစုံကို ဆရာ မအား မေးကြည့်မိရာ၊ အိုက်စံ တို့ရွာကို သူပုန်တွေ ဝင်စဉ်က အိုက်စံတို့မိဘများ သေဆုံးရပုံ၊ ခု ဆေးရုံ တက် နေသူ လေးမှာ အိုက်စံတို့အစ်မ နန်းခမ်းမိုး ဖြစ် ကြောင်း၊မိမိမျက်စိရှေ့တွင် မိဘ များ သေဆုံးရသည်ကို မြင်ရ၍ စိတ်ထိခိုက်ကာ ရူးမတတ်ဖြစ်ရ ပုံ၊ အိုက်စံတို့က ဆေးရုံလာပို့ပုံ၊ ဆေးဘိုးဝါးခကိုလုပ်အားအရင်း တည်ပြီး ရှာကြပုံ၊ လာပေးကြပုံ တို့ကို အားရဖွယ်ရာ ကြားသိရ လေသည်။

မောင်ကျော်ဦးမှာ သူ့ကိုယ် ကို အလွန်အမင်း မကြေမချမ်း ဖြစ်မိပြီး၊ နောင်တွင် သူ့ကိုယ်ကို ပြုပြင် တော့မည် ဖြစ်ကြောင်း ပိုင်နိုင်စွာ ဆုံးဖြတ် လိုက်လေ တော့သည်။

× × × ×

## လိမ်မာယဉ်ကျေး သားရွှေသွေး

မိဘဆရာ ကြီးသူများကို
အမြဲလေးစား ရှိသေတယ်။
အိပ်ရာဝင်လျှင် ဦးနှိမ်ချလို့
ဆုံးမစကား နားထောင်တယ်။


နေရာတကာ အလိုက်သိလို့
မိဘကိုလည်း ကူညီတယ်။
ဘယ်ခါမဆို သူ့ကိုခိုင်းတော့
မဆိုင်းမတွ ပေါ့ပါးတယ်။

သက်ကြီးရွယ်အို ထိုသူများကို
ရိုသေလေးစား ကူညီတယ်။
ကလေးအရွယ် ငယ်သူကျတော့
စော်ကားရန်စ မရှိတယ်။

နေ့စဉ်မှန်မှန်ကျောင်းကိုသွားလို့
ရိုးရိုးသားသား ကြိုးစားတယ်။
အားကစားပညာ စွယ်စုံကောင်းလို့
လူရည်ချွန်လောင်း ရွှေသွေးငယ်။

ကျောင်းသားလူငယ်
မောင်မယ်များတို့
တိုးတက်ကြီးပွား လိုယင်တကယ်။
စစရာရာ လိမ်မာကြမှ
မချွတ်တိုးတက် ကြီးပွားမယ်။
မှတ်ကွယ်၊ မှတ်ကွယ်။ ။

မင်းသုရ



R. 517

# သီးသီး




ကြိုက်တတ်သူများအဖို့ သူမတူအောင်အနံ့ မွှေးသလောက် မကြိုက်သူများ နှာခေါင်းရှုံ့တတ်သည့် အသီးတမျိုးမှာ သီးသီးဖြစ်သည်။

သီးသီး အစိမ်းသည် ချဉ်သော အရသာရှိ၍ အချဉ်ကြိုက်သူများ ဆားနှင့် တို့စားလေ့ရှိသည်။ သီးသီးအမှည့်မှာ ချိုချဉ်အရသာရှိသည်။ ထန်းလျက်နှင့် ပေါက်၍ စားနိုင်သည်။ အတွင်းသားကို ဇွန်းဖြင့် ခြစ်ယူပြီး သကြားရော၍ ဖျော်ရည် ဖျော်သောက်နိုင်သည်၊ ယိုထိုးနိုင်သည်။ အရသာမှာ ထူးမျိုးထူးလေသည်။

မြန်မာဆေးကျမ်းတွင် သီးသီးသည် ကြေခဲ၏။ ပန်းနာ၊ အော့အန်နာ၊ ပင်ပန်း နွမ်းနယ်ခြင်းတို့ကို ပျောက်စေ၏။ နှုတ်ကို မြိန်စေတတ်၏။ ဝမ်းကိုချုပ်စေ၏။ အခါခပ်သိမ်း မှီဝဲအပ်၏ဟု ဖော်ပြထားသည်။ သီးသီးတွင် အရိုး၊ သွားနှင့် အကြောများကို သန်စွမ်း စေသော ထုံးဓာတ်ပါရှိသည်။ သွေးအားကို ကောင်းစေသော သံဓာတ်လည်း ပါရှိသည်။

သီးသီးအခွံကို ထင်းမီးအဖြစ် သုံးနိုင်သည်။ သီးရွက်ကို ပြုတ်စားနိုင်သည်။ သီးခေါက်မှာ သနပ်ခါးခေါက်ကဲ့သို့ သွေးလိမ်းနိုင်သည်။ ဝက်ခြံပေါက်သူများ အပျောက်မြန်သည်ဟု ဆိုသည်။ သီးသားမှာ မာကျော၍ အဆောက်အအုံများ၊ လှည်းဘီး၊ ဆီကြိတ်တုံး စသည်တို့ ပြုလုပ်နိုင်သည်။ သီးပင်ကို ပေ ၆၀ ခန့် မြင့်သော မြေညီ တောခြောက်များတွင် အနည်းငယ် တွေ့နိုင်သည်။



အထူးသတိပြုရန်မှာ သီးသီးနှင့် စထရော်ဗယ်ရီသီးကို ရောနှော မစားမိရန် ဖြစ်သည်။ စားမိပါက အစာ အဆိပ်သင့်နိုင်သည်။

မောင်မောင်မြင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၂။ အမှတ်-၃၇။

# ရွှေသွေး ဂျာနယ်

## ရွှေတောင်ကြား


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ကိုကြီးမြင့်သိန်း

၁၃၃၂ ခု၊ တော်သလင်းလဆန်း ၁၂ ရက်။ (၁၂-၉-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ရွှေတောင်ကြားကို ဘိုးဘွားမိဖတို့ လက်ထက်မှ မောင်ကြီး၊ မောင်လတ်နှင့် မောင်ငယ်တို့ ညီအစ်ကို သုံးယောက်က ဆက်လက် ပိုင်ဆိုင်လာခဲ့သည်။ မောင်ကြီးနှင့် မောင်လတ်တို့သည် လောဘကြီး၍ ရက်စက် ကြမ်းကြုတ်သည်။ ခြံလုပ်သားများကို လုပ်ခ အနည်းငယ်သာ ပေးသည်။
ကျုပ်တို့ဝမ်းစာစပါးတွေကို သူဌေးတို့ ဘိုးဘွားလက်ထက်က ကျုပ်တို့ကို ပေးပါတယ် - သူဌေးတို့သိမ်းသလို မသိမ်းကြပါဘူး ခင်များ၊ ကျုပ်တို့ကို ငဲ့ညှာယင်း ကျုပ်တို့ဝမ်းစာ စပါးကိုတော့ မသိမ်းသင့်ပါဘူး ခင်များ
မရဘူး - မရဘူး ကျုပ်တို့ပိုင်တဲ့ မြေကြီးပေါ်က ထွက်တဲ့စပါးမို့ ကျုပ်တို့ သိမ်းတာ - ခင်များကြီးနဲ့ ဘာမှမဆိုင်ဘူး - နောက်ထပ် မပြောနဲ့ - ထပ်ပြောယင် ခင်များကြီးကို ကျုပ်တို့ခြံထဲက မောင်းထုတ်မယ်
ခြံလုပ်သားတို့ ဝမ်းစာစပါး ရိတ်သိမ်းချိန်တွင် စပါးများကို အတင်းအဓမ္မ သိမ်းယူသည်။
လုပ်ခကလဲ နည်းနဲ့ဘဲရတော့ ခက်တာဘဲ
ဒါဖြင့်ယင် - ကျုပ်တို့ ဘယ်က စပါး ရမလဲ
ဟား ဟား - ဟားဟား - ခင်များတို့ရတဲ့ လုပ်ခနဲ့ - ကျုပ်တို့ဆီက စပါးကိုဝယ် စားကြလေများ - ကျုပ်ပြောတာ - ရှင်းပါတယ် - -----
မခံမရပ်နိုင်သဖြင့် ခြံလုပ်သားတယောက်က မေးသည်ကိုပင် သရော် လိုက်သေး၏။


အောင်ငယ်ရေ - ကျုပ်တို့က လုပ်ခ နဲ့နဲ့ဘဲ ရကြလို့ပါ လျှော့လေးရယ် — လုပ်ခ တချို့ တဝက်ဘဲ ယူပါ ကွာ — ကျန်တာ အဝတ်အစား ဝယ်ဝတ် ရအုံး မှာ မို့ပါ...
လုပ်သားထဲမှ အသက်အကြီးဆုံး ဘိုးသာဇံ စပါးသွားဝယ်ရာကံအားလျော်စွာမောင်ငယ် နှင့်တွေ့၍ —
ကျွန်တော်လဲ သိပါတယ် ဦးကြီးတို့ရယ် - ဖေဖေ - မေမေတို့ လက်ထက်က ဦးကြီးတို့ လယ်က ထွက်တဲ့ စပါး ကို ဝယ်မစားရဘဲ အလကား ရကြတာလဲ - ကျွန်တော် သိပြီးသားပါ.....
အင်း ....... အကြီးအစ်ကောင် ဆိုးပေမယ့် — အငယ်ကောင်က သဘောကောင်း သို့တော်ပါ သေးရဲ့ ...
ခြံလုပ်သားတို့ ပေးသမျှငွေကိုသာ လက်ခံပြီး စပါးရသဖြင့် ဘိုးသာဇံမှာ စိတ်သက်သာရာ ရတော့၏။
အချိန်တန်၍ သစ်သီးများကို သွားပို့သော်
ဟ- ရွှေပုံကြီးဟ - ရွှေပုံကြီးပါလားဟ
ဟုတ်ပါရဲ့ကွာ ဟုတ်ပါရဲ့
လုပ်သားများသည် ဧည့်ခန်းတွင် ရွှေတုံးများ တွေ့၍
ဒို့လုပ်ခတွေ ဒို့ကို အပြည့် မပေးဘဲနဲ့ - ဒီ အကြီးအစ်ကောင်ဟာ လောဘသိပ်ကြီးပြီး... ရွှေတုံး ရွှေခဲတွေ ချည်း စုနေတာ — ကြည့်စမ်း တပုံကြီးဖြစ်နေပြီ — ဒို့လုပ်အားတွေ ရွှေတုံး ရွှေခဲ အဝပြောင်းပြီး အချည်းနှီးဖြစ်နေတာကို မင်းတို့ မြင်ကြပြီ မဟုတ်လား .....
အံ့သြနေကြစဉ် ဘိုးသာဇံက ပြောပြ၏။


နောက်တနှစ် သစ်သီးသိမ်းချိန်တွင် သူ့ဒွေး
ညီအစ်ကို သုံးယောက်ကြည့်နေခိုက် —
တိုးသာဇံ၏ မြေးကလေး ဆော့ကစားရာမှ
မောကြီးပန်းကြီး ပြေးလာပြီး ပန်းသီးတလုံးကို
အားရပါးရ ကိုက်စားလိုက်ရာ မောင်ကြီးက-
ဟော့ - ဟော့
ဒီအသီးဟာ
စားတဲ့အသီး
ထိုအဖြစ်ကို မောင်ငယ်ပင် အံ့အားသင့်သွား
၏။
ဟာ
မြင်မှမြင်ရလေ
ငါ့မြေးရယ်
တိုးသာဇံကား စိတ်ထိခိုက်ပြီး မျက်စိထဲ ပြာက
နဲ့ ဖြစ်သွား၏။

(ဆက်ရန်)



ကာတွန်း ဆင်ဖြူကျွန်း အောင်သိန်း
ဂဠုန် ဆရာစံ
ပန်းချီ — ဦးဘောတင်
ဟုတ်တယ် - တနယ်လုံးမှာ မလွတ်ဘူး - သေနတ် - ၅ - လက် ကျည်ဆံ - ၄၀၀ - လောက် ရလိုက်တယ်
အင်း - ကောင်းပါ့မှာ ဗိုလ်ဖိုး အောင်ကိုဘွဲ့ထူး တခု ပေးရအုံးမယ်
ကျွန်တော်တို့ရွာမှာ တော့ - ဘာလူဆိုး ဓားတန်သား စစ်တပ်ဝင်လာပြီး - ဘုရား တွေဖျက် - လူတွေသတ်ကြား နဲ့ ဖို့ ဂဠုန်အဖွဲ့က ဝါး ရိုးဝင်ခုတ်တာ အကုန် ကျကုန်ပါတယ်
ဖားရွှေကျော်ရွာကြီးကား မီးလောင်ပြင် ဖြစ်နေ၏။
မေဂျာဟယ်ယား ဦးစီးသော ဂေါ်ရာတပ်၊ ပန်ချာပီတပ် တို့က ရွာထဲ၌ ကတုတ်ကျင်းတူးကာ စောင့်နေ၏။
တက်ပေး
ချပေး
ဂဠုန်တပ်ကြီးသည် လေးဖက် လေးတန်မှ ချီတက်လာ၏။
ဒိုန်း
ဒိုင်း
ဒက် ဒက် ဒက် ဒက် ဒက်
ထိန်း
ဒိုင်း
ဗြောင်း
တိုက်ပွဲကား ပြင်းထန်လှပေသည်။
လက်နက်အင်အားချင်း မမျှသဖြင့် ဂဠုန်တပ်မှာ အကျ အဆုံးများစွာနှင့် နောက်ဆုတ်ရတော့သည်။


ဂဠုန်တပ်သားအချို့နှင့် ဒဏ်ရာရသော ဗိုလ်မှူး ဖိုးဆော့ကို ဖမ်းမိသွားလေ၏။
မင်းတို့ ဌာနချုပ် ဘယ်မှာလဲ - မင်းတို့ လူဆိုးဗိုလ် ဘယ်သူလဲ
ကျုပ်တို့ လူဆိုး မဟုတ်ဖူး - ခင်ဗျားတို့လို ဓါးပြတွေကို မောင်းထုတ်မယ့် ဂဠုန်ဗျ
ကောင်းပြီ - မင်းတို့ လူကြီး ဘယ်သူလဲ ပြောပါ
မသိဘူး
ရေ - ရေ ရေပေးပါ
မင်းတို့ ဌာနချုပ်ကို ပြောရင် - သူ့ကို ရေပေးမယ်
ဒါဖြင့် ပြောမယ် သူ့ကိုရေ အရင်တိုက်ပါ
ထိုအချိန်တွင် ဗိုလ်မှူးဖိုးဆော့မှာ သွေးအလူးလူးဖြင့် မေ့မြောနေရာမှ သတိရလာသည်။
ရေတိုက်နေပြီ ကဲ - ဌာနချုပ်ကို ပြောပါ
မြစိမ်းတောင်ဟာ ကျုပ်တို့ ဌာနချုပ်ဘဲ
မြေပုံထဲမှာ မင်းပြောတဲ့ မြစိမ်းတောင် မရှိဘူး
မေဂျာဟဲယားသည် မြစိမ်းတောင်ကို မြေပုံထဲ၌ ရှာမတွေ့ချေ။


မင်းတို့ခေါင်းဆောင်ကို ပြောပါ- မင်းနာမယ် ဘယ်သူလဲ
ဘာလုပ်လုပ် အသေခံမယ် မပြောဘူး
မေဂျာဟဲယားသည် ဗိုလ်မှူးဖိုးဆော့ထံသွား၍
မေးမရတာ ကဲ-ကွာ
မေးမရသဖြင့် ခြေသလုံးရိုး ကျိုးနေသော ဒဏ်ရာပေါ်သို့ တက်နင်းလိုက်၏။
မင်းအနာပျောက်အောင်ကုပေးမယ် မင်းကိုလဲ ပုလိပ်ဖက်မှာ ရာထူး ပေးမယ်· မေးတာပြောပါ
အား
မေဂျာဟဲယားသည် ဒဏ်ရာထဲသို့ စီးကရက် မီးကို ထိုးချေထည့်လိုက်သည်။
ဟော့-တော်တော့-သူ့ကို နှိပ်စက်မနေနဲ့-မင်းတို့ သိချင်တာ ငါပြော မယ်
ကောင်းပြီ ပြောပါ
ငါတို့ဌာနချုပ်က အလံတိုင်တောင် ငါတို့ခေါင်းဆောင်ကြီးက ဆရာစံ-ဘဲ
အော သိုက် ကောင်းတယ် လူကလေး

ဆက်ရန်



ကျောက်ခေတ်က လူတွေကလဲ မျောက်နဲ့ သိပ်တူတယ်နော်
လူဟာ မျောက်က ဆင်းသက်လာတယ် လို့ အဆိုတခုရှိတယ် ကွဲ့
အမျိုးသားပြတိုက်သို့
မောင်သက်ကြွ ☆ ပန်းချီ ဦးစိန်
ကျွန်တော်တို့သည် ကျောက်ခေတ်ပြခန်းမှ ထွက်ခဲ့ပြီး ပျူခေတ်ပြခန်းသို့ဝင်ခဲ့ပါသည်။
ပျူခေတ် ဆိုတာ ဘာလဲ ဦးလေး
ပျူဆိုတာ မြန်မာနိုင်ငံရဲ့ ရှေးဦး လူမျိုး တမျိုး ဖြစ်တယ်၊ အဲဒီပျူလူမျိုးတွေ ကောင်းစားတဲ့ အချိန်ကာလကို ပျူခေတ် လို့ ခေါ်တယ်
ဟောဒီပျူခေတ်က အရိုးအိုးတွေကို ရဘို့ မလွယ်ဘူး၊ သူတို့နေထိုင်ခဲ့တဲ့ နေရာတွေမှာ-ရှာဖွေပြီး စနစ်တကျ တူးဖော်ရတယ်ကွဲ့



အခု ပုဂံခေတ် ပြခန်း ကိုလေ့လာ မယ် မဟုတ်လား ဦးလေး
တို့ တိုင်းပြည်ရဲ့ ပန်းချီ ပန်းပု ဗိသုကာ အတတ်ပညာတွေကို လေ့လာမယ်ဆိုယင် ပုဂံခေတ် ပြခန်းကိုကြည့်ရမယ် ကွဲ့
ဒီလို စေတီ ပုထိုးတွေကို တည်နိုင်တဲ့ ဗိသုကာ ပညာရှင် တွေ ပုဂံခေတ်မှာ ပေါ်ထွန်း ခဲ့တယ်
ထို့နောက် ကျွန်တော်တို့သည် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို ကြည့်ကြပါသည်။


ဆက်ရန်


ကျော်အုန်းကြိုင် ၏ တစ်ကြို မေးခွန်း
ဒီတစ်ကြိုမေးခွန်းတွေနဲ့ဘဲ စာမေးပွဲ အောင်ဖို့ သေချာနေပြီ–
ထို့နောက် သူငယ်ချင်း မြင့်ဦးအိမ်သို့ သွားကာ
ဟေ့– အာပင် ပန်းခံပြီး ကျက်မနေပါနဲ့ကွ၊ ငါ့ဆီက တစ်ကြိုမေးခွန်းတွေနဲ့ လွယ်လွယ် အောင်နိုင်ပါတယ်–
နေပါစေကွာ. ငါက ဒီတစ်ကြိုမေးခွန်းတွေကို အားမကိုးပါဘူး
ဒီတစ်ကြိုမေးခွန်းတွေကို ကျက်ပြီးလွယ်လွယ်နဲ့ အောင်နိုင်ရက်သားနဲ့.. မင်း မြင့်လို အာပင်ပန်းခံပြီး တအုပ်လုံးအာရုံ ဆောင်နေတယ်-----
ငါကတော့ စာ သိနိုင်ဖို့ လုံ့လ စိုက်ရမှာဘဲ
သို့နှင့် စာမေးပွဲကြီး ဖြေဆိုချိန် ရောက်သော်–
ဒုက္ခပါဘဲ– ငါကျက်ထားတဲ့ တစ်ကြိုမေးခွန်းတွေထဲက တပုဒ်မှ တောင် ပါမလာဘူး
အောင်စာရင်း ထွက်လာသောအခါ–
ငါတော့ အောင်တယ်ဟေ့.. သူငယ်ချင်း.. မင်းကောဘယ်လိုလဲ..
ငါတော့. ကျတယ်ကွာ.. ဒီတစ်ကြိုမေးခွန်းတွေကလဲ– တပုဒ်မှ တောင် မပါလာဘူး
ငါ့အစက ပြောသားဘဲ ဒီရမမှန်းတဲ့ တစ်ကြိုမေးခွန်းတွေကို အားမကိုးပါနဲ့လို့ နောက်နှစ်တော့ အောင်– အောင် ကြိုးစား ပေါ့ကွာ..
မြင့်





မောင်ငယ်သည် တိရစ္ဆာန်ကလေးများကို မကြင်နာတတ်ပေ၊ အမြဲနောက်ပြောင် နှိပ်စက်တတ်သည်။




လမ်းပေါ်၌ အိပ်နေသော ခွေးကြီးကို ပိတ်ကန်ရာ ခွေးကြီးက သူ၏ ခြေထောက်ကို ပြန်ကိုက်လိုက်သည်။




အနီးရှိ လူများက ခွေးရူးဖြစ်နိုင်ကြောင်း ပြောသဖြင့် မောင်ငယ် အလွန်ကြောက်သွားပြီး ကာကွယ်ဆေး အထိုး ခံရတော့သည်။


သူ့အကျိုး ကိုယ့်အကျိုး
ရေး/မောင်ဆောင်းဦး (နွားလတ်)
(ကာတွန်း) မောင်မောင်သက်
ရပါတယ်ခင်ဗျာ
ဒီမှာငါ့တူတို့ ဦးလေး ကားမှာရေမရှိလို့ ရေလိုချင် တယ် ရေမရနိုင်ဘူးလား
တနေ့တွင် တာတီးနှင့် အတာတို့သည် ဘောလုံးဝယ်ရန် ပိုက်ဆံ မရှိ၍ လမ်းဘေးတနေရာ၌ ထိုင်မှိုင်နေကြသည်။
လာဟေ့-ရွာထဲကရေတွင်း သွားပြီးရေခပ်ရအောင်
ရေတိုင်ကီက ရေသိပ်ဆုံးနေတာကွ
ရေထည့်ပြီးတော့လဲ စက်က မနှိုးနိုင်ဘူး ကဲ ငါ့တူတို့ကား တွန်းပေးကြပါအုံး..
ဟုတ်ကဲ့
တွန်းပေးဟေ့-တွန်းပေး
ဟော့.စက်နှိုးလာပြီ
မင်းတို့ကို ဦးလေး သိပ်ပြီးကျေးဇူး တင်တယ်ကွဲ့၊ ရော့မင်းတို့ဝေယူကြ ကဲ-ဦးလေးသွားမယ်-
ဟာ-မှတ်တာပဲ ဘောလုံးဝယ်ဘို့ ငွေငါးကျပ်ရပြီ-
အေး-ကွ
ပြီး

# ကျပ်ထုပ်ပေါက်

ကျော်ညွန့်ရီ




ပြိုင်ဖက် နှစ်သင်း ရှိသည့် အနက် တသင်းကို စည်းဝိုင်းအတွင်းက နေစေရသည်။ ခေါင်းသူကြီးလုပ်သူသည် အဝတ်စုတ်ကို စုထုပ်ထားသော ကျပ်ထုပ်တခုကို ကိုင်လျက် အလယ်က နေပြီးလျှင် စည်းဝိုင်း အနီးသို့ ချဉ်းကပ်သော တဖက်အသင်းသားတို့ကို ကျပ်ထုပ်နှင့် ပေါက်ရမည်။ ပေါက်၍ မှန်လျှင် ထိုသူ သေပြီး ထွက်နေရသည်။ ပစ်သူသည် ကျပ်ထုပ်ကို အမြန်ပြေးကောက်ယူရသည်။ ထိုသို့ ကျပ်ထုပ် လိုက်ကောက် စဉ် စည်းအတွင်းသို့ ဝင်ရန် လာသော တဖက်ရန်သူတို့ကို စည်းတွင်းနေ အသင်းသားတို့က လက်ဖြင့် တွန်းဖယ်တားဆီးကာကွယ်ကြရသည်။

ကျပ်ထုပ်မမှန်ဘဲ တဖက်ရန်သူတယောက် စည်းတွင်းသို့ဝင်မိလျှင် ခံတပ်ပေါက်ပြီး စည်းတွင်းမှ ခံတပ်သားတို့ ရှုံးလေသည်။

ကျပ်ထုပ်မှန်၍ စည်းအပြင်ဖက်မှ အသင်းသားတို့ အကုန်သေလျှင် ယင်းတို့ ရှုံးသည်။ အကယ်၍ အပြင်ဖက် အသင်းသားတို့တွင် လူကျန် နည်း၍ စည်းနား မချဉ်းကပ်ဘဲနေလျှင်လည်း သူတို့ကို အရှုံးပေးစေရမည်။

ဒိုင်လူကြီးသည် "တိုးဟယ်၊ တက်ဟယ်" စသည်ဖြင့် ဟစ်အော်နှိုးဆော်ပေးရန် လိုသည်။ အသင်းနှစ်သင်းကို ဘုရင့်နောင်၊ နော်ရထာ စသော အမည်များပေး၍ ကစားစေလျှင် ပို၍ စိတ်ဝင်စားဖွယ်ကောင်းပေမည်။

ဤ ကစားနည်းသည် ကစားသူများအား မျက်စိရှင်၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံစေလေသည်။



# သိတတ်လိုက် လေခြင်း

ခင်လှမ်းနွယ်



"ဒေါ်မာရယ် ကျမ ပြေလည်ယင် ပြန်ပေးပါမယ်။ ခုလို ချေးတာ ကျေးဇူးတင်ပါတယ်"

"မလိုပါ ဘူးကွယ်။ တလ တဆယ်ကိုတကျပ်တိုးနဲ့ ပြန်ဆပ်ယင် ပြီးတာဘဲ"

မောင်ဘကျော်သည် သူတို့ အနီးသို့ အသာကပ်သွားမိလေသည်။ ထိုအခါ သူ၏ အမေက စကား ကို ဖြတ်လိုက်ပြီး –

"မောင်ဘကျော် ဟိုဘက်လမ်းက ဒေါ်ပုဘို့ အိမ်မှာ ဆန်တပြည်သွားဝယ်။ ရော့ ပိုက်ဆံ"

မောင်ဘကျော်၏ အမေက ငွေနှစ်ဆယ်တန် တရွက်ကို ကမ်းပေးသည်။ မောင်ဘကျော်သည် ငွေစက္ကူကို ယူ၍ ဆန်ဝယ်ရန် ထွက်ခဲ့လေသည်။

"ငါ့မိဘတွေ တော်တော်ဘဲ မချောင်လည်ပါလား။ ဒို့မောင်နှမ အတွက် စာအုပ်၊ ခဲတံ၊ ဖောင်တိန် အဝတ်အစား အတွက်ဘဲ အများကြီး ကုန်ရတယ်၊ ရတာကနဲနဲ ကုန်တာက များများ...."

ထိုအတွေးများသည် မောင်ဘကျော်၏ ခေါင်းထဲတွင် တဝဲလည်လည် ရှိနေတတ်လေသည်။ မည်သို့လုပ်ရမည်နည်း။ သူသည် ဆုံးဖြတ်ချက် တခုကို ချလိုက်ပြီးကျေနပ်စွာ ပြုံးလိုက်မိလေသည်။

မောင်ဘကျော်သည် မနက်ပိုင်း ကျောင်း တက် ရ ၏။ ကျောင်းဆင်းသောအခါအိမ်သို့ အပြေးကလေး ပြန်လာခဲ့သည်။

"အမေ ကျနော် သူငယ်ချင်းအိမ် သွား လိုက် အုံးမယ်။ စာအကြောင်းတွေ ဆွေးနွေးမှာမို့ ကြာယင် စိတ်မပူနဲ့နော်"

"အေး အေး၊ မိုးမချုပ်ခင် ပြန်ခဲ့နော်"

"ဟုတ်ကဲ့ အမေ"

မောင်ဘကျော်သည် သုတ်ခြေ တင် ၍ အပြေး က လေး ထွက်လာခဲ့လေသည်။ သူငယ်ချင်း အိမ်မှ ပြန်လာသောအခါ မောင်ဘကျော်၏ စိတ် သည် အထူး ရွှင်လန်းနေ၏။ သူ၏ မျက်နှာသည် ပြုံးရွှင်ကြည်လင်နေသည်။ သူ၏ ဆုံးဖြတ်ချက် အောင်မြင်၍ပင် ဖြစ်လေသည်။

သူ၏အဖေ အလုပ်မှ ပြန်လာသောအခါတွင် ပြုံးရွှင်စွာ ဆီးကြို၍ –

"အဖေ ကျနော် အတန်းထဲမှာ ပထမရတယ်"

"ဟေ – ဟုတ်လား၊ ဟိုလကလဲ ရတယ်၊ နောက်လလဲ ရအောင် ကြိုးစားနော်။ ဖေဖေ က ဒီစကားမျိုးဘဲ ' ကြားချင်တာ"

"ကျုပ် သားလေး ကတော့ သိပ်ကို တော်တာ။ ကျောင်းလွှတ်ယင်လဲ သူ့ရဲ့ သူငယ်ချင်း အိမ်သွားပြီး စာ အ ကြောင်း တွေ ဆွေးနွေးတာ ခုနကမှ ပြန်ရောက်လာတယ်"

"အေး အေး၊ ဆွေး နွေးတော့ ပိုပြီး တတ်တာပေါ့"

ထိုနေ့မှစ၍ မောင်ဘကျော်သည် ကျောင်းလွှတ်လျှင် အိမ်၌ လွယ်အိတ်ပြန်ထားပြီး အိမ်မှ ပျောက်သွားတတ်သည်မှာ နေ့စဉ်ပင် ဖြစ်လေသည်။

× × ×

မောင်ဘကျော်သည် လွယ်အိတ်လွယ် လျက် ကျောင်း သို့ အပြေးကလေးလာခဲ့လေသည်။ စိတ်တွင်လည်း ငါ့အမေအကြွေး ကြေပြီဟူ၍ တွေးကာ ပေါ့ပါး လန်းဆန်းလျက်ရှိ၏။

ကျောင်းဆင်းသော် အိမ်သို့ အပြေးကလေး ပြန်ခဲ့၏။

"မောင်ဘကျော် လာအုံး"

သူ့အမေ၏ အသံသည် တင်းမာနေ၏။ လက်ထဲတွင်လည်း ကြိမ်လုံးကို ကိုင်ထား၏။

မောင် ဘ ကျော် သည် နံရံတွင် လွယ်အိတ်ကို ချိတ်၍ သူ့အမေ၏ရှေ့တွင် ခြေစုံရပ်လိုက်လေသည်။

"မင်း မနက်က ဒေါ်မာကို သွားဆပ်တဲ့ ပိုက်ဆံတွေ ဘယ်က ရသလဲ။ ခိုး လာ သ လား၊ ခါးပိုက်နှိုက်လာသလား၊ ငါ့ကို မှန်မှန်ပြောစမ်း"

"ဒေါ်မာကို ပိုက် ဆံ သွား ဆပ်တယ်လို့ အမေ့ကို ဘယ်သူ ပြောသလဲဟင်"

"ဒေါ် မာ လာ ပြော တာ ပေါ့။ ပိုက်ဆံတွေ ဗူးနဲ့ထည့်လို့ ဆို။ ခါးပိုက်နှိုက်လာ သ လား၊ ခိုးလာသလား မသိဘူးတဲ့။ မေးတော့လဲ ဘာမှ ပြန် မ ပြော ဘဲ ကျောင်း ထွက်သွားသတဲ့။

"ကျ နော် ဒီ ပိုက် ဆံ ကို တ ရား တဲ့ နည်း နဲ့ ရှာ တာ ပါ အမေ။ ကျနော် ကျောင်းဆင်းပြီးတိုင်း သူငယ်ချင်း တင်ဝင်းတို့အိမ်သွားတယ်။ သူတို့အိမ်က မြေပဲ၊ ဆီးပြား၊ ရှောက်ပြား အစုံရောင်းတယ်။ တင်ဝင်းလဲ ကျောင်း က ပြန် တိုင်း လိုက် လျှောက်ရောင်းတယ်။ ဒီတော့ ကျနော်လဲ ရောင်းယင် ငါ့အိမ် အတွက် ဝင်ငွေ ရမှာဘဲလို့ တွေးပြီး လိုက်လျှောက်ရောင်းတယ်။ တင်ဝင်းတို့အမေကလဲ ရသမျှ နည်းနည်းများများ လက်ခံပြီး၊ ကျနော့်ကို တနေ့ တကျပ်ခွဲ ပေး တယ်။ ရောင်းကောင်းတဲ့နေ့ဆိုယင် ပိုပြီး ပေးပါတယ်"

"ဒါဖြင့် သား ဘာပြုလို့ မေမေ တို့ ကို မ ပြော တာ လဲ သားရယ်"

သူ၏အမေက ဝမ်းသာတုန်ရီလှိုက်လှဲသော အသံဖြင့် မေးလေသည်။

"သားက ထုတ်ပြောယင် အမေတို့က သွားလာတာ စိတ်မချဘူး၊ ရောင်းတာကလဲ ရထားပေါ်မှာနဲ့ ကားလမ်းမှာမို့ ပေးမရောင်းမှာစိုးလို့ပေါ့။ ခုလဲ သားကိုဆက်ပြီး ရောင်းခွင့်ပေးပါ အမေရယ် နော်"

"အို–သိတတ်လိုက်တဲ့သား၊ လိမ် မာ လိုက် တဲ့ သား လေး ရယ်၊ မေမေ သိပ် ဝမ်းသာတာ ဘဲကွယ်"

မောင် ဘ ကျော် ၏ အ မေ သည် လက်ထဲ၌ ကိုင်ထားသော **ကြိမ် လုံး ကို** လွှတ် ချ လိုက် ပြီး သားကို တအားဖက်ထားလိုက် မိလေသတည်း။

## လွယ်အိတ်ကလေး

လွယ်အိတ်ကလေး လွယ်အိတ်ကလေး၊
မောင်မောင့်လွယ်အိတ်ကလေး။

လွယ်အိတ်ကလေးက ရောင်စုံခြယ်၊
ပန်းပွင့်အသွယ်သွယ်။

ကျောင်းကိုကွယ် လွယ်လို့သွား၊
မောင်မောင့်ပခုံးပါး။

မအားမလပ်အမြဲပါ၊
နေ့စဉ်လိုက်လို့လာ။

ပလာစာအုပ် ကျောက်သင်ပုန်း၊
ထည့်ဘို့ရာမှာသုံး။

သုံးပေမဲ့လည်းမငြူစူ၊
စိတ်ကောင်းရှိတဲ့သူ။

ကြည်ကြည်ဖြူဖြူ မောင့်လွယ်အိတ်၊
ကျောင်းကတိုင်မှာချိတ်။


တိတ်တိတ်ကလေး စောင့်ကာနေ၊
ကျောင်းဆင်းချိန်ထိလေ။

တာဝန်ကျေ လွယ်အိတ်ကလေး၊
မောင်မောင်ချစ်တယ်လေး။ ။

လက်ပံနီ ( ရေနံ့သာ )



# ဆီးဖြူသီး





ဆီးဖြူသီးသည် အသားပေါ၍ လုံးသည်။ အသီး၌ ထောင်လိုက် မြောင်း ခြောက်မြောင်း ရှိသည်။ အသီး၏ အရောင်မှာ အဝါနု ဖြစ်သည်။ မှည့်သောအခါ တခါတရံ အနီရောင် ရှိသည်။ အရသာမှာ ချဉ်၊ ဖန်၊ ခါးသည်။

ဆီးဖြူပင်မှာ အပင်ငယ် သို့မဟုတ် အပင်အလတ်စားမျိုး ဖြစ်သည်။ အကိုင်းမှထွက်သော အခက်ကလေးများသည် လေးလက်မမှ ရှစ်လက်မအထိ ရှည်သည်။ ပန်းပွင့်၏ အရောင်မှာ ဖက်ဖူးရောင် ဖြစ်သည်။ ဆီးဖြူပင်များကို အညာဒေသ တောတောင်များတွင် တွေ့မြင်နိုင်သည်။ အစေ့မှ မျိုးပွားယူ၍၎င်း၊ အကိုင်းကို ဖြတ်ယူ၍၎င်း စိုက်ပျိုးနိုင်သည်။

ဆီးဖြူသီးအမှည့်ကို ဆားရည်စိမ်၍၎င်း၊ သနပ်လုပ်၍၎င်း စားကြသည်။ ကြာရှည်စွာ စားသုံးလိုက အခြောက်လှန်း၍ ထားနိုင်သည်။

ဆီးဖြူသီးတွင် လူတို့အတွက် အကျိုးပြုသော အာဟာရဓာတ်များ ပါဝင်သည်။ ဆီးဖြူသီးကို စားလျှင် သွေးအားကောင်းမွန်သည်။ အနာများ ပျောက်ကင်းသည်။ အရိုးများ ခိုင်မာသည်။ သွားဖုံးများ ကောင်းမွန်သည်။












စိန်တင်








ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ ထုတ်ဝေရေးမှူး ဦးအောင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၈၁၂၈၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃မိုင် ပြည်လမ်းရှိ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၈၃၂)တွင် ဦးကျော်ခိုင်က ရိုက်နှိပ်သည်။

အတွဲ - ၂။ အမှတ် - ၃၈။

# ရွှေသွေး ဂျာနယ်

(၂)

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ဆိုက်ကြီး ဖြင့်သိန်း

၁၃၃၂ ခု၊ တော်သလင်းလဆုတ် ၄ ရက် (၁၉ - ၉ - ၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


တညသော် လေကြီး မိုးကြီး ကြောက်ခမန်းလိလိ ကျလာ၏။
မိုးထဲတွင် လူတယောက်သည် ရိပ်ရိပ်ရိပ်ရိပ် သွားနေ၏။
ဒုန်း ဒုန်း
ဒုန်း ဒုန်း
ဟဲ့ — ဘယ်သူလဲ ဟေ့
ဒုန်း ဒုန်း
မကြာမီ သူဌေးအိမ်တံခါးကို လာထု၏။
ဟဲ့ - ဓါးအိမ်ယူခဲ့ စမ်း - မြန်မြန်
မောင်လတ် - လက်နက်ယူ — ရန်သူဖြစ်နိုင်တယ်...သတိထား.....
မောင်ငယ် - တံခါးမင်းတုပ်ကိုင်ထား
မောင်ကြီးက အတွင်းမှ အဆင်သင့် လုပ်ထား၏။
မောင်ငယ် - ဖွင့်လေကွာ ဘာများ ကြောင်နေတာလဲ
တံခါး - ဟာ - ဂျွဲသာဖွင့်
ထိုနောက် မောင်ကြီးနှင့် မောင်လတ်တို့သည် လက်နက်များဖြင့် တံခါးကို ချိန်ရွယ်ထားပြီး မောင်ငယ်အား တံခါးကို မဟတဟလေးသာ သတိနှင့် ဖွင့်ခိုင်းလေသည်။
သူဌေး —...
အိုးသာဇံပါ....
ဓါးစ္ဆကြီး လွှန်း
လိုက်လာရ
တာပါ...
ဟဲ...... ဘယ်ရမလဲ......
ဒီလူကြီး ဓါးပြလာတိုက် မလိုဟုတ်လား
မလှုပ်နဲ့ - မှန်မှန် ပြော - သေသွားမယ်
တခုပြောပါရစေ သူဌေးရယ်...


ဘိုးသာဇံက စိတ်ပူစွာဖြင့် စေတနာထားကာ
လာရောက်ပြောကြားသည်ကို
မယုံသကဲ့သို့ ဖြစ်ကြရုံမက တကယ့် ရန်သူကြီး
သဖွယ် ယူဆလျက်ရှိ၏။
မောင်ငယ် ဝင်ရောက်ပြောသည်ကိုပင်
လက်မခံပဲ
ဘိုးသာဇံရော မောင်ငယ်ကိုပါ နှင်လွှတ်လိုက်
ကြလေသည်။
မောင်ကြီးနှင့်
မောင်လတ်မှာ ဒေါသဖြစ်လျက် ကျန်ခဲ့၏။
မိုးကြီးသည် တညလုံးရွာပြီး မိုးလင်းမှရပ်သွား
၍ တောင်ပေါ်မှ ငုံ့ကြည့်ကြရာ....


ရွှေတောင်ကြားတခုလုံးမှာ ရေမြုပ်လျက် ပင်လယ်ပြင်ပမာ ဖြစ်နေသည်ကို တွေ့ရတော့၏။
များမကြာမီ ရေပြန်ကျသွားရာ အားလုံးမြင်မကောင်းအောင် ပျက်စီး၍နေတော့သည်။
ငိုမနေပါနဲ့ မောင်ငယ်ရယ်။ မင်းတို့ ဒီဘဂ္ဂတုန်းကလဲ ဒီလိုဘဲ ဖြစ်တာ ---- ငါ့အလုပ်သမားတွေ လုပ်အားနဲ့ ပြန်လည် လာတာဘဲ။ ငါ ပြီးထောင်ပေးပါရစေ။ ဘာမှမလုပ်ယင်တော့ -ဘာမှ မဖြစ်ဘူး။
မောင်ငယ်သည် ပစ္စည်းများသာမက အစ်ကို နှစ်ယောက်ပါဆုံးရှုံး၍ ယူကျုံးမရ ဖြစ်နေ၏။
သို့သော် အလုပ်သမားများက မနိုမကတ်ပဲ လုပ်ကိုင်ကြသဖြင့် မကြာမီ---
ကဲ - ဦးကြီးတို့ - ဒီနေ့ကစပြီး အလုပ်သမား - သူဌေး ရယ်လို့သဘော မထားကြပါနဲ့တော့၊ အားလုံး ဝိုင်းစိုက်၊ ရောင်းရငွေကို ဝေခွဲယူကြတာပေါ့- ကံတဲ့ ကျိုးပေးတွေဘဲ ဟာ-
အပင်များ ပြန်ဖြစ်လာချိန်၌ မောင်ငယ်က
စနစ်ပြောင်း၍ အုပ်ချုပ်သောကြောင့် နှစ်ရှည်လများ ကောင်းစားနေကြလေသတည်း။

ပြီး၏။


ဓာတ်ပုံဖမ်း-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန်ဆရာစံ
ပန်းချီ - ဦးအောင်တင်
မေဂျာ ဟဲယားသည် ဗိုလ်မှူး ဖိုးဆော့၏ ဒဏ်ရာကို ဆောင့်နင်းလိုက်ရာ၊ ဗိုလ်မှူး ဖိုးဆော့မှာ သူချစ်သော လယ်သမား လောကကြီးနှင့်အပြီးတိုင်ခွဲခွာ သွားရရှာတော့၏။
စစ်ပုလိပ်တွေက အင်အားလဲကောင်း - လက်နက်လဲသာတယ် - ကျုပ်တို့ အစွမ်းကုန် ခုခံရလိမ့်မယ် - -
ဂဠုန်တပ်ဗိုလ်များနှင့်ဆရာစံ တိုင်ပင်ဆွေးနွေးစဉ်....
အခု အသိ အခင့် အတိုင်း ကျွန်တော်တို့ တိုက်ပါမယ် ဆရာကြီး လွှတ်ရာကိုရှောင် စေချင်ပါတယ်
ရှက်စရာဗျာ - ခင်ဗျားဆို ပြောရက်တယ် - ဖွက်ပြေးရအောင် ကျုပ်ကမိန်းမလားဗျ သေမှာမကြောက်လို့ သူပုန်ထတာဗျ
ဒီလိုပါ - ဆရာကြီး သေသွားယင် ကျွန်တော်တို့ ဘာမှဆက်မလုပ်တတ်ဘူး - ကျွန်တော်တို့သေပြီး ဆရာကြီး ကျန်ခဲ့ယင် ဒီ အရေးတော်ပုံကြီးကို ဆက်ပြီး ဆောင်ရွက်နိုင်မယ်မဟုတ်ပါလား
ဟုတ်ပါတယ် - ဆရာကြီးရဲ့ တသက်မှာ ဒီ အရေးတော်ပုံကြီး မီးမသေရအောင် တောင်းပန်ရတာပါ
ဌာနချုပ်ကို သိမ်းရန် ချီတက်လာသော စစ်ပုလိပ်တပ်သည် မိုးစင်စင်လင်းမှ တောင်ခြေသို့ ရောက်လာသည်။


တောင်ခြေသို့ ရောက်လျှင် ဂျွန်တပ်၏ ထောင်ချောက်၌ အလူးအလဲ ခံကြရ၏။
ဗိုလ်မှူးဗိုးလှိုင် တပ်နှင့် တွေ့သူတို့မှာလည်း အတုံးအရုံးကျကုန်၏။
သို့သော် ဂျွန်တပ်၏ ယမ်းတခါထိုးမှ တခါပစ်နိုင်သော လုပ်သေနတ် များမှာ ပစ်အားမစွမ်းလှချေ။
စစ်ပုလိပ်တပ်ကမူ လက်နက်ကောင်းများဖြင့် ဒလကြမ်း ပစ်ခတ်၍ တက်လာ၏။
ဆရာကြီး ကျွန်တော်တို့ တပ်တော့ အခြေမလှတော့ဘူး-ရန်သူတွေ တက်လာပါပြီ- ကျွန်တော်တို့ကို ထားခဲ့ပါ- ဆရာကြီး သွားပါတော့
တောင်ပေါ်၌ ဒဏ်ရာရသူ များကို ဆရာစံက ပြုစုလျက် ရှိသည်။
တကိုယ်လုံး သွေးအလူးလူး ဖြစ်နေသော ဗိုလ်မှူးဗိုးလှိုင်သည် ဆရာစံထံရောက်လာပြီး—


အော်. ဗိုလ်မှူးဖိုးလှိုင်- ဆင်းရဲသားဘဝတူ လယ်သမားတွေအတွက် အသက်ပေးသွားရှာပြီ- -ကောင်းသောသေခြင်းပါဘဲ ဗိုလ်မှူးဖိုးလှိုင်ရယ်
ဗိုလ်မှူးဖိုးလှိုင်မှာ ဘဝကို စွန့်သွားရှာသည်။
ဆရာစံသည် တောင်အောက်သို့ တိမ်းရှောင်ခဲ့၏။
ဒိုင်း
ဒိန်း
ဂဠုန်တို့၏ဌာနချုပ်ကား ပြိုကွဲသွားချေပြီ။ သို့သော် အနယ်နယ်၌ တိုက်ခိုက်နေဆဲပင်။
ဆုငွေ ၅၀၀၀ ကျပ်
ဆရာစံ အား
အင်္ဂလိပ် အစိုးရသည် ခေါင်းဆောင်ကြီး ဆရာစံအား ဆုငွေထုတ်လိုက်သည်။
ဆုငွေ ၂၅၀ ကျပ်
ဆုငွေ ၄၀၀ ကျပ်
ကျော်ရှင်း ၁၅၀ ကျပ်
အခြားဂဠုန်အဖွဲ့ဝင်တို့အားလည်း ဆုငွေထုတ်သည်။
လက်နက်ချင်း ကွာခြားရကား ဂဠုန်တပ်သားတို့မှာ တဖွဲဖွဲပြီးတဖွဲ အရေးနိမ့်လျက်ရှိ၏။

ဆက်ရန်


ဟောဟိုမှာ-မင်းတို့ အကြိုက်တွေ့ပြီ
ရုပ်သေး အရုပ်ကလေး တွေကိုပြောတာလား ဦးလေး
အမျိုးသားပြတိုက်သို့
မောင်သက်ကြူ
ပန်းချီဦးစိန်
အေးဟုတ်တယ် - တချိန်က ရုပ်သေးဟာ ရုပ်ရှင်တွေလို ခေတ်စားခဲ့တယ်ကွဲ့
ဇော်ဂျီရုပ်ကလေး ကိုကြည့်ပါဦး
အေးဟယ်


လာပေ့-ပန်းချီပြခန်းကို ကြည့်ကြ
ရအောင်-အရှေ့တိုင်းပန်းချီတို့
အနောက်တိုင်းပန်းချီတို့ စုံလို့ဘဲ
ကြည့်စမ်း ပုဂံခေတ်က
ပန်းချီပုံတွေဟာ
တမျိုးဘဲနော်
ငါတော့
ကြိုက်တယ်
ကျွန်တော်တို့သည် ပုဂံခေတ်၊ အင်း
ဝခေတ်၊ ကုန်းဘောင်ခေတ် ပန်းချီ
လက်ရာများအပြင် ယနေ့ ပန်းချီ
ဆရာများ၏ လက်ရာများကို လေ့
လာကြပါသည်။
အမျိုးသားပြတိုက်ကြီးမှာကြည့်ရှု
လေ့လာခဲ့ရတာတွေကို မှတ်စုစာ
အုပ်နဲ့ မှတ်သားပြီးတော့ အိမ်
ရောက်ယင်-ပြန်ဖတ်ကြည့်
ကြအုံးနော်
ဟုတ်ကဲ့ ဦးလေး
ကျွန်တော်တို့သည် အခြား စိတ်ဝင်စားဘွယ်ရာ
များကိုပါ ကြည့်ရှုပြီး၊ အမျိုးသားပြတိုက်ကြီးမှ
ပျော်ရွှင်စွာ ပြန်ခဲ့ကြပါတော့သည်။
ပြီး



တခါတုန်းက ဘုရင်တပါးဟာ နောက်လိုက်ဗိုလ်ပါများနဲ့ တောကစားထွက်တော်မူတယ်။
တောထဲမှာ အမဲပစ်ကစားရတာကို ဘုရင်ကြီးဟာ အလွန်သဘောကျတော်မူနေတယ်။
ဒီသမင်ကို ငါ့မြှားနဲ့ မပစ်ဘူး၊ လက်ရအဖမ်းပြမယ်၊
သမင်နောက်ကို လိုက်ရင်း ဘုရင်ကြီးနဲ့ နောက်လိုက်ဗိုလ်ပါတစုဟာ တောနက်ထဲကို ရောက်မှန်းမသိ ရောက်သွားတယ်။
မှန်ပါ- သမင်လဲ မျက်ခြေ ပြတ်သွားလေကြောင်းပါ၊
ဘုရင်ကြီးနဲ့ နောက်ပါတစုဟာ လမ်းကို ရှာမတွေ့ဘဲ တောနက်ထဲမှာ မျက်စိလည်နေကြတယ်။
ခုထက်ထိ လမ်းကို ရှာမတွေ့သေးဘူး၊ ဒုက္ခပဲ၊


ဘုရင်ကြီးနဲ့နောက်ပါတစုဟာ အချိန်အတော်ကြာအောင် မျက်စိလည်လမ်းမှားနေကြတဲ့အတွက် စားနပ်ရိက္ခာများလည်းကုန်ခမတတ်ဖြစ်လာပါတယ်။
စားစရာတွေကို ချိုးခြံပြီးစားကြဟေ့၊
မကြာခင်မှာဘဲ၊ စားနပ်ရိက္ခာလုံးဝပြတ်သွားတဲ့အတွက် အားပြတ်လို့သူတွေလဲပြီး ကျန်ရစ်ခဲ့ကြတယ်။
ရေ - ရေတပေါက်လောက် သောက်ချင်လိုက်တာ -
ခြေဦးတည့်ရာထွက်လာကြရင်းနဲ့ ဘုရင်ကြီးတို့ဟာ၊ လမ်းခရီးမှာလူတယောက်ကို တွေ့ကြတယ်။
ဒီအနီးအနားမှာ စားစရာများ ရနိုင်ဘူးလား၊
မှန်ပါ - ရနိုင်ပါတယ်၊ ကျွန်တော်မျိုးနောက်ကို လိုက်ခဲ့ကြပါ၊
ခဏလေးလောက်သည်းခံကြပါဘုရား၊ ဒီခြံထဲကို ဝင်မစားကြပါနဲ့၊ ရှေ့နားကိုဆက်လိုက်ခဲ့ကြပါဦး၊
ဒီခြံထဲက အသီးအနှံထက်ကောင်းတဲ့ ခြံရှိသေးလို့နဲ့တူတယ်ကိုး - သူ့နောက်ကို လိုက်ကြရအောင်၊


ဒီခြံထဲဝင်ပြီး ကြိုက်သလောက် သုံးဆောင်ကြပါ။
သမ်-မင်းကငါတို့ကိုလှည့်ဖြားပြီထော့ ပေါ့လေ။ ခုနခြံကအသီးက ၊ ဒီခြံကအသီး ထက်ကြီးတယ်။ ဒါကိုမစားစေချင်လို့၊ ဒီခြံကိုခေါ်လာတာမှတ်လားကွ၊ ဖြေစမ်း။
အမျက်ရှတော်မမူပါနဲ့ ဘုရား။ ခုနခြံက ကျွန်တော်မျိုးပိုင် ခြံမဟုတ်ပါ။ သူတပါးခြံထဲကို ပိုင်ရှင်မသိဘဲဝင်စား မိရင် ကျေးကျွန်မှာမို့ မစားစေခြင်းဖြစ်ပါတယ်။ ဒီခြံကတော့ ကျွန်တော်မျိုးပိုင်ခြံဖြစ် တဲ့အတွက် စားချင်သလောက်စား နိုင်ပါတယ်။
သင်ဟာဆင်းဆင်းရဲရဲ တောင်ယာလုပ်ကိုင်စားသောက် သူဖြစ်ပေမဲ့၊ ကိုယ်ကျင့်တရားအင်မတန်မြင့်မြတ် ကောင်းမွန်လှပါပေတယ်။ ဒါကြောင့် သင့်ကိုယ်ကျင့်တရား ကိုချီးကျူးတဲ့အနေနဲ့ သင့်အသီးအနှံတွေအတွက် အဖိုးအခကို ကျွေးပြီး ပေးတော်မူမယ်။
ကိုယ်ကျင့်တရားကောင်းမွန်တဲ့ တောင်သူကြီး -- ကျွန်ုပ်တို့ပြန်အုံးမယ်။
မှန်ပါ။

# လှေပြိုင်ပွဲ သရုပ်ဖော်ကစားနည်း

ကော်ညွန့်ဦး



လှေပြိုင်ပွဲဟန် သရုပ်ဖော် ကစားနည်းဖြစ်၍ စိတ်ကူးယဉ် လှေပြိုင်ပွဲဟုလည်း ခေါ်သည်။ လှေဝှက်တမ်း ကစားသည်ဟုလည်း ခေါ်သည်။ ယှဉ်ပြိုင်ကစားရန် အသင်းနှစ်သင်း ရှိရမည်။ အသင်းသားများသည် လှေနှစ်စင်း ယှဉ်ထား သကဲ့သို့ တယောက်နောက်တယောက် စီတန်း၍ ခြေဆင်းထိုင်ရသည်။

မကစားမီ လှေဦးချင်း ညီနေစေရမည်။ ရှေ့ဖက် ၁၅ တောင်ခန့်အကွာတွင် ပန်းတိုင်ရှိသည်။ လှေသင်းတသင်းတွင် ခေါင်းဆောင် တယောက်စီကဘေးမှ နေရသည်။

ခေါင်းဆောင် လုပ်သူက ကိုယ့်လှေသားများ၏ ပေါင်အောက်တွင် ခဲလုံးဝှက်ခြင်းဖြင့် တဖက်နှင့်တဖက် မည်သူ့ပေါင်အောက်မှာခဲလုံးရှိသည်ကို ဖော်ကြရသည်။ ခဲလုံး ရှိမရှိ ဖော်နိုင်ရန် မျက်နှာရိပ် မျက်နှာကဲ ခတ်ကြသည်။ ရင်တုန် ရင်ခုန် ရှိမရှိ စမ်းသပ်ခွင့်ရှိသည်။ အချို့မှာ နားရွက်ကိုလည်း စမ်းလေ့ရှိသည်။

တဖက်အသင်း၏ ခဲလုံးကို ဖော်ရာ၌ မှားခဲ့လျှင် ထိုလှေသင်း၏ နောက်ဆုံးလူသည် ရှေ့သို့တက်ရသည်။ ဤနည်းဖြင့် တသင်းနှင့်တသင်း အပြိုင်ပြုလျက် ပန်းတိုင်သို့ အလျင်ရောက်သူက အနိုင်ရလေသည်။

ကစားစဉ် လှေသားတို့က လက်ထဲတွင် ဆုပ်ကိုင်ထားသော တုတ်တို ကလေးများကို လှေလှော်သကဲ့သို့ လှော်ရင်း "ရှိုး.... ရည်းလေ့...." လှေလှော်သံ သီချင်းကို သီဆိုကြလေသည်။

## လေဖိအား ကစားကြည့်





# ကျွန်တော့်ကျောင်း

မောင်သိန်းဝင်း

တနင်္ဂနွေနေ့တွင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ၌ သန့်ရှင်းရေးလုပ်ရန်အတွက် ဆရာမက မှာလိုက်ပါသည်။

တနင်္ဂနွေနေ့သို့ရောက်သောအခါ ကျွန်တော်သည် အမေ့ကို ပြောပြီး သန့်ရှင်းရေး လုပ်ရန်အတွက် ကျောင်းသို့ထွက်ခဲ့ပါသည်။ လမ်းတွင် သူငယ်ချင်းနီတွတ်နှင့် တွေ့ပါသည်။

"ဟေ့– နီတွတ်၊ ကျောင်းသန့်ရှင်းရေးကို မသွားဘူးလားကွ"ဟု ကျွန်တော်က မေးလိုက်ပါသည်။

"မသွားဘူးကွာ။ အခုရေသွားကူးမလို့ အိမ်ကို လိမ်ပြီးထွက်လာခဲ့တာ"ဟု နီတွတ်က ပြန်ပြောပါသည်။

"မင်းကော– ငါနဲ့ လိုက်ခဲ့ပါလားကွာ။ ရေကူးရအောင်"

နီတွတ်သည် ကျွန်တော့်ကို သူနှင့်လိုက်ရန် ခေါ်ပါသည်။

"မဖြစ်ပါဘူးကွာ။ ဆရာမသိယင် ဒို့ကို ဆူနေလိမ့်မယ်။ တော်ကြာ အရိုက်လဲခံနေရအုံးမယ်"ဟု ကျွန်တော်က ငြင်းလိုက်ပါသည်။

"လာပါကွာ– မဆူပါဘူး။ ငါနဲ့သာလိုက်ခဲ့ပါ"

နီတွတ်သည် ပြောပြော ဆိုဆို ကျွန်တော့်ကို အတင်းဆွဲခေါ်ပါသည်။ ကျွန်တော် ရုန်းပါ၏။ မရပါ။ နောက်ဆုံး နီတွတ်နောက်သို့ ကျွန်တော်ပါခဲ့ပါတော့သည်။

နီတွတ် ကျွန်တော့်ကို ခေါ်လာသော နေရာမှာ အင်းယားကန်ပင် ဖြစ်ပါသည်။

"ကဲ– သူငယ်ချင်း၊ အင်္ကျီချွတ်။ ပျော်ပျော်ပါးပါး ရေကူးရအောင်"

နီတွတ်သည် ပြောပြော ဆိုဆို အင်္ကျီချွတ်ပြီး ဘောင်းဘီဖြင့် ရေထဲသို့ ဆင်း ကူး နေ ပါတော့သည်။

ကျွန်တော်ကူးချင်စိတ် မရှိပါ။ နောက်ဆုံး နီတွတ်၏ အတင်း တိုက်တွန်းမှုကြောင့် သူနှင့်အတူ ဆင်းပြီး ကူးပါတော့သည်။

မကြာလိုက်ပါ။ မိုး ရွာ ချ လိုက် သော ကြောင့် ရေ ကူး ရသည်မှာ ပို၍ပင် ပျော်စရာ ကောင်း ပါ တော့ သည်။ ကျောင်းသန့်ရှင်းရေး မသွားမိတာကိုပင် အကောင်းသားဟု ကျွန်တော့်စိတ်ထဲတွင်တွေးနေမိပါသည်။

အတန်ကြာသောအခါကျွန်တော်တို့နှစ်ယောက် ကုန်းပေါ်တက်ပြီး အင်္ကျီဝတ်ကာ မိုးရွာကြီးထဲမှာပင် ပြန်ခဲ့ကြပါသည်။ တကိုယ်လုံးလည်း ခိုက်ခိုက်တုန်အောင် ချမ်းနေ ပါသည်။ နီတွတ်တော့ မသိပါ။ ကျွန်တော်တော့ အိမ်သို့ ရောက်သည်နှင့် အအေး မိပြီး ဖျားပါ တော့သည်။ မိုးရွာကြီးထဲတွင် ပြန်လာ၍ အမေက ကျွန်တော့်ကို ဆူပါသည်။ ကျွန်တော်ကမူ အမေ့ကို မည်သို့မျှ ပြန်မပြောပါ။ အမှန်ကိုလည်း ဝန်မခံရဲပါ။

"ဆရာမ တွေကလဲတော်– ကျောင်းပိတ်ရက်လဲ မနေရ။ ကလေးတွေကို အမျိုးမျိုးခေါ်ပြီး ခိုင်းနေကြတာဘဲ"

အမေသည် ကျွန်တော့်ကို ဆေးတိုက်ပြီး တတွတ်တွတ် ပြောနေပါသည်။ ဆေးတိုက်ပြီးသောအခါ ကျွန်တော့်ကို အိပ်ရာထဲတွင် စောင်ဖြင့် ထွေးထားပါသည်။ ကျွန်တော်သည် မျက်စိကိုပိတ်ပြီး မှိန်းနေပါသည်။ တအောင့် ကြာသောအခါ အိပ်ပျော်သွားပါသည်။

ညနေသို့ ရောက်သောအခါ အမေသည် ကျွန်တော့်ကို ဆန်ပြုတ်တိုက်ရင်း နေ့လယ်က အကြောင်းကိုဆက်ပါတော့သည်။

"သား နေကောင်းသွားပြီလား"

အမေသည် ကျွန်တော့်နဖူးကို စမ်းပြီး မေးပါသည်။

"ဟုတ်ကဲ့အမေ၊ ကျွန်တော်နဲနဲ သက်သာလာပါပြီ"

"သား အခုလို ဖြစ်ရတာ ကျောင်းမှာ မိုးရွာကြီးထဲ ဆရာမတွေခိုင်းလို့ ဖြစ်ရတာ။ နောက်ဆို ဘယ်တော့မှ ကျောင်းသန့်ရှင်းရေးမလွှတ်တော့ဘူး"

အမေသည် ကျွန်တော့်ဘေးမှထိုင်ပြီး ကရုဏာမကင်း ပြောနေပါသည်။

"ဆရာမတွေကလဲ သားချင်း သမီးချင်းမစာနာကြဘူး။ ကိုယ့် သား သမီး မဟုတ်တိုင်း ခိုင်းရက်တယ်"

အမေ၏ စကားများကို ကြားရသောအခါ ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။ ကျွန်တော်၏ မိုက်ပြစ်ကြောင့် ဘာမျှမသိရှာသော ကျောင်းမှ ဆရာမမှာ အထင်မှားခံရ၊ အပြောခံရ ပါသည်။ အမှန်ကိုလည်း အမေ့ကို ကျွန်တော်ဖွင့်မပြောရဲပါ။ ပြောလျှင် အရိုက်ခံရမည်ကို ကြောက်ပါသည်။

ကျွန်တော့်ဆရာမကို ကျွန်တော်ချစ်ပါသည်။ ကျွန်တော်ချစ်သောဆရာမကိုအမေအပြစ်ပြောခံရခြင်းမှာ ကျွန်တော်၏ အမှားကြောင့်ပင် မဟုတ်ပါလား။

ကျွန်တော်သည် အိပ်ရာထဲတွင် လှဲနေရင်း အိပ်၍ မပျော်နိုင်တော့ပါ။ ရင်ထဲတွင် တလှိုက်လှိုက် ခံစားနေရပါသည်။ ကျွန်တော့်ကြောင့် အခြားသူတဦး အထင်လွဲခံနေရပါသည်။ ကျွန်တော်သည် ဆုံးဖြတ်ချက်တခုကို ပိုင်နိုင်စွာ ချလိုက်ပါသည်။ ထို့နောက် အိပ်ရာမှ ပေါ့ပါးစွာ ထလာခဲ့ပြီး၊ အမေ့အား အကြောင်းစုံကို ပြောပြလိုက်ပါတော့သည်။

"ဒီလိုမှပေါ့ သားရဲ့။ သားမှာ ဒီလိုအသိရှိတာ အမေဝမ်းသာတယ်။ နောင်ကို ဒီစိတ်မျိုး အမြဲမွေးပေါ့–ဟုတ်လား"

အမေသည် ကျွန်တော့် ခေါင်းကို လက်နှင့် အသာသပ်ရင်း ပြောပါသည်။

အမေ့အပြုံးကို မြင်ရသောအခါ ကျွန်တော့်ရင်တွင် အေးချမ်းသွားပါသည်။ ကျွန်တော် အိပ်ပျော်ပါတော့မည်။

× × × ×

## သူတို့မောင်နှမ

မောင်ကကြီး အပုံ့သင်၊
ရှေ့ကျီးလေးအသွင်။

ပျော်ပျော်ရွှင်ရွှင်ဘားဂျမ်းထိုး၊
ခခွေး တော်တော်ဆိုး။

မျက်နှာညိုးလို့ ခေါင်းငုံ့ရှာ၊
ဂငယ်ကလေးမှာ။

လက်ကွေးကာ ဇော်ကက၊
ဃကြီး ပျော်တယ်ဗျ။

ဘယ်သူ့ကိုမှ မကြည့်ပေ၊
မျက်နှာလွှဲလို့နေ။

ငကလေးရေ ကြည့်ပါကွဲ၊
ငေးမနေပါနဲ့။ ။

တက္ကသိုလ် ကြည်မာ



R. 517



# သစ်ဆိမ့်သီး




အပိုင်းမျိုး၊ ဥမျိုး ဟူ၍ သစ်ဆိမ့်သီး နှစ်မျိုးရှိသည်။ အပိုင်းမျိုးသည် လက်မဝက်ခန့် အရွယ်ရှိ၍ ဥမျိုးက ထိုထက် အရွယ်ကြီးသည်။ သစ်ဆိမ့်သီးကို လှော်ပြီး အတွင်းသားအဆံကို စားရသည်၊ အရသာမှာ ချိုဆိမ့်သည်။ မြန်မာ ဆေးကျမ်းတွင် သစ်ဆိမ့်သီးသည် စဉ်းငယ်ပူ၏။ ဖန်၏။ သလိပ်နာ၊ သည်းခြေ နာကို ပယ်၏။ မျက်စိနာခြင်း သင့်၏။ အသံကို ပျက်စေတတ်၏ဟု ပြဆိုထား သည်။ သစ်ဆိမ့်သီးကို တောတိရစ္ဆာန်များ အထူးကြိုက်နှစ်သက်သည်။



သစ်ဆိမ့်ရွက်ကို နွားကျွေးသော် နွားနို့အထွက်များသည်။ သစ်ဆိမ့်သီး ကို သံ၊ ကန့် အနည်းငယ်ရော၍ သားရေနယ်ဆိုးဆေးနှင့် မင်ပြုလုပ်နိုင်သည်။ အသီးခွံကို သွေးလိမ်းသော် မျက်စိနာပျောက်သည်ဟု ဆိုသည်။ သစ်ဆိမ့်သား သည် ပေါ့၍ ရေထဲတွင် ကြာရှည်အသုံးခံသည်။ ထို့ကြောင့် သစ်ထွင်းလှေ၊ ရေစည်၊ လှည်းကက်အိမ်နှင့် သေတ္တာငယ်များ ပြုလုပ်နိုင်သည်။ ထွန်သန်နှင့် နေ့အိမ်ဆောက်ရန်လည်း သင့်လျော်သည်။ ထင်းအဖြစ်သုံးလျှင် မီးအစွဲမြန် ပြီး မီးအရှိန်ကောင်းသည်။ မီးသွေးဖုတ်နိုင်သည်။

သစ်ဆိမ့်ပင်ကို ကျွန်းနှင့် ပိတောက်တောများတွင် အုပ်လိုက်တွေ့ ရတတ်သည်။ အမြင့်ပေ ၆၀၊ ၇၀ အထိ မြင့်တတ်ပြီး လုံးပတ် ခြောက် ပေ ခုနစ်ပေအထိ ရှိတတ်သည်။

သစ်ဆိမ့်သီး ပေါ်လွိုင်သည့်အချိန်မှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဖြစ်သည်။

ဓမောင်မောင်မြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၃၉။

ရွှေသွေး ဂျာနယ်

# မနုသီဟ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ဦးဘကြည်

၁၃၃၂ ခု- တော်သလင်းလဆုတ် ၁၁ ရက်။ (၂၆-၉-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ကဲ - မနုသီဟကြီး - အဖြူက အမဲဖြစ်သွားပြီ ဟဲ - ဟဲ
အလုပ်သမားများသည် နောက်တနေ့တွင် မနုသီဟရုပ်ကြီးများကို သစ်စေးသုတ်ကြ၏။
တနေ့ထဲနဲ့ မပြီးဘူးကွဲ့ နက်ဖြန်မှ ဆက်လုပ်တာပေါ့
သစ်ဆေး ခြောက်လောက်သော် ရွှေချကြ၏။
ဒီဖက်ခြမ်းက ပြီးသွားတော့ ဝင်းနေတာပဲ နော်
နေ့ချင်းမပြီး၍ နောက်တနေ့ ဆက်ရပြန်၏။
အရေးထဲမှာ - - ဟိုဖက်က သစ်စေးသုတ်တာ ချေသွားလို့ - ခုထက်ထိ မခြောက်သေးဘူးကွ - ဒုက္ခပါပဲ....
ထိုသော် အချိန်နှင့်မပြီးသဖြင့် .....
ဘယ့်နှယ်လဲ အလုပ်တွေ ပြီးခဲ့ကြပြီလား ဆရာတို့
ပြီးသလောက်တော့ ပြီးပါပြီဝန်မင်း - ဒါပေမယ့် အရှေ့တောင်ထောင့်က - မနုသီဟ တကောင်ရဲ့ တဖက်မှာ သစ်စေးမခြောက်သေးလို့ - ရွှေချရန် ကျန်ပါသေးတယ် ဝန်မင်း
တယ်ပေါ့လျော့ ဒီကိစ္စ .... ဖြစ်နိုင်သလောက် အမြန်ဆုံး လုပ်ပါ
ကြိုးစားပါမယ် ဝန်မင်း
အလုပ်သမားများအား သက်ဆိုင်ရာ ဝန်ကြီးကကြိမ်းမောင်းပြီး အမြန်ပြီးအောင် တိုက်တွန်း၏။


အလို - မဲလိုက်တဲ့ မနုဿီဟ မှောင်နေတာဘဲ
ထိုစဉ် ဗိုလ်ရဲသည် မြို့ထောင့်ရှိ မနုဿီဟ၏ ရွှေ မချရသေးသော ဖက်ကို တွေ့ကာ ....
ဟာ - လှလိုက်တဲ့ မနုဿီဟ - ရွှေရောင်ကို ဝင်း နေတာဘဲ
မဲနေတာကို ရွှေရောင်ဝင်းနေတယ်လို့ ဆိုတာ ဘယ်သူ့လဲဟေ့ - မျက်စိ မရှိဘူးလား
ကဲ့ရဲအပြစ်တင်၍မဆုံးမီ တဖက်မှ ဗိုလ်ခဲ၏အသံ ထွက်လာသဖြင့် ....
အောင်မယ်........ ..တောက်... ရာ ရာ - စ,စ၊ ရွှေရောင်မြင်ရက်နဲ့ အမဲတဲ့ - ဒီ- ငါ့ကို တမင်လာ စ - တာဘဲ - ဖွို့ သတ္တိရှိယင် ထွက်ခဲ့လေ.....
သယ်... ခေါ်ကြီးတဲ့ ကောင်ပါလား - သိကြရောပေါ့ - ဗိုလ်ရဲ တဲ့ဟေ့....
ကျား .......... ဗိုလ်ခဲတဲ့ကွ......
သို့ဖြင့် ဗိုလ်နှစ်ယောက်သည် လက်နက်စွဲကိုင်၍စစ်ထိုးရန် ထိပ်တိုက်ပြေးဝင်ကာ—


ဖြောင်း
အကြိတ်အနယ် ထိုးခုတ်ကြပြီး နောက်ဆုံး၌ မြင်းပေါ်မှ လွင့်ကျသွားကြ၏။
သို့သော် ဗိုလ်မဲက ဗိုလ်ရဲနေရာရောက်၊ ဗိုလ်ရဲက ဗိုလ်မဲနေရာရောက်သွားပြီး—
နောက်တချီတမောင်း ရင်ဆိုင်ရန် အားခဲ၍ ထလိုက်ရာတွင် မနုသီဟကို မော့ကြည့်မိ
အမှားအမှန်ကို ရိပ်မိကြကာ ပိုအားထက် ရယ်အားသန် ဖြစ်ကြရလေ၏။
အင်း ...... ဟင်း ဟင်း
ထိုနောက် မောကြီး ပန်းကြီးဖြင့် တယောက်ကို တယောက် ဖက်ထားကြစဉ် တစုံတခုကို သတိရကြသဖြင့် ပြုံးဖြည်းဖြည်းကြီး လုပ်၍ နေကြလေတော့ သတည်း။


ယခင်အပတ်မှ အဆက်
ဂဠုန်နှင့် ဆရာစံ
ပန်းချီ — ဦးဖေးတင်
မြန်မြန် သွားပါ
စစ်ပုလိပ်တို့သည် ရွာစဉ်လျှောက်၍ တွေ့သမျှ လူများကို ဖမ်းလာရာ ကြောင်လျှာကုန်းမှ သာယာဝတီအထိ လမ်းခရီး၌ လူများစွာ သေဆုံးကြရ၏။
ရွာစဉ်ထလျှောက် ဖြတ်ယူခဲ့သော ခေါင်းပြတ်များကို လူစည်ကားရာ၌ ရက်စက်စွာ ပြထား၏။
တောက် ဒင်းတို့ ဒီလိုချောက် လို့ ဒို့ မကြောက်ပါဘူး
ဖလုံ၊ မှန်စီရွာ၊ အင်ပူ၊ တွင်းကောက်၊ မိုးညို၊ လက်ပံတန်း တို့၌ ဂဠုန်တပ်တို့က တိုက်ခိုက်ဆဲပင်။
ဗြိတိသျှအစိုးရက ဂဠုန်တပ်ဖွဲ့ဝင်တို့အား လက်နက်ချရန် လေယာဉ်ပျံဖြင့် စာရွက်များ ကြဲချကြေညာ၏။


ရွာများကို အင်္ဂလိပ် စစ်ပုလိပ် တို့က မီးရှို့သည်။
လူတွေကို ဖမ်း၍ ထောင်ချသည်။ ခေါင်းဖြတ် ပြသည်။
ဘုန်းတော်ကြီးများကို ဂဠုန်တပ်သားများ လက်နက်ချစေရန် တရားဟောခိုင်းသည်။
ဆုငွေ-၁၀၀၀၀-ကျပ်
ဂဠုန်သူပုန်ခေါင်းဆောင်
ကို
ဆရာစံကိုလည်း ဆုငွေ တိုးထုတ်လေသည်။
လက်နက်ချသူတို့ များလာ၍ နယ်များ ငြိမ်စပြုလာ၏။
ဂဠုန်တွေ . အောင်ဘာလေဖြို့ တည်ထားတယ် ဆိုဘဲ
သီပေါမြို့ ကို ဂဠုန်အဖွဲ့တွေ ရောက်နေသတဲ့
သို့သော် အထက်မြန်မာပြည်၌မူ ထိပ်လန့် နေကြသည်။


ဆရာစံသည် အောင်ဘာလေမြို့ကို မြောက်ပိုင်းရှမ်းပြည်၌ တကယ်တည် ထောင်ပြီးလေပြီ။
နောက်ဆုံး၌ ဂဠုန်အဖွဲ့သည် သီပေါနယ် ကျေးရွာများကို သိမ်းပိုက်ထားနိုင်သည်။
ပါစွန်ရွာကို သွား-တိုက် ရမယ်
ပါစွန်ရွာကြီးကို ဂဠုန်အဖွဲ့က အုပ်စီးထားပြီဟု သတင်းရသော်-
အင်္ဂလိပ် စစ်ပုလိပ်တပ်သည် နှိမ်နင်းရန် ချီတက်လာပြီး စောင့်ဆိုင်းနေစဉ်-
တောင်ကုန်းထိပ်တခုမှ ဂဠုန်အလံကြီး ပေါ်လာပြီး လူတစုကို တွေ့ရလေ၏။
ဂဠုန် ဆရာစံ ဆရာစံ

ဆက်ရန်


# အိန္ဒိယနိုင်ငံ




အိန္ဒိယ နိုင်ငံသည် အာရှတိုက် တောင်ပိုင်း၊ မြန်မာနိုင်ငံ၏ အနောက်ဖက်တွင် တည်ရှိသည်။ စတုရန်းမိုင် ၁,၂၆၆,၂၁၀ ကျယ်ဝန်းသည်။ ကမ္ဘာတွင် သတ္တမအကြီးဆုံးနိုင်ငံဖြစ်သည်။ လူဦးရေအားဖြင့် ဒုတိယ အများဆုံးဖြစ်၍ သန်းပေါင်း ၄၅၀ကျော် ရှိသည်။ ယင်းတို့အနက် ဟိန္ဒူ သန်းပေါင်းသုံးရာကျော်၊ မွတ်စလင် ၃၅ သန်းကျော်၊ ခရစ်ယန် ရှစ်သန်းကျော် ဖြစ်သည်။ ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံ၌ စတင်ထွန်းကားခဲ့သော်လည်း ယခုအခါ ဗုဒ္ဓဝါဒီတို့မှာ အနည်းစု ဖြစ်သည်။




ဒရာဗိဒီယန်၊ အရယန်၊ မွန်ဂို စသည်ဖြင့် လူမျိုးအုပ်စုကြီး ခုနစ်မျိုးမှ ဆင်းသက်လာသော လူမျိုးစု အများအပြား ရှိ၍ ပြောဆိုကြသော ဘာသာစကားပေါင်း ၇၀၀ ကျော် ရှိသည်။ ဟင်ဒီဘာသာကို ရုံးသုံးပြုလုပ်ထား၍၊ ဘင်္ဂါလီ၊ အူရဒူ၊ ဟင်ဒူစတန်နီ၊ တမီးလ်၊ တေလဂူ စသည်တို့မှာ အသုံးများသော ဘာသာစကားများ ဖြစ်သည်။



လူဆယ်ဦးတွင် ကိုးဦးသည် တောရွာများ၌ နေထိုင်ကြသည်။ သူတို့၏ အိမ်များမှာ အများအားဖြင့် ရွှံ့ဖြင့် ဆောက်လုပ်၍သက်ငယ် မိုးထားတတ်သည်။ တဆွေမျိုးလုံး ဤအိမ်ငယ်၌ စုပြီး နေထိုင်တတ်ကြသည်။

လယ်သမား သားသမီးများမှာ ဆယ်နှစ်ရောက်လျှင် အိမ်အလုပ် ကူလုပ်ကြရသည်။ ယောက်ျားကလေးများက ကျွဲ နွားကျောင်း၍ မိန်းကလေးများက အိမ်မှုကိစ္စနှင့် ဆန်ဖွပ်၊ မောင်းထောင်း၊ ရေခပ်ကြရသည်။

သရုပ်ဖော်-
ကျော်ကျော်




လယ်ယာ စိုက်ပျိုးရေးသည် အိန္ဒိယနိုင်ငံ၏ အဓိက စီးပွားရေး လုပ်ငန်းဖြစ်သည်။ လူဦးရေ လေးပုံသုံးပုံ၏ အသက်မွေးဝမ်းကျောင်း ဖြစ်၏။ အဓိက ပြည်ပပို့ကုန်မှာ လက်ဖက်ခြောက်၊ ဝါဂွမ်း၊ မြေပဲ၊ ဂုံလျှော်၊ ပဲ စသည်တို့ဖြစ်သည်။

၁၉၄၇ ခု ဩဂုတ်လ ၁၅ ရက်နေ့တွင် ဒိုမီနီယန်နိုင်ငံဖြစ်လာသဖြင့် ထိုနေ့ကို လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်သည်။ ၁၉၅၀ ပြည့် ဇန္နဝါရီလ ၂၆ ရက်နေ့တွင် အချုပ်အချာ အာဏာပိုင် သမ္မတနိုင်ငံအဖြစ် ကြေညာခဲ့သည်။ ဗြိတိသျှ မန သဟာယအဖွဲ့ဝင် ဖြစ်၏။ နိုင်ငံ အကြီးအကဲမှာ သမ္မတ ဘင်ဟာရာဂီရိ ဗီကာရာဂီရိနှင့် ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဒီတို့ ဖြစ်သည်။ နိုင်ငံ၏ မြို့တော်မှာ ဒေလီဖြစ်၍ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ်တို့သည် ဆိပ်ကမ်းမြို့ကြီးများ ဖြစ်သည်။

အဂရာမြို့ရှိ "တပ်ချမဟာ"ခေါ် အဆောက်အအုံသည် ကမ္ဘာ့၌ အလှပဆုံးတခု ဖြစ်သည်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဟိမဝန္တာ တောင်တန်းမှ ဧဝရက်တောင်ထိပ်သည် ကမ္ဘာ့၌ အမြင့်ဆုံးဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့ အတွက် ဂင်္ဂါမြစ်သည် အထွတ်အမြတ်ဖြစ်၍ ထိုမြစ်ကမ်းပေါ်ရှိ ဗာရာဏသီမြို့ မြစ်ဆိပ်ကမ်းသို့ အပြစ်များကို ဆေးကြောရန် ဟိန္ဒူဘာသာဝင် ထောင်ပေါင်းများစွာတို့ နှစ်စဉ်လာရောက်ရေချိုးကြလေသည်။ ဟိန္ဒူဘာသာဝင်တို့သည် နွားများ ကိုလည်း အလေးအမြတ် ထားသဖြင့် တေးမဲ့လွှတ်ထားသော နွားများကို နေရာတကာ၌ တွေ့နိုင်လေသည်။




သတိပြုရန်
ကာတွန်း
မောင်မောင်သက်
အဟွတ်
အဟွတ်
ပလပ်စတစ်အိတ်နှင့် ခေါင်းစွပ်ပြီး မကစားနှင့် အသက်ရှူကျပ်ပြီး သေတတ်သည်။
မီးခြစ်ပြီး မကစားနှင့်၊ အသက် စည်းစိမ်များ ဆုံးရှုံးတတ်သည်။
ဒန်းကို အရမ်းလွှဲပြီး မစီးနှင့်၊ ကြိုးပြတ်၍ လိမ့်ကျတတ်သည်။
လေးခွကို အရမ်းပစ်မကစားနှင့်၊မျက်လုံးကို မှန်ပြီး မျက်လုံးကန်းတတ်သည်။
ကားလမ်းပေါ်တွင် စက်ဘီးကို လက်လွှတ်ပြီး မစီးနှင့်၊ ဘေးတွေ့တတ်သည်။
လမ်းသွားစဉ် အမှတ်မဲ့မကန်နှင့်၊ ခြေတွင်အနာရတတ်သည်။


မောင်မောင်
နှင့်
အတာ —
ဇာတ်လမ်း-
ပုံးလဲ့မော်
သရုပ်ဖော်-
ကြွယ်လေး
မောင်မောင်နှင့် အတာသည် ညီအစ်ကိုအရင်းများ ဖြစ်သော်လည်း တယောက်ကို တယောက် အနိုင်မခံ အရှုံးမပေးထတ်ကြပေ။
တနေ့ အတာ စာကျက်နေစဉ် မောင်မောင်က သီချင်းဆိုရာ၏။
.. သီချင်းအော်မဆို ပါနဲ့ - - စာကျက် လို့မရဘူး -
စာကျက်လို့ မရယင် နားပိတ်ထား ပေါ့ကွ -
အတာက တောင်းပန်သော်လည်း မောင်မောင်က သူ့အကျင့်အတိုင်း မခန့်လေးစား ပြောသည်။
တနေ့တွင်
တဒုံးဒုံး တဒိုင်းဒိုင်း မလုပ်နဲ့ကွ - ငါအိပ် မလို့ -
နားပိတ်ထားပေါ့
မောင်မောင်သည် ညကစာကျက်လွန်သွားသဖြင့် အလွန်အိပ်ချင်နေသည်။
မှတ်ထား - ကိုယ်မကြိုက်တာ သူများလုပ်တော့ မခံနိုင် သလို - ကိုယ်ကလဲ သူများမကြိုက်တာ မလုပ်နဲ့ပေါ့
အေးပါကွာ - နောက်ကို ငါသူများ မကြိုက်တာ မလုပ် တော့ပါဘူး -
နောက်ဆုံး မောင်မောင်နှင့် အတာတို့သည် ကိုယ်ချင်းစာသဘောကို နားလည်လာကြတော့သည်။



အကောက်ကြံ အခံယံ
ဂမ်ဖြူနွဲ့ ရေးဆွဲသည်
ငါ့အစာ ကြွက် သေပေတော့
ကျားကို အကောက် ကြံရမယ်
မင်း သတ်လိုက်တာ ငါ့ကြွက်ကွ ပေး...ပေး
ဒီလိုနဲ့ ဘယ်ရမလဲ ပညာရှိ ဇီးကွက် ဆီသွားမယ် လာ----
ကဲ မင်းတို့ အမှုကိုပြောကြ ပေတော့
သေသွားတဲ့ ငါ့ကြွက်ဟာ နေ့တိုင်း အမဲတတုံးကျပေးတာ ရက်သုံးဆယ် ရှိပြီ
ဒါ့ကြောင့် အလျော် ပေးပါ
ဒီကြွက်ဟာ ငါ့ရဲ့ အမဲတုံး သုံးဆယ်ကို တနေ့တတုံး ကျ ခိုးခဲ့လို့ သတ်လိုက်ရ ပါတယ်
ဒီလိုဆိုယင် ကြွက်ပိုင်ရှင် မောင်ခြင်္သေ့က မောင်ကျားကို အမဲတုံး သုံးဆယ် လျော်ပေးစေ

# ခွေးရူး လိုက်တမ်း





ရှေး လူကြီး သူမ များသည် မိမိတို့ ရင်သွေးငယ်များကို ခွေးရူးလိုက်တမ်း ကစား စေခြင်း အားဖြင့် ခွေးရူး တကယ် လိုက်လျှင် ပြေးနိုင် ရှောင်နိုင်စေရန် အလေ့အကျင့် ပျိုးထောင်ပေးခဲ့ဟန်တူပေသည်။

ကလေးတယောက်က ခွေးရူးအဖြစ် သရုပ်ဆောင်၍ ကျန်ကလေး များ ကို လိုက် ဖမ်း ရသည်။ ခွေးရူးလိုက်ဖမ်းရန် အချက်ပေးသည့် အနေဖြင့် ကျန်ကလေးများက "စိန်" ဟု ဆိုကာ ထွက်ပြေးကြရသည်။ အပြေးကို များစွာ အလေးထားကစားရသော ကစားနည်းဖြစ်သ ဖြင့် မြေ တ လင်း ပြောင်ပြောင် ကျယ်ကျယ်ဝန်းဝန်းနေရာကို ရွေးချယ် ကစားသင့်ကြသည်။ သို့မှသာ ပြေးရင်းလွှားရင်း တိုက်မိ ခိုက်မိပြီး လဲပြိုအနာတရ မ ဖြစ် ကြ ပေ မည်။ ကလေးများသည် ပြေးရှောင်တိမ်းရင်း ခွေးရူး ပိုမို ဒေါသဖြစ်စေရန် အောက် ပါ လင်္ကာ ကို ရွတ်ဆိုကာ နောက်ပြောင်ကြရ၏။

"ဒို့ကိုကြောက်လို့ နောက်ဆုတ်ပြေး၊ ဘကြီးအိမ်က ချေးစားခွေး"

ထိုအခါ ခွေးရူးက ဒလကြမ်း လိုက်ဖမ်း ပေလိမ့် မည်။ ပြေးသူများက တတ် နိုင် သ မျှ ရှောင့် တိမ်း ပြေး ကြ ရ သည်။ ရှောင် မလွတ် နိုင်လျှင် ဖြစ် စေ၊ ပြေးရလွန်းသဖြင့် မောနေလျှင်ဖြစ်စေ မြေကြီးပေါ် သို့ ထိုင်ချလိုက်နိုင်၏။ ထိုအခါ ခွေးရူးသည် ဖမ်းနိုင်ခွင့် မရှိတော့ပေ။ သို့ရာတွင် ကစား ပွဲ တ ပွဲ တွင် သုံးကြိမ်ထက် ပို၍ မ ထိုင် ရ ဟု စည်းကမ်း သတ်မှတ် ထားရှိ၏။ သုံးကြိမ်ထက် ပို၍ ထိုင်မိလျှင် ထိုသူ ခွေးရူးလုပ်ရမည်။ ပြေးရင်း အဖမ်းခံရသူ ရှိလျှင်လည်း ထိုသူ ခွေးရူးလုပ်၍ နောက်တပွဲ ပြန်လည် ကစားရလေသည်။






"ကျွန်တော် မပြောဘူး လားအဖေ၊ ဒီပွဲမှာ ကျွန်တော် ဘဲ အနိုင်ရမှာပါလို့"

ဦးကြည်မောင်သည် သားဖြစ်သူ ထွေးကျော်၏ ဝင့်ဝင့်ကြွားကြွား ပြောဆိုလာသောစကားကို သဘောကျစွာ နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ အမှန်တော့ ထွေးကျော်အဖို့ သက်ငယ်တန်း လက်ဝှေ့ပွဲတိုင်းတွင် ဘယ်တုန်းကမျှ မရှုံးခဲ့ဘူးပေ။ သည်နှစ် တန်ဆောင်တိုင်ပွဲတွင်လည်း ပထမ ဦးဆုံးညက သူ၏ တွဲဖက် နီလုံးကို အမှတ်ဖြင့် အနိုင် ရရှိခဲ့သောကြောင့် ယခုလို ဖခင်ရှေ့တွင် ကြွားဝါပြောဆိုနေခြင်း ဖြစ်၏။

"ကိုယ့်ကိုကိုယ် သိပ်လဲ အထင်မကြီးနဲ့အုံးငါ့သား။ လူဆိုတာ ရေစီးတခါ ရေသာတလှည့်မို့ ကိုယ်ကချည်း အမြဲတမ်း နိုင်ရမယ်လို့ တွက်မထားရဘူး။ သားတို့ ဆယ့်သုံးနှစ် ဆယ့်လေးနှစ်အရွယ် မပြောနဲ့၊ တကယ့် ကမ္ဘာ့ လက်ဝှေ့ ချန်ပီယံ ဆန်နီလစ္စတန် တောင်မှ တနေ့ကျတော့ သူ့ကို အနိုင်ထိုးသတ်နိုင်တဲ့သူ ပေါ်လာ သေးတာဘဲ။ ဒီတော့...."

ဦးကြည်မောင်၏ စကားမဆုံးမီမှာပင် သားဖြစ်သူက သဘောမကျဟန်ဖြင့် –

"ဟာ– ဒါကတော့ အဖေရာ ဆန်နီလစ္စတန်က အသက်ကြီးလှပြီဘဲ။ ကလေးက သူ့ထက် အများကြီး ငယ်တော့ အားချင်း မတူတာရယ်၊ အမောခံနိုင်ရည် ရှိတာချင်းလဲ မတူတော့ ရှုံးရမှာပေါ့။ အခု ကျွန်တော်တို့ အရွယ်က အားတက်တုန်း အရွယ်ဆိုတော့...."

"အေးလေ – ဒါကတော့ ဘယ်သူမဆို ကိုယ့်ကိုကိုယ် အထင်ကြီးကြတာဘဲ သားရယ်။ ဒါပေမဲ့ အားငယ်တဲ့သူ ရှိယင် အားကြီးတဲ့သူ ရှိလာရစမြဲဘဲ။ ပြီးတော့ အောင်မြင်မှုတို့ကျော်ကြားမှုတို့ ဆိုတာ အမြဲတမ်း အတိုးအဆုတ် ရှိနေတော့ ငါ့သားလဲ ကိုယ့်ကိုကိုယ် အထင်မကြီးဖို့အဖေကသတိပေးတာပါ"

"ဘာဘဲဖြစ်ဖြစ် အဖေရာ ကျွန်တော်ကတော့ ကျွန်တော့်ကို နိုင်အောင်ထိုးနိုင်တဲ့သူ မရှိသေးဘူးလို့ ထင်ထားတာဘဲ"

"ဒါကတော့ ငါ့သား အပေါ်မှာ မူတည်ပါတယ်။ အမြဲတမ်း လေ့ကျင့်မှုရှိပြီး ပိုမိုကျွမ်းကျင်လာအောင် လေ့လာပြီး အားကစားစိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင် ထားယင် မရှုံးနိုင်ဘူးပေါ့ကွယ်။ အကောင်းဆုံးကတော့ ဘယ်သူ့ကိုမဆို ကိုယ့်ထက်သာတဲ့ သူချည်းဘဲလို့ သဘောထားပြီး ထိုးတာဟာ အကောင်းဆုံးဘဲ။ ဒါမှ မနိုင်နိုင်အောင် ကြိုးစားချင်တဲ့ စိတ်ရှိမှာ"

ဦးကြည်မောင်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး စားပွဲပေါ်မှ ဆေးပေါ့လိပ်ကို ယူ၍ မီးညှိဖွာရှိုက်ကာ –

"အဖေ့ အနေနဲ့ ကတော့

ငါ့သားဘဲ အမြဲတမ်း အနိုင်ရ
နေစေချင် တာ ဘဲ ပေါ့။ ဒါ
ကြောင့်လဲ ငါ့သား ဝါသနာပါ
တဲ့ လက်ရွေ့ကို ကျေကျေနပ်
နပ် ခွင့်ပြုခဲ့တယ် မဟုတ်လား။
ကြိုးစားပေါ့ကွယ်”

“ကြိုးစားပါမယ်အဖေ”

× × ×

နောက်တနေ့ညတွင် မျက်နှာ သုန်သုန်မှုန်မှုန်ဖြင့် ပြန်လာသော သား ထွေးကျော်ကို မြင် လိုက် သည် နှင့် ဦးကြည်မောင်သည် အဘယ်ကြောင့်ဟူသည်ကို အတတ် သိပြီးသားဖြစ်၏။ ထိုကြောင့် ထွေးကျော်အနီးသို့ရောက်လာသောအခါ–

“ဘယ်နှယ်လဲဟေ့ – ဒီတပွဲလဲ ငါ့သားဘဲ အနိုင်ရခဲ့တယ်မဟုတ်လား။ ထိုင်စမ်းပါအုံးကွ”

ဦးကြည်မောင်က သားဖြစ်သူကို ခနဲ့ လိုက်သည်။ ထွေးကျော်က မျက်မှောင် ကုတ်၍ ကုလားထိုင်ပေါ် သို့ လေးကန်စွာ ထိုင်ချလိုက်သည်။

“မနိုင်ဘူးအဖေ၊ ရှုံးတယ်”

“ဟေ့– ငါ့သားလက်သီးက အမြဲတမ်း အနိုင်ရမဲ့ လက်သီးဆိုကွာ....”

“ဟုတ်တယ်အဖေ၊ အစကတော့ ကျွန်တော် ဒီလိုဘဲ ယူဆထားတယ်။ ဒါပေမဲ့ အခု ရှုံးခဲ့တယ်။ မောင်သိန်းက ကျွန်တော့ထက် အရှောင် အတိမ်းရော၊ ခြေလှမ်း အဆုတ်အတက်ရော၊ ထိုးပုံ ထိုးနည်းရော အားလုံးသာတယ်။ ပြီးတော့ ကျွန်တော့်ကို အမှေ့ဖမ်းပြီး အနိုင်ယူသွားတယ်”

ကျေနပ်သော အပြုံးဖြင့် ဦးကြည်မောင်က သားကိုကြည့်၍ နေရာမှထပြီး သား၏ဘေးလွတ်နေသော ခုံတခုံတွင် ထိုင်ရင်း ကျောကိုပုတ်လျက် –

“ကဲ–အစက အဖေမပြောဘူးလား။ လူဆိုတာ အမြဲတမ်း အောင်မြင် ကျော်ကြားမှု ရှိမနေပါဘူးလို့။ တကယ် ကျော်ကြားနေတဲ့ သူ တွေ တောင် မှ တနေ့ မှေးမှိန် ရသေးတာဘဲကွယ်။ အခု ငါ့သား အနေနဲ့ ကြိုးစားယင် တက်လမ်းအများကြီး ရှိပါသေးတယ်။ စိတ်ဓာတ်မကျပါနဲ့”

“ကျွန်တော် နားလည်ပါပြီအဖေ။ အမှန်တော့ တဖက်သားကို အမဲထားလိုတဲ့ ကျွန်တော့ စိတ်ကိုက မှုမမှန်ခဲ့လို့ အခုလို ရှုံးရတယ် ဆိုတာ သင်ခန်းစာ ရပါပြီ။ နောက်ဆိုယင် အဖေပြောသလို ကိုယ်နဲ့ ယှဉ်ပြိုင်ရမဲ့သူဟာ ကိုယ့်ထက် အရည်အချင်း ရှိပြီးသားလို့ ယူဆပြီး ကြိုးစားထိုးပါ့မယ်”

“အေး အေး–ငါ့သား အခုလို အားကစားစိတ်ဓာတ် မှုမှန်လာတာကိုဘဲ အဖေ ကျေနပ်လှပါပြီ။ ကဲ– ဒီတပွဲ မနိုင်ယင် နောက်ပွဲတွေ နိုင်အောင် ကြိုးစားပေါ့။ သွားတော့ – ရေမိုးချိုးပြီး အင်္ကျီထူထူဝတ်ထား”

“ဟုတ်ကဲ့ ဖေဖေ”

စောလှိုင်ဝင်း (ကောလင်း)

## ဒိုဋ္ဌာနီ

ဒိုဋ္ဌာနီရဲ့ ရွှေရုပ်ဆီ
ဘာပြည်လဲညီလေး။

တံတိုင်းရှည် လိမ်ခွေကုပ်
တရုတ်တဲ့လေး။

ဒိုဋ္ဌာနီရဲ့ နောက်ရပ်ခွင်
ဘာထင်လဲညီလေး။

ဂင်္ဂါခေါ် မြစ်မနဲ့
အိန္ဒိယတဲ့လေး။

ဒိုဋ္ဌာနီရဲ့ တောင်ရပ်မြေ
ဘာတွေလဲညီလေး။

စက်ဘူ နိုင်ငံယဉ်နဲ့
ပယ်လယ်အော် စိမ်းမြဆင်း
ဗင်္ဂလားတဲ့လေး။

ဒိုဋ္ဌာနီရဲ့ မြောက်ရပ်မျှော်
ဘာခေါ်လဲညီလေး။

တောင်မြင့်ခိုင် တိမ်စိုင်ထိ
တိဗက်တဲ့လေး။ ။

ဒေါနတောင်တန်း
မောင်အေးနောင်



R. 517

# စပျစ်သီး




လူတို့ပထမဦးဆုံး စိုက်ပျိုးသည့် သစ်သီးပင်သည် စပျစ်ပင်ဖြစ်သည်ဟု အဆိုရှိသည်။

စပျစ်ပင်မျိုးပေါင်း ထောင်နှင့်ချီ၍ရှိသည်။ သို့သော် မူလအရင်းခံအားဖြင့် စားပွဲတင်အချိုမျိုးနှင့် အရက်ချက် လုပ်ရသော အချဉ်မျိုးဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

စပျစ်သီးကို အစိမ်း သို့မဟုတ် အမှည့်အတိုင်းငင်း၊ အခြောက်ပြုလုပ်၍ငင်း စားနိုင်သည်၊ အချို့နိုင်ငံများတွင် စပျစ်သီးမှ အဆီထုတ်ပြီး ထိုအဆီနှင့် စပျစ်ရည်လုပ်၍ သောက်ကြသည်။ စပျစ်သီးခြောက်ကို ကလေးများ နှစ်သက်ကြသည်။ စပျစ်သီးအစိမ်းသည် အနည်းငယ်ချဉ်၍ အစာကြေခဲသည်။ မှုးဝေသော အနာများကို ပျောက်ကင်းစေသည်။ အမှည့်မှာမူ ချိုအေးသောအရသာရှိ၏။ မျက်စိနှင့်သင့်၏။ အစာကြေစေသည်။ မူးဝေသောဝေဒနာ၊ ဖျားနာတို့ကို ပျောက်ကင်းစေ၍ လူကိုဝဖြိုးစေသည်။

မြန်မာနိုင်ငံတွင် စပျစ်ပင်များစွာ စိုက်ပျိုး ဖြစ်ထွန်းသော အရပ်ဒေသများမှာ ပုပ္ပါးနှင့် ကျောက်ပန်းတောင်းဒေသတပိုက် ဖြစ်သည်။

နိုးမြင့်








ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၂။ အမှတ် – ၄၀။

# ကျီးနက်လေး


ဇာတ်လမ်း
မောင်ဘုန်းဆွေ
(ရှေ့ဦး)

သရုပ်ဖော်


# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်။ (၃-၁၀-၇၀)




ဒို့အသံဟာအမြဲသာသလို
တကောင်ထိယင်ပိုင်းအာတယ်
အမြဲစည်းလုံးညီညွတ်တယ်
ဒါတွေကို-ဒို့ဂုဏ်ယူရမယ်
တော်စမ်းပါကွာ
နားငြီးလိုက်တာ
ကျီးတွေဟာကျက်သရေကို
တုံးတယ်-ဘဲငန်းကြီးတွေကျတော့
ကျက်သရေရှိလိုက်တာ---
ကကွာ-မင်းသွားနှင့်
ငါတော့-ဒီမှာဘဲနေခဲ့
အုံးမယ်--
တောကျီးကန်းလေးသည် ညှိုးငယ်စွာပျံသန်းသွားလေ၏။
ကီးယပ်
ကီးယပ်
ဟယ်--လှလိုက်တာ
အသံကြီးတွေကလဲ
သာယာလိုက်တာ
-ကီးယပ်
-ကီးယပ်
ငါ့ကျတော့လဲ-
အရုပ်ဆိုးလိုက်တာ
လွန်ရော--
သူတို့ကို-
ငါမိတ်ဆက်
အုံးမှဘဲ
ဟျို့-ဟျို့
ကိုငန်းဖြူ
ကြီး
ကြည့်စမ်း
ငါ့အရုပ်ဆိုးလွန်းလို့
ငါ့ကိုအရေးတောင်
မလုပ်ကြဘူး


ညိုပြာသည် ညှိုးငယ်စွာ တကောင်တည်း တွေဝေငေး မောနေစဉ် -
ဪ-ကျိုးဖြစ်ရတာ ငါ့ကံဆိုးလိုက်တာနော်
ရုတ်တရက် လေပြင်းမုန်တိုင်းကြီး ရိုက်ခတ်လိုက်သကဲ့သို့ သစ်ပင်တပင်လုံး တုန်လှုပ်သွားလေ၏။
အမယ်လေး စွန်--စွန်ကြီး ပါလား--
မြေးရှိုင်းမှ လွတ်မဟော့ နော်
စွန်ကြီးသည် နောက်တကြိမ် ထိုးသုတ်ရန် အရှိန် ယူလိုက်သည်တွင်—
ဟား-ဟား မင်းတကောင် ထဲလား
ဒုက္ခ ပါဘဲ
အား-အီး အား
ညိုပြာသည် မျက်လုံးကို စုံပိတ်၍ ကြောက်လန့်စွာ အော်ဟစ်ရင်း အင်အားရှိသမျှ ပျံရှာသည်။


ညိုပြာသည် မျက်လုံး စုံပိတ်ထားရာမှ ဖွင့်ကြည့်လိုက်ရာ ကျီးတို့သည် စွန်ကြီးအား ဝိုင်းဝန်းထိုးဆိတ်နေကြသည်ကို မြင်ရ၏။
မကြာမီတွင်ပင် စွန်ကြီးလည်း အဝေးသို့ လစ်ပြေးရလေတော့၏။
ဟေ့ညိုပြာ-မင်းကိုစွန်ကြီး ဖိုက်ထိုးတာ-ငါမြင်မြင်ချင်း အော်ပြီးကျီးတွေကိုအကူအညီ တောင်းတာဘဲ-ဘယ်နာ- သွားသေးသလဲ--
ဘယ်မှ- မနာပါဘူး
ညိုပြာသည် ကြောက်ကြောက်နှင့် သစ်ကိုင်းကြားထဲ ဝင်ပုန်းနေစဉ် တောကျီးကန်းလေး ရောက်လာသည်။
အင်း-အခုမှငါနားလည် ပါပြီ-ဘင်နန်းကြီးတွေကို အထင်ကြီးပြီး-ကျီးတွေကို အထင်သေးခဲ့မိတာ--
ငါဒီနေ့ကစပြီး ဒို့အမျိုးကိုဂုဏ်ယူ ပါတော့မယ်
အပေါ့-ညိုပြာရဲ့ အရေးကြီးတော့ သွေးနီးမှတဲ့ကွ
ညိုပြာသည် တောကျီးကန်းလေးနှင့်အတူ ကျီးတို့အလယ်၌ ပျော်ရွှင်လျက်....
ပြီး


ကာတွန်း - ဆရာဖြူ၊ ဦးအောင်သိန်း
ဂျွန်ဆရာစံ
ပန်းချီ — ဦးအေးတင်
ဂျွန်တပ်သည် တဖက်ကမ်းသို့ ဖောင်များဖြင့် ကူးကြရာ စစ်ပုလိပ်တို့က ပစ်ခတ်သဖြင့် ဂျွန်အဖွဲ့ဝင်များ ကျဆုံးကြသော်လည်း ဆရာစံနှင့် အချို့မှာ လွတ်မြောက်သွားလေသည်။
ထို့နောက်
အောင်ချမ်းသာမြို့
မန္တလေးမြောက်ဖက် လမိုင်းရွာမှ ခုနစ်မိုင်ခန့် ဝေးသော တောင်၌ အခြေစိုက်နေပြန်၏။
တနေ့တွင် အင်္ဂလိပ် စစ်ပုလိပ်တို့က သတင်းရ၍ လာတိုက်သဖြင့် —
ဆရာစံသည် သွေးသောက် ရဲဘော်များနှင့်အတူ ရှောင်တိမ်းပြေးရပြန်၏။
ကျွန်တော်တို့ ဘယ်ရောက်နေကြပြီလဲ
လမိုင်းတောင် ပေါ်ရောက်နေ ပါတယ်. ဟိုဖက် က - မန္တလေး ပါ ဘဲ - ဆရာကြီး


အလို
ဘာဖြစ်လို့လဲ - ဆရာကြီး
ခြေထောက်ကို ပြောင့်ရှုးသွားတယ်ဗျာ
မှန်း - ဘယ်နားရှုးတာလဲ - ဒို့ အတော်များ ဟကလား
ဒိုင်း
ဟောမီးဖြင့်လို့ သေနတ်နဲ့ လှမ်းပစ်ပြီ ကဲ - တောင်အောက်ဆင်းကြစို့ စစ်ပုလိပ်တွေ - လာရှာလိမ့်မယ် - ကဲ - ဆင်းကြ
ငါမစားရတာ အရေးမကြီးဘူး ငါ့သွေးသောက်ကြီးတွေ ဆာလှရောမယ်
ဆရာစံတို့မှာ တောထဲ၌ လှည့်လည် ရှောင်တိမ်းရင်း နှစ်ရက်မျှ အစာရေစာပြတ်သဖြင့် ယိုင်နဲ့လာတော့သည်။
ဘုရားတကာနို့ - ဒီအနားမှာ ရွာမရှိဘူးလား
ရှေ့နားမှာ ပိုဦးရွာရှိတယ်ဆရာကြီး
အဲဒီရွာကိုသွားပြီး စားစရာရှာချေပါ - လူတွေလဲ မချိတော့ဘူးဗျ



သွားလို့ဖြစ်မယ်မထင်ဘူးဆရာကြီး ပုလိပ်တွေ သိပ်ရှုပ်နေတယ်
သွားသာသွားပါ - ကျုပ်စကားနား မထောင်ယင် - အခုထဲကလမ်းခွဲ နေပေတော့
နာခံပါတယ် ဆရာကြီး
ဆရာစံသည် မသုံးနှုန်းစဖူး ဒေါသဖြင့် ပြောလိုက်သည်။
ဘုရားတကာ ခိုသည် ရွာထဲသွား၍ စားစရာ ရှာပြီး အပြန်တွင် —
ဟယ် - ပုလိပ် တွေပါလား
ပြေးကြ ဆရာကြီးတို့ ပြေးကြ - ရန်သူ - ရန်သူ
အိုက်ဆန် ငါ့ကိုထား ခဲ့မင်းတို့ သာလွတ် အောင်ပြေး
သေအတူ ရှင်အမျှ ပေါ့ - ဆရာကြီး ရယ်
စစ်ကဲ အိုက်ဆန်သည် ဆရာစံကိုထမ်း၍ ပြေး လေ၏။ သို့သော် —
ဟာ ဆရာစံ ဆရာစံ
စစ်ပုလိပ်များ ဝိုင်းမိနေသဖြင့် ပြေးမလွတ် တော့ပေ။


ဆက်ရန်

ရေးသူ-မွန်ယု



# ပါကစ္စတန် သမ္မတနိုင်ငံ







ပါကစ္စတန် နိုင်ငံသည် အရှေ့ ပါကစ္စတန် နှင့် အနောက် ပါကစ္စတန်ဟူ၍ နှစ်ပိုင်းရှိသည်။ အိန္ဒိယ ကျွန်းဆွယ်၏ အရှေ့မြောက်ပိုင်းတွင် အရှေ့ပါကစ္စတန်ရှိ၍ အနောက်မြောက်ပိုင်းတွင် အနောက်ပါကစ္စတန် ရှိသည်။ နယ်နိမိတ်သည် တစပ်တည်းမဟုတ်ပဲ ကြားတွင် အိန္ဒိယနိုင်ငံက ခြားထားသည်။ အရှေ့နှင့်အနောက်ပါကစ္စတန်သည် မိုင် ၁,၁၀၀ ခန့် ကွာဝေးသည်။နိုင်ငံတည်ထောင်စဉ်က မွတ်စလင် အများစုရှိရာ အရပ်ကို တိုင်းနိုင်ငံသစ်အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အနောက် ပါကစ္စတန်သည် နွေ၌ ပူပြင်း၍ ဆောင်း၌ အေးသည်။ အနောက်ပိုင်း၌ တောင်ကုန်းထူထပ်၍ အရှေ့ပိုင်းမှာ မြစ်ဝှမ်းလွင်ပြင် ဖြစ်သည်။ အိန္ဒုမြစ်စသော မြစ်ကြီးငါးသွယ်မှရေကို ဆည်ထားသော ကြီးကျယ်သော ဆည်မြောင်းများရှိသည်။ စတုရန်းမိုင် ၃၁၀,၄၀၃ ကျယ်ဝန်း၍ လူဦးရေ ၄၂ သန်းကျော်ရှိသည်။ ပထန်လူမျိုး အများဆုံးဖြစ်၍ အူရဒူ ဘာသာစကားကို အများဆုံး ပြောဆိုကြသည်။ မြို့တော်မှာ လာဟိုဖြစ်သည်။



အရှေ့ ပါကစ္စတန်တွင် စိုစွတ် ထိုင်းမှိုင်းသော ရာသီရှိ၏။ မြေညီလွင်ပြင်များ၌ ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တရမြစ်နှင့် ယင်းတို့၏ မြစ်ခွဲများ စီးဆင်းသည်။ မြစ်ဝှမ်းများတွင် ဆန်စပါးနှင့် ဂုံလျှော်အများဆုံးစိုက်သည်။ စတုရန်းမိုင် ၅၅,၁၂၆ ကျယ်ဝန်း၍ လူဦးရေသန်း ၅၀ ကျော်သည်။ ဘင်္ဂါလီတို့မှာ အများစုဖြစ်၍ ဘင်္ဂါလီ ဘာသာစကားကို အများဆုံး သုံးသည်။

အရှေ့ ပါကစ္စတန်သည် ကမ္ဘာတွင် လူဦးရေ

## သရုပ်ဖော်-ကျော်ကျော်



အထူထပ်ဆုံးသော ဒေသတခု ဖြစ်သည်။ မြို့တော်မှာ ဒက္ကားဖြစ်သည်။

နိုင်ငံတခုလုံး၏ မြို့တော်မှာ တည်ဆောက်နေဆဲဖြစ်သော အစ္စလာမ်မာဘာတ်မြို့ဖြစ်သည်။ ရုံးသုံး ဘာသာစကားမှာ အင်္ဂလိပ်ဖြစ်သည်။

ပါကစ္စတန်လူမျိုး ၈၈ ရာခိုင်နှုန်းသည် မွတ်စလင် ဖြစ်သည်။ ဟိန္ဒူ ဝါဒီတို့မှာ ၁၀ ရာခိုင်နှုန်းမျှ ဖြစ်သည်။ အများစုသည် လယ်သမား ဖြစ်၍ ကျေးရွာများတွင် နေကြသည်။ ယင်းတို့၏အိမ်များကို ရွှံ့ဖြင့် ဆောက်လုပ်ကြလည်း။ မိုးသည်းထန်သော အရှေ့ပါကစ္စတန်၌ ခြေတံရှည် ဝါးအိမ်ငယ်များ ဆောက်ကြသည်။


အိန္ဒိယနိုင်ငံ ကဲ့သို့ပင်၊ ယခု ဝန်းသည်တိုးတက်လျက်ရှိသည်။ ကို ပြည်တွင်း၌ပင် ထုတ် လုပ် ပစ္စည်းများသည် နိုင်ငံခြားပို့ကုန်

လူဦးရေ ၉၀ ရာခိုင်နှုန်းသည် နောက် ပါကစ္စတန်မှာ ခြောက် ဝါ၊ ဂျုံ၊ ဆန်စပါးတို့ကို စိုက်ပျိုး -နှင့် ဆန်စပါးစိုက်သည်။ အဓိက



အခါ ပါကစ္စတန်၏ စက်မှုလက်မှု လုပ်နေ့စဉ် လူသုံးကုန်ပစ္စည်း အများအပြား လျက် ရှိသည်။ စက်ရုံ ထုတ်ကုန်ချော၏ ထက်ဝက်ခန့် ရှိသည်။

စိုက်ပျိုးရေးဖြင့် အသက်မွေးသည်။ အသွေးသဖြင့် ဆည်မြောင်း အားကိုးဖြင့်သည်။ အရှေ့ပါကစ္စတန်တွင်မူ ဂုံလျှော် ပြည်ပပို့ကုန်မှာ ဂုံလျှော်နှင့် ဝါဂွမ်း ဖြစ်သည်။ ပါကစ္စတန်မှထွက်သော ဂုံလျှော်သည် ကမ္ဘာ့အထွက်နှုန်း၏ လေးပုံသုံးပုံခန့်ရှိသည်။



၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဒိုမီနီယံနိုင်ငံဖြစ်လာ၍ ထိုနေ့ကို လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်သည်။ ၁၉၅၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ပါကစ္စတန် သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ဗြိတိသျှ ဓနသဟာယအဖွဲ့နှင့် ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်သည်။ `နိုင်ငံ အကြီးအကဲမှာ သမ္မတ ဗိုလ်ချုပ်ကြီး ယာ်ယာခန် ဖြစ်လေသည်။

# ဆယ်ပါ နှင့် ဂေတနာ

ဇာတ်လမ်း-- သန်းထွန်းလွင်


သရုပ်ဖော်--





သူဌေးကြီး ဆူပူ ပြီးနောက်-
ကဲ-ဒီကိစ္စနဲ့ ပစ္စည်းတွေ ငါပိုင်ပြီ ဒီနေ့ကစပြီး၊ မင်းပိုင်တဲ့ လယ်ယာထဲမှာကဲ၊ မင်းသွားနေတော့၊ ငါ့ကိစ္စနဲ့ မင်းနဲ့ မဆိုင်တော့ဘူး၊
ဟုတ်ကဲ့-ကျနော်သွားပါ့မယ်၊
မောင်မေတ္တာဟာ၊ သူ့ခင်မင်တဲ့ လူတွေကို ခေါ်ပြီး၊ သူ့လယ်ယာထဲမှာကဲ၊ သာတူညီမျှ စနစ်နဲ့၊ စုပေါင်း ထွန်ယက်စိုက်ပျိုးပြီး နေထိုင်ခဲ့ကြတယ်၊
မောင်မေတ္တာတို့ စုပေါင်းလယ်ယာလေးဟာ၊ တစ်နေ့ထက် တစ်နေ့ တိုးတက်ကြီးပွားလာပြီး၊ တခြားမြို့ကြီး ရွာကြီး များကိုတောင်၊ တင်ပို့ရောင်းချလာနိုင်ခဲ့တယ်။
ဒါပေမဲ့ မောင်လေကာမှာတော့၊ ဂုတ်နာတွေကို ပိုက်ပြီး၊ အပျော်လိုက်ခဲ့တဲ့အတွက်-
တစ်နေ့တခြား ပစ္စည်းဥစ္စာ ကုန်ခန်းပြီး၊ မွဲတေလာလို့ အိမ်ကိုပါ ရောင်းချလိုက်ရတဲ့ အခြေအနေကိုဆိုက် ရောက်လာတယ်။
မောင်လေကာဟာ၊ ဘယ်လောက်ဆင်းရဲဆင်းရဲ ပင်ပင် ပန်းပန်း လုပ်ကိုင်စားသောက်ဖို့ အိမ်မရှိလို့၊ တစ်ရွာဝင် တစ်ရွာထွက် တောင်းရမ်းပြီး စားသောက်ခဲ့တယ်။






# ကမ္ဘာလုံးကြီးလည်ခြင်းကိုကျွန်ုပ်တို့အဘယ်ကြောင့်မသိနိုင်သနည်း

ကျွန်ုပ်တို့ နေထိုင်သော ဤကမ္ဘာဂြိုဟ်သည် ဂျင်တလုံးကဲ့သို့ တနာရီလျှင် မိုင် ၁၀၀၀ ခန့်နှုန်းဖြင့် လည်နေပေသည်။ ထိုအတူ ကျွန်ုပ်တို့ သည်လည်း လည်နေရသည်။ သို့သော် ထိုသို့လည်နေခြင်းကို ကျွန်ုပ်တို့ မသိနိုင်ကြပေ။ မသိနိုင်သည့် အကြောင်းအမျိုးမျိုး ရှိပေသည်။ ကမ္ဘာကြီးသည် အလွန် ညက်ညောစွာ လည်နေသည်။ ကျွန်ုပ်၏ ပတ်ဝန်းကျင်တွင် ကြားရသကဲ့သို့ ဆူဆူညံညံ အသံများလည်း မရှိပေ။ တိုက်ခိုက်မိသံများလည်း မပေါ် ထွက်ပေ။ ကျွန်ုပ်တို့ မော်တော်ကားစီး၍ သွားပါက ကျွန်ုပ်တို့ ရွေ့ရှားနေကြောင်းကို သိနိုင်ပေသည်။ အကြောင်းမူကား ကျွန်ုပ်တို့သည် အိမ်၊ ခေါတ်မီးတိုင်၊ သစ်ပင်စသည်တို့ကို ဖြတ်သန်းလာခဲ့ရသောကြောင့် ဖြစ်သည်။ သို့သော် တနာရီလျှင် မိုင်တရာနှုန်းဖြင့် မောင်းနေသော လေယာဉ်ပျံပေါ်တွင် စီးနင်းလိုက်ပါနေစဉ် လေယာဉ်ကိုသွားနေသည်ဟု မထင်ရပေ။ ထိုသို့ မထင်ရခြင်းမှာ ကျွန်ုပ်တို့အဖို့ ဖြတ်သန်းသွားစရာ အရာဝတ္ထုများ မရှိခြင်းကြောင့် ဖြစ်ပေသည်။ မိုးကောင်းကင်တွင် အိမ်များ၊ ခေါတ်မီးတိုင်များ မရှိသောကြောင့် ဖြစ်သည်။

ကမ္ဘာကြီး လည် နေခြင်းကို သိနိုင်သော တနည်းသာ ရှိပေသည်။ ကျွန်ုပ်တို့ နေထိုင်သော အခြမ်း နေဖက်သို့ရောက်နေခိုက် နေကို မြင်ရပြီး အခြား တဖက်သို့ လည်သွားသောအခါ နေကိုမမြင်ရတော့ပေ။

ကြယ်ဖြူ






ကျွန်တော်သည် နေ့တိုင်း မြေပဲဆားလှော်တထုပ် တထုပ် ဝယ်စားသဖြင့် ကျွန် တော် တို့ ကျောင်းတွင် မြေပဲဆားလှော် ရောင်းသော သူလေးနှင့် သိနေ ပါသည်။

သူသည် အမြဲတမ်း ကျွန် တော့်အတွက် တထုပ် ချန်ထား တတ်ပါသည်။

တနေ့တွင်သူသည်မြေပဲဆား လှော်ရောင်းရင်း "ဒီဇာတ်ကား က ဘာကားလဲကွ" ဟုမေးကာ ရုပ်ရှင်ကြော်ငြာ စာရွက်တရွက် ထုတ်ပြပါသည်။

"မင်း စာ မ ဖတ် တတ် ဘူး လားကွ"

"ငါ စာမတတ်ဘူး"

"ဟင်-ဒီလိုဆို မင်းကျောင်း နေပေါ့ကွ"

"ငါကတော့ နေချင်တာ ပေါ့။ ဒါပေမဲ့ ငါ့အမေက မ ထားနိုင်ဘူးတဲ့"

"မင်းတို့အမေက ဘာဖြစ် လို့ ကျောင်းမထားတာလဲ"

"ငါ့မှာ အဖေမရှိဘူး။ အ မေရယ် ညီမလေးတွေ ညီလေး တွေရယ်ဘဲ ရှိတယ်"

"မင်း ကျောင်းမတက်နိုင် ပေမဲ့ စာတော့ ဖတ်အောင် သင်ပေါ့ကွာ"

"ငါ လဲ စာ တတ် ချင် တာ ပေါ့ကွ၊ ကျောင်းမှ မနေရဘဲ"

"ဒီ လို ဆို ငါ တတ် နိုင် သ လောက် သင်ပေးမယ်၊ သင် မလား"

"မင်း တ ကယ် ပြော တာ လား"

"တကယ်ပြောတာပေါ့ကွ။ ကျောက်သင်ပုန်းရယ် ကကြီး ခခွေး စာအုပ်ရယ် ရှာခဲ့ကွာ"

ကျွန်တော့် စကား ကြောင့် သူ ငိုင်သွားပါသည်။

"မင်း မဝယ်နိုင်ဘူးလား"

သူကခေါင်းညိတ်ပြပါသည်။

"ဒီလိုဆို ငါရှာကြည့်မယ် ကွာ၊ ရယင် မင်းကိုပေးမယ်။ ဒါနဲ့ မင်း ကို သိ နေ တာ တော့ ကြာပြီ။မင်းနာမယ်ဘယ်သူလဲ"

"မောင်ရွှေ"

"ငါ့နာမယ်ကော မင်းသိ လား"

"မင်းသူငယ်ချင်းတွေ ခေါ် နေတာကြားလို့ သိပါပြီ။ မင်း နာမယ် လှဝင်းမဟုတ်လား"

"အေး"

ကျွန်တော် အိမ်ပြန်ရောက် သောအခါ ကျွန်တော့်ညီမလေး မနှစ်ကသုံးသော သူငယ်တန်း စာအုပ်နှင့် ကျောက်သင်ပုန်း အဟောင်းကို မောင်ရွှေအတွက် ကျွန်တော် တောင်းပါသည်။

ဖေဖေက ညီမလေး စာအုပ် သည် အလွန်ဟောင်းနေပြီ ဖြစ် ကြောင်း၊ ကျောက် သင် ပုန်း လည်း အက်နေကြောင်း။ သို့ သော် အသစ် ဝယ်ပေးမည်ဟု ပြောပါသည်။

နောက်နေ့တွင် ကျွန်တော် သည် ဖေဖေဝယ်ပေးသော သူ ငယ်တန်းစာအုပ်၊ ကျောက်သင် ပုန်း၊ ကျောက်တံတို့ကို ယူလာ ကာ မောင်ရွှေအား ပေးပါ သည်။ မောင်ရွှေသည် အလွန် ဝမ်းသာသွားပါသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ကျောင်းဆင်းတိုင်း တွေ့ဆုံပြီး ကျွန်တော်က စာသင်ပေးပါသည်။ ကျွန်တော့် မိဘများကိုလည်း ကျောင်းပြန်နောက်ကျမည် ဖြစ်ကြောင်း ပြောထားပါသည်။

ဖေဖေက အိမ်ကို ခေါ်သင်ရန် ပြောသဖြင့် မောင်ရွှေကို ကျွန်တော်တို့အိမ်သို့ ခေါ်သင်ပါသည်။ ဖေဖေကပါ ကူ၍ ပြပေးပါသည်။

မောင်ရွှေမှာ ဉာဏ်လည်း ကောင်းသည်၊ ကြိုးလည်း ကြိုးစား၍ အတတ်မြန်ပါသည်။

ကျွန်တော်ကလည်း အချိန်မှန်မှန် စာပြပေးပါသည်။ သူကလည်း တနေ့စာကို တနေ့ရအောင် ကြိုးစား ကျက်မှတ်သဖြင့် မကြာမီပင် သူငယ်တန်းစာအုပ် ကုန်အောင် သင်ပြီးခဲ့ပါသည်။ ဖေဖေ့ကို ပြောပြသောအခါ ပထမတန်း စာအုပ်ဝယ်ပေးပြန်ပါသည်။

မောင်ရွှေသည် မြေပဲဆားလှော်ကို ပို့၍ ကြိုးစားရောင်းပါသည်။ သို့သော် ကျွန်တော့်အတွက် တထုပ်တော့ ချန်ထားမြဲဖြစ်ပါသည်။

"မင်းကို ငါ သိပ်ကျေးဇူးတင်ပါတယ်ကွာ။ မင်း ဆီက ပိုက်ဆံ မယူပါဘူး၊ နေ့တိုင်း ကျွေးပါမယ်"

"မင်း မယူရင် ငါ စိတ်ဆိုးမှာဘဲ၊ ယူပါကွ"

ကျွန်တော်က အတင်းပေး၍ ယူပါသည်။

တနေ့တွင် ကျွန်တော် ကျောင်းဆင်းလာသော် မောင်ရွှေကို မတွေ့ပါ။ ဈေးရောင်းရာ ခရီးလွန်နေ၍ မရောက်သေးဟု ထင်သဖြင့် ကျွန်တော် စောင့်နေပါသည်။ သို့သော် သူ မလာပါ။ ကျွန်တော်လည်း အိမ်ပြန်လာခဲ့ပါသည်။

"သား မင်းကျောင်းတက်နေလို့မောင်ရွှေက မင်းနဲ့မတွေ့ရဘူးတဲ့။ သူတို့ တောပြန်တော့မလို့ဆိုဘဲ။ ဖေဖေတို့ကိုလဲ ကန်တော့ သွားတယ်။ မင်းကိုလဲ စာပေးခဲ့တယ် ရော့"

ကျွန်တော်သည် မောင်ရွှေ ရေးပေးခဲ့သောစာကို ဖြန့်၍ ဖတ်လိုက်ပါသည်။

သို့၊

သူငယ်ချင်း မောင်လှဝင်း

ငါတို့ တောကိုပြောင်းတော့မယ်။ ငါစာတတ်ပါပြီ။ ငါ့ညီလေးတွေ ညီမလေးတွေကို ပြန်သင်ပေးနေတယ်။ မင်းကို သိပ်ကျေးဇူးတင်တယ်။ ငါလို စာမတတ်တဲ့လူ တွေ့ယင်လဲ သင်ပေးမှာဘဲ။ မင်းစာမေးပွဲအောင်ပါစေ။

မင်းရဲ့သူငယ်ချင်း မောင်ရွှေ

ကျွန်တော်သည် မပြောပြနိုင်အောင် ဝမ်းသာ သွားပါသည်။ သူ ရေးပေးခဲ့သော စာကို အခေါက်ခေါက်အခါခါ ဖတ်ရင်း ကျေနပ်နေပါတော့သည်။

မောင်ထွန်းရီ

# ဗီတာမင်

နံနက်ထလျှင် ဗီတာမင်
ရွှေသွေးစိတ်ကြည်လင်။

သောက်ချင်လျှင် မေမေ့ပြော
မနက်ခင်းစောစော။

ချစ်သောမေမေ စိတ်ရှေရှေ
ယောက်မကြီးနဲ့မွှေ။

ထမင်းရေ ပူပူလေး
ဆားကလေးခတ်လို့ပေး။

ရွှေသွေးသောက်တဲ့ ဗီတာမင်
ဘိဝမ်းအားဆေးပင်။

အပူစင်လို့ လေဝမ်းကွဲ
ဆီးလဲရှင်တာပဲ။

အမြဲသောက်ပါ ရွှေသွေးရာ
လှလို့ဝလို့ကွာ။

ကိုယ်ကျန်းမာလို့ စိတ်ရွှင်လန်း
လှသော မွေးသောပန်း။

ဗန္ဓုရဝင်း



R. 517



# ဩဇာသီး

ဩဇာပင်သည် မြေနေရာမရွေး ပေါက်သည်။ သို့သော် မြေ ကောင်းလျှင်ဖြစ်စေ၊ လူကဂရုတစိုက် ပြုပြင်ပေးလျှင်ဖြစ်စေ၊ ပိုမိုဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ၌ ဩဇာသီးထွက်ရာ နာမည်ကြီး ဒေသများမှာ ပြည်၊ သရက်၊ အောင်လံ၊ မင်းဘူး၊ မကွေး စသည်တို့ဖြစ်သည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဩဇာသီးလှိုင်လှိုင်ပေါ်သည်။

ဩဇာသီး၏ အရောင်သည် စိမ်းဖြော့ဖြော့ဖြစ်သည်။ မှည့်သော အခါ၌ အခြား အသီးများကဲ့သို့ ဝါမလာပဲ ဖျော့ယော်ယော် ဖြစ်လာသည်။ ဩဇာသီးမှည့်သည် ချိုအေးသော အရသာရှိသည်။ အားနှင့် အသားကို ပွားစေတတ်သည်။ သွေးထွက်ခြင်းကိုလည်း ရပ်ဆိုင်းစေတတ်သည်ဟုဆိုသည်။ ဩဇာသီးအခြောက်ကို ပါးစေ့ရောင်လျှင် ဖြစ်စေ၊ အနာ ပေါက်လျှင်ဖြစ်စေ သွေး၍လိမ်းက သက်သာသည်ဟုသိရသည်။



မူးမေ့သောအခါ ဩဇာရွက် သို့မဟုတ် ဩဇာပွင့်ကို ရှူရှိုက်နိုင်သည်။ ဩဇာစေ့ကို ကြိတ်ပြီး အုန်းဆီနှင့်ရောစပ်ကာ ဆံပင်ကို လိမ်းပေးက သန်းသေသည်ဟု ဆိုကြသည်။ သို့သော် ထိုဩဇာစေ့ ရောထားသော အုန်းဆီ မျက်စိထဲဝင်သွားလျှင် မျက်စိ၌ အနာဖြစ်တတ်သည်။ ကစားစရာ ဆန်းဆန်းပြားပြား မရနိုင်သော ကျေးရွာနေ ကလေးများသည် ဩဇာစေ့ကို ဇယ်တောက် ကစားကြသည်။

ဩဇာသီးနှင့်ပျားရည်ကို ရောစပ်၍ မစားသင့်ဟု ဆိုသည်။ နိုးမြင့်






ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၄၁။

# ရွှေသွေး ဂျာနယ်

## သတ္တိနှင့် သတိ

မန်းချီ - ဦးဘဈေည်
ဇာတ်လမ်း - သာဒွန်း,

၁၃၃၂ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ (၁၀-၁၀-၇၀)





စနေနေ့တိုင်း ထုတ်ဝေသည်။


နောက်တနေ့တွင် အာလံဒူးအိမ်နားမှ မအေး သားလေး ပွေ့ဆာ၍ အပြင်ထွက်ထိန်းနေစဉ်....
လမ်းထဲမှ ခပ်မင်ရင်းနှီးသော သာဒွန်းနှင့် ပါလေးတို့ လာခေါ်သွားကြလေသည်။
အတန်ကြာသော် သာဒွန်းသည် တကိုယ်လုံး ရွှံ့များ ပေကျံနေသော ကလေးကို ပြန်ပို့သဖြင့်
မအေးသည် ရေမိုးချိုးပေးပြီး သိပ်လိုက်၏၊ မအေးလည်း သနပ်ခါးလိမ်းနေစဉ်....
အမှတ်မထင် အပေါ်မော့ကြည့်မိရာ အိပ်ခန်း တန်းပေါ်တွင်မြွေကြီးတကောင်ကိုတွေ့သဖြင့် ကြက်သေ သေနေ၏။ ထိုနောက် –
အမယ်လေး..... လာကြပါအုံးတော်
မြွေကြီး
မြွေကြီး
ကလေးကို သတိရ၍ ကောက်ချီလိုက်ပြီး ထွက် ပေါက်ပိတ်နေသဖြင့် ငယ်သံပါအောင် အော် တော့၏။



မအေး၏ အော်သံကြောင့် သာထွန်းနှင့်ပါလေး
တို့ အပြေးအလွှား ရောက်လာကြ၏။
အရပ်ထဲမှ အိမ်နီးနားချင်းများလည်း ရုတ်ရုတ်
သဲသဲ ဖြစ်သွား၏။
မကြာမီ မြွေကြီးသည်
အိမ်ခန်းထဲသို့ဆင်းရန်
ဟန်ပြင်သော် သာထွန်းတို့လည်း စိတ်ကူးရ၍
အောက်သို့ အသာလျှောချလိုက်ပြီး-
သတိထားနော်
ခြင်ထောင်ကို ဆွဲဖြုတ်ကာ အသင့်ပြင်ထား
၏၊ မြွေကြီး ကြမ်းပေါ် ရောက်လာသည်နှင့် –
တပြိုင်နက် ခြင်ထောင်အဝဖက်မှ ပစ်တင်လိုက်
ရာ မြွေကြီးမှာ လုံးထွေး –


ရစ်ပတ်နေခိုက် အနီးရှိ တောင်းတလုံးကို ယူ၍ ဆွဲအုပ်ထားလိုက်၏။
မိနေပြီ — မိနေပြီ —
ဝိုင်းကျ လိုက်ကြပါအုံး
မအေးမှာ အော်ဟစ်ပြေးထွက်လာပြီး ဝိုင်းကြည့်နေသူများကို အကူအညီတောင်း၏။
မာလီ-၅၀၃၆၈ -လား ခင်ဗျာ၊ တိရစ္ဆာန်ဥယျာဉ်လား - ကျွန်တော်တို့ မြွေကြီး တကောင် မိထားလို့ပါ- ............ ဟုတ်ကဲ့ - လာခဲ့ပါ
သာဓုန်းသည် နီးရာတယ်လီဖုန်းမှ ဆက်လိုက်ရာ မြွေဖမ်းသမားများ ရောက်ရှိလာကြပြီး—
ဒီသူငယ်လေးတွေ သတ္တိလဲရှိ၊ သတိလဲရှိ လို့သာပေါ့ဗျာ....
မြွေကြီးကို ဖမ်းယူလိုက်သဖြင့် —
ကျမဖြင့် - ဘာလုပ်ရမှန်းတောင်မသိတော့ဘူး - ကြောက်လိုက်တာလေ...... သူတို့လေးတွေ လာလို့သာပေါ့
မအေးမှာ စိတ်သက်သာရာ ရသွားတော့၏။
ကျွန်တော်တို့ကလဲ - အီပီအိုင် - မြွေဆေး သောက်ရပြီး - အားကိုးနဲ့ သတ္တိရှိကြတာပါ- ဟဲ - ဟဲ -
တရပ်လုံးကပင် သာဓုန်းနှင့် ပါလေးတို့အား ချီးကျူးမကုန် ဖြစ်နေကြ၏။

ယခင်အပတ်မှအဆက်


ကာတွန်း-ဆင်ဖြူကျွန်းအောင်သိန်း
ဂဠုန်ဆရာစံ
ပန်းချီ - ဦးအေးတင်
ကာယသိဒ္ဓိပြီးတယ်
ဆိုဘဲ - လက်ထိပ်ခြေထိပ်
ပါခတ်ပါဟာ - ကြိုးနဲ့ပါ
တုပ်ပေ့
ဒွာနာအုပ် မောင်ဟန်မှာ စိုးရိမ်ထိတ်လန့်နေ၏။
ဆရာစံအား နှောင်ချိဂတ်၌ ချုပ်
နှောင်ထားပြီး –
သီပေါသို့ ရထားဖြင့် ပို့လိုက်သည်။
အမယ်လေး
ဆရာကြီးကို ဖမ်းသွားလို့
အားငယ်ပါပေ့လား
လမ်းတလျှောက် ဘူတာများ၌ ပိုင်းအုံ ငိုကြွေးကြသော
တိုင်းရင်းသားတို့၏ အသံဖြင့် ဆူညံနေတော့၏။
နောက်ဆုံး သာယာဝတီထောင်သို့ ပို့
လိုက်ပြီး ရုံးတင်တရားစွဲတော့သည်။
ခေါင်းဆောင်ကြီး ဆရာစံဖက်မှ ဝတ်လုံတော်ရကြီး
များဖြစ်သော ဦးမြ (သခင်မြ) ဦးမောင်ကြီးနှင့် ဦး
ဘတင်တို့က လိုက်ပါဆောင်ရွက်ကြသည်။



ဆရာစံကို အစောင့်အကြပ် များစွာဖြင့် ရုံးသို့ထုတ်ပြီး -
ဆရာစံသည် ဂျော့ဘုရင် မင်းမြတ်အား ပုန်ကား ပုန်ကန် မှုကြောင်း--
ပြစ်မှုပေါင်း များစွာဖြင့် စွဲချက်တင်လေတော့သည်။
ဟဲ-ဟဲ- ဂျော့ဘုရင်ဆိုတဲ့ အကောင်က ကျုပ်ရဲ့ အရှင်သခင်မှ မဟုတ်တာ- ဘယ်မှာ ပုန်ကား ပုန်ကန် လုပ်ဖို့- လို့ဖလဲ ကိုမြ-ရဲ့-
ကျုပ် ဆရာစံ ဘဲ
အင်္ဂလိပ်အစိုးရသည် ဆရာစံကိုမိလျှင် ဂဠုန်ရန် အေးသွားလိမ့်မည်ထင်ကာ ရုံးဝရံတာမှ ထွက်၍ လူထုပရိသတ်အား အပြခိုင်း လေသည်။
သို့ရာတွင် အင်္ဂလိပ်တို့ မျှော်လင့်သလို ဂဠုန်ရန် အေးမသွားပဲ သရက်၊ မင်းတုန်း၊ ပဲခူးနယ်တို့၌ ဂဠုန်တပ်တို့က အပြင်းအထန်တိုက်ခိုက်နေဆဲပင် ရှိသေး၏။













ခေါင်းဆောင်ကြီးဆရာစံကားကွယ်လွန်ခဲ့လေပြီ။ သို့ရာတွင် တောင်သူလယ်သမား ဆင်းရဲသားနင်းပြားတို့အတွက် နယ်ချဲ့တို့အား အသက်ပေးတိုက်ခိုက်သွားသော သူ၏ အမည်ကား ဘယ်သောအခါမျှ မပျောက်ပျက်ပဲ မြန်မာ့သမိုင်းတွင် အစဉ်သဖြင့် ဥဒါန်းတွင် ကျန်နေရစ်မည် ဖြစ်ပေသတည်း။



# သီဟိုဠ်နိုင်ငံ






ရေးသူ-မွန်ယု

အိမ်နီးချင်း တနိုင်ငံဖြစ်သော သီဟိုဠ်သည် မြန်မာနိုင်ငံ၏အနောက်တောင် ဖက် ခပ်ယွန်းယွန်းတွင် ရှိသည်။ အိန္ဒိယနိုင်ငံ၏ တောင်ဖက် ကိုမိုရင်အငူမှ တောင်ဖက် ၃၁ မိုင်သာ ကွာသည်။ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ထင်ရှားသော ကျွန်းတကျွန်းဖြစ်၍ ဖူးသီးပုံသဏ္ဌာန်ရှိသည်။

သီဟိုဠ်ကျွန်းသည် စတုရန်းမိုင် ၂၅,၃၃၂ ကျယ်ဝန်းသည်။ လူဦးရေ ၁၁,၅၀၄,၀၀၀ ခန့်ရှိသည်။ အီကွေတာနှင့် နီးကပ်နေ၍ ပူပြင်းစိုစွတ်သည်။ အရှေ့မြောက်နှင့် အနောက်တောင် မုတ်သုံလေနှစ်မျိုးလုံးမှ မိုးရရှိသည်။ မြို့တော်မှာ ကိုလံဘို ဖြစ်၏။

လူဦးရေ သုံးပုံနှစ်ပုံမှာ ဆင်ဟာလိစ်ခေါ် သီဟိုဠ်လူမျိုးများဖြစ်သည်။ တမီလ်၊ မိုး၊ ဒတ်ချ်ကပြားများ၊ ပေါ်တူဂီအနွယ်များ၊ မလေးနှင့် အခြားလူနည်းစုများလည်း ရှိသည်။ ဆင်ဟာလိစ်များသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဟိန္ဒူနှင့် မွတ်စလင်များလည်း ရှိသည်။ ရုံးသုံးဘာသာစကားမှာ ဆင်ဟာလိစ် ဖြစ်၏။

မြန်မာနိုင်ငံကဲ့သို့ပင် ဗုဒ္ဓသာသနာထွန်းကား၍ သီဟိုဠ်ကျွန်း၏ ဗုဒ္ဓသာသနာသည် မြန်မာတို့ကဲ့သို့ပင် ထေရဝါဒဖြစ်သည်။ ဆင်ဟာလိစ်များသည် ဘာသာတရားကို လွန်စွာရိုသေကိုင်းရှိုင်းကြသည်။ ကန္ဒီမြို့တွင် ဗုဒ္ဓရှင်တော်ဘုရား၏ မြတ်စွယ်တော်ရှိသည်။ မြန်မာစာပေကျမ်းဂန်များတွင် သီဟိုဠ်ကျွန်းကို သိင်္ဃိုကျွန်းဟူ၍၎င်း၊ လင်္ကာဒီပကျွန်းဟူ၍၎င်း ခေါ်ဆိုသည်။




သီဟိုဠ်နိုင်ငံတွင် ဆန်ကိုအဓိကထား၍ စားကြသည်။ သက်သတ်လွတ် စားသူများသည်။ သီဟိုဠ်သားလူများစုသည် ခြေမျက်စိအထိရှည်သော နံ့ငယ်ပိုင်းတခုကို ခါး၌ စည်းထားသည်။

# သရုပ်ဖော် - ကျော်ကျော်



ရိုးရာ ဆင်ယင်မှုတွင် အထက်ပိုင်း၌ အင်္ကျီပွပွ တထည် ဝတ်သည်။ ဆံပင်ကို မိန်းမများကဲ့သို့ အနောက်သို့ လိပ်ခွဲပြီးဖြင့် ဆွဲယူပတ်ထားတတ်သည်။ အမျိုးသမီးများသည် အောက်ခံအင်္ကျီပေါ်မှ အရောင် ရင့်ရင့်ဆာရီများကို သိုင်းခြုံ၍ ဘယ်ဖက်ပခုံး၌ အစချ ထားကြသည်။ ဆံပင်၊ နား၊ လည်ပင်း၊ လက်ဆစ်တို့၌ လက်ဝတ်တန်ဆာများ ဆင်မြန်းလေ့ ရှိသည်။ လူများ စုသည် စိုက်ပျိုးရေးဖြင့် အသက်မွေးသည်။



သီဟိုဠ်ကျွန်း၏ မြေမျက်နှာပြင်မှာ အလယ်ဗဟို၌ တောင်ကုန်းများရှိ၍ ဘေးပတ်လည်တွင် မြေပြန့်များရှိသည်။ မြေပြန့်နှင့် တောင်နံရံလျှောကားထစ်များတွင် ဆန်စပါး၊ တောင်ကုန်းဆင်ခြေလျှောများတွင်လက်ဖက်၊ တောင်ကုန်းအနိမ့်ပိုင်းတွင် ကြက်ပေါင်စေး၊ ကမ်းရိုးတန်းများတွင် အုန်းပင်များ စိုက်ပျိုးလုပ်ကိုင်သည်။ ကမ္ဘာပေါ်တွင် လက်ဖက်ခြောက် ဒုတိယ အထွက် အကောင်းဆုံးဖြစ်သည်။ ပြည်ပပို့ကုန်များမှာ လက်ဖက်ခြောက်၊ ကြက်ပေါင်စေးနှင့် အုန်းထွက်ပစ္စည်းများ ဖြစ်သည်။အဖိုးတန် ကျောက်မျက်ရတနာ၊ ဂရက်ဖိုက် (ခဲတံကျောက်)နှင့် သံရိုင်းအနည်းငယ် ထွက်သည်။

၁၉၄၈ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်၊ ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် ဖြစ်သည်။ နိုင်ငံငယ်သော်လည်း အရှေ့တောင် အာရှ နိုင်ငံရေးရာများတွင် အရေးပါသည်။ ကမ္ဘာ့ အရှေ့အနောက် သင်္ဘောလမ်းပေါ်၌ ရှိနေ၍လည်း အရေးကြီးသော နိုင်ငံတခု ဖြစ်နေသည်။ နိုင်ငံအကြီးအကဲမှာ ဘုရင်ခံချုပ် ဝီလျံဂိုပါလာဝါနှင့် ဝန်ကြီးချုပ် မစ္စစ် သီရိမာဗို ဘန္ဒရာနာယကေး ဖြစ်သည်။




ဦးနွားကြီးနှင့် အပေါ်များ
အလွန်ကြယ်ပြန့်သော တောကြီးတတော၏ အစပ်တွင် လယ်တဲတတဲရှိသည်။ ထိုလယ်တဲတွင် လယ်သမားကြီးတယောက် ရှိသည်။
တညတွင် ထိုလယ်တဲကို မီးစွဲလောင်ရာ လယ်သမားကြီးမှာ အိပ်မောကျနေသဖြင့် မီးလောင်ရာပါပြီး သေဆုံးသွားရှာသည်။
လယ်သမားကြီး မွေးမြူထားသော နွား၊ သိုး၊ ဝက်၊ ကြက်နှင့်ငန်းတို့ကား တောထဲသို့ ထွက်ပြေးလွတ်မြောက်သွားကြလေသည်။
တနေ့တွင် နွားကြီးက အအေးဒဏ်ကို ကာကွယ်သည့် သဘောဖြင့် အိမ်တဆောင်ဆောက်လုပ်ကြဖို့ သိုး၊ ဝက်၊ ကြက်နှင့် ငန်းတို့ကို တိုင်ပင်ရာ....


နွားကြီးလည်း မည်သူ့ကိုမျှ ပြောမရသဖြင့် သစ်တုံးများ ရှာဖွေပြီး အိမ်ဆောက်နေလိုက်၏။
မကြာမီ အလွန်အေးသောဆောင်းရာသီ၌ နွားကြီးသည် အိမ်အတွင်း မီးဖို၍ မှိန်းနေစဉ်—
သိုး၊ ဝက်၊ ကြက်နှင့်ငန်းတို့က အိမ်ထဲသို့ ဝင်ခွင့်တောင်းကြ၏။
နွားကြီး၏ ခွင့်ပြုချက်အရ အိမ်ထဲ၌ ပျော်ရွှင်စွာ နေထိုင်လျက် ရှိကြစဉ် –


တနေ့တွင် မြေခွေးတကောင်သည် သူတို့ အသံကို ကြားရသဖြင့် အိမ်ထဲသို့ ဝင်လာရာ....
ဒီသားကောင်တွေ စားပြီး အိမ်ထဲမှာ ဝင်နေမယ်-
ရန်သူမြေခွေးကို နွားကြီးက သူ၏ ဦးချိုဖြင့် အတင်းပြေး၍ ခတ်၏။
သိုး၊ ဝက်၊ ကြက်၊ငန်းတို့ကလည်း ဝိုင်း၍ ကူညီတိုက်ခိုက်ကြ၏။
မြေခွေးမှာ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးရ၏။
ရန်သူကို စည်းလုံးအောင်မြင်စွာ တိုက်ထုတ်လိုက်ပြီးနောက် သူတို့ငါးဦးသည် အသက်ထက်ဆုံး အေးချမ်းညီညွတ်စွာ နေထိုင်သွားကြလေသတည်း။

# မီးရှူးမီးပန်း ဘယ်ကစသလဲ

ပေါက်ကွဲစေတတ်သော ယမ်းမှုန့်များ မပေါ်မီက မီးရှူးမီးပန်းဟူ၍ မပေါ်ပေါက်သေးချေ။ ယမ်းမှုန့်များကို တီထွင်အသုံးပြုလာခဲ့ပြီးမှ မီးရှူးမီးပန်းများကို တီထွင်လာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ယမ်းမှုန့်ကို ပထမဆုံး တီထွင် အသုံးပြုသူများမှာ တရုပ်လူမျိုးများ ဖြစ်သည်။ တရုပ်လူမျိုးတို့သည် စီတန်းလှည့်လည်သော ပျော်ပွဲရွှင်ပွဲများကို လွန်စွာ နှစ်ခြိုက်ကြသည်။ ထိုပျော်ပွဲရွှင်ပွဲများတွင် မီးရှူး မီးပန်းများ ထွန်းညှိရှို့ ဖောက်လေ့ရှိသည်။




ကမ္ဘာ့ အရှေ့ဖျားသို့ ပထမဦးဆုံး ရောက်ရှိကြသော အီတလီခရီးသွားများသည် မီးရှူးမီးပန်းများကို ဦးစွာတွေ့မြင်ရသူများ ဖြစ်ပေသည်။ တရုပ်လူမျိုးတို့သည်ပေါက်ကွဲစေတတ်သော ယမ်းမှုန့်များနှင့် အခြားဓာတ်သတ္တုမှုန့်များကို ရောစပ်ပြီးလျှင် စက္ကူသို့မဟုတ် အဝတ်ထုပ်များ အတွင်းသို့ ထောင်းသိပ်၍ထည့်ကြသည်။ ယင်းတို့ကို မီးရှို့ပါက မီးပွားများပန်းထွက်ကာ အမြင့်သို့ တက်သွားပြီး ကျယ်လောင်စွာ ပေါက်ကွဲလျက် ရောင်စုံမီးပွားများ ဖြာထွက်သွားသည်။

မီးရှူး မီးပန်းများကို ပင်လယ်ပြင်၌ ဘေးဒုက္ခနှင့် တွေ့နေရသော သင်္ဘောများ တွင်လည်း ပစ်ဖောက်လေ့ရှိသည်။ သင်္ဘောတစင်းမှ တစင်းသို့ အသက်ကယ်ကြိုး ပစ်ပေးရာတွင်လည်း မီးရှူးဒုံးဖြင့် ပစ်ပေးလေ့ရှိသည်။

ကြယ်မှူး





ဝါ၊ နီ၊ ပြာ၊ နက် ဆေးရောင်တို့ဖြင့် အရောင်ခြယ်ပါ။



သူ့နာမည်မှာ မောင်မောင် အောင် ဖြစ်ပါသည်။ သို့သော် ကျွန် တော် တို့ သူ ငယ် ချင်း တသိုက်က သူ့ကို မောင်မောင် ပြောင်ဟု ခေါ် ကြ၏။ နှုတ်ကျိုး နေပြီဖြစ်၍ သူ့အမေ ရှေ့မှာပင် ခေါ် ပြော မိ ရာ၊ ပ ထ မ သူ့ အမေက စိတ်ဆိုးပုံ ရသည်။ နောက်တော့လည်း "နင်တို့ခေါ် တာ ဟုတ်တယ်၊ ဒီကောင်လေး ဟာ နောက်ပြောင်တဲ့ နေရာမှာ မအေ့ကိုတောင် မရှောင်ဘူး" ဟု ပြောကာပြုံး နေ ပါ တော့သည်။

သူ့အမေသည် သူ့ကို တဦး တည်းသောသားဖြစ်၍ အလွန် ချစ်၏။ အလိုလိုက်၏။ မဆိုးမ ပင် ဖြစ်သော်လည်း ဈေးရောင်း ကျွေးကာ သား ကို မျက်နှာ မငယ်ရအောင် ထားသည်။

သူ့အမေသည် ယောင်တတ် သူဖြစ်ရာ မောင်မောင်ပြောင်က ခါးထိုး၍ဖြစ်စေ အစဉ် နောက် ပြောင်လေ့ ရှိသည်။ သူသည် အတန်းပိုင်ဆရာမကိုပင် နောက် ပြောင်ဝံ့သူ ဖြစ်သည်။

ပြန်ပြောင်းပြောရပါဦးမည်။ မနှစ်ကဖြစ်ပါသည်။ အတန်းပိုင် ဆရာမသည် အိမ်စာပေးလိုက် သော ဂဏန်းသင်္ချာများကို စစ် ရန် စာအုပ်လာထပ်ဖို့ ပြောပါ သည်။ ကျောင်းသား အားလုံး သွားထပ် ကြသည်။ ဆရာမက ဖောင်တိန်ချွတ်၍ စစ်ပါသည်။ ထိုအခိုက် ကျောင်းအုပ်ဆရာမ ကြီးက အခေါ် ခိုင်း၍ ဆရာမ ထွက်သွား ပါသည်။ အိမ်စာ မပြီးသော မောင်မောင်ပြောင် သည် စာပွဲပေါ် စာအုပ် သွား

တင်ရင်း ဆရာမတင်ထားခဲ့သည့် ဖောင်တိန်ကို ဝှက် ယူ လာ ပါ သည်။ ကျွန်တော် တယောက် သာ ရိပ် မိပါ သည်။ နောက် သူသည် ရုတ် တ ရက် အတန်း အပြင်ဖက် ထွက်သွား၏။ "ဒီ ကောင် ဆရာမဖောင်တိန် ခိုးတာ များလား" ဟု ကျွန်တော် စိုးရိမ် မကင်း ဖြစ်နေစဉ်မှာပင် သူပြန် ရောက်လာပြီး၊ ဖောင် တိန် ကို နေရာမပျက် ပြန်ထားခဲ့သည်။ မကြာမီဆရာမပြန်လာ၍ အလုပ် ဆက်လုပ် နေသည်။ သို့သော် အံ့သြဟန်ဖြင့် ဖောင်တိန်မင်ခါပါ သည်။ပြန်ရေးကြည့်သည်။ဆရာ မအသံ ကြားရ ပါ တော့သည်။

"ငါ့ဖောင်တိန်ထဲက မင်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဘယ်သူ လုပ်တာလဲ။ ကြည့်စမ်း ဖောင် တိန်ထဲက မင်မထွက်ဘဲ ရေတွေ ချည်း ထွက်နေတယ်"

အတန်းသား များက တအံ့ တသြ ရယ်ကြပါသည်။ နောက် ဆုံး တရားခံကို စုံစမ်း၍ သိရှိ သွားပါသည်။ ထိုနေ့က မောင် မောင်ပြောင် တ နေ့ လုံး မတ် တတ်ရပ် ဒဏ်တပ် ခံရ ပါသည်။

ကျွန်တော်က "မင်းဘာဖြစ် လို့ ဒီလို လုပ်ရတာလဲကွာ" ဟု မေးသောအခါ သူက စပ်ဖြဲဖြဲနှင့် "ဒီဆရာမပြီးယင် အင်္ဂလိပ်ဆရာ လာမယ်ကွ။ ပထဝီလဲ လာအုံး မယ်။ မနေ့က ပေးတဲ့ စာတွေ ငါမရဘူး။ အခုလိုငါဒဏ်အတပ် ခံနေရတော့ ငါ့ကို စာမမေးနိုင် တော့ဘူးပေါ့ကွာ။ မပိုင်လား"

တဲ့။ ရှားမှရှားသော မောင်မောင် ပြောင် ပင် ဖြစ်ပါတော့သည်။

ကျွန်တော် ယခု သူ့ဆီကို သွားပါမည်။ သူ့ကို တနေ့မတွေ့လျှင် မနေနိုင်ပါ။ သူ့ကို ကျွန်တော် အားကြီးခင်ပါသည်။ သူကလည်း ကျွန်တော့်ကိုခင်မင်လှသည်။ သူတို့အိမ်သည် ကားလမ်းမဘေးတွင် ရှိပါသည်။ သီတင်းကျွတ် ကျောင်းပိတ်ကတည်းက သူနှင့် နေ့တိုင်း မတွေ့ဖြစ်ခဲ့ပါ။ ယခုည မီး စ ပူဇော် ထွန်းညှိပါမည်။ သူနှင့်ကျွန်တော်လျှောက်လည်ရန် အစီအစဉ် လုပ်ရပါဦးမည်။

သူ့ကို သူတို့ ဆိုင်ကလေးပေါ်၌ တွေ့ရပါသည်။ သူက ဆီးကြိုပြီး ဆိုင်တွင်ချိတ်ဆွဲထားသော ငှက်ပျောဖီးထဲမှ အလုံးကြီးကြီး နှစ်လုံးကို ဖြုတ်ပေးပါသည်။ သူ့အမေအကြောင်း မေးသောအခါ ဈေးထဲ၌ ဘဲဥသွားဝယ်နေ၍ ယခုပင် ပြန်လာတော့မည် ဖြစ်ကြောင်းပြောပါသည်။

သူသည်ဆိုင်ခုံလေးအောက်၌ ဝှက်ထားသော ဗျောက်အိုးများကို ပြပါသည်။ သူ တနေ့လုံး ဖောက်နေသည် ဟုလည်း ပြော ပါ သည်။ ကျွန်တော် ဖောက်ဖို့ သုံးလေးခု ပေးသေးသည်။ ကျွန်တော် မယူပါ။

"ဟော"

သူသည် စက် ဘီး စီး လာသော မိန်းကလေးတယောက်ကို မြင်သွားပါသည်။ ဗျောက်အိုးကို အသင့် ပြင်လိုက် လေပြီ။ ကျွန်တော်တားရန် စိတ်ကူးဆဲမှာ ဆိုက်ကားဖြင့်ပြန်လာသော သူ့အမေသည် ဆိုင်ဘေး၌ထိုးရပ်လိုက်ပါသည်။ ကျွန်တော်သည် ကပျာကရာ လက်ကုတ်၍ ဝိုင်းကူရန် ထိုင်ရာမှထလိုက်ပါသည်။ သူကား စက်ဘီး စီးလာသော မိန်းကလေး ဆီသို့သာ အာရုံရောက်နေပြီး၊ စက်ဘီးအောက်သို့ ဗျောက် အိုး ကို ပစ်သွင်းလိုက်ပါသည်။ "ဖိုင်း" ကနဲ ကျယ်လောင်စွာ မြည်ဟည်းသံနှင့်အတူ "အောင်မယ်လေး" ဟု လန့်အော်သံကို ကြားလိုက်ရပြီး "ဝုံး" ကနဲ ပစ်ချသံ၊ လဲပြို ဟန်ကိုပါ မြင်လိုက် ရပါတော့သည်။

လျှပ် တပြက် အတွင်း ဖြစ်ပျက် သွားသော ဤမြင်ကွင်းကို ကြောင် ကြည့် နေ မိ ပါသည်။ "ဟင်–အမေ" ဟု သူက စ၍ ပြေးပွေ့ပါသည်။ သူ့အမေသည် လက် ထဲ မှ ဘဲ ဥ တောင်း ကို ယောင်၍ လွှတ်ချလိုက်ပြီး၊ လန့်လဲ ကျ သွား ခြင်း ဖြစ် သည်။ တောင်း တဝက်ကျော်မျှသော ဘဲ ဥ များ မှာ မြင် မ ကောင်း အောင် ကွဲကျ ပျက်စီးနေပါပြီ။ ပြီးတော့ မိန်းကလေးက လန့်၍ အရှောင်လိုက်တွင် စက်ဘီးဦးသည် ဆိုင်ကလေးကို ဝင်တိုး သွားသဖြင့် ဈေး ဆိုင် က လေး လည်း အတော် ပျက်စီးသွားပါသည်။ လဲကျနေသော မိန်းကလေး ရှေ့မှာပင် မောင်မောင် ပြောင်သည် သူ့အမေကို ဖက်၍ ငိုနေလေပြီတကား။

# သီတင်းဝါကျွတ်ပွဲ

ကြာမျိုးငါးလီ စုံစုံညီ
ဖူးကြပွင့်ကြပြီ။

သည်ရာသီ အလှခင်း
မွှေးနံ့ကြိုင်လို့သင်း။

သီတင်းကျွတ်တဲ့ သည်အချိန်
ထက်နတ်တာဝတိန်။

မာရဇိန် ဆင်းသက်ကြွ
လူ့ပြည်သက်သ။

ရွှင်ရွှင်ပျပျ တေးသံစုံ
သီကျူးမြူးကခုန်။

မီးရောင်စုံ ပြောင်ပြောင်ရှန်း
ပူဇော်ကန်တော့ထွန်း။

ရည်ညွှန်းကန်တော့ ရိုးရာစဉ်
ယနေ့တိုင်အောင်ပင်။


မြန်တခွင် ဆင်ယင်နွဲ့
သီတင်းဝါကျွတ်ပွဲ။ ။

ကိုကိုသန်း




R. 517

# လိမ်မော်သီး




လိမ်မော်သီးသည် ချိုချဉ်အေးသောအရသာရှိ၍ လူအများနှစ်သက်ကြသည်။ မြန်မာနိုင်ငံ၌ရှမ်းပြည်၊ ချင်းတောင်စသည့် အေး၍ ကုန်းမြင့်ပိုင်းကျသော အရပ်များ၌ ဖြစ်ထွန်းသည်။ လိမ်မော်သီးထွက်ရာ နာမည်ကြီးဒေသများမှာ လားရှိုး၊ သီပေါ၊ အောင်ပန်း စသည်တို့ ဖြစ်သည်။

လိမ်မော်သီးကို အကြမ်းအားဖြင့် အချိုမျိုးနှင့် အခါး သို့မဟုတ် အချဉ်မျိုးဟူ၍ နှစ်မျိုးခွဲနိုင်သည်။ လိမ်မော်သီးကို အခွံနွှာ၍ အမြွာလိုက် စားသုံးနိုင်သည်။ အရည်ညှစ်၍လည်း သောက်သုံးနိုင်သည်။ လိမ်မော်ရည်ကို ဘိလပ်ရည်စက်ရုံများက ပုလင်းများဖြင့် ထုတ်လုပ်ကြသည်။ လိမ်မော်ခွံအစိုကို အမှုန့်အမော်ပြေရှုရသည်။ အခြောက်ကိုမူ အချို့အရပ်များ၌ မီးစာအဖြစ် မီးမွှေးရာတွင် အသုံးပြုသည်။ အချို့နိုင်ငံများက လိမ်မော်ခွံကို သကြားနှင့်ယိုထိုး၍ စားသုံးကြသည်။ လိမ်မော်ခွံမှပင် အဆီနှင့်အရည်တမျိုးကိုထုတ်လုပ်၍ အနံ့အရသာကောင်းမွန်စေရန် အချိုမုန့်များနှင့် သကြားလုံးများ ပြုလုပ်ရာတွင် ထည့်သွင်းလေသည်။ လိမ်မော်အခါးပင်၏အပွင့်များကိုလည်း ရေမွှေးပြုလုပ်ရာ၌ အသုံးပြုကြသည်။








လိမ် မော် သီး ကို စား သုံး ခြင်း ဖြင့် သွေး သား ကောင်းမွန်စေသည်။ မျက်လုံးကိုကြည်လင်တောက်ပစေသည်။ အရိုးနှင့်သွားများကို ခိုင်မာတောင့်တင်း စေသည်ဟု သိရသည်။

စိုးမြင့်






ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၄၂။

# ရဲဘော်လါပြီ သာရ-သာရ

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘဇော်
ဇာတ်လမ်း - သာဒွန့်

၁၃၃၂ ခု၊ သီတင်းကျွတ်လဆုတ် ၂ ရက်၊ (၁၇-၁၀-၇၀)





ဘယ့်နှယ်လဲ - ဖိုးတိမ်မှာ ပျော်ရဲ့လား ....
ပျော်ပါတယ်
အေးကွယ် - မင်း ခွေးလေး ကို လဲ - ခဲခဲပါးပါး ကျွေးပါကွယ်... ဟိုမှာလဲ သား သမီးမှမရှိဘဲ - ကိုယ့်အိမ် လိုဘဲ နေပေါ့
ဟုတ်ကဲ့
ဖိုးတေ အလုပ်ကျေပွန်သဖြင့် ဦးစိုးသည် အားရ ကျေနပ်လျက်ရှိ၏။
သို့သော် ဖိုးတေသည် အကြံသမားတယောက် သာဖြစ်ကြောင်းကို သူမသိရှာပေ။
၂၀ - သား - တော်ပြီလား
ခွေးလေး ရယ် ကောင်းယင် - ၅၀ - သားဘဲ ထဲ့လိုက် ပါတော့
ရှိတယ် ရှိတယ်
ကွမ်းတားဆေး ရှိလားဗျို့
ရေနံ လို ချယ်ပြား ကို ပေးပါ
ဖိုးတေ ရေ... ဟို သူငယ် ကို ရေနံဆီ ထဲ့ပေး လိုက်ပါ
ဟုတ်ကဲ့ - ခွေးလေး
ဈေး - ငါ ထဲ့ ပေးမယ်ဟေ့
ဦးစိုး၏ ဇနီး ဒေါ်မိုးသည် အိမ်ဆိုင်ရောင်းချရာ၌ လက်မလည်သည့်အခါ ဖိုးတေက ကူညီရသည်။ ဆိုင်ရှေ့ အပေါ်တန်း လှောင်အိမ်ထဲမှ ကြက်တူရွေးကြီးသည် –
ဝယ်သူ လာပြီ
ဝယ်သူ လာပြီ သာဓု သာဓု
ဈေးဝယ်သူ လာလျှင် အော်ဟစ် ကြိုဆို၍ –
ပိုက်ဆံ မှန်မှန်ကန်ကန် ပေးကြ သာဓု - သာဓု
ပိုက်ဆံမှန်မှန်ပေးရန်လည်း သတိပေးသည်။


××××××××××××××××××××××
အေးပါ – ခိတ်ချပါ –
တနေ့တွင် ဖိုးတေသည် အပြင် သွားရင်း မိတ်ဆွေဟောင်း တဦးနှင့်တွေ့ပြီး အကြံထုတ်ကြ၏။
ထိုနေ့၌ပင် ဒေါ်မိုးအိမ်ထဲသို့ ဝင်နေခိုက် သူငယ်တယောက်က အလစ်သုတ်ရာ ....
ဟဲ့ သူခိုး သူခိုး ဖေဖေရဲ့ ငှက်ခိုး
ဘဲ့ - ဘယ်သူ့ လဲဟဲ့
ကျနော်ပါ ဒွေးလေး - ရွှေခဲ အသံ ကြားချင်လို့ စ - တာပါ
ဒေါ်မိုးထွက်လာမှ ထိုသူငယ်သည် ပစ္စည်းကို ပြန်ထားရင်း စကားလျှောချလိုက်သည်။
အေး အေး – နောင်ကို ဒီလို မလုပ်နဲ့
ဟုတ်ကဲ့ ဒွေးလေး
သာရ သာရ
ဒေါ်မိုးက နောင်ကို ထိုသို့မလုပ်ရန် သတိပေးသည်။ ရွှေခဲက သာရခေါ်သည်။
ရွှေခဲကတော့ ခံပါဘဲ....
အင်း ......... ရွှေခဲ ရှိယင် မလွယ်ဘူး ........
ဖိုးတေကလည်း သဘောကျဟန်ဖြင့် ကြည့်နေ၏။
ရော့ - ငှက်ပျောသီး စား ဖေဖေ သွားနေတုန်း အိုင်ကို ဂရုစိုက်နော်
ဖေဖေ သာရ သာရ
နောက် နေ့တွင် ဦးစိုးသည် ခရီး ထွက်ခါနီး ရွှေခဲကို ငှက်ပျောသီး ကျွေးရင်း မှာသွား၏။


ထိုနေ့ညနေ နေဝင်ချိန်တွင် ဒေါ်မိုး မီးဖိုထဲ၌ ထမင်းဟင်းချက်နေစဉ်—
အဖွားကြီးလဲ မရှိဘူး
ရွှေခဲလဲ ဒိုက်နေပြီ
အလုပ်တော့ဖြစ်ပြီ
ဖိုးတေသည် ရွှေခဲငိုက်နေသည်ကိုမြင်၍ အကြံရပြီး ...
ရရာပစ္စည်းများကိုယူပြီးနောက် ဆိုင်ရှိတောင်းငယ်ထဲမှ ပိုက်ဆံများကိုလည်း နှိုက်တော့၏။
ထိုစဉ် အသံကြား၍ ရွှေခဲနိုးလာပြီး—
ခိုး
သူ
သူခိုး
ဖေဖေဖေ
သူခိုးသူခိုးဟု အတင်း အော်တော့၏။
ဟဲ့ — ဟဲ့
ဘယ်သူလဲ —
လုပ်ကြပါအုံး ...
သူခိုး —သူခိုး
သူခိုး တဲ့
သူခိုး
ဟိုဆိုင်က
ဘာတဲ့လဲဟေ့
ဗျ....
ဗျ...
ဖိုးတေလည်း အထုပ်တခုကို ကျောပိုးကာ ဒလကြမ်း ထွက်ပြေးသွားလေ၏။

(ဆက်ရန်)


ကျော်ကျော်နှင့်မော်မော် တို့သည် ကျောင်းအားသော ရက်များတွင် ပင်လယ် ကမ်းခြေရှိ မြို့တမြို့သို့ သူတို့မိဘများနှင့်အတူ အလည်အပတ် ရောက် နေကြသည်။
ထိုမြို့ရှိ သူတို့ဦးလေးမှာ လူသိများသော ကြောင့် ကျော်ကျော်နှင့်မော်မော် တို့မှာ မည်သည့်နေရာ သွားသွား အခက်အခဲမရှိ လည်ပတ်နိုင်ကြသည်။
မင်းတို့ဦးလေးနဲ့ ဦးနဲ့ သိပ်ခင်တာကွဲ့၊ ကျောက်တန်း ဘုရားတွေ့အောင် လိုက်ပို့ မယ်၊
တနေ့တွင် ပင်လယ်ကမ်းခြေတလျှောက် လမ်းလျှောက် လာကြ၏-
ပင်လယ်ကမ်းခြေ ရှုခင်းက သိပ်သာယာ တာပဲနော် မမော်၊
အေး ကွ၊
ပင်လယ်ပြင်ကို ထွက်ကြည့်ချင်လိုက်တာ၊ ဟို ဦးဖြိုးကို လိုက်ပို့ ခိုင်းမှာပဲ၊
ကျွန်တော်တို့ ပင်လယ် ပြင်ကို ထွက်မကြည့် ဖူးလို့ လိုက်ပို့ ပါလား ဦးဖြိုး ရယ်၊
မင်းတို့ကို လိုက်ပို့ပေးမှာပေါ့ ဝန်မလေးပါဘူး ကွယ်ဒါပေမဲ့ အကူအညီပေးနိုင်မဲ့ လူကိုသာ ခေါ်ချင်တယ်၊



အခု ဦးကြီး လှုပ်နေ အတွက် ကြိုးချည်နေတယ်ကွ၊ မင်းတို့ကို ကြိုးချည်နည်း သင်ပေးမယ်-လာကြ-
ဦးကြီး ဟိုဘက်နားကို ခဏသွားအုံးမယ်၊ ဦးကြီး မရှိတုန်း သင်ထားတဲ့အတိုင်း ကြိုးချည်ထားကြ-ကြားလား၊ ဦးကြီး သင်ပေးတာတွေကို စစ်မယ်၊ နှစ်ယောက်စလုံး တော့ စေ့စေ့ မဖြစ်ဘူး၊
ဟုတ်ကဲ့
ငါတော့ ကြိုးချည်နည်းကို တခါထဲ မှတ်မိပြီ တာနဲ့ တတ်သွားပြီ၊ ဟိုဘက်က ရှုမျှော်ခင်းတွေ သွားကြည့်အုံးမယ်၊
လာဟေ့ ကျော်ကျော်၊ ခုလိုက်ခေါက်ကြရအောင်၊ မင်းကြိုးချည်နည်းက လွယ်ပါတယ်ကွာ-လာပါ၊
အလုပ်ပြီးမှ လာမယ်၊ ကြိုးချည်နည်းကို သေသေချာချာ တတ်အောင်လေ့ကျင့်လိုက်အုံးမယ်၊
ကျော်ကျော်တို့ မှားပြီလေ၊ လွယ်တဲ့ ကြိုးချည်နည်းလေးကို အလကား အာပေါင်ပန်းခဲ့ပြီး လေ့ကျင့်နေတယ်၊ ဦးကြီး ပြန်လာရင် လွယ်လွယ်ကူကူ ငါကြိုးချည်ပြနိုင်မယ်၊
ဘယ်နှယ်လဲဟေ့၊ ကြိုးချည်နည်း တတ်ကြပြီလား၊ ဟိုခလေးမ - ကြိုးကိုချည်မထားဘူးလား၊


ဦးကြီးတို့ ကြိုးချည်နည်းက လွယ်လွယ်လေး ဗျို့၊ အပင်ပန်းခံပြီး လေ့ကျင့်နေစရာ မလိုပါဘူး၊ ခုလေ့ကျင့်မယ်၊ ခုတတ်မှာပါ ဦးကြီးရ၊
ဟေ့ဒီမှာ ဦးကြီး ပြထားတဲ့ ကြိုးချည်နည်း၊ ကျနော် လေ့ကျင့်ထားပါတယ် ဦးကြီး၊
ဟုတ်တယ်၊ ငါတို့ချည်တာ မှန်တယ်၊
ဘယ်အလုပ်ကို လုပ်လုပ်၊ စကားကို နားထောင်မှလူ၊ အလုပ်ကို တိတိကျကျ လုပ်သူကိုသာ ဦးကြီးတို့က လိုချင်တာကွ၊ လက်တွေ့အလုပ် မလုပ်တဲ့လူကို မလိုချင်ဘူး၊ ကဲ- ငါတို့ ဦးကြီးနဲ့ လိုက်ခဲ့၊
မမမော်- ဒီမှာခဏ စောင့်နေပါအုံးနော်၊ ကျနော် ပင်လယ်ပြင်ကို လိုက်သွားအုံးမယ်၊
အင်း...ငါဟာ အလုပ်ကို တိတိကျကျ မလုပ်တဲ့အပြင်၊ လူကြီးစကားကို နားမထောင်လို့၊ ခုလို ပင်လယ်ပြင်ကို ငေးနဲ့ မလိုက်ရတာကိုး၊ ငါမှားတယ်၊

# တရုတ်ပြည်သူ့ သမ္မတနိုင်ငံ







ရေးသူ-မွန်ယု



မြန်မာနိုင်ငံ၏ မြောက်ဖက်နှင့် အရှေ့မြောက်ဖက်ရှိ တရုတ်နိုင်ငံ သည် အာရှတိုက်၏ ငါးပုံတပုံခန့်ရှိ၏။ စတုရန်းမိုင်ပေါင်း ၃,၇၄၅,၂၉၆ ကျယ်ဝန်းသည်။ ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည်။ လူဦးရေမှာ ၇၂၀ သန်းခန့် (၁၉၆၇ ခုနှစ်) ရှိသည်။ ကြီးမားကျယ်ပြန့်သော နိုင်ငံကြီးဖြစ်၍ မြေမျက်နှာသွင်ပြင် မျိုးစုံသဖြင့် ရာသီဥတုမှာ နေရာလိုက်၍ ခြားနားသည်။ မြို့တော်မှာပီကင်းဖြစ်သည်။ လူဦးရေအများဆုံးမြို့မှာ စီးပွားရေးအချက်အချာမြို့နှင့် သင်္ဘောဆိပ်ကမ်းမြို့ကြီးတမြို့ ဖြစ်သော ရှန်ဟိုင်းဖြစ်သည်။



တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည် အလွန် ရှေးကျသည်။ ကမ္ဘာကို ပြောင်းလဲစေခဲ့သော တီထွင်မှုကြီးအချို့ကို တရုတ်များက စတင်ခဲ့သည်။ ပုံစံအားဖြင့် ကြွေထည်၊ ပိုးထည်၊ ခဲယမ်းမီးကျောက်၊ စက္ကူ၊ ပုံနှိပ်စက်နှင့် ငွေစက္ကူတို့ ဖြစ်သည်။ အုပ်ချုပ်မှုအတတ်နှင့် စာပေတွင်၎င်း၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာတွင်၎င်း သမိုင်းဦးခေတ်ကပင် ခေါင်းဆောင်ဖြစ်ခဲ့သည်။


တရုတ်နိုင်ငံ၏ လူမျိုးစုများထဲတွင် တရုတ်နှင့် အမျိုးအနွယ်စုသည် အများဆုံးဖြစ်၍ တိဗက်၊ မန်ချူး၊ မွန်ဂိုလီးယန်းတို့ ပါဝင်သည်။ စိုက်ပျိုးရေးသည် အဓိကလုပ်ငန်း ဖြစ်သည်။ ရာသီဥတုချမ်းအေးသော မြောက်ပိုင်းတွင် ဂျုံ၊ ပုအိုက်စွတ်စိုသော တောင်ပိုင်းတွင် ဆန်စပါးကို အများဆုံးစိုက်ပျိုး လုပ်ကိုင်ကြသည်။

## တရုပ်ဖေါ်-ကျော်ကျော်




တရုပ် လူမျိုးများသည် လုံလ ဝီရိယရှိသည်။ အိမ်ထောင်တခုတွင် ဘိုးဘေးမှစ၍ မြေးမြစ်အထိ စုပေါင်း နေထိုင်တတ်ကြသည်။ ကြီးသူကို ငယ်သူများက ကြောက်ချစ် ရှိသေရ၏။ သားယောက်ျား ကလေးများကို အရေးပေးသည်။

လူ့ကျင့်ဝတ်နှင့်ဆိုင်သော ကွန်ဖြူးရှပ် အယူဝါဒကို အများဆုံး လက်ခံကျင့်သုံးကြသည်။ ကိုးကွယ်မှုဆိုင်ရာ အယူဝါဒဖြစ်သော ဗုဒ္ဓသာသနာ နှင့် တာအိုဘာသာဝင်များလည်း ရှိသည်။ ပြောဆိုသုံးစွဲကြသော ဘာသာစကား အမြောက်အမြား ရှိသော်လည်း မန်ဒရင်တရုပ် ဘာသာ စကားသည် အများသုံး ဖြစ်လေသည်။




လက်ဖက်၊ ပိုးချည်ခင်၊ ပိုးထည် ချည်ထည်များကိုလည်းအကြီးအကျယ် ထုတ်လုပ်သည်။ သစ်သီး သစ်နှံ များလည်း ဖြစ်ထွန်းသည်။ လူဦးရေအလွန်များသော နိုင်ငံကြီးဖြစ်၍ စားနပ်ရိက္ခာ ဖူလုံအောင် ကြိုးစား စိုက်ပျိုး လုပ်ကိုင်ရကြသည်။

နှစ်ပေါင်း ရာနှင့် ထောင်နှင့်ချီ၍ အုပ်ချုပ်လာခဲ့သော သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဒေါက်တာဆွန်ယက်ဆင် ဦးစီးသော အမျိုးသားတော်လှန်ရေးအဖွဲ့က ဖြိုဖျက်ပစ်၍ ခရစ် ၁၉၁၁ ခုနှစ်တွင် ပထမဆုံး အမျိုးသား သမ္မတ နိုင်ငံကို ထူထောင်ခဲ့သည်။ တရုပ် ကွန်မြူနစ် ပါတီကို ၁၉၂၁ ခုနှစ်တွင် ဖွဲ့စည်းသည်။ ၁၉၂၈ ခုနှစ်တွင် ချန်ကေရှိတ် ကူမင်တန်အစိုးရ တက်လာသည်။ ချန်ကေရှိတ်အစိုးရနှင့် တရုပ်ကွန်မြူနစ်ပါတီတို့ နှစ်ပေါင်းများစွာ ပြည်တွင်းစစ် ဖြစ်ခဲ့ပြီးနောက် ၁၉၃၉ ခုနှစ်တွင် ကွန်မြူနစ်တို့ အရေးသာ၍ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုပ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်လေသည်။ နိုင်ငံအကြီးအကဲမှာ ဥက္ကဋ္ဌ မော်စီတုန်း ဖြစ်၍ ဝန်ကြီးချုပ်မှာ ချူအင်လိုင်းဖြစ်သည်။



တရုပ်နိုင်ငံကို မြန်မာ ကျမ်းဂန်စာပေများတွင် ဂန္ဓလရာဇ်ဟူ၍၎င်း၊ စိန့်တိုင်း (စိနရဋ္ဌ) ဟူ၍၎င်း ခေါ်သည်။



အော်.... လောဘ
ကာတွန်း ဟံမြင့် ရေးဆွဲသည်
ကြွက်သေ တကောင်ပါလား ကော့်တာ ဘဲ
အို ၊ ဒီမှာလဲ အရှင်တကောင် မြန်မြန်လိုက် ဖမ်းမှ
ပြေး မှ
ဒီကောင် မျက်ခြေပြတ်သွားပြီ မတွေ့တော့ဘူး
အေးအေးဘဲ ကြွက်သေပြန်စား တာကောင်းပါတယ်
ဟိုက်ကြွက်သေလဲ ဟိုကောင်ယူသွားပြီ ငါဘာမှ မရတော့ပါလား အော်-လောဘ၊ လောဘ
ပြီး



ဗျို့ ကိုဘဲ၊ ကျုပ်ကို ထင်းကူခွဲပေးပါလားဗျာ.... ခင်ဗျားကို ကျုပ်ရတဲ့လုပ်ခတဝက်ခွဲပေးပါ့မယ်...
ကိုဘဲလည်း သဘောရိုး မှတ်၍ အစမှအဆုံးတိုင် ကူညီလုပ်ကိုင်ပေးသည်။သို့သော်-
ကိုယုန် ကလိန်ကျပြီ.. အို... ဘာရမလဲ၊ငါ့အကြောင်းအခုသိစေမယ်
မေ့ပါစေဗျာ.. ခင်ဗျားကို ကျုပ်မေ့သွားတာပါ... ဒီကပြီးယင် ဟိုဖက်ကမ်းကိုသွားဖို့ ရတနာသိုက် တူးမလို့ဗျ... အဲဒါ.. အပေါ်လိုနေ..
ဟင်။ ရတနာသိုက် ကျုပ်လိုက်မှာပေါ့
ကဲ.. လိုက်ချင်ယင် ကျုပ်ကျောပေါ်ကို တက်.. အခုဘဲသွားစို့
ဤသို့ဖြင့် ရေလယ်သို့ ရောက်သောအခါ-
ကဲ.. ကျုပ်ရဲ့လုပ်အားကိုမတရားခေါင်းပုံဖြတ်ချင်တဲ့ ကိုယုန်၊ ရေနစ်သေရစေတော့
အမယ်လေး.. မ.. မလုပ်ပါနဲ့ဗျာ၊ အ.. အသက်တော့ချမ်းသာပေးပါဗျာ
နောက်ဆုံးတွင် ကိုယုန်၏ အလိမ် ပေါ်ကာ
ကျုပ်မှားပါတယ်... ဗျော့.. ဒီမှာခင်ဗျား ရသင့်တဲ့လုပ်အားခ ကျုပ်ကိုခွင့်လွှတ်ပါဗျာ.. နော်.....
ဖြိုး



ထွန်းထွန်းနှင့် ပုလင်းကွဲ
ဝင်းဖြူ
သားလေး ဟော့ဒီက ပုလင်းကွဲတွေ ဟိုလမ်းထိပ်က အမှိုက်ပုံးထဲ သွားထည့်လိုက်ကွယ်
မေမေကလဲ အဝေးကြီးမှာ ပစ်ခိုင်းတယ်
ဦး
ကောက်ပြီးတော့ အိမ်ဘေး က ချုံပုတ်ထဲ ပစ်ထားယင်ပြီးတာဘဲ...ဟဲဟဲ.
တပတ်ခန့်အကြာ.....
ဂိုး
မင်းကန်လိုက်တဲ့ ချုံထဲ ကျသွားပြီ - သွားကောက်ကွာ
အား!!
?
ပုလင်းကွဲ ရှတာဘဲ - ဒီ ချုံထဲမှာ ဘယ်သူလာပြီး ပစ်ထားလဲ မသိဘူး စည်းမရှိ - ကမ်းမရှိ...
ထွန်းထွန်းမှာ မိမိ၏ အပြစ်ကြောင့် ခံရသဖြင့် မည်သို့မျှ မပြောနိုင်တော့ပေ။




# အဘယ်ကြောင့် သံမဏိသင်္ဘောကြီး ရေပေါ်သနည်း

အကယ်၍ ပင်လယ်ရေပြင်ပေါ်သို့ ကျောက်ခဲကလေးတခဲကို ပစ်ချလိုက်ပါက နစ်မြုပ်သွားသော်လည်း ရော့မသံမဏိသင်္ဘောကြီးမှာမူ မနစ်မြုပ်ပဲ ပေါ်နေသည်ကို တွေ့ရပေသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ရကြောင်းကို လက်တွေ့စမ်းသပ်မှုဖြင့် လေ့လာကြည့်ကြစို့။

နှုတ်ခမ်းဝအထိ ရေဖြည့်ထားသော ရေဇလုံတခုထဲတွင် ကစားစရာ အရုပ်လှေကလေးတစင်းကို ထည့်ကြည့်ပါ။ လှေကလေးရေပေါ်နေပြီး၊ ဇလုံထဲမှ ရေမျက်နှာပြင် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရပေမည်။ လှေကလေးအတွက်နေရာဖယ်ပေးရသောရေထု မြင့်တက်လာခြင်း ဖြစ်ပေသည်။ ထို့နောက် ယင်းဇလုံအတွင်းသို့ ကျောက်ခဲတခဲ ထည့်လိုက်ပါ။ ကျောက်ခဲ နစ်မြုပ်သွားပြီး ရေအချို့ ဇလုံနှုတ်ခမ်းမှ လျှံကျလာသည်ကို တွေ့ရပေမည်။

ဤအချက်များကို ကြည့်ခြင်းဖြင့် အရာဝတ္ထုတခုခုကို ရေထဲသို့ချပါက ထို အရာဝတ္ထုအတွက် ရေသည် နေရာဖယ်ပေးရလေသည်။ လှေအတွက် ဖယ်ပေးရသော ရေထုထည်၏ အလေးချိန်သည် လှေထက်ပိုများသဖြင့် လှေကလေးရေပေါ်သည်။ ကျောက်ခဲအတွက် ဖယ်ပေးရသော ရေထုထည်၏ အလေးချိန်သည် ကျောက်ခဲထက် လျော့နည်းသဖြင့် ကျောက်ခဲ နစ်မြုပ်သည်။ ထို့အတူ မည်သည့် သင်္ဘောမဆို ရေပေါ်တွင် ပေါ်နေခြင်းမှာ ယင်းအတွက် ဖယ်ပေးရသောရေထုထည်၏အလေးချိန်သည်ယင်းထက်ပိုများခြင်းကြောင့်ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပေသည်။

ကြယ်မြူ




ကပ်ထူပေါ်တွင် ကပ်၍ ညှပ်ထုတ်ပြီး မျဉ်းစက်ပြထားသည့်နေရာများတွင် ချိုးလိုက်ပါ။



# အရေးပါသူ

နီဝါဝေ

ရွာတွင် ကျွန်တော့် မိဘများသည် အချမ်းသာဆုံး ဖြစ်၍ အလွန်အရေးပါ အရာရောက်သူများ ဖြစ်ကြသည်။ ကျွန်တော်သည်လည်း ရွာမှ ကလေးလောကတွင် အလွန် အရေးပါ အရာရောက်သူတယောက် ဖြစ်နေ၏။

တနေ့တွင် လှမိုးနှင့် ထွန်းမြင့်သည်ကျွန်တော့်ထံသို့ပေါက်လာကြ၏။ သူတို့နှင့်အတူ မျက်နှာစိမ်း လူငယ် တယောက် ပါလာ၏။

"သူက ဘယ်သူလဲကွ"

"ဒီရွာကို ပြောင်းလာတဲ့ ကျောင်းဆရာရဲ့ သားပေါ့" ဟု လှမိုးက ဖြေ၏။

"သူ့နာမယ်ကကောကွာ"

"အောင်တင်တဲ့ကွ"

"ဟော့ကောင်၊ မင့် နာမယ် အောင်တင်တဲ့ လား"

လူငယ်က ခေါင်းညိတ်ပြ၏။

"ငါ့ နာမယ်ကော မင်းသိတယ် မဟုတ်လား။ လှမိုးတို့က ပြောမပြထားဘူးလား"

"မှာ - ဟုတ်သားဘဲ။ ငါပြောဘို့ မေ့နေ တယ် ကွ" ဟု လှမိုးက ကျွန်တော့်ကို တောင်းပန်ရင်း

လူငယ်ဖက်သို့လှည့်၍ -

"မှတ်ထားကွ သူငယ်ချင်း။ သူ့နာမယ်က မောင်မောင်သက်တဲ့ကွ" ဟု ပြောလိုက်၏။

"သူက ဒီဘောလုံးအသင်း ခေါင်းဆောင်ကွ" ဟု ထွန်းမြင့်က ဝင်ထောက်၏။

ကျွန်တော်ကမူ အခြောက် တိုက် ရယ်လိုက်ပြီး -

"အေးကွာ - ကာတွန်းတွေ မင်းဖတ်ချင်ယင်လဲ ငါ့ဆီမှာ ရှိတယ်ကွ။ လှမိုးတို့နဲ့အတူ လာဖတ်လှဲ့ပေါ့"

"ကျေးဇူး တင်ပါတယ် ခင်ဗျာ။ ကျွန်တော့်မှာလဲကာတွန်းစာအုပ်တွေ ပါလာပါတယ်။ အကိုတို့ဖတ်ဘို့ ပေးပါ့မယ်"

သူက ခပ်ပြုံးပြုံးပြန်ပြော၏။ သို့သော်ကျွန်တော်ကသူ့ကိုမျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

"အိုကွာ - မင့်စာအုပ်တွေက အဟောင်းတွေ နေမှာ ပါကွာ။ ငါက လ တိုင်း ဝယ် တဲ့ကောင်ကွ။ အသစ်တွေ မင်းကြည့်ချင်ယင် အိမ်လာကြည့်ပေါ့။ ငါက ငါ့စာအုပ်တွေကို သူများအိမ် မငှားတတ်ဘူးကွ"

အောင် တင် မှာ ပါး စပ် အဟောင်းသား ပွင့် သွား ၏။ လှမိုးနှင့် ထွန်းမြင့်ကမူ မျက်စိမျက်နှာပျက်ပျက်နှင့်ကျွန်တော့်ကို ကြည့်နေကြ၏။

သို့သော် လှမိုးက ချက်ချင်း ပင် လုပ်ရှားလာ၏။

"ညနေကျယင် ဘောကန်ဘို့ လူစုရအုံးမယ်ကွ။ ဒို့ ပြန် မယ်။ မင်းလဲ စောစောဆင်းခဲ့နော်"

"ငါ သိပ် နေမကောင်းချင်ဘူးကွ။ ကနေ့ဘောမကန်တော့ဘူး" ဟု ကျွန်တော်က ခပ်တင်းတင်း ပြောလိုက်၏။

"ဟာကွာ - မင်း က တော့ လုပ်ရော့မယ်" ဟု ထွန်းမြင့်က ညည်း၏။

"ငါမှနေမကောင်းဘဲကွ"

"ဒီလိုဆိုယင်လဲကွာ...."

"ဟော့ကောင် – လှမိုး။မင်းက ဘော လုံး တောင်း ချင် လို့ မဟုတ်လားကွ။ ထုံးစံအတိုင်း ပေါ့ကွာ – ငါမကန်နိုင်သေးယင် ငါ့ဘောလုံးကို ဘယ်သူ့မှ မပေးဘူးကွ"

လှမိုးတို့မှာ မျက်နှာ ငယ်လေးတွေနှင့် ပြန်သွား ကြ၏။ ကျွန်တော်ကမူ ကျေနပ်စွာ ပြုံးရင်း ကျန်ရစ်ခဲ့၏။

အမှန်မူ ကျွန် တော် နေမကောင်း၍ မဟုတ်ပါ။ လှမိုးတို့ကို ကျွန်တော် ညာပြော လိုက်ခြင်း ဖြစ်၏။လူသစ် အောင်တင်ရှေ့တွင် ကျွန်တော်မည်မျှအရေးပါ အရာရောက်ကြောင်း ပြလိုက်ခြင်းပင်ဖြစ်၏။

သို့သော် နှစ်ရက်ကြာသည်အထိ ကျွန်တော့်ထံ မည်သူမျှ ရောက်မလာကြချေ။

ထိုနေ့ ညနေတွင် ရွာ့အပြင် ဘောကွင်းမှ ဘော လုံး သံ ကို ကျွန်တော်ကြားရ၏။ကျွန်တော် မနေနိုင် တော့ပါ။ ကျွန်တော့် ဘောလုံးလေးကို ပိုက်၍ ဘောကွင်းထဲသို့ ကျွန်တော် ဆင်းလာတော့၏။ ဂိုးသွင်းကျင့်နေသော လှမိုးတို့ထံသို့ ခပ်သုတ်သုတ်ပြေးသွားပြီး –

"ဘယ်သူ့ဘောလုံးလဲကွ"

လှမိုးက အောင်တင်ကို မေးငေါ့ပြရင်း –

"အောင်တင့် ဘောလုံးကွ။ သူ့အဖေက ဝယ်ပေးတာ"

"အို ကွာ – ငါ့ဘောလုံးလို့ မပြောပါနဲ့။ ဖေဖေက မင်းတို့ အားလုံး အတွက် ဝယ်ပေးတဲ့ ဟာ...."

"ကြည့်စမ်း၊ မင်းနဲ့ ဘယ်လောက် ကွာသလဲကွ"ဟု ထွန်းမြင့်က ပြောလိုက်၏။

"အောင်တင်က သူကာတွန်းစာအုပ်တွေကိုလဲအိမ်ကိုပေးဖတ်တယ်ကွ။ "ဟု လှမိုးက အားရပါးရဆို၏။

အောင်တင်သည် ကျွန်တော့်ထက်အရေးပါသူ ဖြစ်နေလေပြီ။ ကျွန်တော် ဘာလုပ်ရမည်နည်း။

"ကဲ–ကဲ– လူစုံပြီ။ ခွဲကန်ကြမယ်"ဟု အောင် တင် က အော်လိုက်၏။

"အကိုလဲ လုံချည်ချွတ်ဗျာ။ အတူတူ ကန်ကြ တာပေါ့" ဟု ကျွန်တော့်ကို ပြုံး၍ ပြော၏။

"မင်းလဲ ပါပေါ့ကွာ။ ဒါပေမဲ့ ခါတိုင်းလိုမညစ်နဲ့နော်"ဟု လှမိုးက သတိပေး၏။

ထွန်းမြင့်က ကျွန်တော့်ပခုံးကို လာဖက်ပြီး –

"ဒီဘောလုံးဟာ ဒို့အားလုံးရဲ့ ဘောလုံးနော်။ မင်း·မညစ်ရတိုင်း ခါတိုင်းလို ဘောပွဲသိမ်းမယ်လို့ မူလို့မရဘူး"

ကျွန်တော်ငိုင်နေ၏။သို့သော်ကြာရှည် ငိုင်မနေနိုင်တော့ပါ။ ဘောပွဲက စတော့မည်။

ကျွန်တော်သည် ဂိုးတိုင်ဘေးတွင် လုံချည်လေးကို ကဗျာကရာ ချွတ်ချလိုက်၏။ နောက်ဘော ကွင်း လယ် သို့ ပြေးဆင်း လာမိလေတော့၏။

## ကျန်းမာသန့်ရှင်း ရောဂါကင်း

ကိုယ်လက်အင်္ဂါ
ကြေးညှော်ကင်းအောင်
နေ့စဉ်ရှင်းလင်း သုတ်သင်လေ။
ကျောင်းမှာအိမ်မှာ တာဝန်ခွဲလို့
အမြဲသန့်ရှင်း စင်ကြယ်စေ။
ရောဂါပိုးတွေ သေကျေပျက်အောင်
ရေကိုချက်၍ သောက်ကြလေ။
အမှည့်လွန်ကာ ယင်တွေနားတဲ့
အစာများကို ရှောင်အပ်ပေ။
ကျောင်းဆင်းချိန်မှာစာမကျက်ခင်
ကိုယ်လက်လှုပ်ရှား ကစားလေ။
ကစားပြီးယင် ခေတ္တနားလို့
အားလပ်ချိန်ပေး အပန်းဖြေ။
နေ့တိုင်းမှန်မှန်လေ့ကျင့်ပေးယင်
ရောဂါကင်းဝေး အသက်ရှေ.
ကျန်းမာခြင်းဟာ လပ်တပါးလို့
မြတ်ဘုရားပင် ဟောခဲ့ပေ။
မှတ်လေ မှတ်လေ။ ။

ခင်မောင်တိုး(ဟံဇား)



R. 517

# ဟသ်ာ


ရေးသူ ရဲမြှင့်



ဟသ်ာသည် အလျား ၂၅ လက်မခန့်ရှိသည်။ အတောင်တွင် အနက်ပြောက်များနှင့် အဖြူကွက်များ ရှိသော်လည်း ပျံသည့်အခါမှ မြင်ရသည်။ ဟသ်ာအမများ၏လည်တွင် အနက်ရစ်မရှိပေ။သားပေါက်များမှာ ဟသ်ာအမများနှင့်တူသော်လည်း အရောင်အဆင်း ပို၍ မွဲခြောက်သည်။

ဟသ်ာသည် သာယာစွာ အော်မြည်တတ်သည်။ အဖိုသံနှင့် အမသံကို ခွဲခြားသိနိုင်သည်။

သဲထူထပ်သော ကမ်းခြေ များတွင်သာ ဟသ်ာများ အနေများသည်။ စုံတွဲနေလေ့ရှိပေသည်။ တခါတရံ လေးငါးကောင်အုပ်ဖွဲ့၍ နေတတ်သည်။ ရေထဲသို့ တခါတရံသာဆင်းသော်လည်း၊ ရေကူးကျွမ်းလှသည်။ ဦးခေါင်းကိုမတ်ထားပြီး၊ ကိုယ်တပိုင်းနှိမ့်လျက် အမြီးထောင်၍ကူးသည်။ ညဥ့်အချိန်တွင် အုပ်ခွဲပြီးအစာရှာလေ့ရှိသည်။ နေ့အခါတွင် အုပ်ဖွဲ့၍ အနားယူသည်။ ငှက်များထဲတွင် သတိအရှိဆုံးဖြစ်သည်။ လူအကပ်မခံချေ။ အများအားဖြင့် အသီးအရွက်ကိုသာ စားသည်။



ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တလျှောက်တွင်၎င်း၊ ရခိုင်တိုင်းနှင့် အောက်မြန်မာပြည်မြစ် များတွင်၎င်း ဟသ်ာများကိုတွေ့ရသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၄၃။

# ရွှေသွေး ဂျာနယ်


## ရဲဘော်လာဖြီ
## သာရ-သာရ (၂)

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-သာညွန့်

၁၃၃၂ ခု၊ သီတင်းကျွတ်လဆုတ် ၉ ရက်၊ (၂၄-၁၀-၇၀)




ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ်
ဟား ဟား
တနေ့တွင် ဖိုးတေတို့လူစုသည် ခါးပြတိုက်၍ ပစ္စည်းများစွာ ရခဲ့သဖြင့် ထိုည၌ သောက်စား ပျော်မြူးကာ အောင်ပွဲခံလျက် အပျော်ကြီး ပျော်နေကြလေသည်။
မိတ်ချ လက်ချ သောက် လိုက်ကြစမ်း၊ ငါ့လူတို့ ... ဘာမှ စိုးရိမ်စရာ မရှိဘူး ....
ဟား ဟား
ဟား ဟား
အရက်သွားယူတာ ကြာလိုက်တာ.....



လရောင်အောက်တွင် လမ်းပြ ရွာသား ဟာဦးကို ရိပ်ကနဲ တွေ့လိုက်ရသဖြင့်—
မိတ်ဆွေ
မိတ်ဆွေ
လာနေပြီ
ရွှေခဲလည်း သင်ထားသည့်အတိုင်း အော်လေရာ—
ဝေး
ဟေးဟေး
ဟေးဟေး
အရက်သွားယူသော ငဲ ပြန်လာပြီ ထင်ပြီး ဖိုးတေတို့လူစု ဝမ်းမြောက်စွာ ကခုန်ကြ၏။
မလှုပ်ကြနဲ့ ......
လှုပ်ယင် သေသွားမယ် ....
— တိတ် —
ထိုစဉ် ရဲအဖွဲ့ဝင်များနှင့် ရွာသားများ အရပ်လေးမျက်နှာမှ ရုတ်တရက် ပေါ်လာပြီး—


ဒီကောင်တွေ အားလုံး လက်ထိပ်ခတ်လိုက် — သက်သေခံ ပစ္စည်းတွေ အားလုံး သိမ်း ယူခဲ့ — တဲကို မီးရှို့ ဖျက်ပစ် — လူတွေကို မြို့ထဲ ခေါ် သွားရမယ်
လူဆိုးများအား ပိုင်းထားလိုက်ကြလေသည်။
လူဆိုးများကို ဖမ်းဆီးပြီး ခေါ်လာရာ ရပ်သူရွာသားများ တိုးဝှေ့၍ ကြည့်ကြ၏။
အလို..... မိုးတော ဂဏဲ ဒမြ ဂိုဏ်းဝင် အံ့ကျိုး.....
ဦးစိုးလည်း မိုးတောကိုမြင်၍ အံ့ဩနေစဉ်—
မေမေ ... ရဲဘော် လာပြီ... သာရ သာရ ...
ရဲအရာရှိပခုံးပေါ်မှ လိုက်ပါလာသော ရွှေခဲကြီးက သူ့သခင်ဦးစိုးအား လှမ်း၍ နှုတ်ဆက်လိုက်လေ၏။
ပြီး၏။


ဇာတ်လမ်း – မောင်မြေသား
သရုပ်ဖော်၊ မြင့်မောင်လွင် - -
ဦးငွေသီးသည် မန်ကျည်းတောရွာတွင် အလွန်ချမ်းသာကြွယ်ဝသော လယ်ပိုင်ရှင်သူဌေးကြီးဖြစ်၏။
သို့သော် အလွန်ကပ်စေးနှဲ၍ ကောက်ကျစ်စဉ်းလဲသည်။
- ကြော်ငြာ - တနှစ်အတွင်း ဘယ်အလုပ်မဆို လုပ်နိုင်သူကို ငွေ ၁၅၀/- ပေးမည်။ မလုပ်နိုင်လျှင် တပြားမှ ရမည်မဟုတ်..
အင်း! ငါသွားမှဘဲ
တခြားရွာမှ ဖိုးဝ ရောက်လာ၏။
ကဲ၊ ကျုပ်စည်းကမ်းအတိုင်း မောင်ရင် လုပ်နိုင်ပါ့မလား
လယ်အလုပ်ဆို မလုပ်နိုင်တာမရှိပါဘူး
ဖိုးဝသည် ဦးငွေသီးခိုင်းသမျှကို ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့၏။ တနှစ်ပြည့်လုနီးသော် -
သူ့ကိုဘယ်လိုအနိုင်ယူရင်ကောင်းမလဲ.. ဟုတ်ပြီ
မကြာမီ
ဟောဒီစဉ့်အိုးလေးတကို ဒီစဉ့်အိုးကြီးထဲ့ ပေးစမ်းပါကွာ....
ဟာ! မဖြစ်နိုင်တာ
အေး ငါခိုင်းတာကို မလုပ်နိုင်ဘူးဆိုရင်တော့ စည်းကမ်းအတိုင်း မင်းရဲ့လုပ်ခငွေတပြားမှ ရမှာမဟုတ်ဘူး
ဒါတော့ မတရားခိုင်းတာကိုး
ဖိုးဝမှာ မည်သို့မျှ မကြံနိုင်တော့သဖြင့် လုပ်ခငွေ တပြားမှ မရပဲ ရွာသို့ ပြန်ခဲ့ရ၏။


ရွာသို့ပြန်ရောက်၍ ညီဖြစ်သူဖိုးလှအား အကြောင်းစုံ ပြောပြသောအခါ—
နောက်တနှစ်တွင် ဖိုးလှသည်ဦးငွေသီး၏ အလုပ်သမား တယောက် ဖြစ်လာ၏။
နှစ်ကုန်လု နီးလာသော တနေ့တွင်—
ဟာ! ရပါတယ်
ဖိုးလှက အိုးကြီးကို အတင်းရိုက်ထည့်လိုက်၏။
ကဲကွာ
ဟား ဟား၊ ဘယ်လိုလုပ် လိုက်တာလဲ မောင်ဖိုးလှရဲ့
ဦးငွေသီးသည် မကျေနပ် သေးပဲ—
ဖိုးလှက အမိုးကိုတက်ဖျက်၏။
ဒီလိုမလုပ်ရင် ဘယ်လိုလုပ်နေရမှာလဲ..


ဦးငွေသီးမှာ လက်မလျှော့သေးပေ။
ဒီတစ်ခါ မှန်အောင်မဖြေနိုင်ရင် တော့ စည်းကမ်းအတိုင်း လုပ်ရလိမ့်မယ်
ဟုတ်ကဲ့ ဖြေပါ့မယ်
ငါ့ရဲ့ ဦးခေါင်း ဟာ ပိဿာချိန် ဘယ်လောက် ရှိသလဲ ဆိုစမ်း
ဖိုးလှသည် စဉ်းစားပြီးမှ ပြန်ဖြေ၏။
ခုနစ်ပိဿာရှိတယ်
မှားတယ်ကွ
ဒါဖြင့် ဘယ်လောက်လဲ
ငါးပိဿာ
မဟုတ်ဘူး ခုနစ်ပိဿာ
မင်းမှားနေပြီကွ ဒီတော့ မင်းရဲ့လုပ်ခတွေကို မပေးနိုင်တော့ဘူး
ကောင်းပြီ
ဖိုးလှသည် ရုတ်တရက်ထွက်သွားပြီး ဓားရှည်နှင့် ချိန်ခွင်ကို ယူ၍ ပြန်လာကာ....
ဘယ်သူမှန်တယ်ဆိုတာ သိရအောင် ဦးရဲ့ခေါင်းကို ဖြတ်ပြီး ချိန်ကြည့်ရအောင်
ဟုတ်ဟုတ်ပါတယ် မင်း ပြောတာ မှန်ပါတယ် ကွာ
ကျုပ်က လက်တွေ့မှ ဗျ
မင်းရဲ့ လုပ်ခအားလုံးကို ပေးပါ့မယ် အသက်တော့ ချမ်းသာပေးပါကွာ
နောက်ကို ကျေးဇူးရှင်တွေ ဖြစ်တဲ့ ဆင်းရဲသားတောင်သူ လယ်သမားတွေအပေါ်မှာ မတရားအနိုင်မကျင့်ဘဲ ပေးရမယ် ... ဒါဘဲ ...
ကျုပ်နောက်ကို မလုပ်တော့ပါဘူး ကွာ...
ကတိမတည်ရင် တော့ ခင်ဗျား ကိုသတ်ပစ်မှာဘဲ
ထိုအခါမှစ၍ ဦးငွေသီးမှာ လူတိုင်းနှင့်တရားသဖြင့် ဆက်ဆံ၍ နေထိုင်လေတော့၏။
ဖိုးလှသည် လုပ်ခများရ၍ ပျော်ရွှင်စွာ ပြန်ခဲ့လေ၏။

# လောနိုင်ငံ






ဇရုံသူ-မွန်ပုလ

မြန်မာနိုင်ငံ၏အရှေ့ဖက် နယ်စပ်ချင်း ဆက် စပ် နေသော လောနိုင်ငံသည် အရှေ့တောင်အာရှရှိ အင်ဒိုချိုင်းနား ကျွန်းဆွယ်၏ အနောက်မြောက်ဖက်တွင် ရှိသည်။ စတုရန်းမိုင် ၉၁,၄၂၀ ကျယ်ဝန်းသည်။ လူဦးရေ ၂,၃၅၀,၀၀၀ ခန့်ရှိသည်။ မှတ်သုံ့ဆံသောရာသီဥတုမျိုးရှိသည်။ ဘုရင့်နေပြည်တော်မှာ လွှန်ပရာဗန်၊ အစိုးရရုံးစိုက်ရာမြို့မှာ ဗီယင်ရှင်း ဖြစ်၏။

လောနိုင်ငံသည် အရှေ့တောင်အာရှ၌ ပင်လယ်သို့ ထွက်ပေါက်မရှိသည့် တခုတည်းသော နိုင်ငံဖြစ်၏။ မီးရထား လမ်းလည်း မရှိချေ။ မဲခေါင် မြစ် သည် အဓိက လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ သို့သော် မဲခေါင်မြစ် တစိတ်တဒေသကိုသာ အသုံးချနိုင်သည်။ လမ်းကြီးလမ်းကောင်းများမရှိလှချေ။ နိုင်ငံ၏ မြေပြင်သုံးပုံနှစ်ပုံခန့်သည် သစ်တောများ ဖုံးလွှမ်းလျက် ရှိသည်။




သို့သော် သစ်ထုတ်လုပ်ငန်းမှာလည်း ကြီးကြီးကျယ်ကျယ်မဟုတ်ချေ။

လူဦးရေ ထက်ဝက်ကျော်မှာ လော၊ သို့မဟုတ် လှော နှင့် ယိုးဒယားကပြားများ ဖြစ်သည်။ အဓိကဘာသာစကားမှာ လောဘာသာစကား ဖြစ်သည်။ ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာ စကားကိုလည်း သုံးစွဲဆဲဖြစ်သည်။

လောနိုင်ငံသားတို့၏ ရွာငယ်ကလေးများမှာ လမ်းသို့မဟုတ် မြစ်ကမ်းတလျှောက် တည်ဆောက်ထားခြင်းဖြစ်သည်။ အိမ်များကို ခြေတံရှည် အိမ်တိုင်များ ပေါ်၌ဆောက်ကြသည်။ မတ်စောက်သော သက်ငယ်ခေါင်မိုးရှိသည်။

# သရုပ်ဖော် - ကျော်ကျော်



လောနိုင်ငံ သားများသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်၏။ လောယောကျ်ားကလေးများသည် ရှင်သာမဏေ ပြုကြရသည်။ ကျေးလက် များသည် ဇရပ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဂူကျောင်း ဘုရားများရှိရာ အရပ်ကို ဗဟိုပြုထားသည်။

လောတို့၏ ကိုယ်လုံးကိုယ်ထည်သည် ယိုးဒယားများနှင့် ဆင်ဆင်တူ၏၊ မြန်မာများကဲ့သို့ လုံချည်၊ ပုဆိုး၊ ထမီ များ ဝတ်ကြသည်။ အထက်ပိုင်း၌ အင်္ကျီဝတ်ဆင်သည်၊ ငပိရည်ပါသော ထမင်းဟင်းမှာ လောတို့၏အဓိက အစာ အာဟာရပင်ဖြစ်လေသည်။



လူများစုသည် လယ်ယာ စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။ အဓိက ထွက်ကုန်မှာ ဆန်စပါး၊ ပြောင်း၊ ဆေးရွက်၊ ဝါဂွမ်း၊ ကျွန်းသစ်၊ ခဲမဖြူနှင့် ကော်ဖီစေ့ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်း အနည်းငယ်သာရှိသည်။ ကုန်သွယ်ရေးတွင် တရုတ်လူမျိုး အများအပြားက လုပ်ကိုင် ကြသည်။ အင်ဒိုချိုင်းနား ကျွန်းဆွယ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ဖြစ်သည်။



မြန်မာရာဇဝင် သမိုင်းများတွင် လောနိုင်ငံကို လင်းဇင်း လူမျိုးတို့၏ နေရာ စန္ဒပူရီဟူသော လဝရဋ္ဌတိုင်းဟုခေါ် ဝေါ်သည်။ လင်းဇင်း ဟူသော ဝေါဟာရ အဓိပ္ပာယ်မှာ ဆင်တသန်းတို့၏ ဌာနေဟူ၍ ဖြစ်လေသည်။

ရှေးက သက်ဦးဆံပိုင်ဘုရင် အဆက်ဆက်တို့ စိုးမိုး အုပ်ချုပ်ခဲ့သည်။ ခရစ် ၁၈၉၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ အထိန်းသိမ်းခံ တိုင်းပြည်တခု ဖြစ်ခဲ့ရသည်။ ၁၉၄၇ ခုနှစ်တွင် စည်းမျဉ်းခံ ဘုရင်အစိုးရစနစ်ဖြင့် အုပ်ချုပ်ရေး ပြောင်းသည်။ ၁၉၅၄ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံတခု ဖြစ်လာ၍ ကုလသမဂ္ဂသို့ ဝင်ခွင့်ရသည်။ နိုင်ငံအကြီး အကဲမှာ ဘုရင်သျှရီသဝဏ်ဝဿာနဖြစ်၍၊ ဝန်ကြီးချုပ်မှာမင်းသားကြီး သုဝဏ္ဏဖုးမား ဖြစ်လေသည်။



မလုံ့လ
ရှေးအခါက ဆင်းရဲလှသော ဒေါ်မဲညိုတွင် မလုံ့လနှင့် မပျင်းလူဟူ၍ သမီးနှစ်ယောက်ရှိ၏။
မလုံ့လသည် သမီးရင်းမဟုတ်ချေ။ သို့သော် လုံ့လရှိ၍ တအိမ်လုံးအတွက် လုပ်ကိုင် ရှာဖွေ ကျွေးသည်။
သမီး ဝအောင်စားနော် - ဟိုကောင်မ ဖြိုလုံ့လကို ဟင်းတဖတ်ထဲပေးထား တယ် - မညှာနဲ့ စားသာစား
မပျင်းလူသည် အလွန်ပျင်း၏၊ သို့သော် သမီးရင်း ဖြစ်၍ ဒေါ်မဲညိုက အမြဲတမ်း မျက်နှာသာ ပေးသည်။
အော် ငါ့မှာ အလုပ် ကလဲ ပင်ပန်း - အစား လဲချို့တဲ့ - စိတ်ဆင်းရဲ လှပါကလား
မလုံ့လမှာ ပင်ပန်း ဆင်းရဲရှာ၏။
တနေ့တွင်
မလုံ့လကို အိမ်မှာကူညီ လုပ်ကိုင်ဖို့ တနှစ်ယောက်ငှားပါ - ရော အခကြေးငွေငါးကျပ် ယူပါ
ကောင်းပါပြီ ရှင်
ချမ်းသာသော ဒေါ်ဇာယု ရောက်လာပြီး -
မလုံ့လသည် ဒေါ်ဇာယုထံ၌ အလုပ်ကို အထူးကြိုးစား၍ ကျေပွန်စွာ လုပ်ကိုင်သဖြင့် -
သမီး ဒီအဝတ်တွေဝတ် - ပြီးတော့ ဟောဒီရွှေတဆင်စာ ကိုလဲ သမီးအပိုင် ယူပေတော့
ဒေါ်ဇာယုက မလုံ့လကို သမီးရင်းကဲ့သို့ ချစ်ခင်လေတော့သည်။


သမီး - အမေ့ဆီမှာနောက်တနှစ် အလုပ်လုပ်ပါဦးကွယ် - တနှစ်စာ အခကြေးငွေ ငါးရာကျပ်ကို မင်း အမေ ဒေါ်မြဲညို ဆီ သွားပို့ ချေသမီး
ဟုတ်ကဲ့ အမေ
မဟုတ်ရပါဘူး အမေရယ်
ကျမ အလုပ်ကောင်းကောင်းလုပ်လို့ ဒေါ်အယူက ချစ်ပြီး ရွှေတဆင်စာ ဆုချလိုက်တာပါ - ကျမကိုလဲ တနှစ် ဆက်နေဦးဘို့ ငွေငါးရာပေးလိုက် ပါတယ် အမေ - ရော့ယူပါ
ဟော - ဟုတ်လား ဒါဖြင့် ဒီရွှေတွေကို ငါပိုင်တာပေါ့ - ကဲ ရွှေတွေ - အဝတ်တွေ ချွတ်ခမ်း - နင်နဲ့မတန် ဘူး
ယူပါ အမေရယ်
ဒေါ်မြဲညိုသည် မနာလိုစိတ် လောဘစိတ် ဖြစ်လာတော့၏။
မလုံ့လယည် ကြောက်သဖြင့် အားလုံး ချွတ်ပေးရတော့၏။
ဟဲ့သမီး မပျင်းတူ ထခမ်း - ရော့ ဒါတွေဝတ်ခမ်း
ဟား အဝတ်သစ် တွေ - ရွှေတွေပါ လား .. ဝတ်ရ ဦးမယ် - ဟီးဟီး
အမယ်လေး လှလိုက်တဲ့ သမီးလေး ဟယ် -- ဟို မိလုံ့လနဲ့ဖြင့် ကြည့်မ ရလိုက်တာအေ - ငါဖြင့် အော့နှလုံး နာမိပါရဲ့.
အမေ ဒါမျိုးတွေကို သမီး အမြဲ ဝတ်ချင် တယ်
အများကြီး ဝတ်ရဦးမယ် - ကလာ ---


ဟဲ့ မိလှုံလ နက်ဖြန်ကျယင် ငါ့သမီးကို ဒေါ်ဇာယုအိမ်ပေါက် အထိလိုက်ပို့လိုက် ပြီး တော့ညည်း ဒီကိုပြန်လာခဲ့-ကြားလား
ကောင်းပါပြီ အမေရယ်
ဒီ-ဒေါ်ဇာယု အိမ်ဘဲ
ဒီဖြင့် နင်ပြန် တော့
နောက်တနေ့တွင် မလှုံလသည် မဖျင်းထု အား ဒေါ်ဇာယုအိမ်သို့ လိုက်ပို့ရ၏။
ဒေါ်ဇာယု-ကျုပ်သမီးနဲ့ နေရတာ သိပ်ပျော်လို့ လာပြောတာလား တခြားမဟုတ်ဘူး- ကြိုက်သလောက် ခေါ်ထားပါရှင်
ဟဲ့ သမီး-နင်တော်တော် အသုံးမကျပါလား ဟေ- နင်သိတတ်တာ ဘာရှိသလဲဟဲ့
သမီး- အိပ်ဘဲ့ သိတတ်သားဘဲ အမေရဲ့
နောက်တနေ့ ညနေတွင် ဒေါ်ဇာယု သည် မဖျင်းထုနှင့်အတူ ဒေါ်မဲညိုထံ ရောက်လာတော့သည်။
ကဲ ဒေါ်မဲညို ရှင့်သမီးနဲ့ ရှင်ဘဲ သိတတ်နေပေတော့- ကျုပ်တော့ အလုပ်လုပ်တဲ့ မလှုံလကိုဘဲ ခေါ်သွားတော့မယ်--
ကဲ လာ သမီး
အလုပ်မလုပ်ဘဲ အအိပ်မက်ဘူးဟဲ့- အလုပ်လုပ်မှ ခံရ မှာကို မသိနဲ့ဘူးဟဲ့
အမယ် လေးတော့
မလှုံလနှင့် ဒေါ်ဇာယုတို့ထွက်ခွာလာစဉ် ဒေါ်မဲညိုအိမ် ထဲအတွင်းမှ မြည်တွန်သံ၊ ရိုက်ပုတ်သံ၊ အော်ဟစ်သံ များ ထွက်ပေါ် လျက် ကျန်ခဲ့ပေသတည်း။

ဘဲသည် ရေထဲတွင် ကူးခပ်နေနိုင်သည်။ မိုးရေထဲတွင် ကြာမြင့်စွာ ရပ်နေနိုင်သည်။ သို့ရာတွင် သူကို မည်သည့် အခါမျှ ရေမစိုပေ။အကြောင်းတရပ်မှာ အမွေးများ လွန်စွာ ထူထပ်သဖြင့် ရေ တိုးမပေါက်နိုင်ခြင်းကြောင့် ဖြစ်သည်။ သို့သော်ပို၍ အရေးပါသော အခြား



# ဘဲများ အဘယ်ကြောင့် ရေမစိုသနည်း

အကြောင်းတရပ် ရှိပေသည်။ ထိုအကြောင်းမှာ အမြီးပိုင်းတွင် ရှိသော ထူးခြားသည့် အကျိတ် တခုကြောင့် ဖြစ်ပေသည်။ ယင်းအကျိတ်ကို ဆီဖုဟုခေါ်ကြသည်။ ယင်းအကျိတ်၏ တာဝန်မှာ အဆီ ထုတ်ပေးခြင်းပင် ဖြစ်သည်။ အပေါ်ပိုင်းတွင် ရှိသော အပေါက်ငယ်မှ အဆီများ ထွက်သည်။ အမွေးအမှင်များကို နှုတ်သီးဖြင့် ပွတ်သပ်နေသော ဘဲတကောင်ကောင်ကို သင်မြင်ဘူးပေမည်။ ထိုသို့ပြုလုပ်ခြင်းမှာ အကျိတ်မှ ထွက်သော အဆီဖြင့် အမွေးအတောင်များကို ပွတ်ပေးနေခြင်း ဖြစ်သည်။ ဤသို့ဖြင့် အမွေးအတောင်များတွင် ဆီရှိနေပြီး ချောမွတ်နေတော့သည်။ အဆီနှင့် ရေသည် မည်သည့်အခါမျှ မရောနှောနိုင်ပေ။ ထို့ကြောင့် ဘဲများကို ရေမစိုခြင်း ဖြစ်ပေသည်။

ကြယ်မြူ

## သတော်ကျိုးပီပီ




သတော်ကျိုးကြီးကြီး သို့မဟုတ် ထီးရိုးဝါး အလုံးသေးသေးတထွာခန့်ကို ထက်ခြမ်း ညီညီခြမ်းပါ။ ပြီးလျှင် ဝါးရွက်ဖြစ်စေ၊ မြက်ရွက်ဖားဖားဖြစ်စေ တညှိခန့်ကို အဝ ကျယ်သောဖက်မှ အဝနားနီးနီးထားကာ အခြမ်းနှစ်ခုကြားတွင် ညှပ်၍ ပြန်စေ့ပြီး သုံးနေရာမျှ အပ်ချည် ဖြင့် ရစ်ပတ်ချည်နှောင်ပါ။ ထိုနောက် ဝါးရွက်လျှာ ခင်ရှိသော ဖက်မှ မှုတ်ပါ။



# မောင်ထွေးတို့အပြုံး

ဥက္ကာကျော်မြတ်မိုး



ဆယ်နာရီ သံချောင်းခေါက်သံကို မောင်ထွေးလမ်းလျှောက်ရင်း ကြားလိုက်ရသည်။ ဆောင်းည ဖြစ်သဖြင့် လူခြေ အတော်တိတ်နေပြီ။ အိမ် တိုင်း လိုလို တံခါးပိတ်ထားကြသည်။ တံခါးမပိတ်သော အိမ် ကို တွေ့တိုင်း မောင်ထွေးက မြှော် လင့် ချက်ဖြင့် အော်လိုက်မိသည်။

"သကြား မုံ့ဖက်ထုပ် ပူပူနွေးနွေး"

အိမ်တအိမ်၏တံခါး ပွင့်လာပြီး လူ ကြီး တ ယောက် ထွက်လာသည်။

"ဟေ့ကလေး လာ ပါ အုံးကွ...."

မောင်ထွေးသည် လူကြီးရှေ့သို့ရောက်သွားပြီး သူ့တောင်းငယ်ကို ချလိုက်သည်။

"ဟာ-မင်းမုံ့ဖက်ထုပ်က ပူပူနွေးနွေးသာဆိုတယ်၊ အေးလိုက်တာ ရေခဲတုံးကျနေတာဘဲ"

"အေးမှာပေါ့ ဦးရာ- ညဦးထဲက ယူလာတဲ့ဥစ္စာဘဲ"

"ဒါနဲ့ မင်းကဘာဖြစ်လို့ ပူပူနွေးနွေးလို့ အော်ရတာလဲ"

"ဟဲ ဟဲ-အကျင့်ပါနေလို့ပါဦးရ"

"တော်ကလဲတော်-ဝယ်ချင်ဝယ်လိုက်တာ မဟုတ်ဖူး၊ တော ပြော တောင့်ပြောနဲ့"

လူကြီး၏ စကား ပြောပုံကို မိန်းမကြီးက မကျေနပ်စွာကြည့်၍ ဝင်ပြောလိုက်သည်။

"အေးပါဟာ-ငါကလဲ ကျီစားနေတာပါ၊ ဝယ်ချင်လို့ ခေါ်တာပေါ့။ တခု ဘယ်လောက်လဲကွ"

လူကြီးက မိန်းမကြီးကို ပြန်ပြောရင်း မောင်ထွေးကို မေးလိုက်သည်။

"တခု ဆယ်ပြားပါ"

"အားလုံး ဘယ်နှစ်ခု ကျန်သလဲကွ"

"ဆယ်ခုပါ"

"အေး-အားလုံးပေးခဲ့"

လူ ကြီး သည် မောင်ထွေး လက်ကျန် မုံ့အားလုံးကို ဝယ် လိုက်သည်။ မောင် ထွေး သည် လူကြီးဆီက ငွေတကျပ်ကိုယူ၍ ခြေလှမ်း သွက်သွက်ဖြင့် ထွက် လာခဲ့သည်။

မကြာမီ မောင်ထွေး အိမ်သို့ ပြန်ရောက်လာသည်။ အမေက အိမ်ပေါက်မှနေ၍ မောင်ထွေးကို ဆီးကြိုနေသည်။

"အကုန်လုံး ကုန် ခဲ့ တယ် အမေ"

ဆီးကြိုနေသော အမေကို မောင်ထွေးက အားရပါးရ ပြော လိုက်သည်။ သို့သော် အမေက မပြုံး။ အမေ့မျက်နှာ ညှိုးသွားသည်။

"သားလေး နောက် တ ခါ အချိန်လွန်အောင် မရောင်းပါနဲ့ကွယ်။ မကုန်လဲ စောစောပြန်ခဲ့ပေါ့။ တော်ကြာ အန္တရာယ်တွေ၊ ဘာတွေ တွေ့နေမှဖြင့်...."

"အို-စိတ်မပူပါနဲ့အမေရယ်၊ သားသွားဝံ့ပါတယ်"

"စိတ်ပူရတာပေါ့ သားရယ်၊ အမေမကျန်းမာလို့သာ သားကို ခိုင်းရတာ၊ တကယ်တော့ အမေ မခိုင်းရက်ပါဘူး။ မင်းအဖေသာ

ရှိယင် သားလေး ဒီလိုလုပ်ရမှာ မဟုတ်ဖူး”

“အို– အမေကလဲ စိတ်မကောင်းစရာတွေ မပြောပါနဲ့။ အမေကောင်းကောင်း ကျန်းမာအောင်သာနေပါ။ သားအတွက် စိတ်ချပါ”

မောင်ထွေးက အမေ့စကားကို ဖြတ်ပြောလိုက်သဖြင့် အမေ ငြိမ်ကျသွားသည်။ သို့သော် အမေ့ မျက်နှာကတော့ မကြည်လင်သေး။တနေရာကို စိုက်ကြည့်၍ ငေးနေသည်။ အဖေ့ အကြောင်း တွေးနေခြင်း ဖြစ်မည်ဟု မောင်ထွေးထင်လိုက်မိသည်။

မောင်ထွေးတို့ အဖေသည် ဆိုက်ကားသမား ဖြစ်သည်။ မောင်ထွေးတို့ကို ဆိုက်ကားနင်း၍ ကျွေးခဲ့သည်။ မောင်ထွေးကိုလည်း ကျောင်းသာ တက်စေသည်။ အလုပ် မလုပ်ခိုင်းရဟု အမေ့ကို အမိန့် ထုတ်ခဲ့သည်။ ခုတော့ မောင်ထွေး အလုပ်လုပ်နေရသည်။ အဘယ် ကြောင့်ဆိုသော် မောင်ထွေးတို့ အဖေသည် လွန်ခဲ့သောနှစ်က ကားတိုက်၍သေဆုံးခဲ့ရသောကြောင့် ဖြစ်သည်။ မောင်ထွေးအမေမှာ နာတာရှည် ရောဂါသည်ကြီး ဖြစ်သည်။

“သားရေ–အိပ် တော့ လေ တနာရီတောင်ထိုးနေမှာဘဲ”

အမေ သတိ ပေး တော့ မှ မောင်ထွေးသည် စာအုပ်ကိုပိတ်၍ အိပ်ရာဝင်မိတော့သည်။

သည်နှစ် အတန်းတင်စာမေးပွဲ ပြီးခဲ့ပြန်သည်။ မောင်ထွေးလည်း စာမေးပွဲကို ကောင်းကောင်း ဖြေနိုင်ခဲ့သည်။ ဈေးရောင်းလည်း မပျက်ခဲ့။

တနေ့မောင်ထွေးတို့ကျောင်းမှ ကျောင်းအုပ် ဆရာကြီး သည် မောင်ထွေးတို့ အိမ် ပေါက်ဝသို့ မမြော်လင့်ဘဲ ရောက် လာ ပြီး ဝမ်းသာအားရ မောင်ထွေးကို စကားဆိုသည်။

“ဟေ့–မောင်ထွေး၊ မင်းစာမေးပွဲအောင်တယ်ကွ။ နောက်ပြီး မင်းအတန်းထဲမှာ မင်းပထမရတယ်၊မင်းတော့ဆုရဖို့မှာဘဲ”

“ဝမ်းသာလိုက်တာ ဆရာကြီးရယ်”

“အေး– ဆက်သာကြိုးစားပေါ့ကွာ။ စာဆိုတာ အတန်းကြီးလေ ပိုကြိုးစားရလေဘဲ”

“စိတ်ချပါဆရာကြီး၊ကျနော်ကြိုးစားပါ့မယ်”

“အေး– မင်းကိုယုံပါတယ်။ အလုပ်တဖက်လုပ်ရင်း အတန်းထဲမှာ ပထမရတာကိုကချီးကျူးစရာဘဲ”

ဆရာကြီး၏ ချီးမွမ်းခြင်းခံရသဖြင့် မောင်ထွေးက ပြုံးနေမိသည်။ မောင်ထွေး၏ အမေကလည်း သည်တခါတော့ နှစ်နှစ်ချိုက်ချိုက်ကြီး ပြုံး နေ သည်။ ဆရာကြီး ပြန်သွားသော အခါ မောင်ထွေးသည် အမေ့ကို ဝမ်းသာ အားရပြေးဖက်လိုက်သည်။ အမေကလည်း ပြုံးရင်း မောင်ထွေးကို ဖက်ထား လိုက်လေသတည်း။

## ဝါဖတ် မိုင်းငင်
## ယက်ကန်းစင်

ဝါပွင့်လေးတွေ ရှုရှုဖွေး
မောင်ထွေးလေးက မန့်လိုက်ပေး။

မမလေးရဲ့ ဝါကြိတ်သံ
ကျွိ– ကျွိ– ကျွိ– ကျွိ– ညံ။

အရိုးမယ်ဟန် ဝါကိုဖတ်
လက်တောက်သံက တောက်မပြတ်။

ဦးလေးသာမြတ် မိုင်းတောင့်ပြင်
ဒွေးလေး ချည်ကိုငင်။

ကိုကြီးသာရင် ချားကိုပတ်
ယက်ကန်းရှည်တဲ့ အလုပ်လုပ်။

ဘကြီးပိုးတုတ် လွန်းအိမ်ပြင်
မကြီးရက်တဲ့ ယက်ကန်းခင်။

မလေးခင် အထည်ခေါက်
ဒို့အမေက ရက်ခုမှာက်ယောက်။

ရွှေတည် ရန်နောင်



R. 517

# ပျံလွှား

ရေးသူ ... မြင့်



ပျံလွှားသည် လှသိမ်းသောငှက်ဖြစ်သည်။ ကိုယ်ထည်အလျား ခြောက်လက်မခန့်သာရှိသည်။ တင်ပိုင်းဖြူပြီး အမြီးနှစ်ခွရှိသည်။

အသံမှာ အားဖြင့်ညစ်၍အော်ရသည့်အသံမျိုးနှင့်တူသည်။

အမြဲလျှပ်မြန်စွာ ပျံသန်းနေတတ်သည်။ ညအခါများတွင်ပင် ပျံသန်းနေတတ်သည်။ ရပ်နားပြီး အိပ်ချိန်သတ်သတ်မှတ်မှတ်ရှိဟန်မတူပေ။ ပိုးမွှားများကို ပျံသန်းရင်းဖမ်းယူစားသောက်သည်။ ပိုးမွှားပေါသည့် ရေကန်များ၊ ပင်လယ်ကမ်းရိုးတန်းများတွင် အနေများသည်။

မေလမှ အောက်တိုဘာလ အထိ ပျံလွှားတို့သားပေါက်ချိန်ဖြစ်သည်။ အဆောက်အအုံများ၊ ထန်းတားများ၊ ကျောက်ဆောင်များ၊ လိုဏ်ဂူများတွင် အုပ်သင်းဖွဲ့၍ သားမွေးကြသည်။ အသိုက်ကို အမွေး၊ အတောင်၊ မြက်၊ ကောက်ရိုး စသည်တို့ဖြင့်ဆောက်လုပ်ကြသည်။ ၃ နှစ်လုံးမှ လေးလုံးအထိ အုသည်။ ဥမှာ ရှည်မျောပြီး ဖြူဖွေးနေသည်။ အလျား ၀.၇၉ လက်မခန့်နှင့် ဖြက် ၀.၅၉ လက်မခန့်ရှိသည်။

အာဖရိကတိုက် အနောက်မြောက်ပိုင်းမှ အာရှတိုက်တောင်ပိုင်းကို ဖြတ်၍ ဗော်နီယိုကျွန်းအထိ ပျံ့နှံ့နေထိုင်ကြသည်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်၊ တနင်္သာရီတိုင်းတို့၌ အနေများသည်။



အတွဲ-၂။ အမှတ်-၄၄။

# ကျွန်းပေါ်မှ မီးလျှံ

ရွှေသွေး ဂျာနယ်


ဇာတ်လမ်း - တက္ကသိုလ် နန္ဒမိတ်
သရုပ်ဖော် -

၁၃၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၃၀-၁၀-၇၀)






ဘုရား-ဘုရား-မုန်တိုင်းမိုးပဲဗျာ၊ ဒါတော့သေရချည်ပြီ
မှတ်ထားအေး--လေတိုက်ထားတော့နှဲနဲကြော့သွားပြီ၊
ဒါပေမဲ့-ကမ်းခြေကိုတော့ပြန်ရှာမို့
မရတော့ဘူး၊
လှေမမှောက်ထားမုန်တိုင်းတပေ့အမိ၊
ဘာမဖြစ်လေး-မေးမိုက်ထား-
ငါတို့ကိုကာယ်ကြောက်နေမှန်းမသိဘူး၊ ဒီလိုနဲ့ပင်လယ်ထဲ
မျောနေမယ်နော့ဗျာကွဲ၊ မှိုင်းကမ်းကြီးလိုက်ထားဗျာ၊
လှေကိုလှော်လို့မရတဲ့အတူတူ
ခဏလောက်မှေးလိုက်ဦးမယ်ဗျာ၊
မှိုင်းကမ်းသိပ်မှုးတာကွဲ၊
ကျော်လှနှင့်အောင်ကြူတို့သည်မောမော
နှင့်အိပ်ပျော်သွားကြသည်၊
လှော်ခတ်သူကင်းမဲ့နေသောလှေကလေးမှာ၊
ပင်လယ်ထဲတွင်၊ ဦးတည့်ရာသို့မျောပါလျက်
ရှိသည်၊


ဟဲ-အကိုရေ-မှန်မှန်ထ ကြည့်စမ်း။ကျွန်တော်တို့ကမ်းခြေနား ပြန်ရောက်လာပြီ။ဟိုမှာသင်္ဘော ကြီးတစင်း။
ဆာဆာနဲ့စားလို့လားမသိဘူး။သိပ်စားလို့ကောင်း တာကွနော်။
ဟုတ်တယ်အကို။
ကောက်ညှင်းပေါင်းစားပြီး၊ရေဆာလိုက်တာကွာ။ ဟိုဆိုက်ထားတဲ့သင်္ဘောဆီသွားပြီးရေတောင်း သောက်ကြရအောင်။
သင်္ဘောကြီးကလေ့ရေတက်မြုပ်နေပုံပါလား အထဲမှာလူရှိလားမသိဘူး။ ခေါ်ကြည့်အုံးမှကွဲ။
ဟိုး-ဦး-လေး- ဦး-လေး-


ရှေးက နှစ်ပြည်ထောင် မင်းတို့စစ်ဖြစ်ကြလေရာ-
ဇာတ်လမ်း
မောင်မြေသား
ပန်းချီ
ကျော်သောင်း
အား
ချီတက်..
အောင်ပြီ
စစ်နိုင်သောမင်းသည် စစ်ရှုံးသော တိုင်းပြည်အတွင်းသို့ တပ်ချီ၍ ဝင်သွားစဉ်....
တနေရာ၌ စစ်ရှုံးမျိုးချစ်တို့၏ လက်ချက်ကြောင့် စစ်နိုင်တပ်သား ခြောက်ယောက် ကျဆုံးသွားသည်။
သိကြသေးတာ ပေါ့ကွာ..
ထိုသည်ကို စစ်သူကြီးက အလွန် ဒေါသ ထွက်လျက် မခံမရပ်နိုင် ဖြစ်နေလေသည်။


ရွာသားခြောက်
ယောက်ကို ဖမ်းပြီးနေမှ
နာအာဖြစ်သတ်စေ....
စစ်သူကြီး အမိန့်ဖြင့် ရွာသား ခြောက်ယောက်ကို ဖမ်းဆီးပြီး ချုပ်နှောင် ထားလိုက်လေသည်။
ကျွန်တော်
မျိုးရဲ့ ရွာသား
များ တွေ့ခွင့်
ပေးပါဖိုလ်
ကြီး
ထိုစဉ်ရွာခေါင်းက စစ်သူကြီးထံ လာ၍ ခွင့်တောင်းလေသည်။
ဒို့တော့လွတ်
ဖို့မလွယ်ဘူး
ဘုမသိ ဘမသိ အချုပ်ခံနေရသူများမှာ အလွန်ကြောက်ရွံ့နေကြလေသည်။ ထိုအထဲတွင် –
ငါ့သားလေး
တွေတော့ဒုက္ခ
ရောက်ကုန်
ကြတော့မယ်.
မုဆိုးဖိုတယောက်မှာ သားကလေးများ အတွက်ယူကြုံးမရဖြစ်နေရှာသည်။
ရွာခေါင်းသည် အချုပ် ခံနေရသူများကို အားပေးစကားပြောပြီး ပြန်ထွက်ခဲ့သည်။


ထိုနောက် တာဝန်ကျ စစ်ဗိုလ်ထံသွားပြီး-
ကြီးမြတ်တဲ့ -- ဗိုလ်ကြီးခင်ဗျား -- ဗိုလ်ကြီးတို့ စစ်သား ခြောက်ယောက် ကျ ဆုံးရတဲ့ အတွက် ရွာသားတွေကို ဒဏ်မိန့်ပေး ထားပေမဲ့ --
သူတို့မှာ -- အပြစ်ကျူး လွန်သူ များမဟုတ်ကြပါ -- စံနမူနာ ပြလိုတဲ့ အတွက် ဆိုယင့်ပေါ့ - - -
တိုတိုနဲ့လိုရင်း ကိုပြောစမ်း.
ဒီလိုပါ ဗိုလ်ကြီးခင်ဗျား -- အဲဒီထဲမှာ မုဆိုးဖို တယောက် ပါ-ပါတယ်.. သူမရှိယင် ခလေးတွေ ဒုက္ခရောက်ပါလိမ့်မယ်၊ ဒါကြောင့် အဲဒီလူအစား ကျွန်တော် မျိုးကိုသတ်စေလိုပါတယ် ခင်ဗျား --
တာဝန်ကျ စစ်ဗိုလ်ကလည်း ရွာ ခေါင်းနှင့် မုဆိုးဖိုကို လဲပေးလိုက် သည်၊
ရွာခေါင်းကြီးရဲ့ ကျေးဇူးဘဲဗျာ့-
သူကယ်တဲ့ - အသက်ပါဘဲ ကွာ - - -
ထိုသတင်းကို စစ်သူကြီး ကြားသိသောအခါ ရွာခေါင်း၏ မွန်မြတ်သော အပြုအမူကို နှစ်ခြိုက် သဖြင့် ရွာခေါင်းနှင့်တကွ ရွာသားအားလုံးကို လွှတ်ပေးလိုက်လေသတည်း။






# ယိုးဒယားနိုင်ငံ

ယိုးဒယားနိုင်ငံသည် အရှေ့တောင် အာရှ၌ တည်ရှိသည်။ မြန်မာနိုင်ငံ၏ အရှေ့ဖက်နှင့် အရှေ့ တောင်ဖက်တွင် နယ်နိမိတ်ချင်း ဆက်စပ်နေသည်။ စတုရန်းမိုင်ပေါင်း ၁၉၈,၂၄၇ ကျယ်ဝန်းသည်။ ၁၉၆၀ ပြည့်နှစ် လူဦးရေခန့်မှန်းခြေ ၂၅ သန်းခွဲခန့်ရှိသည်။ မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းမုတ်သုံရာသီဥတုရှိသည်။ မြို့တော်မှာဘန်ကောက်ဖြစ်သည်။

လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ ယိုးဒယားလူမျိုးများ ဖြစ်သည်။ တနိုင်ငံလုံးတွင် ယိုးဒယားဘာသာစကားကို အဓိကပြောသည်။ ယိုးဒယား ၉၀ ရာခိုင်နှုန်းမှာ ထေရာဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။

ယိုးဒယား လူမျိုးတို့သည် အရပ်မနိမ့်မမြင့်ဖြစ်၍ အသားညိုသည်။ မြန်မာများကဲ့သို့ ထမင်းကို အဓိက အစားအစာအဖြစ်စားသည်။ ငါး၊ ငရုတ်၊ ငန်ပြာရေတို့ကိုလည်းစား၏။ ယင်းတို့၏ဟင်းများမှာ မြန်မာဟင်းများနှင့် တူလှသည်။ မုံ့အချိုဟူသမျှ အုန်းသီးနှင့် မကင်းပေ။

ရှေးယိုးဒယားတို့ ဝတ်ဆင်သောအဝတ်မှာ ပန္နီးပုဆိုး ခေါ်၍ အိန္ဒိယသားတို့၏ ဒိုတီနှင့် တူသည်။ ယခုအခါ အနောက်တိုင်း ဝတ်စုံကို အများအပြား ဝတ်ကြသည်။

ဗုဒ္ဓဘာသာဝင်များ ဖြစ်သဖြင့် နိုင်ငံအနှံ့ကျောင်းကန် တန်ဆောင်းအများအပြား ရှိ၏။ ယိုးဒယား တို့သည် ၊ အနုပညာ ယဉ်ကျေးမှု၌ အဆင့်တန်း မြင့်၏။ ဆိုတီးက ပညာရပ်များတွင် ဝါသနာထုံသည်။ ခြင်းလုံးခတ်ခြင်း၊ စွန်ပြတ်ခြင်း၊ လက်ဝှေ့ထိုးခြင်းကဲ့သို့ တိုင်းရင်းသား ကစားနည်း များကို ကစားရာ၌ လက်ဝှေ့ထိုးပုံ စနစ်များမှာ မြန်မာနှင့် တူသည်။








ယိုးဒယားလူမျိုး အများစုသည် ကျေးရွာများ၌ နေကြသည်။ စိုက်ပျိုးရေး လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းတို့ဖြင့် အသက်မွေးသူများပြားသည်။ သူတို့သည် မြစ်ချောင်း သို့မဟုတ် ကလုံးခေါ် တူးမြောင်း များအတိုင်း စီတန်း၍ ရွာဖွဲ့နေကြသည်။ အိမ်များမှာ ခြေတံရှည်များ ဖြစ်၏။ အချို့က လှေများ၊ သမ္ဗန်များပေါ်တွင် နေထိုင်ကြသည်။ ကလုံးများမှာ ယိုးဒယားတို့၏ လမ်းနှင့် ဈေးလည်း ဖြစ်၏။

ဆန်သည် အဓိက ထွက်ကုန်ဖြစ်၍ ဒုတိယမှာကြက်ပေါင်စေးဖြစ်သည်။ သစ်တောကြီးများမှ ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားသစ်မာများလည်း အထွက်ကောင်းသည်။ သံဖြူ အထွက်ကောင်း၍ ရွှဖရန်၊ သံ၊ ခဲနှင့် ကျောက်မီးသွေးနှလည်း ထွက်သည်။

အုပ်ချုပ်ရေးမှာ အစဉ်အဆက် သက်ဦးဆံပိုင် ဘုရင်စနစ်ဖြစ်ခဲ့ရာ ခရစ် ၁၉၃၂ ခုနှစ်မှစ၍စည်းမျဉ်းခံ ဘုရင်အုပ်ချုပ်ရေးစနစ်သို့ ပြောင်းခဲ့သည်။ ဘုရင်မှာ ဖူမီဖွန် အဒူလဒက် ဖြစ်၍ ဝန်ကြီးချုပ်မှာ သနွန် ကစ်တီကာချွန် ဖြစ်သည်။



မြန်မာ ရာဇဝင်သမိုင်းများ၌ အယုဒ္ဓယဟုခေါ် တွင်ခဲ့သော ယိုးဒယားနိုင်ငံကို ၁၉၄၉ ခုနှစ်တွင် ထိုင်းနိုင်ငံဟု အမည်ပြောင်းခဲ့လေသည်။



ငါ လိုတတ်ခဲ့လျှမဖြစ်ဘူး ငါအတတ်ဆုံး
ဂဏန်းကဲ့သို့ အမြဲ လက်မ ထောင်လေ့ရှိသူ။
ပုတ်သင်ညိုကဲ့သို့ အမြဲ ခေါင်းညိတ်တတ်သူ။
ဟုတ်ပါတယ် ကောင်းပါတယ်
ဆရာသေသေချာချာ တွေးကြည့်ပါ မှန်ဘူးလား
အေး! ဟုတ်တယ် ဟုတ်တယ်
ကိုင်းပင်ကဲ့သို့ လေလာရာ ယိမ်းပါတတ်သူ။
ဂဏန်း ပုတ်သင် ကိုင်းပင် နွားသိုး လိပ်ချိုး ခွေးအ
ဖွတ်ကြာ အာ..နာယကဂုဏ်တည်း
ကျုပ်မကြိုက်ဖူး ဖြင် ရမယ်
နွားသိုးကဲ့သို့ရှူးရှူးဒိုင်းဒိုင်းပြုမူတတ်သူ။
ကဲ! ငါ့ယူတွေကြိုက် လိုက်ကြစမ်း.. အခွင့်အရေးပဲ
လိပ်ကဲ့သို့ ကိုယ့်ဖက်သာ ကိုယ်ယက်တတ်သူ။
ခေါ် ခေါ် ခေါ် ခေါ်
ခွေးအကဲ့သို့ ဝလျှင် မှိန်းပြီး စိမ်ခံပျင်းနေတတ်သူ။


၏ မောင်သန်းဦး
ပါဝင်သော
အန္တရာယ်
မောင်သန်းဦးတို့ကျောင်း၌ ယနေ့ဟောပြောပွဲ ရှိသည်။
ငါတော့ နားမထောင်ချင်ဘူးကွာ လစ်ချင်တယ်....
အန္တရာယ်
ဟောပြောပွဲ...
ကျောင်းချိန်အတွင်း
၁၀-နာရီမှစတင်
အေးကွ... လျှပ်စစ်အန္တရာယ်အကြောင်းများ မသိတာလိုက်လို့ ...ဓါတ်ကြိုးကို သွားမကိုင်မိဖို့ ဓါတ်မလိုက်ဘူးပေါ့ကွ......
သို့ဖြင့်-
မှန်စားဆင်းတုန်းဦးနှစ်ယောက် လစ်လာတာ ဘယ်ဆရာတွေမှမမြင်ကြဘူးကွ....ဟဲဟဲဟဲဟဲ....
ဟာ..မိုးရွာလာပြီဟေ့..ဟန်ကျတာဘဲ၊ မိုးရေချိုးကြရအောင်... လွယ်အိတ်မြန်ထားပြီး မြန်မြန်ပြန်လာခဲ့နော်...ငါစောင့်နေမယ်...
အိမ်တွင် လွယ်အိတ်ထားပြီးနောက်....
ဟေ့ ကျော်.. မေမေ့ကို ငါမိုးရေသွားချိုးတယ်လို့မပြောနဲ့နော်..၊ ငါ့နောက်ကိုလဲ မလိုက်ခဲ့နဲ့ .. အိမ်စောင့်နေ၊ ကြားရဲ့လား..
အောင်မျိုးမြင့်နှင့် ပြန်ဆုံကာ .....
လာဟေ့ မောင်သန်းဦး ..၊ ဟိုရှေ့နားက သရက်ပင်ဟောက်မှာ သွားကစားကြမယ်.....


ထိုစဥ်....
ဟာ...ကျား အသံပါလား၊ ငါ့ နောက် လိုက်လာ မှတ်ထင်တယ်..
အိုင်
အိုင်
မောင်သန်းဦးသည် သူ့အချစ်တော်ခွေးကလေး ကျားကို ကယ်ရန် အနားသို့ ပြေးသွားမည့်အပြုတွင် –
ဟင့်အင်း နေအုံး
ဟိုမှာလေ တိုက်လို့ပြုတ်ကျနေတဲ့ ဓါတ်ကြိုးစ တွေ့လား၊ အဲဒီဓါတ်ကြိုးစ ရေနဲ့ထိနေတော့ ရေထဲမှာလျှပ်စစ်ဓါတ်ဝင်နေတယ်..
ကျားခမြာ ဓါတ် လိုက်၍သေနေရှာပြီ
မြွေကိုက်ခံရရင် အဆိပ်တိုင်ဆေးနဲ့ကုလို့ရတယ်၊ အဲ... ဓါတ်လိုက်ရင်တော့ ဘယ်ဆေးနဲ့မှ ကုလို့ အသက်ပြန်မရှင်နိုင်ဘူးကွဲ့..
သတိ
မင်းရဲ့ခွေးကလေးဟာ အဲဒီလျှပ်စစ်ဓါတ်ဝင်နေတဲ့ ရေကိုသွားနင်းမိလို့ ဓါတ်လိုက်သေနေတာကွ..... ...မင်းဝင်ဆွဲရင် မင်းပါဓါတ်လိုက်သေမှာပေါ့....၊
အမယ်လေး..ငါပါသေတော့မလို့ လျှပ်စစ်အကြောင်း၊ဒီလိုမသိတာတွေ အများကြီးရှိပါသေးကလား....





## ကျွန်ုပ်တို့ အဘယ်ကြောင့် သန်းဝေသနည်း

ကျွန်ုပ်တို့သည် ပင်ပန်းနွမ်းနယ်ပြီး အိပ်ချင်လာပါက ခါတိုင်းနှင့်မတူတော့ပဲ အသက်ရှူလေးလာသည်။ ယင်းသို့ အသက်ရှူနှေးကွေးလာခြင်းကြောင့် ကျွန်ုပ်တို့သည် တကယ်လိုအပ်နေသော အောက်ဆီဂျင်ဓာတ်ကို အပြည့်အဝ မရှူသွင်းနိုင်တော့ပေ။ ဤအခါ လျော့နည်းနေသော အောက်ဆီဂျင်ဓာတ်ကို ရရှိရန် သဘာဝက လျင်မြန်စွာ ဖန်တီးပေးလေသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် သန်းဝေကြခြင်းဖြစ်သည်။ သန်းဝေခြင်းသည် ရိုးရိုးအသက်ရှူခြင်းထက် အောက်ဆီဂျင်ဓာတ်ကို ပိုမိုလျင်မြန်စွာ ရှူသွင်းနိုင်စေသည်။ တစုံတယောက် သန်းဝေသည်ကို တွေ့ရပါက ကျွန်ုပ်တို့လည်း သန်းဝေလိုစိတ် ဖြစ်ပေါ် တတ်သည်။ ထိုသို့ ဖြစ်ခြင်းကို ကူးစက်သည်ဟု အချို့က ဆိုကြလေသည်။ ထိုသို့ အဆိုပြုချက်မှာ မမှန်ကန်ပေ။ အမှန်မှာ စိတ်ချင်းနှီးဆော်မှု သဘောမျိုးသာ ဖြစ်ပေသည်။ တယောက် ရယ်မောလျှင် အခြားတယောက်က လိုက်၍ ရယ်မောခြင်းမျိုးပင် ဖြစ်ပေသည်။

ကြယ်ဖြူ

## ကလေးတို့အတွက် မော်တော်လေး





# ဗိုက်ဆာနေသော ငွေးလွင်

အောင်ချိုင်ထွန်း

ငွေးလွင် ဗိုက် ဆာ နေ လေသည်။ သို့သော် ထမင်းစားချိန် မဟုတ်သေးသောကြောင့် သူ့အမေက ထမင်း မကျွေးချေ။ တနေ့လုံးအတွက် ရသောမုံ့ဖိုး ဆယ်ပြားမှာလည်း မနက်က မုံ့လုတ် ဆောင်း ဝယ် သောက် လိုက်သဖြင့် ကုန်သွားချေပြီ။

ငွေးလွင်သည် ရေ တ ခွက်ကို အားရပါးရသောက်ပြီး အိမ်ပေါ် မှ ဆင်းလာခဲ့သည်။နောက် လမ်းထဲသို့ထွက်လာခဲ့ကာ လမ်းထိပ်ရှိ အုတ် ခုံ လေး ပေါ် တွင် ထိုင်နေလိုက်သည်။

ဘောလုံးကန်ရန် ချိန်းထားသော သူ့သူငယ်ချင်းများလည်း မလာကြသေး။

"ဂျာအေး – ဂျာအေး – ဝေး–ဝေး–ဝေး"

ထိုအခိုက် ကလေးမ တယောက် ပြေးလာ လေသည်။ ကလေးမသည် လက်ထဲတွင် ပါလာသော ပိုက်ဆံကိုမြှောက်ကာ မြှောက်ကာဖြင့် ကစား လာသည်။ပါးစပ်ကလည်းအော်ချင်ရာ အော်နေသေးသည်။

"ဟဲ့ကောင်မလေး၊ ဘာတွေလျှောက်အော်နေတာလဲ"

"ငါ့ဟာငါအော်တာ ဘာဖြစ်လဲ"

ငွေးလွင်က ဗိုက်ဆာနေသဖြင့် စိတ်တိုစွာ အော်လိုက်သည်ကို ကလေးမကလည်း ပြန်အော်လေသည်။ နောက် ပို၍ပင် ကျယ်လောင်သော အသံဖြင့် ကလေးမက သီချင်းကို အော်ဆိုလိုက်သေးသည်။

"ကျောင်းမှန်မှန်တက် စာမခက်၊ ကျောင်းမှန်မှန်တက်စာ မခက်"

ကလေးမသည် ပါးစပ်မှလည်းအော်ရင်း၊ ပြေးလည်း ပြေးလွှားရင်းဖြင့် ပိုက် ဆံ ကို ဆက် လက် ၍ မြှောက် ကာ မြှောက်ကာ ကစား နေလေသည်။ ထိုသို့ မြှောက်ကစားရင်း သူ့ပိုက်ဆံသည် အောက်သို့ ကျသွားလေ၏။

"ဟယ်၊ ငါ့ပိုက်ဆံလေးကျသွားပြီ"

ကလေးမသည် အပြေးကို ရပ်လိုက်သည်။ အော်လည်း မအော်တော့။ မျက်လုံး အပြူးသားဖြင့်သာ ပိုက်ဆံ ကျသွားရာသို့ လိုက်ကြည့်နေလေသည်။ သို့သော် မတွေ့ပေ။

ငွေးလွင်မှာမူ ကလေး မ လက် ထဲ မှ ကျ သွား သော ပိုက်ဆံကို တွေ့ထားလေသည်။ အောက်ကျသွားသော ပိုက်ဆံ ဆယ်ပြားစေ့လေးကို မြက်တောထဲတွင် သစ်ရွက်ကလေးတရွက်က အုပ်ထားသည်ကို တွေ့နေရသည်။

ငွေးလွင် ဝမ်းသာ နေမိသည်။ ထိုပိုက်ဆံ ဆယ်ပြားကို ကလေးမထွက်သွားမှ ကောက်ယူကာ ငှက်ပျောသီး ဝယ်စားမည်ဟု တွေးနေလေသည်။ ကလေးမ ရှာသောအခါတွင်လည်း "မတွေ့ပါစေနဲ့၊ မတွေ့ပါစေနဲ့" ဟု တိုးတိုးလေးဆုတောင်း နေမိလေသည်။

"ငါ တော့ ဒုက္ခပါဘဲ။

မေမေက ဆေးလိပ် ဝယ်ခိုင်းလိုက်တာ ပြန်မတွေ့ယင်တော့ ငါအရိုက်ခံရတော့မှာဘဲ”

ကလေးမ သည် ငိုရင်းက ပြောလေသည်။ ပိုက်ဆံပြန်မတွေ့သောကြောင့် ငိုခြင်းဖြစ်သည်။ ကလေးမငိုသည်ကို မြင်ရသောအခါ ငွေးလွင် သနားသွားမိသည်။ ပိုက်ဆံရှိသောနေရာကို ကလေးမအား ပြောသင့် မပြောသင့် ငွေးလွင်စဉ်းစားနေလေသည်။

ထိုကလေးမကို ငွေးလွင် ကောင်းစွာသိပေသည်။ ငွေးလွင်၏ သူငယ်ချင်း တင်စိုးတို့ အိမ်ခြေရင်းတွင် နေသော “ဂျမ်းပုံ” ဆိုသည့် ကလေးမဖြစ်သည်။ သူ့အမေသည် အရိုက်ကြမ်း၏။ အရှိုးများပင် ထင်အောင် ရိုက်တတ်၏။

“ငါသာမပြောယင် ကောင်မလေး တွေ့မှာ မဟုတ်ဘူး။ မတွေ့လို့ ဆေးလိပ်မဝယ်နိုင်ယင် သူ့အမေက ရိုက်တော့မှာဘဲ။ သူ့အမေက သိပ်အရိုက်ကြမ်းတာ” ဟုလည်း တွေးမိကာ သနားမိပြန်၏။ သို့သော် သူ့ ဗိုက်တွင်းမှ လည်း တကြုတ်ကြုတ်မြည်အောင်ပင် ဆာနေလေသည်။

ကလေးမသည် မျက်ရည်ကျရင်းမှ သူ့ပိုက်ဆံကို တပင်တပန်း ရှာနေလေသည်။ ငိုထား သောကြောင့် သူ့သနပ်ခါးများပင်ပျက်ကုန်လေပြီ။

နောက်ဆုံးတွင် ငွေးလွင်သည်ကလေးမ အရိုက်ခံရတော့မည်ကို သနားလာသဖြင့် ပိုက်ဆံရှိရာ နေရာကို ပြတော့မည်ဟု တွေးလိုက်လေသည်။ မကြာမီပင် ထမင်းစားရတော့မည်ဖြစ်၍ သည်းခံပြီး ထမင်းစားချိန်ကို စောင့်ရန်လည်း သူဆုံးဖြတ်လိုက်လေသည်။

“ဟဲ့ကောင်မလေး၊ ဟိုမှာ နင့်ပိုက်ဆံ”

ကလေးမက သူ့ကို လှည့်ကြည့်သည်။ နောက်သူပြသောနေရာကိုရှာလေသည်။ သူ့ပိုက်ဆံကို သူပြန်တွေ့သွား၏။

“ဝမ်းသာလိုက်တာဟယ်၊ နို့မို့ယင် ငါအရိုက်ခံရမှာ”

ကလေးမသည် ဝမ်းသာလွန်းသဖြင့် ပါးစပ်ကိုဖြဲကာ ငွေးလွင်ကို ရယ်ပြလေသည်။ ငွေးလွင်ကလည်းပြန်ရယ်ပြလိုက်၏။

ထို့နောက် ကလေးမသည် ဈေးဆိုင်ဖက်သို့ ထွက်သွားလေသည်။ ပါးစပ်မှလည်း အော်သွားသေးသည်။ ပြေးလည်း ပြေးသွားသည်။ သို့သော် ပိုက်ဆံကိုမူ မြှောက် မကစားတော့ပေ။

“ကျောင်းတွင်း ပြင်ပ သန့်ရှင်းကြ၊ ဟေ့ – ကျောင်းတွင်း ပြင်ပသန့်ရှင်းကြ”

ကလေးမကိုကြည့်ပြီး ငွေးလွင် လည်း ပျော်ရွှင်လာမိသည်။ ဗိုက်လဲ့ည်း အဆာပြေသွားသည်ဟု ထင်လိုက်မိသည်။

## မြန်မာ့ အားကစား

ဝိုင်းဖွဲ့စည်းလုံး စုပေါင်းမှာ
မြန်မာ့ခြင်းပညာ။
ဝေကာဝိုက်ကာ တော့ကစား
ဟန်ပန်လှန်ခန့်ညား။
ခြေဖျားမဟာ စလွယ်ဆင်
ဖူးတိုက်ပနောင့်ဝင်။
သူလျှင်တပြန် ငါတလှဲ့
ဝိုင်းပတ်စေ့အောင်ချဲ့။
တံ့ဖဝါးနှင့် ဖောင်းဖိလာ
ရှပ်သေးပုံပမာ။
ခြင်းပျောက်ရှာ ရောင်ရှိန်ထိုး
မြင်းစီးဟန်တမျိုး။
နိုးကြွလှုပ်ရှား တယောက်စီ
ကျန်းမာရေးနှင့်ညီ။
ချစ်ကြည်စွာ လွန်ရင်းနှီး
မိသားစုပုံတည်း။
ဝိုင်းဖွဲ့စည်းလုံး စုပေါင်းကာ
မြန်မာ့ခြင်းပညာ။
ကမ္ဘာမှ ရေပန်းစား
မြန်မာ့အားကစား။ ။

သင်းယုအောင် (ရမည်းသင်း)



R. 517

# ရေကြက်

ရေးသူ ရဲမြင့်



ရေကြက်ကို မြင်ဘူးတွေ့ဘူးသူ မများလှပေ။ အလျား ၁၂ လက်မခွဲခန့်ရှိပြီး၊ ရေထဲ၌ ကိုယ်ဖော့နေတတ်သည်။ ပျံသန်းရာတွင် လေးလံပြီး၊ ရေပေါ်တွင်ရှပ်၍နိမ့်စွာ ပျံတတ်သည်။ စိမ်းနေသော ခြေထောက်တွင် အနီရစ်များရှိသည်။ နီထွေးသောနှုတ်သီးမှာ အဖျားတွင် ဝါနေသည်။

ရေကြက်၏အသံမှာ ကျယ်လောင် စူးရှသည်။ ရုတ်တရက် လန့်အော်သကဲ့သို့ ဖြစ်သည်။

ကိုင်းပင်ထူထပ်သော၊ ရေအမြဲ မပြတ်သောနေရာများတွင် နေလေ့ရှိသည်။ ကန်တော်၊ ကန်စွန်းစသော ရေ၌ ပေါက်သည့် အပင်များအကြားတွင် သွားလာလျက် အသီးအရွက်ပိုးမွှားများကို စားသောက်သည်။ ရေကူးတတ်ရုံမက၊ ရေငုပ်လည်း အထူးကျင်လျင်လှပေသည်။ ဘေးရန်ရှိလျှင် ရေထဲသို့ ငုပ်လျှိုးသွားတတ်သည်။ ရေစပ်ကုန်းပေါ်တွင်လည်း ကျက်စားသည်။ သစ်ပင်များပေါ်တွင်လည်း နားလေ့ရှိသည်။

မိုးရာသီတွင် ဥအုပြီးသားပေါက်သည်။ ရေစပ်သစ်ပင်များပေါ်တွင် အသိုက်လုပ်သည်။ ဥခြောက်လုံးမှ ကိုးလုံးအထိရှိတတ်သည်။ ဥ၏အလျားမှာ ၁.၆၂ လက်မနှင့် ပြက်၁.၂၁ လက်မခန့် ရှိသည်။

ဗြိတိသျှကျွန်းစုတွင် အထူးပေါများပြီး၊ ဩစတြေးလျတိုက်မှ တပါး အခြားတိုက်ကြီး များတွင် တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ရေကန်ထုံးအိုင်များ ရှိရာတို့၌ တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုင်က ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ−၂။ အမှတ် ၄၅။

# ရိုးသားဖြူ ဒါဆုံးဝယ်

ရှေ့သွား ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ဖြေရှိုင်း

၁၃၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက် (၇−၁၁−၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။



အိမ်း....
ဟုတ်ပြီ
နောက်ဆုံး၌ စိတ်ကူးဉာဏ်တခု ပေါ်လာပြီး ..
ဒူ · ဒူ · ဒူ ...
ဒူ ဒူ ဒူ
အစီအစဉ်များ အမိန့်ချမှတ်သည့်အတိုင်း ....
တိုင်းသူပြည်သား လူအများတို့လေး .......
လှည်းနေ လှေအောင်း မြင်းစောင်း ဆင်ကျက်
နားခံကြလော့.... ရွှေနန်းရှင်ဘုရင် မင်းတရားကြီး
၏ အလုပ်တခုကို ထိရောက်စွာ လုပ်အား
ပေးနိုင်မည့် သူများရှိက - ရွှေနန်းတော်
သို့ ကိုယ်တိုင် လာရောက်၍ သံတော်ဦး
တင်နိုင်သည် - ခေါင်းဘုရား အမိန့်တော်.....
ဒူ · ဒူ · ဒူ ...
နိုင်းဖြီးယင် ထောင်ချတတ်တယ် - အေးအေးနေ
အောင်တော်... လုပ်တော်ရှေ့ပါနဲ့
ဟုတ်ပ - ဟုတ်ပ -
ဤသတင်းသည် နန်းတွင်းသို့ ဂယက်ရိုက် သွား၏။
မှန်လှပါ.. ကျွန်တော် မျိုးကြီးများ - လုပ် အားပေး ဆောင် ရွက်လိုကြောင်း ပါဘုရား .....
နောက်တနေ့တွင် လူနှစ်ယောက်သား ပေါက် လာပြီး -


အိမ်း ..... ကောင်းပြီ .... ဥယျာဉ်တော်ထဲကို လိုက်ခဲ့ကြ
အဲဒီ - ခြင်းကြားထဲကို ရေပြည့်အောင်ဖြည့်ပြီး ရှေ့တော်သို့ လာပြကြ ....
ဟာ - ဒီဘုရင် ရူးများနေသလား၊ ခြင်းကြားထဲ အသီ ရေဖြည့်လို့ ရမလဲကွ၊ အဓိပ္ပါယ်မရှိတာတော့ မလုပ်အျားများ၊ လာ - သွားမယ်....
ဒါပေမဲ့ - လုပ်မယ်လို့ ကတိပြုမိပြီးဘဲ...
ဘုရင်ကြီး ထွက်သွားလေသော်....
ကျွန်တယောက်ကား ရေကုန်ခါနီးအထိ ကြိုးစား၏၊
ဟာ... လက်လက် - လက်လက်နဲ့ ဘာများ ပါလိမ့်၊ ဆင်းကြည့်အုံးမှဘဲ ...
ရေတွင်းထဲ၌ ရေခန်းသောအခါ....
အလို ......... ပတ္တမြား လက်စွပ် ပါလား — ထူးဆန်းလိုက်တာ
သို့ဖြင့် ရေထဲ ဆင်း၍ကြည့်ရာ....


ဘယ်လိ
ရှေ့တော်ဝင်ရန် အမိန့်တော် ပါ ပါတယ်
ထို့နောက် ခြင်းကြားကြီးနှင့် နန်းတွင်းဝင်ပြီး
နောက်တယောက်မပါ လိပါလား
မှန်လှပါ - လက်ချော် သွားကြောင်းပါဘုရား
ဘုရင်ကြီးအား အကျိုးအကြောင်း လျှောက်တင်လေ၏။
ကျွန်တော်မျိုး ရေမှည့်ရင်း ရေတွင်းထဲ ရေခန်းသွားပါပြီ ဘုရား ၊ သို့သော် ရေတွင်းထဲမှ လက်စွပ်တကွင်း ပေါ်လာ၍ ဆင်းယူပြီး ယခုလာ၍ ဆက်သပါသည်ဘုရား
လက်စွပ်ကား ဘုရင်ကြီးက စိတ်စမ်းလို၍ ချထားခြင်း ဖြစ်၏။
အလို... သင့်လုပ်နေ်းကို ချစ်သဘောတော်ကျလှပေတယ်။ ရိုးသားခြင်း - ကတိတည်ခြင်း - ဖွဲ့ရှိခြင်း - တို့ကိုပြတာကွဲ - အိမ်း..... ကောင်းပြီ.....
ယနေ့မှစ၍ပင် ရွှေတိုက်ဝန်ကြီး ရာထူးကို ခန့်အပ်တော်မူသည်......




လှေကို ကမ်းမှေးပြီး၊ ကျောက်ဆူးချလိုက်ဟေ့၊ ကမ်းပေါ်တက်ကြည့် ကြရအောင်၊
ဒီနားတဝိုက်မှာ လူမှ ရှိကဲ့လား မသိဘူး၊ မကြားရပါလား၊
ဒီအနားမှာ လူ့ခြေရာတော့ တွေ့တယ်ဟေ့၊ တောတွင်းကို သွားတဲ့လမ်းတော့ ရှာမှကွ၊
အလိုလေ – လမ်းတော့တွေ့ပြီဟ၊ လူ့ခြေရာတွေလဲ ရှိတယ်၊




မင်းကလဲအရမ်းလန့်တတ်ကွာ၊ မင်းကို ဘယ်သူမှမထိုက်ပါဘူးကွ၊ မင်း ခေါင်းကို ငှက်ကြီး တစ်ကောင်ဝင် တိုးသွားတာပါ၊ ဟိုမှာတွေ့လား၊
လာ-ဒီလမ်းလေးအတိုင်း လျှောက်ကြည့်ရအောင်၊ ဘာများတွေ့မလဲမသိဘူး၊
အလိုလေ-သစ်ပင် တွေကသိပ်ကြီးတာကွနော်၊ နေရောင်တောင်မမြင်ရ တော့ဘူး၊
အေးကွ-မှောင်တောမှာထင်တယ်၊ ဟော ဟိုမှာအိမ်လေး တအိမ်ပါလား၊
လာဟေ့-မြန်မြန် သွားကြရအောင်၊
မုန့်ကြီးပင်တော့ စားရကြပေး မှာကွ၊
ဟေ့ ကောင်လေးတွေ ဂုတ်ပိုက်-
အမယ်လေးဗျာ-




ဆက်ဂန်

# ကမ္ဘောဒီးယားနိုင်ငံ







ရေးသူ-မွန်ယု

အရှေ့တောင် အာရှနိုင်ငံတခု ဖြစ်သည်။ မြောက်ဖက်နှင့် အနောက်ဖက်တွင် ယိုးဒယား နိုင်ငံ၊ အရှေ့နှင့် တောင်ဖက်တွင် တောင်ဗီယက်နမ် နိုင်ငံ တို့ရှိသည်။ စတုရန်းမိုင် ၆၉,၈၉၈ ကျယ် ဝန်းသည်။ လူဦးရေ (၁၉၆၇ ခုနှစ်) ၆,၄၁၅,၀၀၀ ခန့်ရှိသည်။ မှတ်သုံရာသီဥတုမျိုး ရှိသည်။ မြို့တော်မှာ ဖနွန်ပင် ဖြစ်သည်။

လူဦးရေ ၈၅ ရာခိုင်နှုန်းသည် ခမာခေါ် ကမ္ဘောဒီးယား လူမျိုးများဖြစ်သည်။ အဓိက ဘာသာစကားမှာလည်း ခမာစကားဖြစ်သည်။ ပြင်သစ်စကားကို ဒုတိယအသုံးများသည်။


လူများစုသည် မဲခေါင်မြစ်နှင့် တုန်လီဆာတ်အိုင်ကြီး အနီးရှိ မြေပြန့်များ၌ နေထိုင် ကြသည်၊ ကမ်ပွန်းခေါ် ကျေးရွာများမှာ အစုလိုက်၊ သို့မဟုတ် တောင်ခြေရှိ ကမ်းရိုးတန်းတလျှောက် တည်ရှိကြသည်။

ခမာများ၏ သမားရိုးကျ ဝတ်စားဆင်ယင်မှုသည် လှပသည်။ စမ်းပေါ့ခေါ် ခါးဝတ်ကို လှပစွာ ခါးတောင်းကျိုက် ဝတ်ဆင်သည်။ အမျိုးသားများက ကိုယ်ကျပ် လက်ရှည်အင်္ကျီကို ဆင်မြန်းကြသည်။ အမျိုးသမီးများက ထမီကို ခပ်တိုတိုဝတ်ကြသည်။ ထမင်းမှာ အဓိက အစားအစာ ဖြစ်၏။



ခမာများသည် မြန်မာတို့ ကဲ့သို့ ဗုဒ္ဓဝါဒီများဖြစ်သည်။ ယောကျ်ားကလေးများသည် ဘုန်းကြီး ကျောင်း၌ စာပေ သင်အံရသည်။ ထို့နောက် ရှင်သာမဏေ ပြုကြရ၏။ ရွာတိုင်းတွင် ဝတ်ကျောင်းများ ရှိသည်။ အင်းကောဝပ်

# သရုပ်ဖော် - ကျော်ကျော်




ကျောင်းတော်ကြီးသည် ကမ္ဘာကျော် အဆောက် အအုံကြီး တခု ဖြစ်သည်။

စိုက်ပျိုးရေးသည် အဓိက လုပ်ငန်း ဖြစ်သည်။ ဆန်စပါးနှင့် ကြက်ပေါင်စေး အများဆုံး ထွက်သည်။ ငါးဖမ်းခြင်း လုပ်ငန်း သည်လည်း အရေး ပါသည်။ တုန်လီဆပ် အိုင်ကြီးသည် ကမ္ဘာပေါ် ရှိ ငါးအများဆုံးထွက်ရာ ဌာန တခုဖြစ်၏။ အဓိက ထွက်ကုန်မှာ ဆန်စပါး၊ ကြက်ပေါင်စေးတို့ အပြင် ငခြောက်၊ ဆေးနှင့် ပြောင်းတို့ ဖြစ်သည်။



ကမ္ဘောဒီးယား နိုင်ငံကို မြန်မာတို့က ကမ္ဘောဇ နိုင်ငံဟုလည်း ခေါ်သည်။ လွန်ခဲ့သော ၁၀-၁၄ ရာ စုနှစ်များက ခမာနိုင်ငံတော်ဟု ခေါ်တွင်၍ တန်ခိုးကြီး နိုင်ငံကြီးတခု ဖြစ်ခဲ့သည်။ သို့သော် ခရစ် ၁၈၆၃ ခုနှစ် တွင် ပြင်သစ် အထိန်းသိမ်း အစောင့်ရှောက်ခံ တိုင်းပြည်ငယ်တခု ဖြစ်ခဲ့ရသည်။ ၁၉၄၉ ခုနှစ် တွင် ပြင်သစ်သမဂ္ဂ အတွင်း၌ လွတ်လပ်သော နိုင်ငံတခု ဖြစ်လာသည်။ ၁၉၅၄ ခုနှစ်တွင်မူ လုံး၀ လွတ်လပ်ရေးရသည်။

ရှေးဟောင်း ဘုရင် အုပ်စိုး သည့် စနစ်ကို အဆုံး သတ်၍ သမ္မတ အုပ်ချုပ်သည့် စနစ်ကို အစားထိုးရန် လွှတ်တော်နှစ်ရပ် ပေါင်းအစည်းအဝေးမှ မကြာမီ က ကြေငြာခဲ့လေသည်။




သား လိမ္မာ
မိုးမိုးသည် သူငယ်ချင်းများနှင့် ပျော်ပွဲစားထွက်ရန် သူ မေမေ ထံမှ ပိုက် ဆံ တောင်းမရသဖြင့် စိတ်ပျက် လျက်ရှိ၏။လမ်းတွင် ပေါက် ပေါက်နှင့်တွေ့ရာ-
နောက်တနေ့ ---


ခိုးခိုးသည်ဈေးမှပြန်လာသော မေမေအား ဝင်တိုက်မိ၏။
နေ့လယ်
ကောင်းပါ့- ကောင်းပါ့-


ညတွင်
ကောင်းတယ်
တကယ်ပေးမှာလား - မေမေ
ဟေး - ပေါ်ပြီ ပေါ်ပြီ -
မေမေ သိပါတယ် - သား ဒီနေ့ တနေ့လုံး - အလုပ်တွေ ဝိုင်းလုပ်ပေး တာဟာ - နက်ဖြန် ပျော်ပွဲစားလိုက် ချင်လို့ မဟုတ်လား..
ဒါဖြင့် - သား နက်ဖြန် ပျော်ပွဲစား - မလိုက်ရ တော့ဘူးပေါ့
ဟုတ်ကဲ့




## အိပ်သောအခါ အဘယ်ကြောင့် မျက်ခွံများ ပိတ်သွားသနည်း

နေ့အခါနိုးနေစဉ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျက်လုံးများကို သတိမထားမိဘဲ အလိုအလျောက် ဖွင့်ထားကြမြဲဖြစ်သည်။ လမ်းလျှောက်သည့်သဘောအတိုင်းပင်ဖြစ်၏။ ကျွန်ုပ်တို့သည် လမ်းလျှောက်စဉ် သတိထားမိခြင်း မရှိကြပေ။

သို့ရာတွင် တနေ့ကုန် လှုပ်ရှားသွားလာ လုပ်ကိုင်ပြီး၍ ပင်ပန်းနွမ်းနယ်လာသောအခါ ကျွန်ုပ်တို့သည် ကိုယ်ရောစိတ်ပါ လျော့လိုက်ပြီး အနားယူကြသည်။ ထိုအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျက်လုံးများကို ဖွင့်ထားရန် မကြိုးစားတော့ပေ။ ထိုအချိန်သို့ ရောက်သော် ကျွန်ုပ်တို့၏ မျက်ခွံများသည်လေးလာပြီး အလိုလို ပိတ်သွားလေတော့သည်။

ကြယ်မြူ



# သူခိုး

ပန်းတနော် ဝင်းသိန်း



ဘိတ်ကျောင်းတွင် ပွဲရှိပါသည်။ ဘုန်းကြီးပျံ နိဗ္ဗာန်ကျောင်း ချ ပွဲ ဖြစ် ပါ သည်။ ဇာတ်နှင့် ရုပ်သေး အပြိုင်သွင်းသဖြင့် စည်ကား ပါလိမ့်မည်။

"ညကျ ပွဲ သွား ရ အောင်ကွာ"

ဂေါ်လီဝိုင်းတွင် မောင်ညွန့်တင်က အဖော်စပ်ပါသည်။

"ဟိုကောင် ဥာဏ်အောင်ကြီးပါ ခေါ် ကွာ"

ကျွန်တော်က ဥာဏ်အောင်ကိုပါ ဆွဲထည့်လိုက် ပါသည်။

"ဆေးလိပ်တော့ ဝယ်ခဲ့ကြကွာ"

ကျွန်တော်တို့သည် လူကြီးတွေလစ်တိုင်း ဆေးလိပ် ခိုးသောက်လေ့ ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အားလုံးဤဆုံးဖြတ်ချက်ကို အခိုင်အမာ ချလိုက်ကြပါသည်။

သူတို့ ဆေးလိပ်ဝယ်လာကြပါလိမ့်မည်။ ကျွန်တော်လည်း ဝယ်သွားရပါမည်။ ဝယ်သွားလျှင် ကျွန်တော့်ဆေးလိပ်က သူတို့ဆေးလိပ်ထက်ကောင်းမှ ဂုဏ်ယူစရာ ဖြစ်ပါလိမ့်မည်။

ဂေါ်လီဝိုင်းမှ အိမ်သို့ ပြန်လာခဲ့ ပါသည်။ အိမ်ပေါ်တွင် ကြက်သားအုပ်မကြီး မိသားစုမင်းမူ နေပါသည်။ နေ့ရာအနှံ့ ချေးတွေပါထားပါသည်။ ဆန်တောင်းကြီးလည်း မှောက်နေပါပြီ။ ကြက်မွေး ကြက်တောင်တွေမှာလည်း မြင်မကောင်းပါ။

ယနေ့သည် အမေ့ကို မျက်နှာ လုပ်၍ ပိုက်ဆံ တောင်းရမည့်နေ့ ဖြစ်ပါသည်။ သည်နေ့မှ ကြက်တွေက သောင်း ကျန်းထားသည့် အတွက် မျက်စိထဲ မီး ဝင်း ဝင်း တောက် သွား ပါသည်။ တပြိုင်နက်လည်း ခါးကြားမှ လေးခွကို ဆွဲထုတ်လိုက်မိပါသည်။

"တောက်"

ကျွန်တော် မပစ် မိပါ။ တောက်ပြင်းပြင်းခေါက်၍ မျိုသိပ် လိုက်ပါသည်။ ကျွန်တော့်ကို ခမည်းပေးထားသည့် ကြက်ဖြစ်သဖြင့် မပစ်ရက်၍ မဟုတ်ပါ။ ကြက်မကြီး သေသွားပါကအမေ ပြန်လာလျှင် ပိုက်ဆံတောင်း၍ မရမည် စိုးသောကြောင့် ဖြစ်ပါသည်။

ကြက်ချေးတွေကျုံး၊ ကြက်တောင်တွေ သိမ်း၊ ဖိတ်သောဆန်ကိုကောက်ဖြင့် ကျွန်တော်အလုပ်ရှုပ်သွားပါသည်။

သို့ရာတွင် ကျပ်ခိုးစင်ပေါ်သို့ ဆန်တောင်းကို ပြန်၍ တင်စဉ် ဝါးကျည်တောက် တခုကိုခိုက်မိသောကြောင့် ဝါးကျည်တောက်သည် ကြမ်းပြင်ပေါ်သို့ကျလာပါသည်။ ပိုက်ဆံသံများလည်း ထွက်လာပါသည်။ မတ်စေ့ကလေး တစေ့ပင် ထွက်လာပါသည်။ ကျွန်တော် ဝမ်း သာသွား ပါ သည်။ ဤ ဝါး ကျည်တောက်သည် အမေ့စုဗူး ဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ပါသည်။

ပိုက်ဆံများကို ထုတ် မ ယူသေးပါ။ ကျွန်တော် စဉ်းစားနေပါသည်။

သူတို့သည် မကြင်မေဆေးလိပ်ဝယ်ခဲ့လိမ့်မည်ထင်ပါသည်။

ကျွန်တော်ကတော့ သူတို့ထက် ကောင်းကောင်း ဝယ်လိုသည်။ ပန်းတနော်တွင် မကြင်မေ ဆေးလိပ်ထက်ကောင်းတာလည်း မရှိပါ။

သို့သော် ကျွန်တော်တို့တောမြို့တွင် ခြသေ့်ခေါင်းတံဆိပ် စီးကရက်ဗူးများ ရတတ်ပါသည်။ တဗူးလျှင် ငါးမူးပေးရပါသည်။ ကျွန်တော် လက်မနှေးပါ။ အမေ့စုဗူးမှ မတ်စေ့ရှစ်စေ့ ထုတ်ယူလိုက်ပါသည်။ စီးကရက်ဖိုး တကျပ်၊ မုံ့ဖိုးတကျပ် ဖြစ်ပါသည်။

ဆေးလိပ်ခုံမှ အမေပြန်လာသောအခါ ကျွန်တော်က မှုမပျက်နေလိုက်ပါသည်။ အမေကလည်း ရိပ်မိဟန် မတူပါ။ ထူးခြားသည်မှာ အမေသည် ကျွန်တော့်ကို ခါတိုင်းထက် ပို၍ကြင်နာနေခြင်း၊ ယုယနေခြင်းပင် ဖြစ်ပါသည်။

"လူလေး–ပွဲသွားမယ် မှုတ်လား"

ထမင်းဝိုင်းတွင် အမေက ကျွန်တော့်ပန်းကန်ထဲသို့ ငါးအရိုးထွင်၍ ထည့်ပေးရင်း မေးလာသည်။ ကျွန်တော် ခေါင်းညိတ်လိုက်သောအခါ အမေက အနွေးထည်ကလေး ယူသွားဖို့ သတိပေးပါသည်။ ကျွန်တော့်အဖို့ ထိုညနေလောက် ထမင်းစား၍ ကောင်းသည့်အခါ မရှိတော့ဟု ထင်မိပါသည်။

ပွဲသွားရန် ဟန်ပြင်သောအခါ အမေသည် ကွတ်အင်္ကျီကလေး ထုတ်ပေးပါသည်။ ပြီး–ကျွန်တော့်တသက်တွင် မမေ့နိုင်မည့်စကားကို ဆိုပါတော့သည်။

"လူလေးကို အမေ ဘယ်လောက် ချစ်တယ်ဆိုတာ သိတယ် မှုတ် လား။ လူ လေး မှာ အဖေရှိတော့တာ မှုတ်ဖူး။ ဒီတော့ လူလေး ပညာတတ်ဖို့ လိမ်မာရေးခြားရှိဖို့ဟာ အမေ့တာဝန်ဘဲ။ ပြီးတော့ လူလေး အဖေ ဆုံးခါနီးတုန်းက ဘဝကူးမှ ဖြောင့်ပါစေတော့လို့ လူလေးကို သင်္ကန်းပတ်ပြီး ပြရှိပြလိုက်ရတယ်။ ဒါကြောင့် လူလေးကို ရှင်ပြုပေးဖို့တာဝန်ကလဲ အမေ့အပေါ်မှာဘဲ ကျနေတယ်။ အခု အမေ့အနေနဲ့ လက်မီးဝင်းဝင်း တောက်အောင် ဆေးလိပ်လိပ်နေတာဟာ လူလေးနောင်ရေး အတွက်ဘဲ။ ဒါပေမဲ့ အမေဆေးလိပ်လိပ် သွားတုန်းက လူကလေး အိမ်မကပ်ဘူး ထင်ပါရဲ့ကွယ်။ အခု လူလေးအတွက် အမေစုထားတဲ့ ပိုက်ဆံဗူးထဲက ငွေနှစ်ကျပ် လူခိုးသွားတယ်။ အမေဟာ ပိုက်ဆံမနေမြောတတ်ပေမဲ့ လူလေးအတွက် ရည်မှန်းထားတဲ့အထဲက ပျောက်သွားရတာတော့ အမေရင်နာတယ် လူလေးရယ်...."

ကျွန်တော် ဘာဆက်ပြောရမည် မသိတော့ပါ။ သို့ရာတွင် ကျွန်တော့် အိတ်ကပ်ထဲမှ ငွေမတ်စေ့ရှစ်စေ့သည် အမေ့လက်ထဲသို့ ခုန် ထွက် သွား ပါ တော့ သည်။

× × × ×

## မစပယ်

ကစားချိန်မှာ ကစားမယ်
စာကြည့်ချိန်မှာ စာကြည့်မယ်။

စားမယ် အိပ်မယ် အချိန်သိ
စည်းကမ်း ငယ်ကရှိ။

မိဘကူတဲ့ မစပယ်
ထမင်းချက်လို့ ရေခပ်တယ်။

အလုပ်တွေ သုည်လောက်များ
ညှဲမယ်ထင်သလား။

လူရည် ချွန်များ ရွေးတဲ့အခါ
စပယ် ထိပ်ဆုံးပါ။

စပယ်မှာ ဘာတွေရှိ
ငယ်က စည်းကမ်းရှိ။ ။

စောသိန်းပန် (လယ်ယာမြေ)



R. 517



# စင်ရော်

ရေးသူ ရဲမြင့်

စင်ရော် ခေါင်းမည်းတို လူသိများလေသည်။ အလျား ၁၆ လက်မခန့်ရှိသည်။ ဆောင်းရာသီတွင် ဦးခေါင်းမှ အညိုရောင်သည် ပျောက်ကွယ်၍ မျက်လုံးနားတွင်သာ ညိုနေသည်။ ကိုယ်အပေါ်ပိုင်း ညို၍ အတောင်စွန်းများ မွဲခြောက်ပြီး အစက်အပြောက်များ ပေါ်နေသည်။ အမြီးဖြူ၍ အဖျားတွင် ညိုမည်းနေသည်။

ဂစ်ဂစ်ဟူ၍၎င်း၊ ကျစ်ကျစ်ဟူ၍၎င်း စူးရှသော အသံနှစ်မျိုးဖြင့် အော်တတ်သည်။

ရန်ကုန်မြစ်ထဲတွင် အများဆုံး တွေ့ရသဖြင့် သေချာစွာ လေ့လာနိုင်ပေသည်။ ပင်လယ်ဝမှ ရန်ကုန်မြစ်ထဲအထိ သင်္ဘောနောက်မှ လိုက်ပါတတ်သည်။ ပစ်ချပေးသော ပေါင်မုံ့ အစအန များကိုရေသို့မကျမီ ကျင်လျင်စွာ ထိုးသုတ်ယူနိုင်သည်။ စားသောက်တတ်သည်။ သို့သော် ရေမငုပ်နိုင်သဖြင့် ငါးကို အရှင်မစားရချေ။ အစာမစားသည့်အချိန်တွင် ပင်လယ်ပြင်ရေပေါ်၌၎င်း၊ သဲပြင်နှင့် လဝှာပြင်ပေါ်၌၎င်း နားနေလေ့ရှိသည်။

အာရှတိုက် အလယ်ပိုင်း တာကစ်စတန်ပြည်၊ တိဗက်ပြည်တို့အကြား ရေအိုင်များတွင် အများအပြားတွေ့ရသည်။ မြန်မာနိုင်ငံသို့ ဆောင်းရာသီတွင် ရောက်လာတတ်သည်။ အများအားဖြင့် စက်တင်ဘာလတွင် ရောက်လာပြီး၊ မေလတွင် ပြန်လည်ထွက်ခွာသွားကြသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၂။ အမှတ် - ၄၆။

# ဉာဏ်သုံးပါ

ပန်းချီ ဦးစိန်

ဇာတ်လမ်း အပါကြီး

ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁ ရက် (၁၄-၁၁-၇၀)



တောရွာတရွာ၌ ရွာသူရွာသားများသည် တောင်ယာ လုပ်သူလုပ်၊ ထင်းခွေသူခွေဖြင့်အေးချမ်းစွာ နေထိုင်လျက်ရှိကြ၏။ တနေ့တွင် တောင်ယာတခုထဲသို့ ဝက်ဝံကြီးတကောင် ဝင်လာသည်။






စနေနေ့တိုင်း ထုတ်ဝေသည်။


အမလေးဗျ
ဝက်ဝံကြီးသည် တောင်ယာသမား အချို့ကိုပင် ရန်မူလာလေသည်။
ဘာဖြစ်လာတာလဲ
ဝက်ဝံကြီး ယာထဲ ဝင်လာလို့ ပြေးခဲ့ရတယ်
ဟဲ့..ဟဲ့
ဝက်ဝံကြီး
တနေ့တွင် ထင်းခွေသမားတဦးသည် ဝက်ဝံကြီး နှင့် တွေ့သဖြင့် လက်လွှတ် ပြေးခဲ့ရလေသည်။
ဝက်ဝံကြီးရန်ကြောင့် ထင်းလဲ မခုတ်ဝံ့ ယာလဲမလုပ်ဝံ့နဲ့ ခက်ကုန်ပြီ ကွာ
ဝက်ဝံကြီး ကိုက် သွတ်လိုက်တာဗျ
သတ္တိရှိသည်ဟုဆိုကာ ထင်းခွေသွားသူနှစ်ဦးမှာလည်း ဝက်ဝံအကိုက်ခံရပြန်လေသည်။


ဝက်ဝံ ကြီးသည် တောထူထပ်သော တောင်ခြေရှိ ဂူတခုထဲ၌ နေထိုင်လေသည်။
ဝက်ဝံ ဟာ ထိုရွာနားက လူတွေက ကြောက်နေရတယ် ဆိုတော့ ရယ်စရာဘဲ
တနေ့တွင် မောင်ရဲစွမ်းဆိုသူ လူရွယ်တယောက် ထွက်လာပြီး အားလုံးကို အပြစ်တင်လေသည်။
ဒီလိုဆိုယင် မင်းသွားမလား
ပေါက်တူးရယ် ဂေါ်ပြားရယ် လှံတချောင်းရယ် ပေးပါ-သွားပါ့မယ်
ရူးနေသလား...ဒါတွေနဲ့ မင်းဘာလုပ်နိုင်မှာလဲ-လေးနဲ့မြား ယူသွားပါလား
ဒါ ဝက်ဝံကြီး နေတဲ့ ဂူဘဲ
မောင်ရဲစွမ်းသည် တောထဲသို့ ထွက်ခဲ့ပြီး ဝက်ဝံကြီးအလစ်တွင် သူ၏ ဂူကိုလှေ့လာသည်။
ဒီအောက်မှာ-မြောင်းကျင်း ရှိမယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး
ထို့နောက် ဝက်ဝံကြီးလာသောလမ်း၌ မြောင်းကျင်း တူးပြီး အပေါ်မှ အသာပြန်ဖုံး ထားလိုက်သည်။


ဝက်ဝံကြီး အလာကို ဒီ သစ်ပင်ပေါ်က နေပြီး စောင့်နေမှာဘဲ
အချိန်တန်၍ ဝက်ဝံကြီး ပြန်လာသော် ....
ဝက်ဝံကြီး မြေကျင်းထဲ ကျသွားပြီ
အပေါ်ကနေပြီး လှံနဲ့ထိုးမှာဘဲ
လူဟာ တိရစ္ဆာန်ထက် စဉ်းစား ဉာဏ်ရှိပါတယ်-အဲဒီဉာဏ်ကို အသုံးချတတ်ဖို့သာ လိုပါတယ်


ယခင်အပတ်မှအဆက်
ကျွန်းပေါ်မှ
မီးလျှံ
ဇာတ်လမ်း - ဂျူလ်ဗန် နန္ဒမိတ်
ရုပ်ပြ -
အကို - အကို -
မင်းတို့ဘယ်ကလဲ၊ ဒီကိုဘာလာ လုပ်ကြတာလဲ၊ ပြောစမ်း၊
ကျုပ်တို့လှေ မှောက်ပြီး၊ ဒီကျွန်း ရောက်လာတာပါခင်ဗျာ၊
သွားကြစမ်း - မင်းတို့ကို သူကြီးဆီပို့ရမယ်၊
ဒီကောင်လေးနှစ်ကောင်ကို၊ ကျွန်းပေါ်မှာတွေ့လို့ ခေါ်လာတယ်သူကြီး၊
ဟေ့ - ဘယ်က ကောင်လေးတွေလဲကွ၊ ဒီကို ဘယ်လိုရောက်လာတာလဲ၊


နင်တို့ လိမ်မပြောနဲ့နော်၊ လိမ်ပြောရင် ခြံထဲ ထည့်ပြီး အကျဉ်းခံရမယ် သိလား။
ကျွန်နော်တို့ အမှန်ပြောတာပါ၊ မရိုက်ပါနဲ့ ခင်ဗျာ။
နင်တို့ နှစ်ယောက်အပြင် ဘယ်သူတွေ ပါသေးသလဲ မှန်မှန် ပြောစမ်း။
ကျွန်နော်တို့ နှစ်ယောက်ထဲပါ။
အို - ဒီလူတွေလာတော့ သိမှာပေါ့ကွာ။



ဟဲ့-ငကျော်ကြီး-အဲ ရှင်ဝန်ကြီးကို ပြန်ပေးသူတို့ကို ဒီမှာပဲ ထားခဲ့၊
ကောင်လေးတွေ၊ ငြိမ်ငြိမ်နေကြနော်၊ ပြေးမယ်တော့၊ သေဖို့သာမှတ်ကြ၊
ဟုတ်ကဲ့ မပြေးပါဘူး၊
ပင်လယ်ကမ်းနားမှာ လှေတစ်စင်းတွေ့တယ် ဆရာကြီး၊ လှေထဲမှာ ကောက်ညှင်းပေါင်းတောင်းလိုက်တွေ့တယ်၊
ကဲ တွေ့ဖူးသလဲဟေ့ ပေါက်စေ၊
ဟေ့ ဒီ ကောက်ညှင်းပေါင်းတောင်းပဲ ဆရာကြီး၊
ဒီအတိုင်း ဆိုရင်သူတို့ဟာ စားမှာ တဲ့ပေါ့
ခုတော့-ဒီကောင်လေးတွေကို၊ ငါတို့နဲ့ အတူတူထား ရမှာပဲ၊
ဒီလို လွှတ်ထားလို့ ဖြစ်ပါ့မလား ဆရာကြီး တော်တော်ကြာ ဟိုဝန်ကြီးကိုတွေ့သွားမှာ စိုးရတယ်၊

# အင်ဒိုနီးရှား သမ္မတနိုင်ငံ

ရေး-သူ- ဖျော်ပြု






အရှေ့တောင်အာရှ၌ တည်ရှိသည်။ ကျွန်းကြီး ကျွန်းငယ်ပေါင်း ၃၀၀၀ ကျော် ပါရှိသော ကျွန်းစုကြီး ဖြစ်သည်။ အကြီးဆုံး ကျွန်းများမှာ ဂျားဗား၊ ဆူမားထရား၊ ကာလီမင်တန်ခေါ် မော်နီယို၊ ဆူလာဝေဆီ ခေါ် ဆီလီဗီးစ်နှင့် ဘာလီကျွန်းတို့ဖြစ်၏။ စုစုပေါင်း စတုရန်းမိုင် ၈၈၇,၀၀၀ ကျယ်ဝန်းသည်။ လူဦးရေ (၁၉၆၇ ခုနှစ်) ၁၀၉,၅၀၀,၀၀၀ ခန့် ရှိသည်။ ကမ္ဘာတွင် လူဦးရေ အထူထပ်ဆုံးသော နိုင်ငံတခုဖြစ်သည်။ အပူပိုင်း ဒေသ မုတ်သုံရာသီဥတုရှိ၍ မိုးများသည်။ မြို့တော်မှာ ဂျကာတာ ဖြစ်သည်။



အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်များစွာရှိသည်။ ချော်များကြောင့် မြေဩဇာ အလွန် ကောင်း၏။ မော်နီယိုကျွန်းမှာ သစ်တော ထူထပ်သည်။ စိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်သည်။ ဆန်စပါးကို အများဆုံး စိုက်ပျိုးသော်လည်းပြည်တွင်း အတွက်ပင် မဖူလုံသေးချေ။ ရော်ဘာ၊ လက်ဖက်ခြောက်၊ ကာဖီစေ့၊ ဆေးရွက်၊ ကြံနှင့် စင်ကိုးနာ ခေါ် အဖျားဖြတ် ဆေးပင်များကိုလည်း အမြောက်အမြား စိုက်ပျိုး လုပ်ကိုင်သည်။ သံဖြူ၊ ရေနံ၊ ကျောက်မီးသွေးစသော တွင်းထွက် ပစ္စည်းများလည်း အထွက်ကောင်း သည်။ စက်မှုလုပ်ငန်းများလည်း တိုးတက်နေသည်။

အင်ဒိုနီးရှားတွင် လူမျိုးစုပေါင်း ၁၃၀ ကျော် နေထိုင်ကြသည်။ အဓိက ဘာသာစကား မှာ ကမ်းရိုးတန်း မလေးဘာသာစကားမှ ဆင်းသက်လာသည့် ဘဟာစ အင်ဒိုနီးရှန်းစကား ဖြစ်၏။ ဒတ်ချ်၊ အင်္ဂလိပ်၊ ဂျားဗား၊ မဒူရာစသော ဘာသာစကား ပေါင်း ၂၀၀ ကျော်ကိုလည်း သုံးစွဲကြသည်။





အစ္စလာမ်ဝါဒီတို့မှာ ၈၅ ရာခိုင်နှုန်းဖြစ်သည်။ ကျန် ၁၅ ရာခိုင်နှုန်းတွင် ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓဝါဒီတို့ ပါဝင်ကြသည်။

ရိုးရာ ဝတ်စားဆင်ယင်မှုတွင် မြန်မာများနှင့်ဆင်သည်။ လုံချည် အင်္ကျီဝတ်ကြသည်။ အင်ဒိုနီးရှား ပါတိတ်လုံချည်နှင့် သတ္တုထည်များမှာကျော်ကြား၏။



ယခင်က အင်ဒိုနီးရှားနိုင်ငံကို အရှေ့ အိန္ဒိယကျွန်းစုဟုခေါ်တွင်ခဲ့သည်။ ဘီစီ ၂ ရာစုခန့်ကစ၍ အိန္ဒိယနိုင်ငံမှ ဟိန္ဒူယဉ်ကျေးမှု ရောက်ရှိ ပျံ့နှံ့ခဲ့သည်။ ၇ ရာစုနှင့် ၈ ရာစုတွင် ဗုဒ္ဓသာသနာ ရောက်ရှိ ထွန်းကားခဲ့သည်။ ဂျားဗားကျွန်း အလယ်တွင် ယခုတိုင် ရှိနေသော ဗောရောဗုဓောခေါ် စေတီတော်ကြီးသည် ဗုဒ္ဓသာသနိက အဆောက်အအုံများတွင် အကြီးဆုံးဖြစ်သည်။

၁၃ ရာစုတွင် မွတ်စလင်များ ရောက်ရှိလာ၍ ၁၅ ရာစုတွင် အစ္စလာမ် သာသနာသည် ကျွန်းစုကြီး တခုလုံးတွင် လွှမ်းမိုးခဲ့လေသည်။


၁၆ ရာစုမှစ၍ ပေါ်တူဂီ၊ ဒတ်ချနှင့် အင်္ဂလိပ်တို့သည် စီးပွားရေး နယ်ချဲ့ရန် ရောက်လာကြသည်။ ၁၇၉၈ ခုနှစ်တွင် ကျွန်းစုကြီးတခုလုံးဒတ်ချအစိုးရလက်အောက်ခံဖြစ်ခဲ့ရသည်။ဒုတိယကမ္ဘာစစ်အတွင်းက အမျိုးသားအင်အားစုတို့က ဂျပန်တို့ စိုးမိုးမှုကို တော်လှန်၍ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံအဖြစ် ကြေညာသည်။ စစ်ကြီးအပြီးတွင် ဒတ်ချအစိုးရက ပြန်၍ သိမ်းပိုက်ရန် ကြိုးပမ်းသော်လည်း မအောင်မြင်ချေ။ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အချုပ်အချာ အာဏာပိုင် အင်ဒိုနီးရှားသမ္မတနိုင်ငံအဖြစ် ဖွဲ့စည်း ထူထောင်သည်။ လက်ရှိ နိုင်ငံ အကြီးအကဲမှာသမ္မတ ဂျင်နရယ် ဆူဟာတိုဖြစ်လေသည်။




RASU
အားငှက်
မောင်ဇော်ဖျားနေလို့
သွားမေးကြတာလား
သွားကြ–သွားကြ
ငါ့ညီလေးဖျားတုန်းက
နှစ်လတောင်ကျောင်း
မတက်နိုင်ဘူး–
အောင်အောင့်စကားကြောင့်
မောင်ဇော်စိတ်ဓါတ်ကျ
သွားပြီ – – –
နေမကောင်းတာခဏပေါ့ဟာ–အား
ရှိလာယင်ကျောင်းပြန်တက်ရမှာ
ပေါ့– ဒို့အတန်းသားတွေအားလုံးမင့်
ကိုသတိရကြတယ် –
ခင်လေးဖြူ၏
စကား
ကြောင့်
မောင်ဇော်
အားတက်
သွား
လေသည်။
နေမကောင်းတဲ့သူကိုအား
ပေးရတယ်ဟဲ့–
ငါမှားသွား
တယ်ဟာ–


ကြီးသူကိုရိုသေ
ပန်းချီ
ဦးလှဉ်းကြွယ်
ဇာတ်လမ်း အောင်စည်-ချောက်
မမင်းဇံတို့ညီအမပါလား
ထိုင်ပါ . . ထိုင်ပါ
ဖိုးအောင်တို့ ဖွားဖွားထံ မိတ်ဆွေ အဒေါ်ကြီး နှစ်ယောက် အလည်ရောက်လာကြရာ–
ဖိုးအောင် . ရေနွေးကြမ်းယူခဲ့ကွဲ့ . မိခွေးကို လက်ဖက်သုပ်ဖို့ပြော လိုက်စမ်း
မာကြရဲ့နော် အေးအေး ဆေးဆေးမှ ပြန်ပေါ့
ဟုတ်ကဲ့ . ဖွါးဖွါး
ဖွားဖွားသည် ဝမ်းသာအားရ ဧည့်သည်ကြီးဖြင့် မေးမြန်းပြောဆိုဧည့်ခံနေလေသည်။
လက်ဖက်စားကြပါအုံး ရေနွေးကြမ်းသောက် ကြ ပါအုံး . . .
ခဏအကြာတွင် ဖိုးအောင်သည်လက်ဖက်ရည် ဗန်းကို မိုးတိုးမတ်တတ်လာချသည်။
လူကြီးတွေ ရှေ့ဖြတ်သွားဖြတ်လာလုပ်ယင် ကိုယ်ကိုညွှတ်၊ ခေါင်းကိုငုံ့ ဖြီးသွားရမယ် ဆိုတာ မှတ်မထားဘူးလားဟင် . . ရက်၊ လ ဘဲကြီးကြီး ကိုယ့်ထက်ကြီးသူတိုင်းကို ရိုသေရမယ် ကွဲ့.
ဟုတ်ကဲ့ဖွါးဖွါး
ဧည့်သည်များ ပြန်သွားသောအခါ ဖွားဖွားက ဖိုးအောင်ကို ထိပ်တချက် ခေါက်ပြီး–
ကြီးသူတိုင်းကိုရိုသေရမယ်တဲ့
ကြီးသူတိုင်းကိုရိုသေရမယ်.ရိုသေရမယ် . . . .
ကိုယ်ထက် ကြီးသူများရှေ့၌ ရိုရိုသေသေ သွားလာပြုမူရန် ဆုံးမသည်။


ကုက္ကိုပင်ကြီးက ဖွါးဖွါးငယ်ငယ်တုန်းက စိုက်ထားတာတဲ့၊ ဂျီထက်ဆို အပုံကြီးအသက်ကြီးတာဘဲ သူ့ရှေ့ကလျှောက်သွားယင် ဖွါးဖွါးပြောတဲ့အတိုင်း ပြောသလိုလျှောက်မှ
ထိုနောက်တွင် ဖိုးအောင်သည် သူ့ထက်အသက်ကြီးသော ကုက္ကိုပင်ရှေ့၌ ကိုယ်ကို ညွှတ်၍ လျှောက်၏။
ဒီခွေးကြီးကလဲ . . . .
ငါမမွေးခင် က၊ လမ်းမှာကောက်ရလို့ မွေးထားတာဆိုဘဲ . . . .
လမ်းဘေးတွင် အိပ်နေသော ခွေးကြီးရှေ့၌လည်း ထိုအတိုင်းပင် လျှောက်သွားပြန်၏။
ဝုတ်
ဟဲ့ခွေး၊ ဟဲ့ခွေး လုပ်ပါအုံး ဖွါး ဖွါး
ဝုတ်
ထိုစဉ် ခွေးကြီးက အထူးအဆန်း ဖြစ်နေ၍ ရုတ်တရက်ထဟောင်ပြီး လိုက်သဖြင့်—
ဟိုဘက်ခြံက ကောက်ရ ဆိုတဲ့ ခွေးကြီးလေ ကျွန်တော့် ထက်အသက်ကြီးတယ် လို့ ဖွါးဖွါးတခါကပြော ဘူးတာနဲ့-သူ့ရှေ့ ရောက်တော့ ခါး ကုန်းပြီးသွားတာ
ဟဲ့ဟဲ့ဘာဖြစ်တာလဲ ဖိုးအောင်
ဖိုးအောင်ခမျာ အိမ်သို့အတင်းပြေးရရှာ၏။
ဟား ဟား၊ သူ့ရှေ့ကို ကိုးလို့ ကန့်လန့် မျက်စိနောက်အောင်လုပ်တော့ လိုက်ကိုက်မှာပေါ့ - အသက်ကြီးသူတွေကို ရိုသေရမယ်လို့ ဖွါးဖွါးပြောတာ က လူတွေနဲ့ဆက်ဆံတဲ့အခါ ရိုသေရမယ် လို့ ပြောတာကွဲ့
နားလည်ပြီလား ဖိုးအောင် . .
နားလည်ပါပြီ ဖွါး ဖွါး . .




# စက်မဲ့လေယာဉ် အဘယ်ပုံပျံဝဲသနည်း

သင်သည် ပင်လယ်ပြင်သို့ ရောက်သော အခါ စင်ရော်များ လေထဲတွင် ပျံဝဲနေသည်ကို တွေ့မြင်ရပေမည်။ ဤငှက်များသည် တောင်ပံကိုမခတ်ပဲ လေထဲတွင် ကြာမြင့်စွာ ဝဲနေနိုင်ကြသည်။ သို့သော် သူတို့သည် တောင်ပံများကိုပင် အသုံးပြုလျက် ရှိကြပေသည်။ စက်မဲ့ လေယာဉ်သည် ထိုငှက်များပျံဝဲပုံကို အခြေခံပြီး တည်ဆောက်ထားခြင်းဖြစ်သည်။


လေထဲတွင် လေစီးကြောင်းများရှိသည်။ ပူနွေးသော လေစီးကြောင်းများသည် အထက်သို့ စီးတက်နေကြ၍ အေးသော လေစီးကြောင်းများကအောက်ဖက်သို့ စီးဆင်း နေကြသည်။ စက်မဲ့လေယာဉ် မောင်းသူသည် ထို လေစီးကြောင်းများကို အသုံးပြုပြီး လေထုထဲတွင် ပျံဝဲနေနိုင်သည်။ လေယာဉ်ရှိ တက်မများကို အသုံးပြုပြီး လေယာဉ်ကို မြင့်တက်စေရန်ငှင်း၊ နိမ့်ဆင်းစေရန်ငှင်း ပြုလုပ်နိုင်လေသည်။

ကြယ်ဖြူ




# သာတူညီမျှ

ပေ ၂၀၀ ပတ်လည်ရှိ မြေကွက်တကွက်၏ လေးပုံတပုံရှိ ထောင့်တဖက်ကို ကျောင်းဆောက်ရန် သတ်မှတ်၍ ကျန်သောမြေကွက်ကို လူလေးယောက်အား အညီအမျှ ခွဲဝေပေးရာတွင် မြေကွက်၏ မူလပုံစံအတိုင်း အညီအမျှ ရရှိကြသည်။ ဖော်ပြထားသော အဖြေကို မကြည့်ပဲ သင်ကိုယ်တိုင် ခွဲဝေကြည့်ပါ။



# ညောင်ပင်တစ္ဆေ

မောင်ထွန်းငြိ



ကျွန်တော်တို့ လမ်းထိပ်တွင် ညောင်ပင်ကြီးတပင် ရှိပါသည်။ အကိုင်းအခက်များက လမ်းမပေါ် မိုးနေပါသည်။

ညအခါတွင် ညောင်ပင်ကြီးအောက်ရှိနတ်စင်၌ ပူဇော်ထားသော ဖယောင်းတိုင်မီး လက်လက်ကို ညစဉ် တွေ့ရပါသည်။ ထိုနေရာတွင် သရဲချောက်သည်ဟု လူပြောများသဖြင့် ကျွန်တော်တို့မသွားကြပါ။

ညောင်ပင်တစ္ဆေကို ကျွန်တော်တို့ မယုံကြည်သော်လည်း လူပြောများသဖြင့် မသွားရဲကြပါ။

တညတွင် ကျွန်တော်တို့ သူငယ်ချင်းများ ကစားရင်း ကျွန်တော်က စတင်ပြောပါသည်။

"ဟိုညောင်ပင်ကြီးအောက်ကို ဘယ်သူသွားရဲလဲကွ"

"ဘာလုပ် သွားရ မလဲကွ၊ သရဲချောက်တယ်လို့ လူတိုင်းပြောနေတဲ့ဥစ္စာ"

"အေးကွာ ကြံကြံဖန်ဖန်"

ထွန်းမောင်နှင့် ဇော်မင်းတို့က ကျွန်တော့်ကို အပြစ်တင်ကြပါသည်။

"နေပါအုံး မင်းကော သွားရဲလို့လားကွ"

တင့်လှိုင်က မခံချင်စိတ်ဖြင့် ကျွန်တော့်ကို ပြန်မေးပါသည်။

"ငါ တ ယောက် ထဲ တော့ ဘယ်သွားရဲမလဲကွ၊ မင်းတို့ပါ လိုက်ယင်တော့သွားရဲတာပေါ့"

"ဒါဖြင့် အားလုံး သွားကြမယ်ကွာ"

ကျွန်တော်တို့ အားလုံး သဘောတူ လက်ချင်းတွဲကာ ညောင်ပင်ကြီးအောက်သို့ အရဲစွန့်၍ သွားကြ ပါတော့သည်။ ညောင်ပင်အောက် နီးလာလေလေ ခြေလှမ်း နှေးလာလေလေ ဖြစ်ပါသည်။ သို့သော် စိတ်တင်းလာခဲ့ သဖြင့် ညောင်ပင်ကြီးအောက်သို့ ရောက်လာခဲ့ကြပါသည်။

ကျွန်တော့်ရင်ထဲတွင်တဒိတ်ဒိတ်ခုန်ပြီး ချွေးများ စို့လာသလို၊ သူတို့လည်း ရင်ခုန် နေကြပါလိမ့်မည်။

"ပြန်လှည့်မယ်ဟေ့"

ဇော်မင်း က ရုတ် တ ရက် ပြောလိုက်သည်။ ကျွန်တော်တို့ အားလုံး ညီညီညာညာ လှည့်ထွက်လာကြပါသည်။ အလာကလို နှေးနှေး မဟုတ်ပဲ မြန်မြန် ထွက် လာ ခဲ့ ခြင်း ဖြစ်ပါသည်။

"ညောင် ပင် ကြီး အောက် ရောက်တော့ ကြက်သီးတွေ ထပြီး၊ အသက်ရှူ ကျပ်သွားတာဘဲကွာ"

ထွန်းမောင်က စတင်စကားပြောပါသည်။ ကျန်လူများကလည်း သူ့လိုပင် ဖြစ်ကြောင်း ပြောကြ ပါသည်။ ထိုနောက်နောင်တွင် ထိုညောင်ပင်ကြီးအောက်သို့ မ သွား တော့ ဟု ကျွန်တော်တို့ သန္နိဋ္ဌာန် ချလိုက်ကြပါသည်။

နောက်တနေ့ကျောင်းလွှတ်ခါနီးတွင် မိုးရွာလာ၍ ကျွန်တော်သည် မမကို ထီးလိုက် ပို့ရ

ပါသည်။ လမ်းတွင် ဇော်မင်းနှင့် တင့်လွင်တို့ကို တွေ့၍ အဖော်ခေါ် သွားပါသည်။

မမတို့ ကျောင်းမလွှတ်သေး၍ စာသင်ခန်း ပြူတင်းပေါက်နားတွင်ရပ်စောင့်နေရပါသည်။ မမတို့အတန်းထဲရှိ သင်ပုန်းကြီးပေါ်တွင် ရောင်စုံမြေဖြူဖြင့်ရေးထားသော သစ်ရွက်ပုံကြီးကို တွေ့ရပါသည်။ အလွန်လှသဖြင့် ကျွန်တော်တို့ ရပ်ကြည့်နေမိပါသည်။

"သစ်ပင်ဟာ နေ့ဖက် အစာချက်လုပ်တဲ့အခါ လေထုထဲမှာ ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကိုယူပြီး အောက်ဆီဂျင်ဓာတ်ကိုထုတ်တယ်။ ညဖက်ကျပြန်တော့ အောက်ဆီဂျင်ကို ရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက် ကို ထုတ် တယ် ကွဲ့။ ဒါကြောင့် သစ်ပင်ကြီးကြီးတွေရဲ့ အောက်မှာ ညဖက်ဆိုယင် အသက်ရှူကျပ်တာမျိုး ဖြစ်တတ်တယ်"

ကျွန်တော်တို့ အားလုံး ဆရာသင်နေသော သစ်ရွက် အကြောင်းကို စိတ်ဝင်စား သွားမိပါတော့သည်။

"နောက်သစ်ရွက်ရဲ့အောက်ပိုင်းကြမ်းနေတဲ့ ဖက်က ရေခိုးရေငွေ့ကိုထုတ်တယ်။ ဒါဟာ အမြစ်ကစုတ်ယူတဲ့ ရေကို ပိုနေလို့ ညဖက်မှာ ထုတ်ပစ်ခြင်း ဖြစ်တယ်။ ရေငွေ့ကြောင့် ညဖက်ဆို ယင် သစ် ပင် ကြီး များ ရဲ့ အောက်မှာအေးနေတတ်တယ်။ ဒီအအေးဓာတ်ကြောင့် ကြက်သီးထတာမျိုး ဖြစ်တတ်တယ်။ ဒါကို သရဲတစ္ဆေတို့ကြောင့်လို့ တချို့က အယူမှားနေကြတယ်"

ကျွန်တော်သည် လမ်းထိပ်က ညောင်ပင်ကြီးကို ချက်ခြင်း သတိရမိပါသည်။ ဇော်မင်းနှင့် တင့်လွင်တို့ကို လက်တို့ လိုက်ပါသည်။ သူတို့ကလည်း သဘောပေါက်ကြောင်း ခေါင်းညိတ်ပြကြပါသည်။

ထိုနေ့ညတွင် သူငယ်ချင်းများဆုံကြသော် ဇော်မင်း၊ တင့်လွင်နှင့် ကျွန်တော်တို့က ထွန်းမောင် အား ညောင် ပင် ကြီး အောက်၌ ကြက် သီး ထ ခြင်း၊ အသက်ရှူကျပ်ခြင်းမှာ ညောင်ပင် တစ္ဆေ ကြောင့် မဟုတ်ကြောင်း၊ မမတို့ဆရာ ပြောသလို အတတ်နိုင်ဆုံး ရှင်းပြ ပါသည်။

"အေး - ဟုတ်နိုင်တယ်ကွ"

"ဒီလိုဆို ညောင် ပင် ကြီး အောက်ကို သွားကြမလား"

"သွားမယ်လေ–ကြောက်စရာမှ မလိုတော့ဘဲ"

ကျွန် တော် တို့ အား လုံး ညောင်ပင်ကြီးအောက်သို့ လာခဲ့ကြ ပြန်ပါသည်။ ယခင်ကလို လက်ချင်း ချိတ်စရာ မလိုတော့ပါ။ ညောင်ပင်ကြီး အောက်သို့ ရောက်ပြီးနောက် အေးဆေးစွာ ပြန်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်တို့ ညောင်ပင်တစ္ဆေကို မကြောက်တော့ပါ။

# တန်ဆောင်တိုင်ပွဲ

ဝင်းဝင်းပပ ဖိုးရွှေလ၊
သာလွန်းပါလှ သာပေစွ။

မိုးဝကောင်းကင် မြူတိမ်စင်၊
ကြယ်ပွင့် ကြယ်ပန်း စုံအလင်။

ကထိန်သင်္ဘင် မြတ်သင်္ကန်း၊
ပဒေသာပင် ကပ်လှူဒါန်း။

မီးပန်းမီးပုံး ရောင်ဝါပြောင်၊
ဆီမီးလျှံညီး ရာအထောင်။

တန်ဆောင်တိုင်ပွဲ ခြိမ့်ခြိမ့်သဲ၊
တို့များပျော်ပါး ဆင်ယင်နွှဲ။ ။

တက္ကသိုလ်ကြည်မာ



R. 517

# ခရုစုတ်

ရေးသူ ရဲမြှောင်



ခရုကို ဖမ်းယူ စားသောက်သဖြင့် ခရုစုတ်ငှက်ဟု ခေါ်တွင်သည်။ အလျား ၂၃ လက်မခန့်ရှိသည်။ ပျံသန်း သောအခါ ဖြူဖွေးသော အမြီးပိုင်းကို တွေ့ရသည်။ ခြေတံရှည်ငှက်ဖြစ်သည်။

အသံ မှာ ကျယ် လောင် ပြီး နား ထောင်ကောင်းသည်။ တေးလည်း ဆိုတတ်သည်။ ညအခါများတွင်သာ တေးဆိုခြင်းဖြစ်ပြီး၊ အစအဆုံးကြားရန် မလွယ်လှပေ။ မြစ်၊ ချောင်းကမ်းခြေများရှိ ရွှံ့နွံများထဲတွင် ကျက်စားပျံသန်းနိုင်ပြီး၊ တောင်ပံခတ်သံပြင်းလေသည်။ ရေထဲတွင်လမ်းလျှောက်၍ အစာရှာသည်။ အအုပ်အသင်းဖွဲ့နေတတ်သော်လည်း၊ တကောင်စ၊ နှစ်ကောင်စကို တွေ့ရတတ်သည်။ ရေကူးတတ်သော်လည်း အမြဲမကူးပေ။ လိုအပ်မှ ချောင်းငယ် မြောင်းငယ်များကို ဖြတ်ကူးလေ့ရှိသည်။

အထူး သဖြင့် ရေတက် ရေကျရှိသော ဆားငန်ချောင်းများ၊ ရခိုင်တိုင်း၊ တနင်္သာရီ၊ စစ်တောင်း မြစ်ဝဒေသများတွင် တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်—၄၇။

# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ရက် (၂၁-၁၁-၇၀)

ပန်းချီ—ဦးဘဖြည်
ဇာတ်လမ်း-သာဒွန်း




သားသားနှင့် မီးမီးတို့သည် ဝတ်စားပုံနှင့် လှုပ်ရှားပုံများကိုကြည့်ပြီး နားမလည်ဖြစ်နေ၍....

စနေနေ့တိုင်း ထုတ်ဝေသည်။


ဖေဖေ-ရွှေရတုသဘင်-
ဂျူဗလီ - ဘာရဲ့ - ဟင်
အမျိုးသားနေ့
ဆိုတာက
ဘာလဲ -
ဖေဖေ
၂၅-နှစ်ပြည့်မြောက်တဲ့ပွဲကို
(ငွေရတုသဘင်) လို့ခေါ်တယ်.....
အနှစ် ၅၀-မြောက်တဲ့ပွဲကို
(ရွှေရတုသဘင်) လို့ခေါ်တယ်.....
-၇၅-နှစ်ပြည့်မြောက်တဲ့ပွဲကို
(စိန်ရတုသဘင်) လို့ခေါ်တယ်...
.....ဖြို့တော့.....
(အမျိုးသားနေ့) ဆိုတာကတော့
ဒီလိုကွဲ............
၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့မှာ ရန်ကုန်မှ ကောလိပ်ကျောင်း နှစ်ခုက သပိတ်မှောက်ပြီးတော့ အင်္ဂလိပ် ပညာရေးစနစ်ကို ကန့်ကွက်ခဲ့ကြတယ်။
အဖြစ်က ဒီလို.... ဗမာမင်းကို ဖမ်းဆီးသွားပြီးနောက် မျိုးချစ်ပုဂ္ဂိုလ်အချို့ လက်နက်ကိုင်ပြီး အင်္ဂလိပ်ကို တော်လှန်ခဲ့ကြတယ်ကွဲ။
နောက် အနှစ် နှစ်ဆယ်လောက် ကြာတော့ ဗမာတွေ အသင်းအပင်းဖွဲ့ပြီး နိုင်ငံရေး လုပ်လာကြတယ်။
ဒါနဲ့ အင်္ဂလိပ်အစိုးရဟာ မနေသာတော့ဘဲ ၁၉၂၀ ပြည့်မှာ တက္ကသိုလ် ဖွင့်လှစ်ပေးမယ် ဆိုပြီး စေတနာမပါတဲ့ ဥပဒေကြမ်းကို ဥပဒေပြုကောင်စီတင်ပြီး....
အတည် ပြုလိုက်ကြတယ်ကွဲ။


ဒီဥပဒေဟာ စေတနာ-လုံးဝ မပါဘူး၊ တိုက်ဖျက်မယ်
အောက်မှ တောင်းဆိုပေါ့... သပိတ် အရင် မှောက်မယ်
အေး — မှောက်မယ်
ဒီဥပဒေကြမ်းကို မကျေနပ်တဲ့ ကောလိပ်ကျောင်းသားများဟာ အဲဒီ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့မှာ သပိတ်မှောက်ကြတာ....
သပိတ် - သပိတ် - မှောက် - မှောက် - (ဟန်းတား) အလိုမရှိ (ကရက်ဒေါက်) ပြန်သွား
တပြည်လုံးရှိ ကျောင်းတွေကို ပြန့်နှံ့ သွားတော့တယ်။
ဒီ သပိတ်ကြီးကို ဖြစ်တဲ့ နည်းနဲ့ နှိမ်နင်းရမယ်။ ကြိုးသမျှ လက်နက်တွေ သုံး သင့် ယင် - သုံးရမယ်။ လက်ပိုက်ကြည့်နေ ယင် ဗမာပြည် လက်လွှတ် သွားနိုင် တယ်.......
ဟုတ်တယ်
ဒီလို ဗမာတွေ ညီညွတ်တာတွေတော့ ဘုရင်ခံ ကရက်ဒေါက်က အင်္ဂလိပ် ကုန်သည်ကြီး အသင်းမှာ ပြောတယ်။
အဲဒီလို ပထမဆုံး သပိတ်မှောက်တဲ့ နေ့ကို........ (အမျိုးသားနေ့)လို့ သတ်မှတ်ထား ခဲ့တယ်ကွဲ....
သပိတ် မှောက်တော့ ဘာ ဖြစ်သလဲ... ဖေဖေ
အမျိုးသားကောလိပ်
အဲဒီ သပိတ်အင်အားကြောင့် အမျိုးသား ကောလိပ်နဲ့ အမျိုးသား ကျောင်းများ ပေါ်ပေါက်လာခဲ့တယ်။
ဗမာပြည်သည် အချင်းတို့၊ ဒို့ ဗမာပြည်။
မဟာ သာကီဝင်း မှ မျိုးနွယ်ဆင်းသည်။
သဘာဝ တာရှည် လင်းလို့ အာဏာ ပိုင်နိုင်စေသည်
ဒို့ ဗမာပြည် - သိစေသည်။
ဗမာတွေဟာ အမျိုးသားစိတ် တက်ကြွလာကြပြီး–


နိုင်ငံခြားဖြစ် ပစ္စည်းတွေကိုရှောင်ပြီး—
တိုင်းရင်းဖြစ် ပစ္စည်းတွေ သုံးလာကြတယ်။
အပျော်ထမ်း ရဲတပ်တွေလဲပေါ်လာခဲ့တယ်တဲ့။
အဲဒီ မျိုးချစ်စိတ်ဓာတ်တွေဟာ တဖြည်းဖြည်း ရင့်သန်လာပြီး နောက်ဆုံးမှာ လွတ်လပ်ရေး ရရှိလာခဲ့တယ်။
တနေ့က ဖေဖေတို့ပုသိမ်ကအပြန် မအူပင်မှာ ဆင်းသွားတာ ဖေဖေတို့ဆရာကြီး ဦးဘသောင်းပေါ့။ သူလဲ သပိတ်မှောက်ခေါင်းဆောင် တဦးတဲ့။




ထမင်းမြန်မြန်စားပေတော့ကောင်ရဲ့၊ ဟိုငနဲကြီးအိပ်နေတုန်း အပြေးထွက်ကြရအောင်၊
ခေါ ခေါ-
ဘာလုပ် မလို့လဲအကို၊
ဒီအနားမှာ တခုခုတော့ ရှိမယ်ကွ၊ ဒါကြောင့် ငါတို့ကို ဘယ်မှမသွားကြဖို့ ပြောတာပေါ့၊
ကျွန်တော်တို့သွား နေတုန်း၊ သူနိုး လာမယ်၊ ဘယ်လို လုပ်မလဲ၊
မနိုးပါဘူး ကွာ၊ ဒို့လည်း ဒီကို၊ မြန်မြန် ပြန်လာမှာကိုးဟ၊
ဟောက်သံ မကြားကောင်ဖွေးဖွေးနဲ့ပေါ့၊ ဟိုလူကြီး နိုးသွားမှာစိုးရတယ်၊
ခေါ- ခေါ-
ဒီအနီးအနားမှာ လက်နက်ကိုင်အစောင့်တွေ နေရာအနှံ့ချထားပုံ ရတယ်ကွ၊ သတိနဲ့သွားမှ ဖြစ်မယ်၊
အကို - အကို - ဟိုမှာ ကျားကြီး -
တောကြောင်ကြီးပါကွ၊ မကြောက်ပါနဲ့၊



ဟေ့ကောင်-တိုးတိုး ပြောပါကွ၊ ဟိုလူကြီးတွေ ကြားသွားအုံးမယ်၊
အကို-ဟိုမှာကြည့်စမ်း၊ သစ်သားတွေကာထားတဲ့ ခြံကြီးတခု၊
ဘယ်သူပိုင်တဲ့ခြံကြီးလဲ မသိဘူး၊ လာဟေ့-တိတ်တိတ် သွားကြည့်ကြရအောင်၊
ခြံကြီးထဲမှာ လူတွေ ရှိတယ်အကို၊
အေးကွ၊
နင်ဒီမှာနေခဲ့၊ ငါသွား ကြည့်မယ်၊
ဘယ်ဖြစ်မလဲ အကို၊ ကျွန်တော်ပါလိုက်မယ်၊
ခလေးတွေ လာကြပါအုံးကွဲ့၊ ဦးလေးတို့ကို မကြောက်ပါနဲ့၊
ဟာ-ငါတို့ကို မြင်သွားပြီ၊


# မလေးရှား ပြည်ထောင်စု











အရှေ့တောင် အာရှ၌ တည်ရှိသည်။ မလေးကျွန်းဆွယ်၏ တောင်ပိုင်းရှိ မလေးယား ပြည်နယ်များနှင့် ဗော်နီယိုကျွန်း မြောက်ပိုင်းရှိ ဆာရာဝပ်နှင့် ဆားဗားနယ်များ ပါဝင်၏။ စတုရန်းမိုင် ၁၂၈,၄၃၀ ကျယ်ဝန်းသည်။ လူဦးရေ ၁၀ သန်းခန့်ရှိသည်။ အီကွေတာနှင့်နီး၍ ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၏။ မြို့တော်မှာ ကွာလာလမ်ပူဖြစ်သည်။

မလေးကျွန်းဆွယ်၏ ငါးပုံလေးပုံမှာ သစ်တောထူထပ်သည်။ ယင်းသစ်တောမှ ကျွန်းသစ်၊ စန္ဒကူး စသော အဖိုးတန်သစ်များရသည်။


နိုင်ငံရှိ လူဦးရေအများဆုံးမှာ မလေးလူမျိုးများဖြစ်၍ ဒုတိယ အများဆုံးမှာ တရုပ် လူမျိုး၊ တတိယအများဆုံးမှာ အိန္ဒိယနှင့် ပါကစ္စတန် လူမျိုးများ ဖြစ်သည်။

နိုင်ငံ၏ တရားဝင် ဘာသာစကားမှာ မလေးဘာသာ ဖြစ်သည်။ တရုပ် အာရဗီနှင့် တမီးလ် ဘာသာစကားတို့လည်း အသုံးများသည်။ အင်္ဂလိပ်ဘာသာကိုမူ အစိုးရဌာနနှင့် စီးပွားရေးလုပ်ငန်းများ၌သုံးသည်။ အစ္စလာမ်အယူဝါဒသည် နိုင်ငံ၏ ဘာသာဖြစ်၏။



မလေး လူမျိုးတို့သည် မွန်ဂိုလွိုက် အနွယ်ဖြစ်သည်။ ခါးတွင် ဘောင်းဘီရှည် ပေါ်မှ လုံကွင်းကိုဝတ်၍ ခေါက်တင်ထားသည်။ ပေါင်လယ်အထိ ရောက်သော အင်္ကျီရှည် ဖားဖားကို ဝတ်သည်။ အမျိုးသမီးများက လက်ရှည်၊ ခါးရှည်သော အင်္ကျီရင်ကွဲနှင့် ပါတိတ် လုံချည်ဝတ်ကြသည်။

လယ်ယာတွင် ကျွဲကို အထူးအသုံးပြုသည်။ ကျေးရွာများတွင်ခြေတံရှည်၊ သက်ငယ်မိုး အိမ်ကလေးများ၌ နေကြသည်၊ ကမ်းရိုးတန်းနေ မလေး လူမျိုးများသည် ငါးများဖမ်း၍ ခေါက်လုပ်ကြသည်။ ဗော်



# သရုပ်ဖော်- ကျော်ကျော်

နီယိုကျွန်း မြောက်ပိုင်းရှိ လူများစုသည် လယ်သမားများဖြစ်၏။ အတွင်းကျသောနေရာများတွင် ရှေးလူရိုင်းများ ရှိနေသေးသည်။ တရုပ် နှင့် ကုလားလူမျိုးများကား မလေးရှား၏ ချမ်းသာကြွယ်ဝသော ကုန်သည်ပိုင်းဖြစ်သည်။

စိုက်ပျိုးရေးသည် မလေးရှား၏ အဓိက လုပ်ငန်း ဖြစ်သည်။ ဆန်စပါးကို အများအပြားစိုက်သော်လည်း ပြည်တွင်းသုံးအတွက်ပင် မလုံလောက်ချေ။ ကမ္ဘာ၌ ကြက်ပေါင်စေးနှင့် ခဲမဖြူ အများဆုံးထွက်သော နိုင်ငံဖြစ်သည်။ သံဖြူရိုင်းမှာ ကမ္ဘာ့အထွက်နှုန်း၏ သုံးပုံတပုံ ဖြစ်သည်။ အခြား ပြည်ပပို့ကုန်များမှာ အုန်းသီးဆံခြောက်၊ အုန်းဆီ၊ နာနတ်၊ ရွှတ်ကောင်းနှင့် ဝီလောပီနံ ဥများ ဖြစ်သည်။



မလ္လာယု ကျွန်းဆွယ်ဟုလည်း ရှေးကခေါ်သော မလေးကျွန်းဆွယ်ကို မြန်မာတို့က ပသျှူးကျွန်းဆွယ် ဟူ၍ အသိ များသည်။ အိန္ဒိယနှင့်တရုပ် နိုင်ငံအကြားကုန်သွယ်ရေးအတွက် ရှေးကပင် အရေးပါခဲ့သည်။ ၁၄ရာစုကစ၍ အစ္စလာမ် ယဉ်ကျေးမှု ရောက်ရှိ ပျံ့နှံ့လာသည်။ ၁၅ရာစုတွင်ပေါ်တူဂီ၊ ထိုနောက် ဒတ်ချ်၊ ထိုနောက် ဗြိတိသျှတို့ ရောက်ရှိလာ၍ လွှမ်းမိုးခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ ကြီးစိုးခဲ့ပြန်သည်။ စစ်ကြီးအပြီး ၁၉၄၅ ခုနှစ်တွင်ဗြိတိသျှပိုင် ပီနန်နှင့်မလက္ကာ နယ်နှစ်နယ်၊ တိုင်းရင်းသား စူလတန် စော်ဘွားများ ပိုင် ပြည်နယ် ကိုးနယ်တို့ကို စုပေါင်း၍ "မလေးယားသမဂ္ဂ" ဟု ဗြိတိသျှအစိုးရက ဖွဲ့စည်းသည်။ ၁၉၄၈ ခုနှစ်တွင်မူ. အုပ်ချုပ်ရေးစနစ်ကို အတော်အတန် ပြုပြင်၍ "မလေးယား ပြည်ထောင်စု" ကို တည်ထောင်ပြန်သည်။ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် မလေးယား ပြည်ထောင်စုသည် ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် အချုပ်အချာ အာဏာပိုင်နိုင်ငံ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မလေးယား ပြည်ထောင်စု၊ စင်္ကာပူ၊ သာရာဝပ်နှင့် ဆာဘားနယ်တို့ကို စုပေါင်း၍ "မလေးရှား ပြည်ထောင်စုနိုင်ငံ" ကို ဖွဲ့စည်းတည်ထောင်သည်။ သို့သော် စင်္ကာပူသည် ၁၉၆၅ ခုနှစ်တွင် ခွဲထွက်သွားသည်။ မလေးယား ပြည်ထောင်စုကို အနောက်မလေးရှားဟုရင်း၊ ဆာရာဝပ်နှင့် ဆားဗားနယ်တို့ကို အရှေ့မလေးရှားဟုရင်း ၁၉၆၆ ခုနှစ်မှစ၍ခေါ်ဝေါ်သည်။ စူလတန်စော်ဘွား ဆယ်ရှစ်မေးရှားသည် နိုင်ငံ၏ အဓိပတိဖြစ်၍ တွန်အဗ္ဗဒုရာဇတ်သည် ဝန်ကြီးချုပ် ဖြစ်လေသည်။




ကာတွန်း
မောင်မောင်သက်
အာဘော့
လွန်သော်
ဦးလေးမှုံ့လင်း
ဟိုအလုံးက မှည့်တယ်ကွ
အေးကွ
တနေ့တွင် အပါ၊ တာတီးနှင့် တက်ပုတို့သည် ဘုန်းကြီးကျောင်းဝင်းထဲ ဝင်ပြီး သရက်သီး ခူးကြလေသည်။
သရက်သီးတက်ခူးတာ ဘယ်သူတွေလဲ-သစ်ပင်ပေါ်က အခုဆင်း-မခူးကြနဲ့
ထိုစဉ် ကိုရင်ကြီးကမြင်၍
ဒီကောင်တွေ ပြောတာမရဘူး လေါက်လေးနဲ့ ပစ်မှဘဲ
လောက်လေးဖြင့် ပစ်ရာ....
တာဘီးပေါင်ကို မှန်သွားသည်။
ဟေ့-တာတီးမြန်မြန်ဆင်းကွ လစ်ကြမယ်


မြန်မြန်ပြေး ဟေ့
သရက်သီးစားပြီးယင် အိမ်ပြန်ကြမယ်
မနက်ဖြန် မီးရထားသံလမ်း မှာဒို့သုံးယောက် ဆုံကြမယ်
ဒို့ဘာလုပ် ကြမလဲ ပျင်းတယ် ကွ
ဘုန်းကြီးကျောင်း ထဲကိုတော့မသွား ရဲတော့ဘူးကွ၊ မနေ့ကတော်တော် နာတယ်
နောက်တနေ့ညနေ မီးရထား သံလမ်း ပေါ်တွင် ဆုံကြရာ –
မမစိန့်အိမ်ကို သွားပြီးသူ့ရဲ့ခြောက် ကြရအောင်
အေး–မမစိန့်က ကြောက်တတ်တယ် ဒီအကြံကောင်းတယ်
ပျော်စရာ ကောင်းမယ်
အခုလိုဆိုတော့မင်းရုပ်ကသရဲနဲ့ တူတယ်–မမစိန့်မင်းကိုမြင်ယင် ကြောက်မှာသေချာတယ်
တာတီးတကိုယ်လုံးမဲနယ်သုတ်လိမ်းလာသည်။
မမစိန့်အိမ်ကိုမင်းသွား ဒို့နှစ်ယောက် ဒီကစောင့် ကြည့်နေမယ်
အေး


အမယ်လေးသူ့ရဲကြီး
ဟိုက်
မမစိန်ရှိရာ အိမ်ခန်းထဲသို့ တာတီးဝင်လိုက်သော်–
ဟိုမှာမမစိန်တို့အိမ်မီးလောင်နေတယ်ဟေ့
တာတီးတော့ ဒုက္ခပါပြီ
တက်ပုနဲ့အပါတို့ရေမြန်မြန်လစ်ဟေ့-
ငါ့ကြောင့်မမစိန်အိမ်မီးလောင်နေပြီ
နို့သုံးယောက်ကြောင့် မီးလောင်တာကွ
ရေများများနဲ့ပက်ကြပါ
ရွာကလူကြီးများ ဝိုင်းငြိမ်းသတ်၍ အိမ်တခြမ်းသာလောင်သဖြင့် တော်တော့သည်။



## ထီးကို မည်သည့်အချိန်မှ စတင် အသုံးပြုခဲ့ကြသနည်း

လူတို့သည် ထီးကို ရှေးနှစ်ပေါင်း များစွာကပင် အသုံးပြုခဲ့ကြလေသည်။ ရှေးခေတ် အီဂျစ်လူမျိုးများနှင့် ဂရိလူမျိုးများသည် နေပူဒဏ်ကို ကာကွယ်ရန် ထီးကို အမိုးအဖြစ် အသုံးပြုခဲ့ကြသည်။

ဗြိတိသျှ လူမျိုး သိုးမွေးကုန်သည် တဦးဖြစ်သော ဂျိုနာဟန်းဝေးသည် ပါရှားပြည်သို့ ရောက်ခိုက် စီတန်းလှည့်လည်သွားသော အခမ်းအနား တခုတွင် မင်းသားတပါး ထီးဆောင်းသွားသည်ကို စတင် မြင်တွေ့ဘူးလေသည်။ ထိုမှ ဟန်းဝေးသည် ထီးများကို ပြုလုပ်ရောင်းချရန် စိတ်ကူးမိလေသည်။ သို့သော် ပြုလုပ်ပြီး ထီးများကို ရောင်းချသောအခါ ထိုနိုင်ငံမှ ထွက်ပြေးခဲ့ရလေသည်။ ပါရှားပြည်တွင် ထီးကို မင်းစိုးရာဇာများသာ ဆောင်းခွင့်ရှိကြောင်း ဟန်းဝေး မသိသောကြောင့် ဖြစ်သည်။ သို့တစေ ဟန်းဝေးသည် လန်ဒန်သို့ ပြန်ရောက်သောအခါ မိုးလုံစေရန် ထီးတချောင်း ပြုလုပ်ပြီး အသုံးချခဲ့လေသည်။ ယခုအခါ ထီးကို တကမ္ဘာလုံးရှိ လူအများက အသုံးပြုနေကြပြီ ဖြစ်သည်။

ကြယ်မြူ

## သစ်ရွက် ခေါင်းစည်းလေး



# တိုးတိုး တိတ်တိတ်

မောင်ရွှေမြည်(ရေနံမြေ)



မခင်လေးသည် စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည်။ မနေ့က သူနှင့်ရန်ဖြစ်ခဲ့သည့် မတင်လှ၏ ထိပ်ကို ခေါက်ချင်လှသည်။ ယခုအထိ ဒေါသက မပြေချင်သေး။ ဒေါသ အလျောက် ထပ်ခေါက်လျှင် သူကလည်း ငြိမ်နေမည် မဟုတ်။ နောက် ဆရာကြီး ရိုက်မည်ကိုလည်း ကြောက်ရသေးသည်။

မနေ့က မခင်လေးနှင့် မတင်လှတို့ရန်ဖြစ်ကြသည်ကို တတန်းလုံး သိကြသည်။ တယောက်နှင့်တယောက် နေရာမှမထ၊ အခိုင်မခံ အရှုံးမပေးစိတ်ဖြင့် တိုးတိုး တိတ်တိတ်ပြောကြဆိုကြသည်။ စောင်းကြချိတ်ကြသည်။ မျက်စောင်း အကြိမ်ကြိမ် ထိုးကြသည်။ နောက်တန်းမှ ယောကျ်ားကလေး များက "ဟုတ်ပြီကွ၊ ပြောပေးကွ" စသည်ဖြင့် တိုးတိုး တိတ်တိတ် မြှောက်ပေးကြသည်။

သူတို့နှစ်ဦး၏ ရန်ပွဲမှာ ဆရာကြီး အတန်းထဲဝင်လာမှ ရပ်သွားသည်။ သူတို့အားလုံး ဘာမှုမဖြစ်သလို ခပ်တည်တည်နေကြသဖြင့် ဆရာကြီး မသိလိုက်ပေ။ သိခဲ့လျှင် ရန်ဖြစ်သူရော မြှောက်ပေးသူများပါ သက်သာမည်မဟုတ်။ ထို့ကြောင့် မည်သူမျှ မတိုင်ရဲကြ။ ဆရာကြီးသည် စာမရသည်ထက် ရန်ဖြစ်လျှင် ဆုံးမရာ၌ အညှာမပေးသည်ကို သူတို့အားလုံး သိထားသောကြောင့် ဖြစ်သည်။

မခင်လေးနှင့် မတင်လှတို့သည် အိမ်နီးနားချင်း ဖြစ်ကြသည်။ မခင်လေး အင်္ကျီလှလှ ဝတ်ခဲ့လျှင် မတင်လှကလည်း မိဘများအား မရအရပူဆာ၍ ဝတ်လာတတ်သည်။ အတန်းထဲတွင် ဆရာကြီး၏မေးခွန်းကိုပင် သူ့ထက်ငါ ဦးအောင် ဖြေကြသည်။ ကြာတော့ သူတို့နှစ်ဦးသည် အလိုလို အရာရာတွင် အပြိုင်အဆိုင် ဖြစ်လာကြရသည်။

အစမ်းစာမေးပွဲများ၌ ပထမနေရာကို သူရကိုယ်ရ ပြိုင်၍ ကြိုးပမ်းကြသည်။ မိန်းကလေးများထဲမှ သူတို့နှစ်ဦးသာ ပထမ၊ ဒုတိယ နေရာကို တလှည့်စီယူခဲ့ကြသည်။ တခါတရံ ယောကျ်ားကလေးများထဲမှ ပထမ၊ ဒုတိယ ရသည်လည်းရှိသည်။ ထိုအခါ တဦးရမည်ကို တဦးက စိုးရိမ်စရာမလိုတော့၍ နှစ်ဦးစလုံးက ကျေနပ်ကြပြန်သည်။

သည်လိုနှင့် အတန်းတင်စာမေးပွဲကြီး နီးကပ် လာသည်။ သူတို့နှစ်ဦးလည်း ပြိုင်ဆဲ၊ ဆိုင်ဆဲ၊ အဆင်မသင့်သည့်အခါ တိုးတိုး တိတ်တိတ် ရန်ဖြစ်ကြဆဲ၊ စောင်းချိတ်နေကြဆဲပင်။

စာမေးပွဲကြီး နီးခါမှ ခြေထောက်တွင် သံစူးသဖြင့် မတင်လှ ကျောင်းမတက်နိုင်သည်မှာ သုံးရက်ရှိသွားပေပြီ။ မခင်လေး၏အမေက မခင်လေးကို မတင်လှထံ သွားရောက် သတင်းမေး

ရန် ပြောသည်။ မခင်လေးက ပေကတ်ကတ်လုပ်နေ၏။ မိမိ၏ ပြိုင်ဖက်၊ ရန်ဖြစ်ဖက်၊ စောင်းချိတ်ဖက်ထံ မသွားချင်ပေ။ ထိုအကြောင်းကို အမေ့အား ပြော၍မဖြစ်။ ပြောလျှင် အရိုက်ခံထိမည်မှာ သေချာသည်။ အအကြောင်းစုံမသိသော အမေကလည်း ခဏခဏ ပြောသဖြင့် နောက်ဆုံးတွင် စိတ်မပါပဲ ထွက်လာခဲ့ရသည်။

"လာ- လာခင်လေး။ ဟဲ့ သမီး-ခင်လေးလာတယ်"

မိခင်၏အသံကြောင့် မတင်လှသည် တဖက်သို့ စောင်း၍ အိပ်နေရာမှ ကိုယ်ကိုလှည့်လိုက်သည်။ မခင်လေးသည် မရယ် မပြုံးနှင့် မတင်လှအနီးတွင် ထိုင်ချလိုက်သည်။

"စာမေးပွဲနီးမှ သူဒီလိုဖြစ်ရတယ်ဆိုပြီး ခဏခဏ ငိုနေတာဘဲ ခင်လေးရယ်၊ ကဲ-ကဲ စကားပြောကြအုံး"

ပြောရင်းဆိုရင်း မတင်လှ၏ မိခင်ကြီးသည် အိမ်နောက်ဖက်သို့ ထွက်သွားသည်။ မတင်လှသည် ရှိုက်ကြီးတငင် ငိုနေရာမှ မခင်လေး၏ မျက်နှာကို လှမ်းကြည့်လေသည်။ ထိုအခါ အကြည့်ချင်းဆုံသွားကြသည်။ မခင်လေး၏စိတ်တွင် မတင်လှ၏ အကြည့်သည် ကျောင်းတုန်းက အကြည့်မျိုး မဟုတ်မှန်း သိလိုက်သည်။

မျက်ရည်များဖြင့် ပြည့်နေသော မျက်နှာ၊ ညှိုးညှိုးငယ်ငယ်ရှိလှသော မျက်နှာ၊ သည်မျက်နှာကို မြင်လိုက်ရသောအခါ မခင်လေးအနေနှင့် သနားစိတ်ပေါ် လာရပြန်သည်။

"သူငယ်ချင်းရယ် မပူပါနဲ့။ ခင်လေး ညနေတိုင်း လာပြီး နောက်ကျတဲ့ သင်ခန်းစာတွေကို ကူးပေးပါ့မယ်"

မယုံကြည်နိုင်စရာ ကောင်းသော စကားကို ကြားလိုက်ရသည့် မတင်လှသည် မျက်ရည်စနှင့် ပြုံးလိုက်ပြီး မခင်လေး၏ လက်ကို အားရပါးရ ဖျစ်ညှစ်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ။ သူငယ်ချင်းကို ဒီကပြိုင်ခဲ့တာ၊ ရန်လိုခဲ့တာတွေကို ခွင့်လွှတ်ပါနော်"

မတင်လှ၏အသံမှာ မာန်ကင်း၍ နူးညံ့လှပေသည်။

"ခွင့်လွှတ်စရာ မလိုပါဘူး သူငယ်ချင်းရယ်။ တကယ်ဆိုတော့ ခင်လေးကလဲ ပြိုင်ခဲ့၊ ရန်လိုခဲ့တာဘဲ။ နောက်ပြီး မခံချင်စိတ်နဲ့ ပြိုင်ခဲ့ကြလို့လဲ အတန်းထဲမှာ တော်ကြတာပေါ့။ မဟုတ်ဘူးလား-ဟင်"

သူတို့ နှစ်ဦးသည် တဦးကို တဦး နှစ်လိုသောစိတ်များဖြင့် ပြိုင်တူပြုံးလိုက်ကြသည်။

သို့သော် သူတို့နှစ်ဦး ဤသို့ ပြန်လည်ချစ်ကြည်မှုရသွားကြပုံမှာ တိုးတိုးတိတ်တိတ်ဖြစ်သောကြောင့် မည်သူမျှ မသိလိုက်ကြပါချေ။

# အမျိုးသား အောင်ပွဲနေ့

ကျောင်းတော်သားတွေ
သတ္တိပြောင်
မျိုးချစ်ဇာနည်မောင်။

လတန်ဆောင် နှစ်ကိုကြည့်
ထောင်ကိုးရာနှင့်နှစ်ဆယ်ပြည့်။

ဇွဲရှိရှိနှင့် တိုက်ခဲ့တာ
နယ်ချဲ့ကျွန်ပညာ။

နှစ်ရှည်ကြာ ဘယ်မမေ့
လပြည့်ကျော် ဆယ်ရက်နေ့။

ဇာနည်မျိုးဟော့ ကြွေးကြော်သံ
စိတ်အားတက်ကြွသံ။

ဇာတိမာန်နှင့် တို့မကြောက်
သပိတ်-သပိတ်မှောက်-မှောက်။

ရဲရဲတောက်မို့ တို့လူငယ်
ဒေါင်းလံကြီးကို လွှင့်ထူတယ်။

နှစ်ငါးဆယ် ရွှေရတု
အောင်ပွဲနေ့ကို တို့ဂုဏ်ပြု။ ။


ဗန္ဓုရဝင်း



B. 517

# ရစ်

ဈေးသူ ရဲမြင့်



ကိုယ်ထည် အလျား လက်မ ၂၀ မှ ၂၇ လက်မအထိ ရှိသည်။ အတောင်မှာ တို၍ ဝိုင်းသည်။ အမြီးတွင် အမွေးအတောင် ၁၆ ခု ပါပြီး အလယ်တောင်မှာ အရှည်ဆုံး ဖြစ်သည်။ ခြေထောက်သည် ရှည်၍ သန်မာသည်။ ရန်သူကို ခုခံရန် အတက်တခုစီ ပါသည်။ ဦးခေါင်းတွင် ကြီးမားသော အမွေးအမောက် ရှိသည်။

လည်ချောင်းသံဖြင့် လျှင်မြန်စွာ အော်မြည်တတ်သည်။ တောင်ပံကို အဆက်မပြတ် ခတ်သောအခါ အသံတဝီဝီမြည်လေသည်။

ကြောက်တတ်သည်။ လူကပ်မခံချေ။ မြေပြင်တွင် အပြေးမြန်သည်။ လိုအပ်မှ ပျံသည်။ စမ်းချောင်းများ ဝန်းကျင်မြေညီပိုင်းတွင် အအုပ်အသင်းဖွဲ့၍ နေတတ်သည်။

သားပေါက်ချိန်မှာ ဖေဖော်ဝါရီလနှင့် မေလအတွင်း ဖြစ်သည်။ ထိုအခါ စုံတွဲနေတတ်သည်။ သားပေါက်ချိန်တွင် ရစ်ဖို၏ အော်မြည်သံကို ကြားရတတ်သည်။ တသိုက်တွင် လေးလုံးမှ ဆယ်လုံးအထိ ရှိပြီး ဝါးတောထဲရှိ ကျင်းများတွင် အုတတ်သည်။ တဥလျှင် အလျား ၁.၈၆ လက်မခန့်၊ ပြက် ၁.၄၃ လက်မခန့် ရှိသည်။

မြန်မာနိုင်ငံနှင့် ယိုးဒယား နိုင်ငံများတွင်သာ တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ... (မှတ်ပုံတင်အမှတ် ၀၀၁၂)တွင် ... ရိုက်နှိပ်သည်။

အတွဲ - ၂၊ အမှတ် – ၄၀


# သူရ နှင့် သူဇာ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်


၁

ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၅ ရက် (၂၀-၁၁-၇၀)




မဟာမိတ်များဖြစ်သော ပဉ္စာလမင်းကြီးနှင့် ကောသလမင်းကြီးတို့သည် ပဉ္စာလမင်း၏ သမီးလေး သူဇာနှင့် ကောသလမင်းကြီး၏သား သူရတို့ ခင်မင်ရင်းနှီးစွာကစားနေကြသည်ကို တွေ့၍....





ထိုနောက် အရွယ်မြောက်လာကြသော် သူရမင်းသား၏ ပန်းချီပုံတူကို သူဇာထံပို့၍ ....




သူဇာမင်းသမီးလေး၏ ပန်းချီပုံတူကို သူရမင်းသားထံသို့ ပို့ဆက်ကာ ပုံချင်းလဲလှယ်ကြ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။


သမီးတော် သတ္တုကိုလဲ မေးရအုံးမယ်... အချိန်သင့်တော့ - အကြောင်းပြန်မယ်လို့ သင်တို့မင်းကြီး ကို လျှောက် တင်လိုက်ပါ...
သူဇာဒေဝီကို အပြည်ပြည်မှ လာရောက်တောင်း ဆိုကြရာ ပဉ္စာလမင်းကြီးက သင့်သလိုပြန်ကြား လိုက်၏။
ဟင် — ငါ့ကံ တယ်ခေပါကလား ....
ကိုယ်တော်လေး - ယောကျ်ားဆိုတာ အနည်းငယ်ကံ ရှင်ပါ - သူ့ဓာတ်ကို က - ကာတီမျက် ယင်-စစ်ထိုး စုံပေါ့ ...
ထိုအချိန်တွင် သူရမင်းသားသည် ကျောက် ပေါက်သဖြင့် အမာရွတ်များနှင့်ဖြစ်နေတော့၏။
အလို..“ကျေးပ်လဲ မကျန်းမာလှပါ - သမီးတော်နဲ့ မင်းကြီး သားတော်ကို လက်ထပ်ပြီး - ကျေးပ် ဥပုသ်ဆောင်ဝင်လို လှပြီ၊ လက်ထပ် မည့်ရက်ကိုသာ သတ်မှတ်ပါ” ဆိုဘိ
မျှားမကြာမီ ပဉ္စာလမင်းကြီးထံမှ သဝဏ်လွှာ ရောက်လာလေ၏။ ကောသလမင်းကြီးမှာ —
မိဖုရားကြီး - ဒီအခွင့်အရေးကိုလက် လွှတ် လို့မဖြစ်ဘူး။ ဘယ်လို စီမံကြမလဲ.... သားတော်ကလဲ - ကျောက်ပေါက်မတ် တွေနဲ့
စိုးရိမ်တော်မူပါနဲ့ - ဥတ္တရပူရ မြို့စားသား - ဒေဝ - ဟာ သားတော်နဲ့ တူပါတယ်၊ အရွယ်လဲတူ ပါတယ်၊ သူ့ကို ခေါ်ပြီး အစားထိုးပြီး......
အကြံမရ၍ မိဖုရားကြီးနှင့် တိုင်ပင်လေ၏။
×××××ကတိ သစ္စာ တည်ရမယ်နော်.... ရသမျှ လက်ဆောင်ပဏ္ဏာ တွေကိုလဲ ပေးမယ်၊ ဒေဝ - ကိုလဲ မြှောက်စားမယ်..
စိတ်ချတော်မူပါဘုရား - ရှေ့အဘတော်အတိုင်း ဖြစ်ရပါစေ မယ် ဘုရား
နောက်တနေ့တွင် ဥတ္တရပူရမြို့စားကို ဆင့်ခေါ် ပြီး ဒေဝကို လူစားသွင်း၍ လက်ထပ်ပွဲ ဆင်နွှဲ ရန် ပြောလေ၏။
မယ်တော်တို့စီမံတာကို သားတော်မြင် သဘော မကျဘူး၊ သူ့ဓာတ်ကို မလှည့်ဖြား စေချင်ပါဘူး မယ်တော်
လှည့်ဖြားတယ်လို့ လဲ ဟုတ်ပါဘူး - မင်္ဂလာပွဲ မှာ တင့်တယ်စေ ချင်လို့ပါ၊ သား တော်တို့လဲ ဖူးစာ မျှ ပြီးသားဘဲဟာ....
ထိုကိစ္စကို သူရမင်းသား အသိပေးလေသော်


သို့ဖြင့် နေ့ကောင်းနေ့မြတ် ရွေးချယ်ပြီး သူရမင်းသား၏နေရာတွင် ဒေဝကို ခေတ္တအစားထိုး၍ ပဉ္စာလပြည်တွင် သူဇာဒေဝီနှင့် လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပလေသည်။
မင်္ဂလာပွဲပြီးလေသော် မင်းသားအတုသည် ကြင်ယာတော်ကို မိမိတိုင်းပြည်သို့ ခေါ်ဆောင်သွားလေ၏။
မောင်တော် - ပွဲတော်တယ်လို့ ကောင်းပါ့ရဲ့လား
ကောင်းလှပါတယ် နှမတော်
အင်း ......
ငါ့နဲ့မော် - သျှရ
သာဖြစ်လိုက်
ချင်တော့တယ်
လမ်းခုလတ် စခန်းချရာတွင် —
မောင်တော်က
ငယ်ငယ်က သိပ်ကို
သွက်တာကဲ့နော်
ဟုတ်ပါတယ် နှမတော်
အင်း ......
ချောလိုက်တဲ့
သူ့ရှိ - ငါကြင်ယာ
တော်အစစ်ကဲ့ဖြစ်လိုက်ပါတော့
တခါတရံ ဆင်ပေါ်မှဆင်းပြီး ဝေါတော်စီး၏။



ဟော.....လါကြပြီ။ ...ယော်ကျွန်တော်ကြီး-
ဒေဝ - ကို အချက်ပြလိုက်..... .....
သူ့ထွက်သွားမှ ဒို့က အမှတ်တမဲ့ ဝင်ရမှာ
မှန်ပါ ကိုယ်တော်လေး
သူရမင်းသားသည် ကောသလပြည်နယ်စပ် ချိန်းဆိုထားသည့်နေရာတွင် နောက်ပါများနှင့်အတူ အသင့်စောင့်နေ၏။
အားလုံး ... ဥတ္တရပျံရဖို့ ကိုဟော့.....
ဒေဝသည် အချက်ပေးသည်ကို မမြင်ဟန်ပြုလျက် နောက်လိုက်ယော်သားများကို သူ၏မြို့ဖက်သို့သွားရန် အမိန့်ပေးတော့၏။
ထိုအချိန်တွင် တောတွင်း၌ ပုန်းအောင်းနေသော ဒေဝ၏ တပ်သားများ ဘွားကနဲပေါ်လာ၏။
ခေါင်း သစ္စာမဲ့တဲ့ အကောင်ဘဲ - ရပ်လိုက်
သူရမင်းသား လက်ပြလိုက်မှ ဒေဝနှင့်အတူပါလာသောသူ၏ ရဲဘော်များက ရိပ်မိပြီး -
ဒေဝကို ဝိုင်းထားလိုက်၏။ မင်းသမီးမသိစေရန်လည်း ဟန်မပျက်ကာထားလိုက်လေသည်။
သတ္တိရှိယင် စီးချင်းထိုးမယ်။ ယော်သားတွေ မပါစေနဲ့.....
ဒေဝသည် မလွတ်သာတော့သဖြင့် -

ဆက်ရန်-





ဟုတ်ကဲ့-ဟုတ်ကဲ့-
ကဲ-ဦးလေးပြောတာကို မမေ့နဲ့နော်၊ ရော့-ဒေါ်ဒီ ဦးလေးဖျင်ပုဆိုးလေးကိုယူသွား၊ တူ့မောင်တို့ဆီမှာ၊ ဒီဟာရှိနေတာကို၊ ဘယ်သူမှမသိစေနဲ့နော်၊
ဟုတ်ကဲ့ ဦးလေး-စိတ်ချပါ၊
အဖေတော်ပဲဟေ့ကောင်ကူ၊ အဖိုးကြီးအိပ်ပျော်နေတုန်းပဲကွ၊
ဘာတွေထူးလဲ ဟေ့၊
မထူးပါဘူးဆရာကြီး၊ သမ္ဗန်ကိုတော့အဝေးကမမြင်နိုင်အောင် ဖျက်ဆီးပစ်ခဲ့ပါပြီ၊
ဂျော်ကျော်နှင့်ကောင်ကူတို့သည် ကျွန်းကလေးပေါ်တွင်ကြာသည် နှင့်အမျှ၊ ဓါးပြများနှင့် ရင်းနှီးလာခဲ့သည်၊
ရော့-ရော့ ဝအောင် စားကြ၊
ထို့နောက် ဓါးပြများသည်၊ သူတို့အား ပင်လယ် ကမ်းစပ်သို့ သွားခွင့်ပြုလေသည်၊
ခုလောက်ဆိုရင် အဖေတို့အမေတို့ကတော့ ကျုပ်နော် တို့ကို သေပြီလို့ထင်မှာပဲနော်အကို၊
အေး-ကွ၊




ဆက်ရန်

# ဖိလစ်ပိုင်သမ္မတနိုင်ငံ

ရေးသူ-မွန်ယု






အရှေ့တောင် အာရှတိုက်၏ အရှေ့ဖက် ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ကျွန်းစုနိုင်ငံကြီး ဖြစ်သည်။ ကျွန်းပေါင်း ၇,၁၀၀ ခန့်ပါဝင်၍ လူဇုံနှင့် မင်ဒါနာအို ကျွန်းတို့သည် အဓိက ကျွန်းကြီးများ ဖြစ်သည်။ ကျွန်းစုတခုလုံး စတုရန်းမိုင် ၁၁၅,၆၀၀ ကျယ်ဝန်းသည်။ လူဦးရေ ၃၂ သန်းကျော် ရှိသည်။ မြို့တော်မှာ ကွေဇုံဖြစ်၍ ယခင်မြို့တော်ဟောင်း မနီလာမြို့အနီး တွင် ရှိသည်။

ကျွန်းတခုလုံး၏ မြေမျက်နှာပြင်မှာ တောင်ထူထပ်၍ ကမ်းရိုးတန်းများ ကျဉ်းမြောင်းသည်။ မီးတောင်ပေါ်များ၌ မကြာခဏ မြေငလျင်လှုပ်သည်။ သို့သော် မကြီးကျယ်ချေ။ ပူနွေးစိုစွတ်သော ရာသီဥတုမျိုးရှိသည်။ တောင်ခြေများ၌ သစ်တောများရှိ၍ မြန်မာနိုင်ငံကဲ့သို့ သစ်တော ဝါးတော ပေါသည်။

လူမျိုးနှင့် ဒေသလိုက်၍ ဘာသာစကား တရာခန့်ရှိသည်။ အရေးပါသော စကားရှစ်မျိုး ရှိ၏။ ရုံးသုံးစကားမှာ မလေး ဘာသာမျိုးဖြစ်သည့် တာဂါလော့ ဘာသာစကားဖြစ်သည်။ ဗရင်ဂျီဘာသာကို အများဆုံး ကိုးကွယ်ကြသည်။

ဖိလစ်ပိုင်နိုလူမျိုးတို့သည် မလေးနှင့် အင်ဒိုနီးရှားလူမျိုးတို့နှင့် အနွယ်ချင်းတူသည်။ တေးဂီတတွင် ဝါသနာထုံ၍ ကျေးရွာတိုင်း၌ တီးဝိုင်းတခုစီရှိ၏။ ပွဲထိုင်ဝတ်စုံအဖြစ် အမျိုးသမီးများက အတွန့်အတက်ပါသော လက်အိုးပွဖောင်းဖောင်း၊ ကော်လာအပြားကြီးကြီးနှင့် အင်္ကျီကို ဝတ်သည်။ အမျိုးသားများက နာနတ်လျှော်ဖြင့် ပြုလုပ်ထားသော အပေါ်အင်္ကျီ ပေါ့ပေါ့ပါးပါးများကို ဝတ်ဆင်ကြသည်။ အင်္ကျီကို ခေါင်းကစွပ်ရပြီး အနက်ရောင် ဘောင်းဘီအပြင်ဖက်၌ ထုတ်ဝတ်လေ့ရှိသည်။



## သရုပ်ဖော်- ကျော်ကျော်



လူဦးရေ ငါးပုံလေးပုံမှာ ကျေးရွာများ၌ နေထိုင်သည်။ ဆန်စပါး၊ ပြောင်း၊ ကြံ၊ မနီလာလျှော်၊ ဆေးရွက်၊ အုန်းပင်တို့ကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ လယ်ယာမြေ၌ မြင်း၊ နွား၊ စက်ကရိယာများထက် ကျွဲများကို ပို၍သုံးသည်။ တာအိုခေါ် ဖိလစ်ပိုင် လယ်သမားများ၏ ဘဝမှာ မြန်မာများနည်းတူ နေထွက်မှ နေဝင်အထိ အလုပ်များရ၏။ သူသည် အိမ်ဦးနတ် ဖြစ်၍ ဇနီးသည်မှာ ဘဏ္ဍာထိန်းဖြစ်သည်။ သားသမီးများသည် မိဖလုပ်ငန်းတွင် ဝိုင်းကူလုပ်ကိုင်ပေးကြသည်။



အာရှတိုက်တွင် ဖိလစ်ပိုင်နိုင်ငံမှ ရွှေအများဆုံး ထွက်သည်။ စိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်သည်။ အရေးပါသော ပြည်ပသို့ ပို့ကုန်များမှာ အုန်းဆံခြောက်၊ သကြား၊ သစ်၊ လျှော်၊ အုန်းဆီ၊ ရွှေနှင့် ကြေးနီတို့ ဖြစ်သည်။

ဖိလစ်ပိုင်ကျွန်းစုသည် ခရစ် ၁၅၅၆ ခုနှစ်မှစ၍ စပိန်လက်အောက် ကျရောက်ခဲ့ရသည်။ စပိန်တို့၏ စိုးမိုးမှုကို ၁၈၈၆ ခုနှစ်မှစ၍ ပုန်ကန်တော်လှန်ခဲ့ကြသည်။ စပိန်နှင့် အမေရိကန်စစ်ပွဲအပြီးတွင် စပိန်တို့ အရေးနိမ့်၍ ဖိလစ်ပိုင်ကျွန်းစုကို အမေရိကန်သို့ ပေးအပ်ရသည်။ ဖိလစ်ပိနိလူမျိုးတို့သည် အမေရိကန်တို့ လက်အောက်မှ လွတ်မြောက်ရန်လည်း ကြိုးပမ်းခဲ့ကြသည်။ ဒုတိယကမ္ဘာစစ် အတွင်းက ဂျပန်တို့ သိမ်းပိုက်ထားခြင်းကိုလည်း တော်လှန် တိုက်ခိုက်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်တွင် အမေရိကန် တပ်များက ပြန်လည်သိမ်းပိုက်၍ ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်ရေးပေးသည်။ ထိုနေ့တွင်ပင် အချုပ်အချာအာဏာပိုင် သမ္မတနိုင်ငံအဖြစ် ကြေညာခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည်။ နိုင်ငံ၏ အကြီးအကဲမှာ သမ္မတ ဖာဒီနန်မာကို့ ဖြစ်လေသည်။




နေရာပေးပါ
ကျောင်းချိန်ဆိုယင် ဘတ်(စ)ကားသိပ် ကျပ်တာဘဲကွ -
ဒီအဒေါ်ကြီးကို ငါ့နေရာဖယ် ပေးလိုက်ရ ကောင်းမလား
အို-ကိုယ့်နေရာကိုယ်အေး အေး-ဆေးဆေးထိုင်တာ ဘဲကောင်းပါတယ်လေ
အမလေး
ဒို့နေရာမပေးခဲ့လို့-ဟိုအဒေါ်ကြီး ခုလိုဖြစ်ရတာ -
အေးကွာ နေရာပေးသင့် သူကို နေရာပေးရမယ်

ကာတွန်းလေး
မဟာတင်

# မှုံမှုံ တတ

သရုပ်ဖော်
စန်းအောင်




ဂျစ်တူး
မိတူး-နှင့်ကို ဂျစ်ရဲ့
ပညာတွေပြမယ်
ဂျစ်တူးသည်စက်ဘီးစီး တော်ကြောင်းသိပ်ပြချင်နေသည်။
ဒါက
အမြန်စီးတဲ့နည်း
ဒါကတော့
လက်လွှတ်ပြီး
စီးတာ..ဟဲ-ဟဲ
ထိုစဉ် ရုတ်တရက် ခွေးဖြတ်ပြေးသဖြင့်-
ဟဲ့-ဟဲ့
ဒုံး
ဟယ်!
အရှိန် မထိန်းနိုင်ပဲ သစ်ပင်နှင့် ဝင်ဆောင့် တော့၏။
ပညာတတ်တိုင်း
ကြွားစရာမဟုတ်ဘူး
ကိုကို ရဲ့

# ငါးများသည် ဘာကိုရှူရှိုက်၍ အသက်ရှင်နေကြသနည်း



ရေကန် တကန်ကို လေ့လာကြည့်ပါ။ အမြှုပ်များ တစီစီ ပေါ်တက်လာတတ်သည်ကို တွေ့ရမည်။ ထိုကို ကြည့်၍ ရေထုထဲ၌ လေရှိကြောင်း သိနိုင်ပေသည်။ လေထုသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် သိပ်သည်းစွာ ဖိနှိပ်လျက် ရှိသည်။ ယင်းသို့ ဖိနှိပ်နေမှုကြောင့် လေအချို့သည် ရေထုအတွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။

ငါးများသည် ရေနှင့် ရောနေသောလေကို ရှူရှိုက်ကြရသည်။ ဦးစွာ ရေကို ပါးစပ်အတွင်းသို့ ဝင်စေလျက်၊ လေကို ပါးဟက်အတွင်းမှ ဖြတ်ဝင် သွားစေသည်။ ဤသို့ ဖြင့် ငါးများသည် ရေထု အတွင်းမှ လေကို ရှူရှိုက်ကာ အသက် ရှင်နေကြပေသည်။



ကြယ်မြူ

## သက်ဝင်လှုပ်ရှား အရုပ်များ



# အသိ

နွယ်နီ ကြိုင်သင်း



ကျွန်တော်သည် မိဘမဲ့ကလေးများကျောင်းမှ ထွက်ပြေး လာသူဖြစ်၍ ခြေဦးတည့်ရာ လျှောက်ခဲ့ပါသည်။ ရုပ်ရှင်ရုံ၊ ဆူးလေဘုရားနှင့် ပန်းခြံကို ကျော်လွန်ကာ သင်္ဘောဆိပ်သို့ ရောက်သွားပါသည်။

ဘောတန်တား သံတန်းပေါ်တွင် ကျွန်တော်နှင့် ရွယ်တူကလေးတယောက် ထိုင်နေပါသည်။

မကြာမီ သူ့အနားသို့ ကုလားလေးတယောက် ရောက်လာပါသည်။ သူတို့နှစ်ယောက်သည် ဘောတန်တားအောက်ကို ဆင်းသွားပါသည်။ ပြန်တက်လာသောအခါ လက်ထဲ၌ ငါးများ ဆွဲလာသည်ကို တွေ့ရပါသည်။

"အော်လီရေ သေလောက်စက်လှေတွေလာတို့ အချိန်နီးပြီကွ၊ ဒို့တတွေ ပြေလည်ပြန်ပြီပေါ့"

"ပေစိရာ- အရင်လိုစားသာပါ့မလားကွ"

ကျွန်တော်သည် သူတို့နှစ်ယောက် ပြောသွားသော စကားကြောင့် သူတို့မှာအလုပ်တခုခုတော့ ရှိရမည်။ သူတို့နှင့်အတူ ပေါင်းပြီး လုပ်ရလျှင် ကောင်းမှာပဲဟု တွေးလိုက်ပါသည်။

"ဟေ့-မင်းတို့ ဘယ်မှာနေကြလဲကွ"

"ဒို့မှာနေစရာတွေ အများကြီးပေါ့။ ဒီဘောတန်တားတွေ ရယ်၊ ဟိုအပေါ်က ငါးဈေးကြီးထဲမှာ ရယ်ပေါ့ကွ"

"မင်းကော ဘယ်မှာ နေလဲ"

"ငါ့မှာ အဖော်လဲမရှိ၊ နေစရာလဲ မတွေ့သေးပါဘူးကွာ"

"ဒါလိုဆို ဒို့နဲ့ အတူနေပြီး အလုပ်လုပ်ပေါ့ကွာ။ ငါ့နာမယ်က ပေစိလို့ ခေါ်တယ်။ သူက အော်လီတဲ့"

"မင်းနာမယ်ကော"

"မောင်အောင်လို့ ခေါ်တယ်ကွ"

ကျွန်တော်သည် ပေစိ၊ အော်လီတို့နှင့် အပေါင်းအဖော်ဖြစ်သွားပြီးနောက် သူတို့နှင့်အတူ ငါးဈေးထဲမှ ငါးများကို လိုက်ကောက်ကြပါသည်။ တခါတရံ ငါးသည်များ ထံမှလည်း အလစ်တွင် ဆွဲတတ်ပါသည်။ ကျွန်တော်တို့သည် ရထားသော ငါးများကို အပြင်တွင် ရောင်းပါသည်။ ရသည့် ပိုက်ဆံဖြင့် စားသောက်ပြီး နေလာခဲ့ကြပါသည်။

တနေ့တွင် ပေစိနှင့်အော်လီတို့သည် ပိုက်ဆံ မပေးပဲ ထမင်းထုပ် နှစ်ထုပ် လစ်လာကြပါသည်။

"ဟေ့-မောင်အောင် လာလေကွာ၊ မင်းကလဲ လက်နှေးတာလွန်ရော။ စားပြီးယင် တရေးလောက် အိပ်ရအောင်"

ကျွန်တော်သည် ထမင်းစားပြီး၍ အိပ်နေသော ပေစိနှင့် အော်လီတို့ကို ကြည့်ရင်း ကျွန်တော်တို့ ဘဝကိုတွေးကာ ဝမ်းနည်းနေမိသည်။

ဟုတ်ပါသည်။ ကျွန်တော်တို့ဘဝမှာ ခိုးနိုင်ဝှက်နိုင်မှ စားရပါသည်။ ကျွန်တော်တို့တသိုက်ကို ဘောတန်တား အနီးနှင့် ငါးဈေးအတွင်း ဝင်လိုက်သည်ဆိုလျှင် မယုံကြည်သော အကြည့်ဖြင့် ကြည့်ကြပါသည်။ တချို့က "သတိထားကြဟေ့– သူခိုးလေးတွေ လာနေတယ်" ဟု နေ့စဉ်ပင် ဆဲဆိုအော်ထုတ်နေကြသဖြင့် သည်နေရာတွင် ဆက်နေပါက ထမင်း စားရတော့မည် မဟုတ်ကြောင်း တွေးမိလေသည်။

ဈေးထဲတွင် ကျွန်တော်တို့အရွယ် မြေပဲ ဆားလှော်သည် ကလေးများကို တွေ့ရပါသည်။ သူတို့ကိုကား မည်သူကမျှ အထင်မသေးကြပါ။ သူတို့ကို လူအများက သနားရှိုးပင် နေကြပါသေးသည်။

ထိုအခိုက် ပေစိ နိုးလာပြီး သေလောက် ချနေသော စက်လှေသို့ သွားကြမည်ဟု ပြောပါသည်။

"မလုပ် ကြပါနဲ့တော့ သူငယ်ချင်းတို့ရာ ဒို့ကိုအားလုံးက သိနေကြပြီ။ မလွယ်တော့ဘူးကွ။ ဒီတော့ ငါပြောသလိုလုပ်ကြမလား"

"ဘယ်လိုလဲကွ"

"ဒို့မှာရှိတဲ့ ပိုက်ဆံလေးနဲ့ ရထားပေါ်မှာ ငါဆေးလိပ်လိုက်ရောင်းမယ်။ ရတဲ့အမြတ်ကို ခွဲတာစားပြီး မင်းနဲ့အော်လီက လက်ဖက်ရည်ဆိုင် တခုခုမှာ ဝင်လုပ်ရယင် မကောင်းဘူးလား"

ပေစိက စဉ်းစားပြီးနောက်-

"မောင်အောင် ပြောတာမှန်တယ်ကွ၊ ဒါမှ ဒို့ ဒီဘဝက လွတ်မှာ" ဟု မှတ်ချက်ချသည်။

သို့ဖြင့် ကျွန်တော် ပေစိနှင့် အော်လီတို့သည် ဘောတန်တားမှ ထွက်ခွာလာခဲ့သည်မှာ အတော်ကြာသွားလေပြီ။

တညနေတွင် ကမ်းနားဖက်သို့ ကျွန်တော် ရောက်သွားပါသည်။ ဈေးထဲသို့ ဝင်အသွားတွင်–

"ဟေ့– ဒီကောင်လေးကို သတိထားကြနော်၊ မတွေ့တာကြာပြီ" ဟု လူကြီးတယောက်၏ ပြောသံကို ကြားရပါသည်။

"ကျွန်တော်တို့ အရင်လို မဟုတ်တော့ပါဘူး ဦးရာ၊ ကိုယ့်အား ကိုယ်ကိုးပြီး အလုပ် လုပ်နေကြပါပြီ"

"အေး– ကြားရတာ ဝမ်းသာပါတယ်ကွာ။ ဒီလိုမှပေါ့။ ကိုယ့်ဘဝကို ကိုယ်ပြုပြင်မှရတာပေါ့"

ပြည်သူ့ ငါးဈေးကြီးကား မီးရောင်များ ထိန်ထိန် လင်းလျက်။ ကျွန်တော်လည်း လန်းဆန်း ပေါ့ပါးသော ခြေလှမ်းများဖြင့် ထွက်ခွာ လာခဲ့ပါတော့သည်။

## မုံ့ဆန်းပေါင်းချိန်

ညချမ်းခါမယ် ရယ်သွမ်းသွေးလို့
မုံ့ဆန်းမွှေးမွှေး ထောင်းကြမယ်။

ချွေးတွေသံတွေ တကယ်ထွက်လို့
ကျန်းမာရေးတွက် ကောင်းလှတယ်။

မမထွေးကွယ် ဆန်ကောလေးနဲ့
အသောကလေး ဈေပြာတယ်။

မုံ့ဆန်းမွှေးတွေသန့်သန့်ရတော့
ခန့်ခန့်လုလု စားချင်ဘွယ်။

လက်နှင့်ဆုပ်ကာ အသာဝါးတော့
လျှာအဖျားမှာ ရသာကြွယ်။

ခါးပိုက်ထဲမယ် အသာထည့်လို့
ဗိုက်ကိုနှဲ့ရင်း အဝတွယ်။

မုံ့ဆန်းပေါင်းချိန် မမေ့ဘူးကွဲ့
ခလေ့ထူးတဲ့ တို့ရွာငယ်။
သွားမယ်၊ စားမယ်။ ။

နေအမုံ



# ဖိုးခေါင်

ရေးသူ ရဲမြောင့်




ဖိုးခေါင်ငှက်ကို မြင်ဘူးသူ နည်းသည်။ ဖိုးခေါင်သည် တကိုယ်လုံး အစိမ်းရောင် အမွေးများရှိပြီး၊ ဦးခေါင်းတွင် အပြာရောင် အမွေးများ၊ လည်ပင်းတွင် ကြက်သွေးရောင်အမွေးများရှိသည်။ နှုတ်သီးမှာ တုတ်ပြီး သန်မာသည်။

အသံမျိုးစုံဖြင့် အော်တတ်သော်လည်း ''ဖိုးခေါင်'' ''ဖိုးခေါင်'' ဟူသော အသံဖြင့်လည်း အော်တတ်သည်။ ထိုအော်သံကို အစွဲပြုပြီး ''ဖိုးခေါင်'' ဟုခေါ်ကြခြင်းဖြစ်သည်။ ထိုသို့ အော်သံကို တနေ့လုံး ကြားနေရတတ်သည်။ တခါတရံညဥ့်အချိန်များတွင်ပင် ကြားရတတ်သည်။ အထူးသဖြင့် လနေခင်းများတွင် ပို၍ဆူညံစွာ အော်တတ်သည်။

အများအားဖြင့် ညောင်ပင်ကြီးများတွင် တွေ့ရတတ်သည်။ ညောင်သီးနှင့် ပိုးမွှားများကို စားသည်။ အမြင့်ပိုင်းတွင် နေလေ့ရှိသည်။ သစ်ရွက်စိမ်းနှင့်ရောနေသဖြင့် အလွယ်တကူ မမြင်နိုင်ပေ။ မြို့ကြီးများသို့ အလာနည်းသည်။

သစ်ကိုင်းတွင် အပေါက်ဖောက်ပြီး သားမွေးသည်။ ဧပြီလမှ မေလအတွင်း သားပေါက်သည်။ ဥသည် ဖြူပြီး၊ ပျမ်းမျှအလျား ၁.၂၀ လက်မနှင့် ပြက် ၀.၉၀ လက်မ ရှိသည်။



မြန်မာနိုင်ငံ သစ်တောများတွင် အနေများပြီး၊ အမြင့်ပေ ၄,၀၀၀ အထိ တွေ့ရှိနိုင်လေသည်။



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၈၁၂၈၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ—၂။ အမှတ်—၄၉။

# သူရ နှင့် သူရဲ ၂

# ရွှေသွား ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်

၁၃၃၂ ခု၊ နတ်တော်လဆန်း ၇ ရက်၊ (၅-၁၂-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


အင်း - သင်တို့ယောကျ်ားတွေဟာ-အချစ်ကို မတရား အဓမ္မ အတင်းယူချင်ကြတယ်၊ ယောကျ်ားမြတ်တို့ ထားအပ်တဲ့ စိတ်နှလုံး မရှိကြဘူး၊ သူရ - က လှည့်ဖြားပြီး လက်ထပ်ချင်တယ်၊ ဒွေဝ-က အရှင် သခင်ကိုလဲ သစ္စာဖောက်တယ်၊ ငါ့ကိုလဲ လိမ်လည် လှည့်ဖြားတယ်..........
သူဇာဒေဝီရောက်လာပြီး ရန်တွေ့တော့၏။
ကျုပ်ကို ခွင့်လွှတ်ရလိမ့်မယ်..... ဒီအကြံကို ကျုပ်သဘောမတူခဲ့ဘူး၊ ဒါပေမဲ့............
သူရကအကြောင်းကို ရှင်းပြရန်စကားစဉ် ....
သူဇာသည် နားထောင်မနေတော့ဘဲ ပဉ္စာလတိုင်းပြည်သို့ ပြန်လေ၏။
အဆွေတော်-ဒွေဝနဲ့ သူရ တော့ အသေအလဲချနေကြပြီ၊ ဒါအကွက်ပဲ၊ ကျုပ်တို့ရပေါင်းပြီး ပဉ္စာလ ပြည်ကို သွားတိုက်ယူကြရအောင်
ဟုတ်လိုက်လေ..... မာနကြီးတဲ့ သူဇာကို ထောင်သွင်း အကျဉ်း ထားမယ်
ကြိုက်ပြီ
ကျုပ်လဲ ပါမယ်
ထိုအချိန်တွင် သူဇာကိုချစ်ရေးဆို၍ မရခဲ့ကြသော မင်းသားများသည် အခွင့်ကောင်းယူ၍ ပဉ္စာလပြည်ကို တိုက်ခိုက်ရန် တိုင်ပင်ကြ၏။
အား
ကဲ.... ရေနွေးဟေ့
မြို့တံခါးကို အလုံပိတ်ထားသဖြင့် မြို့ရိုးကို လှေကားထောင်၍ တက်ကြ၏။
အား
ဟား ဟား ဟား ဟား


ကိုယ်တော်လေး ဘုရား ပဉ္စာလမြည်ကို - ဟိုဖင်းသားတွေ ဝိုင်းတိုက်နေကြောင်းပါ ဘုရား -
နယ်စပ်တောတွင်းတွင် သူရမင်းသား စိတ်ပျက်ပျက်နှင့် ငိုင်နေစဉ် —
ဘာ
တကယ် ဟုတ်ရဲ့ လား
သေချာလှပါ တယ် - ဘုရား
တော်က် — ဝိုင်းလိုက်လေ
တပ်မတော် - ရှေ့ .... တက်
သူရဲ တဲ့ပေါ့နော် - ကျား .........
သူရသည် ပဉ္စာလပြည်သို့ ဝင်ရောက်ကျူးကျော်သူများကို ထိုးစစ်ဆင်၍ မောင်းထုတ်လိုက်၏။
ဟာ - ကိုယ်တော်လေး သူရ ကိုယ်တော်လေး ကျေးဇူး ကြီးလှပါပေတယ်၊ လက်မောင်းမှာ ဒဏ်ရာနဲ့ပါလား၊ မြို့တွင်းကြွတော် မူပါ .....
ရန်သူများဆုတ်ခွါသွားပြီးနောက် သူရမင်းသားကို မြို့တွင်းသို့ ဖိတ်ခေါ်လေ၏။
မှန်လှပါ၊ ရန်သူများ ပြေးကုန်ပါပြီ ဘုရား - အပြင်က လာကယ် တဲ့ သူရဲကောင်းဟာ သူရ ကိုယ်တော်လေး တဲ့ ဘုရား —
ဘာ
ဟင်
ဟုတ်လား
ဒုက္ခပါဘဲ....
လက်မောင်းမှာ ဒဏ်ရာရသွားသတဲ့ ဘုရား
သူဇာသည် သူရမင်းသား အကြောင်းကို ကြားသိလေသော် ဝမ်းသာဝမ်းနည်း ဖြစ်မိ၏။



သုဇါ ကလေ - မောင်တော့်အတွက် စိတ်ပူလိုက်ရတာ....
တကယ်ဘဲလား သုဇါရယ်...
မောင်ကတော့ မိတ်ဆွေကောင်းတို့ ဝတ္တရားအတိုင်းပါဘဲ
သုဇာဒေဝီသည် သုရမင်းသား၏ ဒဏ်ရာကိုပြုစုပေးရင်း ကျေးဇူးတင်စကားပြောဆို၏။
ခမည်းတော်ဘုရား က. ကိုယ်တော်တို့ နှစ်ပါးလုံး အခေါ် လွှတ်ကြောင်းပါ.
ခမည်းတော် ရောဂါလဲ သဲ လာမှန်ပြီ......မှာစရာရှိ တာလေး.........သမီးတော်.မောင်သူရ အပေါ်မှာ စိတ်မပြောင်းစေချင်ဘူး ကွယ်၊ ကျောက်ပေါက် မောမရှိနဲ့အုံး . စစ်ထွက်ယောက်ျား မှန်ယင် ဒဏ်ရာရှိစမြဲဘဲကွဲ.... ခမည်း၊ တော် မင်းသားဘဝ က ရရှိထားတဲ့ ဒဏ်ရာဟာ.... ........
ဒီမှာ ကြည့်စမ်း......ယောက်ျား ကောင်းတို့မှာ နှလုံးရည် . လက်ရုံးရည် ပြည့်စုံ ဘို့သာ အရေးကြီး တယ်.....
မှန်လှပါ-သမီးတော် စိတ်မပြောင်းကြောင်း ပါဘုရား......
သို့ဖြင့် ဘုရင်ကြီးက သူရနှင့် သုဇာကို လက်ထပ်ပေးလိုက်လေတော့သတည်း။


အကို - သူတို့ဆီမှာ လက်နက်တွေနဲ့၊ ကျွန်တော်တို့ကိုတွေ့ရင်ပစ်သတ် မယ်ထင်တယ်၊
ရှူး - တိတ်တိတ်နေ၊ သူတို့ဟာဒို့ကျွန်းကိုလာ ကူးတဲ့ရေတပ်မတော် သားတွေနဲ့တူတယ်၊
ငါထွက်တွေ့ပြီး အကျိုးအကြောင်း မေးမယ်၊
မှူးကြီး - မှူးကြီး - ဒီကျွန်းပေါ်မှာ ပင်လယ်ဓါးပြ တွေ ရှိတယ်၊
ဟေ - ဟုတ်လား -
ဒီလိုဆိုရင် ပင်လယ်ဓါးပြတွေ ရှိတဲ့နေရာကိုလိုက် ပြပေးပါ၊ ကဲ - ကိုယ်တော်တွေ - အကာအကွယ်ယူပြီး လိုက်ကြ -
မကြာမီ - ကျော်လှိုင်နှင့်အောင်ကူတို့လမ်းပြ ခေါ်ဆောင်လာသော ရေတပ်မတော်သားများသည် ပင်လယ်ဓါးပြ တို့၏ စခန်းကို ဝိုင်းပြီးသား ဖြစ်နေသည်။
ထိုအချိန်တွင် ပင်လယ်ဓါးပြများမှာ တိုက်ခိုက်ရေး ကိုဆွေးနွေးတိုင်ပင်နေသောကြောင့် စခန်းတွင်း၊ တစုတဝေးတည်း ရှိနေကြသည်။
ငါပြောတာ၊ သဘောပေါက်ကြရဲ့ မဟုတ်လား၊
ပေါက်ပါတယ်ဆရာကြီး


ဟေ့-မင်းတို့ကို ဝိုင်းမိ ထားပြီ လက်မြှောက် လိုက်ကြ—
မဖြစ်ဘူး ခံချမှကွ
ဒိုင်း ဒိုင်း
လက်နက်ချမလား။
လက်နက်ချ ပါပြီဗျာ။
အားလုံး တန်းစီပြီး ထွက်ခဲ့ကြ။


လွတ်ပြီ - လွတ်ပြီ -
ငါ့တူတို့ စွမ်းအားမှုကြောင့် ဦးလေးတို့ လွတ်မြောက်ရတာ၊ သိပ်ကျေးဇူးတင်တာပဲ ကွယ်၊
ကျွန်တော်တို့လဲ ဦးဖလား အကြံပေးတဲ့ နည်းလမ်းနဲ့ လွတ်မြောက်ရတာပါ ဦးလေး၊
ကဲ - ဒီနေရာက မထွက်ခင်၊ သူတို့စခန်းကို မီးရှို့ ဖျက်ဆီးခဲ့ရမယ်၊
ဟုတ်ကဲ့ ဗိုလ်မှူး၊
ပင်လယ်ဓားပြတွေ ဝှက်ထားတဲ့ မော်တော်ဘုတ်တွေကို အားလုံးသိမ်းခဲ့ကြပေ့၊
ထို့နောက်
ဒီမီးတောက်မီးလျှံဟာ ကျွန်းကလေးပေါ်က မကောင်းမှုတွေကို ဖျက်ဆီးလိုက်တာပေါ့ကွာ၊
ပြီး၏

# ဂျပန်နိုင်ငံ





ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ဖက် ကမ်းရိုးတန်း၏ အရှေ့ဖက် ပစိဖိတ် သမုဒ္ဒရာထဲမှ သွယ်တန်းသော ကျွန်းစုနိုင်ငံဖြစ်သည်။ ဟော့ကိုင်းဒိုး၊ ဟွန်ရှူး၊ ရှီကိုကူနှင့် ကျူးရှူးတို့သည် အဓိကကျွန်းကြီး လေးကျွန်းဖြစ်၍ အခြား ကျွန်းငယ် နှစ်ထောင်ကျော် ပါဝင်သည်။ စတုရန်းမိုင် ၁၄၂,၆၈၈ ကျယ်ဝန်းသည်။ ဂျပန်ကျွန်းစုများသည် တောင်နှင့် မြောက်မိုင် ၁,၅၀၀ ကျော် ရှည်လျားသဖြင့် မြောက်ပိုင်းနှင့် တောင်ပိုင်းသည် အပူချိန် များစွာ ကွာခြားသည်။ တောင်ဖက်စွန်းသည် အပူပိုင်းဇုံအတွင်း ပါဝင်သည်မှလွဲ၍ ကျန်ဒေသများသည် သမပိုင်းရာသီဥတုမျိုး ရှိသည်။



ဂျပန်နိုင်ငံသည် သာယာ လှပသည်။ မြေမျက်နှာပြင်၏ ခုနစ်ပုံ ခြောက်ပုံမှာ တောင်ထူထပ်သည်။ မီးတောင် ပေါများသဖြင့် မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ခြင်း မကြာခဏ ဖြစ်တတ်သည်။ ထို့ကြောင့် သာမန်အားဖြင့် သစ်ဝါး စက္ကူတို့ဖြင့် ပေါ့ပါးသော အိမ်ငယ်ကလေးများ ဆောက်လုပ်နေထိုင်သည်။ ငလျင်ဒဏ် ခံနိုင်သော ခေတ်မီ တိုက်ကြီးများလည်းရှိသည်။ တိုကျိုသည် မြို့တော်ဖြစ်၍ ကမ္ဘာတွင် လူဦးရေ အများဆုံး မြို့ကြီးတမြို့ဖြစ်သည်။

ဂျပန်များသည် မွန်ဂိုအနွယ်ဝင်များဖြစ်သည်။ လုံ့လဝီရိယ ဇွဲကြီးသည်။ လူဦးရေ ၉၈ သန်း ကျော်ရှိရာ အများအားဖြင့် ရှင်တိုဘာသာဝင်များဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယန်ဘာသာ ဝင်များလည်းရှိသည်။ နိုင်ငံ၏ဘာသာစကားမှာ ဂျပန်စကားဖြစ်သည်။

မြို့ကြီးများရှိ ဂျပန်များသည် အနောက်တိုင်းဝတ်စုံများဝတ်ဆင်ကြသည်။ နေအိမ်၌မူ ကီမိုနို





ရိုးရာဝတ်စုံများကို ဝတ်ဆင်တတ်ကြသည်။ ပန်းချီ၊ ပန်းပုစသော အနုပညာများဖက်တွင် လက်ရာမြောက်၍ တမူထူးခြားသည်။

ဂျပန်များသည် ကလေးများကို အရေးပေးသည်။ ရုံးပိတ်ရက်နှစ်ရက်သည် ကလေးများအတွက် ဖြစ်၏။ မတ်လ ၃ ရက်သည် မိန်းကလေးများ၏ "အရုပ်ပွဲတော်" နေ့ဖြစ်သည်။ မေလ ၅ ရက်နေ့သည် ယောကျ်ား ကလေးများ၏ "အလံပွဲတော်" နေ့ဖြစ်သည်။

အဓိက စိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်၍ ဂျုံနှင့် ဗာလီစေ့ကို ဒုတိယအများဆုံး စိုက်ကြသည်။ စိုက်ပျိုးမြေမှာ တနိုင်ငံလုံး ဧရိယာ၏ ၁၆ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ပင်လယ်ငါးဖမ်း လုပ်ငန်းသည် အရေးပါသော လုပ်ငန်းကြီးတခုဖြစ်သည်။ ကျောက်မီးသွေး အထွက်ကောင်း၍ ခဲ၊ သွပ်၊ သံရိုင်း စသော သယံဇာတ ပစ္စည်းများလည်း ထွက်ရှိသည်။

ဂျပန်နိုင်ငံသည် ပထမနှင့် ဒုတိယ ကမ္ဘာ့စစ်ကြီး နှစ်ခု၏ ကြားကာလအတွင်း ခေတ်မီ စက်မှုနိုင်ငံတခု ဖြစ်လာသည်။ ဒုတိယ ကမ္ဘာ့စစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ သို့သော် ပြန်လည်ထူထောင်မှု လျင်မြန်လှ၍ ယခုအခါ အလွန် တိုးတက် ကြီးပွား နေသည်။ သင်္ဘော တည်ဆောက်မှု၌ ကမ္ဘာ့ပေါ်တွင် အကြီးဆုံးဖြစ်သည်။ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှု၌ ဒုတိယ၊ သံမဏိ ထုတ်လုပ်မှု၌ တတိယ၊ မော်တော်ကား ထုတ်လုပ်မှု၌ စတုတ္ထလိုက်သည်။

ဂျပန်နိုင်ငံ အမျိုးသားတို့က နစ်ပွန်ဟု ခေါ်သော ဂျပန်နိုင်ငံကို နေနတ်မျိုးနွယ်မှ ဆင်းသက်သည်ဆိုသော ဘုရင်များက အနွယ်မပျက် အုပ်စိုးလာခဲ့သည်။ ၁၂ ရာစုနှစ်မှစ၍ ဘုရင်များကိုပြရုပ်အဖြစ်သာထားသော ရှိုဂွန်ခေါ် စစ်သေနာပတိများ ကြီးစိုးလာခဲ့သည်။ ရှိုဂွန်စနစ်ကို ၁၉ ရာစုတွင် မေဂျီဘုရင်က တော်လှန်၍ စည်းမျဉ်းခံ ဘုရင်စနစ်သို့ ပြောင်းခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ပို၍ ဒီမိုကရေစီ သဘော သက်ဝင်သည့် အခြေခံ ဥပဒေသစ်ဖြင့် အုပ်ချုပ်ရေးစနစ် ပြောင်းခဲ့ပြန်လေသည်။ ယခုအခါ နိုင်ငံအကြီးအကဲမှာ ဘုရင် ဟီရိုဟီတိုနှင့် ဝန်ကြီးချုပ် အီဆာကူ ဆာတို တို့ဖြစ်လေသည်။




ဟံသာဝတီ - ဦးဘရင်
စကားတောင်းစား
ပန်းချီ— ဦးအေးတင်
သင်ရဲ့ဘုရင် စည်သူကျော်ထင် ကျန်းမာပါရဲ့လား - အင်းဝနန်းရင်ပြင်နဲ့ ဟံသာဝတီနန်းရင်ပြင် မည်သည်က ပို၍ကျယ်ပြန့်ပါသနည်း
အင်းဝမှ စကားတောင်းစား အမတ်သည် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားရှေ့သို့ အခစားဝင်ရောက်လျက်ရှိ၏။
မှန်လှပါ - အင်းဝနန်းရင်ပြင်က ခုနစ်တောင် ပို၍ကျယ်ကြောင်းပါ
စကားတောင်းစား အမတ်က ချက်ချင်း တင်လျှောက်၏။
ထို့နောက်
ဟဲ့ - အင်းဝကို သွားပြီး နန်းရင်ပြင်ကို ဘယ်လောက်ပို ကျယ်တယ် ဆိုတာ တိုင်းခဲ့စမ်း
အမိန့်တော်အတိုင်း ဆောင်ရွက်ခဲ့ပါမည်
ဆင်ဖြူများရှင်သည် မင်းချင်းတယောက်ကို အင်းဝသို့ လွှတ်၍ နန်းရင်ပြင်ကို တိုင်းတာစေ၏။
ကျွန်တော်မျိုး ကိုယ်တိုင် တိုင်းတာခဲ့သည်မှာ - အမှန်ပင် အင်းဝနန်းရင်ပြင်က - ခုနစ်တောင် ပို၍ ကျယ်ကြောင်းပါ
မင်းချင်း လည်း အင်းဝမှ ပြန် ရောက်လာသော်....
အသင် စကားတောင်းစား အမတ် သင့်မှတ်ဉာဏ်က ချီးကျူးလောက်ပါပေတယ် - သင် ဘယ်လိုတွက်မှတ်သနည်း
ကျွန်တော်မျိုး ခြေလှမ်း လာခဲ့ရာတွင် ရေတွက်လာသဖြင့် သိရပါသည်


အမတ်ကြီး ဒီမှာသို့ - စကားတောင်စား ကို ပင့်ဖိတ်ကာ - သူ၏ ခွမ်းရည်- သတ္တိ - သိမ်မွေ့ ပုံတို့ ကို စမ်းသပ်ပါ
ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင်သည် သူ၏အမတ်ကြီးမဉ္ဇူဒလကိုခေါ်၍ —
ကဲ အမတ်ကြီး စားသုံးပါလော့
ဒီလို ပြင်ဆင် ကျွေးမွေး တာ ဟာ - ငါ့ကို စမ်းတာဘဲ
အမတ်ကြီးမဉ္ဇူဒလလည်းစကားတောင်းစားကို ဧည့်ခံရန် ပြင်ဆင်ထားလေ၏။
စကားတောင်းစားသည်ရေကိုငွေဖလားတွင်ထည့်၍ လက်ဆေး၏။
စားတဲ့နေရာမှာ စနစ်တကျ စားတတ်မှ
ထမင်းကိုနယ်ဖတ်မစားပဲ အောက်ခြေမှ လက်ဖြင့် လှိုက်၍ စားရာ ထမင်းပုံမပျက်ပဲ အိ၍သာကျလေ၏။
ပြီးမှ ငွေဖလားဖြင့် လက်ဆေး၍ ရွှေဖလားဖြင့် ရေကိုငုံကာ သောက်လေ၏။
စားသောက်ပုံက တကယ်သိမ်မွေ့ ပါပေတယ် သူ့ သတ္တိကို စမ်းကြည့် ရအုံးမယ်
အမတ်ကြီး မဉ္ဇူဒလလည်း စကားတောင်း စားကို လေးစားချီးကျူးလျက်ရှိ၏။


စားသောက်လို့ ဖြိုးပါရဲ့လား
အမတ်ကြီးမညားဒလသည် ထွက်လာပြီး ခင်းထားသော ဖထိုင်ပေါ်၌ ထိုင်ရာ –
ဖြိုးပါတယ် အမတ်ကြီး
ကောင်းပါ့မျာ ကောင်းပါ့
သင်ဖြူးဖျာပေါ်၌ထိုင်နေသောစကားတောင်းစားသည် ရုတ်ချည်းထ၍ မညားဒလနှင့်အတူ ဖထိုင်၌ထိုင်လေ၏။
သင် ရွှမ်းရည်သတ္တိ ရှိပါပေတယ်
မညားဒလသည် စကားတောင်းစား၏ အားကျမခံ စိတ်ဓာတ်ကို ချီးကျူး၏။
စကားတောင်းစားအမတ်သည် အစားအသောက်သိမ်မွေ့၍ အနိုင်မခံ အရှုံးမပေး-ရွှမ်းရည်သတ္တိနှင့်ပြည့်စုံသူဖြစ်ကြောင်းပါ
ဆင်ဖြူများရှင်ဘုရင်ကိုလည်း တင်လျှောက်ပေးလေ၏။
တော်ပါပေတယ် သတ္တိရှိပါပေတယ်-ပညာ ရွှမ်းရည်နဲ့ပြည့်စုံပါပေတယ် သင့်လို့အမတ်မျိုး ရှိတဲ့ တိုင်းပြည်ဟာ အကျိုးများပါပေတယ်
ဆင်ဖြူများရှင် ဘုရင်လည်း စကားတောင်းစားကို အထပ်ထပ်ချီးကျူးလေတော့သည်။
ကျွန်ုပ်တို့လည်း စကားတောင်းစားအမတ်ကဲ့သို့ သိမ်မွေ့၍ ပညာစွမ်းရည်သတ္တိနှင့်ပြည့်စုံရန် လိုအပ်ပေသတည်း။

# လျှပ်စစ်မီးလုံး

## အဘယ်ကြောင့် လင်းသနည်း





လျှပ်စစ်မီးခလုပ်ကို ကျွန်ုပ်တို့ ဖွင့်လိုက်ပါက လျှပ်စစ်ဓာတ်အားသည် ဓာတ်ကြိုးအတိုင်း အလွယ်တကူ စီးဆင်းသွားပြီး လျှပ်စစ်မီးလုံးဆီသို့ ရောက်သွားလေသည်။ ထိုအခါ လျှပ်စစ်ဓာတ်အားသည် မီးလုံး အတွင်းရှိ ဓာတ်ကြိုးမျှင်ကလေး အတွင်းသို့ ရောက်သွားသည်။ ယင်းဓာတ်ကြိုးမျှင်ကလေးမှာ ဆံချည်မျှင်ခန့်သာရှိသည်။ ဤမျှ သေးငယ်သော ဓာတ်ကြိုးမျှင်ကိုဖြတ်၍ လျှပ်စစ်ဓာတ်စီးဆင်းရန် မလွယ်ကူလှပေ။ အားဖြင့်တွန်း၍ စီးဆင်းရပေသည်။ ထိုသို့ အားဖြင့်တွန်း၍ စီးဆင်းခြင်းကြောင့် ဓာတ်ကြိုးမျှင်မှာ ပူ၍ပူ၍လာပြီး မီးစွဲလောင်သည်အထိ ဖြစ်ရလေသည်။ ဤအခါ အလင်းရောင် ရရှိလာတော့သည်။


လျှပ်စစ်မီးလုံးအတွင်းမှ လေများကိုထုတ်ထားပြီး အထူးဓာတ်ငွေ့တမျိုးကို ထည့်ထားသည်။ ထို့ကြောင့် ယင်းဓာတ်ငွေ့အကူအညီဖြင့် ဓာတ်ကြိုးမျှင် အရည်ပျော်မသွားစေရန် ထိန်းသိမ်းပေးထားလေသည်။

ဤသို့ဖြင့် လျှပ်စစ်မီးလုံးသည် အချိန်ကြာမြင့်စွာလင်းနေနိုင်သည်။

ကြယ်ဖြူ







# ငွေသုံးကျပ်

ဒေါင်ရဲသွေ

အမေ့မျက်နှာ မကြည်တော့ တက်တိုး စိတ်အားငယ်ရသည်။ ပျော်ရွှင်သည့် စိတ်လည်း ပျောက်ဆုံးသွားရ၏။

"အမေ နေမကောင်းလို့လားဟင်"

"ဟုတ်တယ် လူလေးရယ်၊ ခေါင်းကအုံပြီး အဆစ်အမြစ်တွေ ကိုက်ခဲနေတယ်ကွယ်"

"ကျွန်တော် နင်းပေးမယ်လေ.... အမေ"

တက်တိုးသည် အမေ့ကို နင်းပေးနေသည်။ အိမ်ရှေ့လမ်းပေါ်တွင် သက်တူ ရွယ်တူများ ဆော့နေသည်။ တက်တိုးလည်း ဆော့ချင်သည်။ သို့သော်လည်း တက်တိုးသည် မိမိစိတ်ကို မျိုသိပ်ထားလေသည်။ ဤသည်ကို အမေက ရိပ်မိ၏။

"လူလေး သွားကစားချင်ကစားလေ"

"နေပါစေ အမေရယ် ....ကစားတာက ဘယ်အချိန်ဖြစ်ဖြစ်ရပါတယ်။ အမေကျန်းမာဖို့က အရေးကြီးတယ်မှတ်လား"

အမေရင်နင့်ရလေပြီ။ တကယ်တော့ သားလိမ္မာအတွက် ဝမ်းသာလုံး ဆို့ရခြင်းပင် ဖြစ်သည်။

× × ×

တက်တိုးသည် အဖမဲ့သား ဖြစ်သည်။ တက်တိုးမွေးပြီးကတည်းက အဖေ ကွယ်လွန်ခဲ့သည်။

အမေသည် အကြော်ရောင်း၍ တက်တိုးကို မွေးကျွေးစောင့်ရှောက်သည်။ ကျောင်းထားပေးသည်။ အစစအရာရာတွင် တက်တိုး မျက်နှာမငယ်ခဲ့ရပေ။ ယခုတက်တိုးသည် စတုတ္ထတန်းကျောင်းသားပင်ဖြစ်နေပြီ။

သို့သော် လွန်ခဲ့သောနေ့ရက်၊ လ၊ နှစ် များမှာကဲ့သို့ တက်တိုးမပျော်ပိုက်ပေ။ အမေ မကျန်းမာဖြစ်နေပြီ။ ထို့ကြောင့် အမေ အလုပ်မလုပ်နိုင်ချေ။ အလုပ်မလုပ်နိုင်တော့ ဝင်ငွေမရှိ။ ဝင်ငွေမရှိတော့ စားဝတ်နေရေး ကျပ်တည်းလေပြီ။

သို့ကြောင့် တက်တိုးသည် ဆော့ရန် စိတ်ကူးပင်မရောက်နိုင်တော့ချေ။ ကျောင်းသွားချိန်မှ လွဲလျှင် တက်တိုးသည် အမေ့ကျန်းမာရေးကို အထူးဂရုစိုက်၏။ မိခင်အမေစိတ်ချမ်းသာရန်လည်း ကြိုးစားလေသည်။

"လူလေးရယ်.... ကြက်အူစုံသဲစုံဟင်း စားချင်လိုက်တာကွယ်" ဟုအမေ့နှုတ်မှ ရုတ်တရက် ပေါ်ထွက်လာသည်။

"စားရပါ့မယ်အမေရယ်...."

တက်တိုးသည်အမေ့ကိုလွယ်လင့်တကူကတိပြုလိုက်၏။ ငွေတပြား တချပ်မှ မရှိပေ။ အမေ ဈေးမရောင်းနိုင်သည်မှာ တပတ်မျှရှိချေပြီ။

သို့ပေမင့် တက်တိုးသည် ငွေတပြားတချပ် ရလိုရငြား၊ အမေ အကြော် ဖောက်သည်ယူသော ဒေါ်အေးမေထံသို့ အပြေးသွားလေသည်။

"ဒေါ်.... ဒေါ်ကြီး၊ ဒေါ်ကြီး"

တက်တိုးသည် မိမိပြောလို

သည့် စကားကို ရုတ်တရက် ပြောမထွက်ပေ။ နှုတ်ဆွံ့နေ၏။

"ဘာပြောမလို့လဲ မောင်တက်တိုး။ မင်းအမေကောဘယ်လိုနေသေးသလဲ...."

"အမေကတော့ ထူးမခြားနားဘဲ ဒေါ်ကြီးရာ။ အမေ့ကို ခါတ်စာ ဝယ်ကျွေးချင်လို့ ငွေသုံးကျပ်လောက်ချေးပါ"

"ရော့.... ရော့၊ ညနေ ဒေါ်ကြီးလာခဲ့ဦးမယ်ကွယ်"

"ဟုတ်ကဲ့" ဟု ပြောပြီး တက်တိုးသည် ဝမ်းသာအားရဖြင့် သက်နိုးကျွန်းဈေးသို့ အပြေးသွား၏။ ထို့နောက်အမေစားလိုသော ကြက်အူစုံ၊ သဲစုံကိုဝယ်၏။

× × ×

အမေ့ ဆန္ဒပြည့်ဝသွားခဲ့ပြီ။ အမေသည် မမာနေသည့်ကြားမှ ပြုံးလာနိုင်ခဲ့သည်။ ဒေါ်ကြီး ဒေါ်အုံးမေလာစဉ်ကလည်း ပြုံးပြုံးရွှင်ရွှင်နှင့် စကားပြောနိုင်ခဲ့၏။ ထိုအခါ တက်တိုးကြည်နူးရသည်။

"ဒေါင်.... ဒေါင်.... ဒေါင်"

ရပ်ကွက်ကင်းတဲမှ (၉) နာရီ သံချောင်း ခေါက်သံကလေးမှာ လွင့်ပျံ့လာတော့သည်။

အမေသည် "တခေါခေါ" ဖြင့် အိပ်ပျော်နေပြီ။ တက်တိုးမှာ ဆီမီးခွက်မှိတ်တုတ်၊ မှိတ်တုတ်ဖြင့် စာကြည့်နေသည်။ သို့သော်၊ စာထဲသို့ စိတ်မရောက်ပေ။ ဒေါ်အုံးမေထံမှ ချေးငှားခဲ့သော ငွေသုံးကျပ်ကိုသာ စိတ်စွဲနေသည်။

"ဒီငွေကို ဘယ်လိုဆပ်မလဲ"

မကြာမီ အမေကျန်းမာလာလျှင် တော်သေး၏။ သည်လိုပဲ အမေ့ အခြေအနေ မပြောင်းလဲသေးလျှင် ခက်ချေ၏။ ဆက်လက်ပြီး တက်တိုးမတွေးဝံ့တော့ပေ။ ထို့ကြောင့် တက်တိုးသည် ဆီမီးခွက်ကို ငြိမ်းလိုက်၏။ စာအုပ်ကိုပိတ်လိုက်၏။ အိပ်ရာဝင်၍ နဖူးပေါ် လက်တင်ကာ စဉ်းစားနေသည်။ အိပ်မပျော်ချေ။

ပြီးတော့၊ မိမိနှင့် သက်တူရွယ်တူများ ဖြစ်သော ပေစူး၊ အောင်ပု၊ ဂုက်ထော်တို့ အကြော် ရောင်းနေခြင်းကိုလည်း မြင်ယောင်နေမိသည်။

တက် တိုး သည် တွေးရင်း စဉ်းစားရင်း အကြံရလာ၏။ သို့မှ အသက်ရှူချောင်ရတော့၏။ ဆုံးဖြတ်ချက်တရပ်ကိုလည်း ချမှတ်လိုက်သည်။ ထို့နောက်မှေးကနဲအိပ်ပျော်သွားတော့သည်။

ကြက် တွန် သံ နှင့် အတူ အရုဏ်သစ်ချေပြီ။

တက်တိုးသည် အမေလိုချင်လျှင်လည်း လွယ်လွယ်ကူကူ ရရန်ထွေးခံ၊ ဆေးပုလင်း ရေနွေးခါတ်ဘူး စသည်တို့ကို အမေ့အနီးတွင် ထားခဲ့သည်။

ထို့နောက် တက်တိုးသည် အမေ အကြော် ရောင်းသော ဗန်းကိုယူ၍၊ ဒေါ်အုံးမေ အကြော်ဖိုသို့ ခြေလှမ်း လေတော့သည်။

## 'လက်ယာမောင်း'

အသက်အန္တရာယ်
ကင်းစေကြောင်း၊
ယာဉ်များ တလမ်းမောင်း။
ရှေးစနစ်ဟောင်း
တော်လှန်ကာ၊
ကျင့်သုံးလိုက်သောခါ။
ပြည်သူတွေမှာ ဘေးရန်ရှင်း၊
ထိခိုက်မှုလဲကင်း။
သတ်မှတ်စည်းမျဉ်း ထိုနေရာ၊
ဖြတ်သန်းကူးကြပါ။
ကားတိုက်မှုဟာ ဘယ်မရှိ၊
စိတ်အေးချမ်းပါဘိ။
တာဝန်သိသိ ပြည်သူတွေ၊
လိုက်နာကြပါလေ။
စည်းကမ်း ရှိသေ အလေးထား၊
ဒို့သည် ပြည်ကြီးသား။
မှန်မြတ်စိတ်ထား လူတိုင်းပါ၊
ဝိုင်းဝန်းကူညီပါ။
တဆင့်တက်က
လက်ယာမောင်း၊
အစဉ် ကောင်းစေကြောင်း။ ။


မိုးမြမြ



R. 517

# ငှက်ဝါ

ရေးသူ ရဲမြင့်




ဝါဝင်းသော အဆင်းရှိခြင်းကြောင့် ဤငှက်ကို ဆန္ဒင်းဝါ ဟူ၍၎င်း၊ ငှက်ရွှေဝါဟူ၍၎င်း ခေါ်ကြသည်။ သို့သော်ငှက်ဝါ ဟု အများအားဖြင့် ခေါ်ကြသည်။

ကိုယ်ထည်အလျား ၁၀ လက်မကျော်ခန့်ရှိသည်။ ငှက်မ၏ ကျောတွင် အစိမ်းရောင် သန်းနေသည်။ ငှက်ဖို အငယ်များ သည် ငှက်မနှင့် ဆင်တူသော်လည်း လည်ပင်းတွင် အမဲရစ် မရှိချေ။ သစ်ပင်အမြင့်ပိုင်းတွင် အနေများသည်။

အဆင်း လှသလောက် သာယာသော တေးအမျိုးမျိုးကို မြည်ကြွေးတတ်သည်။ ခြောက်သွေ့ ရှင်းလင်းသော တောင်ခြေ တောများနှင့် တောင်ကုန်းများ ပေါ်တွင် တကောင်တည်း သော်၎င်း၊ စုံတွဲသော်၎င်း တွေ့ရသည်။ သဖန်းသီး၊ ညောင်သီးများကို စားသည်။

မေလနှင့် ဇွန်လအတွင်း သားပေါက်သည်။ အသိုက်ကို မြေမှအမြင့်ပေ ၂၀ ခန့်တွင်ရှိသော သစ်ကိုင်းခွတွင် တွဲလောင်း ပြုလုပ်ထားလေ့ ရှိသည်။ မြက်၊ သစ်ခေါက်၊ နွယ်မျှင် စသည်များ ဖြင့် ရက်လုပ်ထားသည်။ ၂ ဥ မှ ၄ ဥ အထိရှိပြီး တဥနှင့်တဥ အရွယ်၊ ပုံသဏ္ဌာန် မတူပေ။ အဖြူခံ အဝါပြောက်သို့မဟုတ် အညိုပြောက်များရှိသည်။ တဥလျှင် အလျား ၁.၁၀ လက်မခန့်၊ ပြက် ၀.၈၀ လက်မခန့် ရှိသည်။ အရှေ့တိုင်း နိုင်ငံအနှံ့နှင့် မြန်မာနိုင်ငံတွင် ရခိုင်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်တောင်းနှင့် တနင်္သာရီ တိုင်းများ တွင် တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၅၀။

# ကြောက်စိတ် ဆိုတာ....


ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - နွယ်နီကြိုင်သင်း

၁၃၃၂ ခု နတ်တော်လဆန်း ၁၄ ရက်(၁၂-၁၂-၇၀)




တညနေတွင် ရန်ကုန် သဘော်ဆိပ်၌




သဘော်တစင်း ဆိုက်ကပ်လာရာ....




သူတို့ကို လူနှစ်ယောက်က အကဲခပ်နေသည်။




ခဏကြာသော် တယောက်ကလာ၍....

စနေနေ့တိုင်းထုတ်ဝေသည်။


ဂျစ်ကားတစီးသို့ ခေါ်သွားသည်။
ကမာရွတ် အဝိုင်းကိုဖြတ်စဉ်....
မမ - မေမေနဲ့ လာတုန်းက ဒီလောက်ကြာလား
မကြာဘူး - ဒီအတက် တွေလဲ မရောက်ဘူး
ဒါဖြင့် - တခုခုဖြစ်ပြီ
အေးဖြစ်နိုင်တယ် ဘယ့်နှယ်မှုပ်မလဲ
ဒီလောက်လဲ မကြောက်ပါနဲ့ ဟိုနားမှာ ရဲသားတယောက် တွေ့တယ်
ဖြစ်ပါတယ်-မမ
ရှစ်မိုင်နားရောက်သော် ခေတ်ဆီကုန်သွား၍ ထိုလူနှစ်ယောက် ဆင်းတွန်းကြရ၏။
ခေတ်ဆီထည့်နေစဉ်....


ဟေ့ ချာတိတ် - ဘာဖြစ်လာတာလဲ ?
လူကြီး နှစ်ယောက် အိမ်ကို လိုက်ပို့မယ် ဆိုပြီး ခေါ်လာတာ ကြာလှပြီ ဆဲဒီ မသကာလို
ရဲထံပြေးသွားပြီး တိုင်ပြောသဖြင့်
ဒီမှာ ဆရာ. ဒီချာတိတ်က - သူ့ကို ခေါ်လာတဲ့ လူနှစ်ယောက် ကို မသကာ လို့တဲ့ .....
ဟုတ်လား... ဒါဖြင့် ရဲသားနှစ် ယောက် လိုက်သွားကွ
မင်းက အိမ်ပြန် ၇.၇ ပြန်သွား နှင့် ...
အနီးရှိရဲစခန်းသို့ ခေါ်သွားသည်။
ကြာလှချီလား ဖြန့်ဖြန့်တက်
ဂျစ်ကားရှိရာသို့ ပြန်ရောက်လျှင်
ဟေ့ - ရပ်လိုက်
ဘာကိစ္စ ပါလဲ ခင်ဗျာ
ရဲစခန်း ကျတော့ သိမှာပေါ့
ကားပြန်ထွက်သည်နှင့် တပြိုင်နက်
ဘာမှ မကြောက်နဲ့ - ဦးကို - ရှိရှိသါ ပြောပြ
သခေါ်ဆိုက် တော့ ×××× ××××× ××× မသကာ တာနဲ့ × ××××× ××××
ရဲစခန်းမှူးအား အကြောင်းစုံ ရှင်းပြ၏။
အော် - မင်းတို့က ဖြန့်ပေး - ဓါးပြ တွေဆိုပါတော့ -- ဘာလိမ်ချင် သေးလဲ - ဂျစ် ကားလဲ ခိုးလာ တာဘဲဖြစ်ရမယ်
ဒီကောင်တွေ ချုပ်ထား လိုက်ဟေ့
စခန်းမှူးက တဖက်သို့လှည့်၍-



မေမေရေ - လူကြီးနှစ်ယောက်တော့ ဖမ်းလိုက်ပြီ
အေး - ဒါမှကောင်းတယ်
ခင်းတို့ ဘဘကြီးအိမ် လိပ်စာသိကြလား
သိပါတယ် - ဗဟန်း - ၄ - လမ်း - အိမ်ခန်းပါတ် --- ပါ
ဟေ့ - ဂျစ်ကားနဲ့ လိုက်ပို့လိုက်ပါကွယ် ....
ဟုတ်ကဲ့ ဆရာ
ပေါ်
ပမ်
ပွမ်
ဟာ - လှလှနဲ့ ကိုဆွေတို့ပါလား ဂျစ်ကားကြီးနဲ့ ဘယ်လိုဖြစ်လာကြတာလဲ ...
ဘဘကြီးအိမ် ရောက်သော်–
ဘဘကြီး လာကြိုမယ်ဆိုပြီး မလာတော့ လူကြီးနှစ်ယောက် က x x x x x x x x x x x x x x x
ဘဘကြီးလာကြိုပါတယ် .... စီးလာတဲ့ဘတ်စကားစက်ပျက်လို့နောက်ကျသွားတယ်၊ ဟိုရောက်တော့ဘယ်သူ့မှမတွေ့လို့ ပြန်လာတာ
တော်သေးတာပေါ့ - ချာတိတ်က မသင်္ကာလို့ - သူ့ဥာဏ်စွမ်းနဲ့ အရဲစွန့်ပြီး ရဲစခန်းမှအကူအညီ လာတောင်းပေလို့ဒုက္ခ မရောက်တာ....... ကဲ - သွားပါဦးမယ်
ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် - နောက်ကိုလဲ ဒီဘက်ရောက်ရင် ဝင်လည်ပါ
ကိုဆွေက သတ္တိရှိသားဘဲ
ဒါမျိုးမှ ဘဘကြီးက ကြိုက်တာ


လူတွေကိုတော့
စိတ်နာတယ်ဗျာ
သရုပ်ဖော်-
ဉာဏ်လေး
ဇာတ်လမ်း -
- ပျဉ်းမနားဇော်သင်းဦး
ကျွန်တော်သည် ရွာထိပ်ရှိ ညောင်ပင်ကြီးအောက်တွင် နေရပါသည်။ လူတွေက ကျွန်တော့ကို မိုးနှင့် ဆောင်းရာသီတွင် ပစ်ထားကြပါသည်။ ထို့ကြောင့် လူတွေကိုတော့ စိတ်နာမိပါသည်။
မိုးရာသီ
ဆောင်းရာသီ
ဟင်....
ရေလဲမရှိပါလား
မင်းတို့ဘာကောင်တွေလဲ
လူဆိုက်တွေလား..
လူတယောက်သည် အသွားတုန်းက ကျွန်တော့်ကို လှည့်၍ပင် မကြည့်ပါ....
အပြန်ကျတော့ ကျွန်တော့်ကို ဝင်ကြည့်ရာ ရေမတွေ့၍ မှောက်ခုံကြီးလုပ်ထားခဲ့သဖြင့်စိတ်တိုတိုနှင့်အော်မိပါသည်။
တနေ့တွင်
အင်း! ရေတွေထည့်လို့ရမှာမဟုတ်ပါဘူး အက်ကြောင်းတွေနဲ့.
ရေထည့်မယ့်ပုံမပေါ်ပါဘူး
ရွာသားတယောက်က အက်ကြောင်းတွေထနေသဖြင့် ရေထည့်၍ ရမည်မဟုတ်ဟုဆိုကာ-
ဒါကြောင့်..လူတွေကိုစိတ်နာတယ်
ကျွန်တော့်ကို သစ်ပင် ခြေရင်း၌ချပြီး အခြားအိုးသစ်တလုံးကို တင်ထားလိုက် ပါသည်။


ကျော်မြင့်
ဒေါသ



လူကြီးကို အသိမပေးမိလို့
အောင်လှိုင်ဦးသည် ဘောလုံးကစားရင်းချော်လဲကာ ဒူးခေါင်းတွင် ဒဏ်ရာ ရသွားသည်။
ဟာ! ဒဏ်ရာများကြီးပါလား
ဖေဖေနှင့် မေမေ အားမည်သို့ဖြစ်၍ ဒူးတွင် ဒဏ်ရာ ရသည်ကို မပြောဘဲ နေသည်။
ကျောင်းသွားသည့်အခါတွင် ဒူးမှ အနာကြောင့် ထော့နဲ့ထော့နဲ့ ဖြစ်နေသော်လည်း
အိမ်တွင်မူ ဟန်လုပ် ၍ နေလေသည်။
လေးငါးရက်ကြာသော် အနာသည်တဖြည်းဖြည်းနှင့် ကိုက်ခဲလာလေသည်။
နောက်ဆုံးတွင် မနေနိုင်အောင် ကိုက်ခဲလာသောကြောင့် လူကြီးများ သိကုန်ကြသည်။
သားကို ဆေးရုံသွားပြမှ နဲ့တူတယ်
ထို့ကြောင့် အောင်လှိုင်ဦးအားဆေးရုံတင်၍ အနာကို ခွဲရလေသည်။
ဖြစ်ဖြစ်ချင်း ပြောယင် အိမ်မှာ တင်ဆေးထဲ့လို့ ခုဆို ပျောက်ပြီ၊ လူကြီးတွေကို အသိမပေးဘဲ နေတော့ - အခု - ကျောင်းတက်ပျက် ပြီမှတ်လား

# ပထမဆု



စိန်ထွန်းအောင်

# လမ်းအန္တရာယ် ကင်းရှင်းရေး

# ကာတွန်းပြိုင်ပွဲ

## ဒုတိယ



ရွှေမင်းသား

## တတိယ




မေကာ


အလင်္ကာကျော်စွာ
ကာတွန်းပိဋကဦးဘဂျမ်းအား
ဂုဏ်ပြုသော ရန်ကုန်မြို့
(အောက် ၁၃ လမ်း)
တန်ဆောင်တိုင်မှ

လမ်းအန္တရာယ် ကင်းရှင်းရေး ကာတွန်းပြိုင်ပွဲ ဆုရသည့် ကာတွန်းများ (၁၉၇၀ ပြည့်နှစ်)




မောင်မောင်

# အာပုံ ဆုများ




ခင်ဆွေ



တင်ဆွေ

လက်ျာကပ် မောင်း




# ခဲတံ

ခဲတံဟု ကျွန်ုပ်တို့ခေါ်ဝေါ်ကြသော်လည်း ခဲသတ္တု အစစ်ဖြင့် ပြုလုပ်ထားခြင်း မဟုတ်ပေ။ ရှေးခေတ်က ခဲသတ္တု ဖြင့် စာရေးခဲ့ကြဘူး၏။ သို့သော်ယနေ့ခဲတံတွင် ဂရက်ဖိုက် ခေါ် ကာဗွန် တမျိုးကို မြေစေးနှင့်ရော၍ အသုံးပြုကြသည်။ ဂရက်ဖိုက်နှင့်မြေစေးကို အမှုန့်ဖြစ်အောင်ထောင်းပြီးရောစပ် သည်။ထို့နောက် အထူးပြုလုပ် ထားသော စက်အတွင်းသို့ ထည့်လိုက်သည်။ ဂရက်ဖိုက်ခဲနန်းကြိုးများအဖြစ် တဖက်မှ ပြန်ထွက်လာသည်။ ယင်းခဲနန်းကြိုးကလေးများကို ခဲတံ အ ရှည်အတိုင်းဖြတ်ပြီး မီးပေါင်းဖိုတွင်ထည့်၍ အပူပေးသည်။ ထိုအခါ မာကျောသော ခဲချောင်းများ ဖြစ်လာသည်။


ယင်းခဲချောင်းများကိုအလယ်တွင်မြောင်းဖော်ထား သော သစ်သားခြမ်းနှစ်ခြမ်းဖြင့်ညှပ်ပြီးကော်ကပ်ပေးသည်။ ထို့နောက် ခဲတံပုံသဏ္ဌာန်အတိုင်း ချွန်ပေးသည်။ ဆေးရောင် စုံဖြင့်သုတ်ပေးသည်။လိုအပ်သော ရွှေရောင်၊ငွေရောင်တံဆိပ် များရိုက်ပေးသည်။ ဤအဆင့်များအားလုံးကို စက်များဖြင့် အလွယ်တကူ ပြုလုပ်ခြင်းဖြစ်သည်။

ဤသို့ဖြင့် သင်တို့ကျွန်ုပ်တို့အသုံးပြုနေသော ခဲတံများ မွေးဖွားလာလေသည်။

ကြယ်ဖြူ



ဂျမ်းတိုး အရုပ်




တာဝန်
နှင့်
ဝတ္တရား
ဇာတ်လမ်း:အောင်ကျော်မင်း
ပန်းချီ- သုခုမ အုန်းခင်-
တခါသော် ဝန်ကြီးဗညားကျန်းတောသည် စစ်ကိုင်းမြို့မှ အင်းဝသို့ ညအချိန်မတော် ပြန်ရောက်လာသဖြင့် မာန်အောင် တံခါးမှူးထံ လူစေလွှတ်၍ တံခါးဖွင့်စေရာ...
တံခါးမှူး ဝန်ကြီးက မြို့တွင်းဝင်ရန်မို့ တံခါးဖွင့်ပေးပါတဲ့...
ဘယ်က ဝန်ကြီးလဲ
ဝန်ကြီးဗညား ကျန်းတောပါ..
ဝန်ကြီးဖြစ်လျက် မြို့ပြင်တွင်ဘာကြောင့် အချိန်လင့်နေရ သလဲ..
ကျွန်ုပ်မသိ ဝန်ကြီးကခိုင်းလို့ လာရတာပါ..
သင့် ကောင်းဝန်ကြီး ကိုငါမတွေ့ခဖူး.. အချိန်မဲ့မှဝင်လို လျှင်မြို့ဝန်ထံမှခွင့် ပြုစာယူခဲ့လော့..
ထိုအခိုက်ဝန်ကြီး ရောက်လာပြီး....


ငါ့ကိုဘာကြောင့်တံခါး ဖွင့်မပေးသလဲ···
ဝန်ကြီးဆိုတိုင်းဖွင့်ပေးရမည်လော၊ သွားစဉ်ကလည်းမမှာခဲ့၊ကြိုတင်၍ လည်းအကြောင်းမကြား၊
ဝန်ကြီးဆိုတိုင်းမြို့တံခါးဖွင့်ပေးရလျှင် သူပုန်သူကန်များအတွက်မခက်ချေ ပါလော··
အင်း-သူပြော တာတွေဟာ တယ်မှန်ပါလား
ဝန်ကြီးသည် အောင်ထွန်းတံခါးမှူးထံ သူတပည့်ကို စေလွှတ်၍ စုံစမ်းစေပြန်သည်။
တံခါးမှူးဝန်ကြီး ဗညားကျန်းတော်က မြို့တွင်းဝင်ရန်တံခါး ဖွင့်ပေးပါတဲ့
ဝန်ကြီးဘယ်မှာ လဲ··
သင်တံခါးဖွင့်ပေးလျှင် မြို့တွင်းသို့ဝင်ရောက် ရန်အသင့်ရှိ ပါတယ်··
ကောင်းပြီ ဝင်လိုက ဝင်ပါ လော့
ဝန်ကြီးသည်ဖွင့်ပေးသည့် တံခါးမှ ဝင်လာရင်း အောင်ထွန်းတံခါးမှူးကို စောင်းငဲ့ကြည့်သွား၏။
နောက်တနေ့ နံနက်တွင် ဝန်ကြီးအမိန့်ဖြင့် တံခါးမှူးနှစ်ဦး ရောက်လာသော် —
မောင်အောင်တံခါးမှူး၊ငါသည် ညကသင်တံခါးဖွင့်မပေး၍၊အောင် ထွန်းတံခါးမှဝင်ရသည်ကိုသင် သိသလော··


ကောင်းပြီ၊ တံခါးဖွင့်မပေးခြင်း အတွက် သင့်မှာ အပြစ်ရှိ သည် မဟုတ်လော
မရှိပါ ဘုရား
ကျွန်တော်သည် တာဝန်ရှိသူဖြစ် ပါသည်၊ ဝန်ကြီးကိုမရိုသေ၍မဟုတ် တာဝန်နှင့်ဝတ္တရားကိုလေးစားခြင်း ဖြစ်ပါသည်..
ကောင်းပြီ၊ ဟဲ့ ဟိုဘက် က အောင်လွန်းတံခါး မှူး..
သင့်တွင် ကော အပြစ် မရှိသလော
မှန်ပါ- ဝန်ကြီးဖြစ် နေ၍ရိုသေ ရပါသည် ဘုရား
ကောင်းပြီ၊ သင်တို့နှစ် ဦးမှာ၊ အောင်လွန်းတံခါး မှူးသည်လေးစားရမှန်း ကားသိ၏ သို့သော်တာ ဝန်ကိုမသိတတ်၊ မာန် အောင်တံခါးမှူးကား မိ မိ၏တာဝန်ကိုသိတတ် ခြင်းရိုသေခြင်းရှိ၏။
ထို့ကြောင့် မာန်အောင်တံခါးမှူးသည်၊ တာ ဝန်သိတတ်သူဖြစ်၍ ချီးမွမ်းသည်၊ အောင်လွန်းတံခါးမှူးကား ရိုသေတတ်သော် လည်း အရာဌာနကိုမ ချင့်၊ ညဉ့်နက်မှပြန် လာသူကိုဝန်ကြီး ဆိုရုံမျှဖြင့် တံခါးဖွင့်ပေး သောကြောင့် တာဝန်မသိ တတ်ကြောင်း ထင်ရှားသည်
ဝန်ကြီးသည် တံခါးမှူးနှစ်ဦး၏ဆောင် ရွက်ချက်တို့ကို ဝေဖန်ပြီးနောက်....
သင်တို့နှစ်ဦးလုံး ယနေ့မှစ၍ တာဝန်နှင့်ဝတ္တရားကို ကျေပြွန် အောင်ဆောင်ရွက်နိုင်ကြ စေ..

# တာဝန်သိတတ်လျှင်



မောင်ဦးဟန်စသည်

(အောင်လံ)

မျိုးအောင်နေသောကျောင်းသည် မနက်ပိုင်းတွင်သာ တက်ရသည်။ ထို့ကြောင့် နေ့ခင်းပိုင်း ကျောင်းအားချိန်တွင် မိဘများကို ကူညီရသည်။

မျိုးအောင်၏မိဘများသည် အုတ်ကျင်း တွင် နေ ထိုင် ကြသည်။ ပန်းခင်း စိုက်၍ စား သောက်ကြသည်။ နေ့လယ်စာ စား ပြီးသည် နှင့် တပိုင်တည်း သိမ်ကြီးဈေးသို့ သွား၍ ပန်းပို့ပေးရသည်။

တနေ့တွင် မျိုးအောင်သည် ပန်းပို့ရန် ရှစ်လိုင်း ကားပေါ် တက်လိုက်သည်။ ကားပေါ်တွင် လူများ ပြည့်ကျပ်နေသည်။ သူ့အနီးမှထိုင်ခုံတခုနေရာ လွတ်နေသဖြင့် ဝင်ထိုင် လိုက်သည်။ သူ့ဘေးတွင် လူကြီး တယောက် ထိုင်နေသည်။

"လက်မှတ်မဝယ်ရသေးယင် ဝယ်ပါ။ ဆင်းမဲ့မှတ်တိုင် ကြိုတင်ပြောပါ"

လက် မှတ် ရောင်း ကြီးသည် မျိုး အောင် အနီး ရောက် လာသည်။ မျိုးအောင်သည် ၂၅ ပြားတန် လက်မှတ် တစောင် ဝယ် လိုက်သည်။ သူ့ဘေးမှ လူကြီးက ဆယ်ပြားတန်လက်မှတ် တစောင် ဝယ်လိုက်သည်ကို မျိုးအောင် သတိပြုမိသည်။

ထိုလူကြီးသည် သူ ဆင်းရမည့်မှတ်တိုင်ကိုကျော်လာသော်လည်း မဆင်းသေးသည်ကို ထပ်မံသတိပြုလိုက်မိသည်။ သိမ်ကြီးဈေးသို့ ရောက်သော အခါ မျိုးအောင် ကားပေါ်မှ ဆင်းလိုက်သည်။ ထိုအချိန်ထိ ထိုလူကြီးမှာ မဆင်းသေးပေ။

သည်တော့မှ မျိုး အောင် တယောက် သဘောပေါက်လာသည်။ ထိုလူကြီးသည် ၂၅ ပြားမကာ ပေးရမည့်ခရီးကို ဆယ်ပြားသာ ပေး၍ စီးခြင်းပေတည်း။ သူလည်း ထိုလူကြီးကဲ့သို့ လုပ်လျှင် လမ်းစရိတ် သက်သာမှာပဲဟု တွက်မိသည်။

ထိုနေ့မှစ၍ မျိုးအောင်တယောက် လူလည် လုပ်တော့၏။ အုတ်ကျင်းမှ သိမ် ကြီး ဈေး ထိ ဆယ်ပြားတန်လက်မှတ်သာဝယ်၏။ လူများလွန်းသော နေ့များတွင် တခါတရံ လက်မှတ် လုံးဝမဝယ်ပေ။

ယနေ့လည်း ကားပေါ်တွင် လူ ပြည့်ကျပ် နေသည်။ မျိုးအောင်အဖို့ ဤသည်ကိုပင် သဘောကျမိ၏။ ပန်းထုပ်ကို ဆွဲကာ ကားပေါ်သို့ တက်လိုက်သည်။ သူ့အနီးမှ လူတယောက် ဆင်း သွား သ ဖြင့် နေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။ သူ့ဘေးမှ လူ ထသွားသောအခါ ထိုနေရာသို့ သူနှင့် ရွယ်တူကလေး တယောက် ဝင် ထိုင်သည်။

"၁၅ ပြားတန်တစောင်"

လက်မှတ်ရောင်းကြီး သူတို့အနီးရောက်လာသောအခါ သူနှင့် ရွယ်တူကလေးက လက်မှတ်

ဝယ်သည်။ မျိုးအောင်က ဆယ်ပြားတန် တစောင်ကိုသာ ဝယ်လိုက်သည်။

သူ့အနီးမှ ကလေး သည် သူဆင်းရမည့် မှတ်တိုင် ရောက်သော အခါ ဆင်းရန် မတ်တတ်ရပ်လိုက်သည်။ သို့သော် ဆယ်ပြားတန်လက်မှတ်သာဝယ်ထားသော မျိုးအောင်မှာ ယခုထိ မဆင်းသေးသဖြင့် အံ့သြ နေသည်။

ထိုကလေးသည် လက်မှတ်ရောင်းကြီးအနီးမှ ကပ်၍ ဆင်းသွားစဉ် လက်မှတ် ရောင်းကြီးအားတစုံတခု တိုးတိုးလေးပြောသွားသည်။

"ညီလေး ဘယ် မှတ် တိုင် ဆင်း မလဲ"

လက်မှတ် ရောင်းကြီး၏ စကားကြောင့် မျိုးအောင် အနည်းငယ်တော့ လန့်သွားသည်။ သို့သော် ခပ်တည်တည်ပင် ပြန်ဖြေလိုက်သည်။

"သိမ်ကြီးဈေး"

"ဒီလိုဆို ၁၅ ပြားတန်လက်မှတ် တစောင် ထပ်ဖြတ်ပါ"

"ကျွန်တော် လက်မှတ် ဝယ်ပြီးပါပြီ"

လက်မှတ် ရောင်း ကြီး က လက်မှတ် ထပ်ဖြတ်ရန် ပြောသောအခါ ငြင်းသည်။ အမျိုးမျိုး ဆင်ခြေပေးသည်။

"မလိမ် ချင်ပါနဲ့ ငါ့ညီရာ။ ငါ့ညီဟာ အုတ်ကျင်းကနေ စီးလာတယ် ဆိုတာ ငါ့ညီဘေးက ကပ်ပြီး စီးလာတဲ့ ကလေးက ပြောခဲ့တယ်။ ဒီ က လေး ဟာ အတော်တာဝန်ကျေတဲ့ကလေး၊ ဒီလိုကလေးမျိုးကို အတုယူစမ်းပါ။ လိမ်တယ် ညာတယ်ဆိုတာ တနေ့တော့ ပေါ်တာဘဲ။ အလိမ်ပေါ်ယင် ရှက်ဖို့လဲ ကောင်းပါတယ်"

"သူ့ အနီးမှ လူများသည် သူ့ကို ဝိုင်းကြည့် နေကြသည်။ မျိုးအောင် မျက်နှာမထားတတ်တော့။ ရှက်လွန်းသဖြင့် မျက်နှာ ပူထူသွားသည်။

၁၅ ပြား တန် တ စောင်လည်း ထပ်ဝယ်လိုက်သည်။

သိမ်ကြီးဈေး ရောက်လျှင် ရောက်ချင်း ကားပေါ်မှ အမြန်ဆင်းလိုက်သည်။

"လိမ်တယ်ညာတယ်ဆိုတာ တနေ့တော့ ပေါ်တာဘဲ။အလိမ်ပေါ်ယင် ရှက်ဖို့လဲ ကောင်းပါတယ်"

လက်မှတ် ရောင်းကြီး၏ စကားကို မျိုးအောင် မည်သည့်အခါမျှ မေ့တော့မည် မဟုတ်။

ကြည့်ပါ။ လူလိမ်လူညာကို အတုယူမိသဖြင့် ယခု အရှက်ကွဲရလေပြီ။ ထိုလူကြီးကို လက်မှတ်ရောင်းကြီးအား တာဝန်သိသိနှင့် ပြောရမည့်အစား ထိုလူကြီး၏ အတုကို ယူမိသည်။

အကယ်၍သာ တာဝန် သိတတ်လျှင် ယခုကဲ့သို့ အရှက်ကွဲရမည် မဟုတ်ပေ။

## လမ်းပေါ်မှာ စွန်မလိုက်နဲ့

လမ်းရှာယ်ခေါင်မှာ စွန်ကိုလိုက်လို့
သိပ်ကိုမိုက်တဲ့ ညီတို့ရာ။

လမ်းမပေါ်မှာ မပြေးလွှားနဲ့
ဘေးရန်များလို့ ကြောက်စရာ။

ခလုတ်တိုက်ကာ ခြေချော်လဲယင်
ဒူးပြဲပွန်းပဲ့ နာတတ်တာ။

ဈေးသည်ဝင်ကာ အပြေးတိုးတော့
မုံ့ဘိုးထဲက လျော်ရမှာ။

စွန်တံချူကို ခတ်ကြိုးတိုက်တော့
ခတ်လိုက်မယ်ကွဲ့ ရှောင်ကြပါ။

ကားမရှောင်နိုင် ဝင်ကာတိုးတော့
ကန်းကျိုးပဲ့လို့ သေတတ်တာ။

ဆယ်ပြားတန်စွန် စက္ကူလေးတွက်
အသက်ဘေးကို ရှောင်ကြပါ။

နောင်များခါဝယ် စွန်မလိုက်ဘို့
ညီမိုက်တို့ကို အကိုပြောမှာ။
မှတ်ကြပါ၊ မှတ်ကြပါ။

အောင်လှိုင်ထွန်း



R. 517

# လင်းတ

ဓာ.ဘ. ရဲမြင့်



လင်းတသည် ငှက်အကြီးစားထဲမှ ဖြစ်သည်။ ကြီးမားသော ကိုယ်လုံးကိုယ်ထည်၊ အမွေးမရှိသော ဦးခေါင်းနှင့် လည်တိုင်တို့ကြောင့် လင်းတကို အမှတ်ရလွယ်ကူလေသည်။

လင်းတသည် ကောင်းကင်၌ ပျံဝဲနေရင်း အစာကို ရှာဖွေသည်။ မြေပေါ်တွင် အသေကောင်တွေ့သည်နှင့် မကြာမီပင် ထိုနေရာသို့ လင်းတအုပ် ကျရောက်လာတော့သည်။ လင်းတသည် အစာကို အနံ့ခံ၍ ရှာဖွေသည်ဟု ယခင်ကယူဆခဲ့ကြသည်။ အမှန်မူ တိရစ္ဆာန် အသေကောင်ကို ကျီးကန်း သို့မဟုတ် ခွေးများက စတင်တွေ့ရှိသည်။ ထိုကျီးအုပ်၊ ခွေးအုပ်ကို ကောင်းကင်တွင် ပျံဝဲနေသော လင်းတများက တွေ့ရှိရာမှ လင်းတအုပ် ဆင်းသက်လာပြီး၊ အသေကောင်ကို အရိုးသာကျန်သည်အထိ အလုအယက် စားသောက်ကြသည်။ အစာဝပါက နားနေလေ့ရှိသော နေရာသို့ ပြန်၍ အပန်းဖြေရင်း ငိုက်မျည်းကြသည်။

လင်းတကိုယ်မှ အလွန်ဆိုးသော အနံ့ထွက်သည်။ အသေကောင်များကို စားလွန်း၍ဟု ယူဆရသည်။ မည်သို့ပင်ဆိုစေ လင်းတသည် အသေကောင်ပုပ်ကို စားပစ်သဖြင့် လူတို့၏ ကျန်းမာရေးကို ကူညီထောက်ပံ့သည်ဟု ဆိုရမည်။

အသိုက်ကို မြင့်မားသော သစ်ပင်ကြီးများပေါ်တွင် ပြုလုပ်သည်။ အသိုက်ဟောင်းကိုပင် အမြဲသုံးတတ်သည်။ သစ်ကိုင်းသစ်ရွက်နှင့် တုတ်များကိုသုံးသည်။ တကြိမ်လျှင် တဥသာ ဥလေသည်။





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ၁၀၀၀ ခဲ ထုတ်ဝေ၏၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ - ၂။ အမှတ် - ၅၁။

# အောင်နက် ကမ္ဘာပေါ်

ဇာတ်လမ်း:- မေခက်
သရုပ်ဖော်- ကညွ့

# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ နတ်တော်လဆုတ် ၆ ရက် (၁၉-၁၂-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဒီနေ့၊ ဒို့တော်တော်ပင်ပန်းတယ်ကွာ၊ ဆာလဲ သိပ်ဆာတာဘဲ
အေးကွ၊ အိမ်ပြန်ရောက်ယင် အစာစားရတော့မှာဘဲကွာ
အိမ်ပြန်ရောက်၍ ဆာဆာနှင့် တအား ခဲလိုက်မည်ဟု စားခွက်ထဲသို့ ကြည့်လိုက်ကြသောအခါ ....
နွားဖြူမှာ စိတ်ပျက်သွားပြီး
ကြည့်ပါအုံးကွာ၊ ကောက်ရိုးနဲ့ မြက်ခြောက်ဘဲကွ
ဒါပေမဲ့၊ ဘာတတ်နိုင်မှာလဲလေ၊ ဆာလှပြီကွာ ငါတော့စားတော့မယ်ကွ
သူတို့သည် ကောက်ရိုးနှင့် မြက်ခြောက်ကို စားရင်း လှမ်းကြည့်လိုက်ရာ ....
ကဲတွေ့လား၊ ဒို့သခင်ဟာ ခွဲနဲမှမတူဘူးကွ
အေးကွ
အောင်နက်ဆိုတဲ့အကောင်ဟာ အိမ်မှာတနေ့လုံးအိပ်နေပြီး၊ ဘာအလုပ်မှလဲမလုပ်ရဘူး၊ စားရတော့အကောင်းမှစားရတယ်


ဒို့ကတော့ တနေ့လုံး ပင်ပင်ပန်းပန်းလဲ လုပ်ရပြီး၊ စားရတော့ ကောက်ရိုးနဲ့ မြက်ခြောက်ဘဲ
ငါလဲ၊ အဲဒါတွေကိုဘဲ မကျေနပ်တာပေါ့ကွာ
တညတွင် သူတို့အိပ်မောကျနေခိုက် အောင်နက်၏ဟောင်သံမှာ ဆူညံသွားသည်။
ဝုန်း
ဝုန်း
ဝုန်း
တောက်၊ ဒီကောင် - ကောင်းကောင်းစားပြီး ကောင်းကောင်း မအိပ်ဘူး အားကြီး အိပ်ရေးပျက်တဲ့အကောင်ဘဲ
သို့သော် အောင်နက်၏ အသံမှာ တိတ်၍မသွားပေ။
ဝုန်း ဝုန်း ဝုန်း ဝုန်း
မကြာမီ သူတို့သခင်၏ အသံကို မှောင်ထဲမှ ကြားလိုက်ရပြီး
ဟေ့ မပြေးနဲ့ -
နွားသူခိုး မိပြီ
လူတယောက် ဖမ်းမိထားသည်ကို တွေ့လိုက်ရလေသည်။


ရွာသားများ ရောက်လာကြသောအခါ တဦးက
ဒီကောင် ပေသီး မဟုတ်လား
အစစ်ပေါ့ဗျ
အင်း၊ ဟိုတခါတုန်းက ကျုပ်နွားပျောက်သွားတာလဲ ဒီကောင့်လက်ချက် နေမှာဘဲ
ဟုတ်မယ်
ကိုလှမြိုင်၊ ဒီကောင့်ကိုမိတာ ခင်ဗျာ့ခွေးကောင်းလို့ ဗျို
ဟုတ်တာပေါ့ဗျာ
တယ်လဲ အိမ်လုံတဲ့ခွေးဘဲ
ဒီလိုအိမ်လုံတဲ့ခွေးမျိုး ကျုပ်တို့လဲ မွေးချင်သဗျာ
နွားဖြူနှင့် နွားညိုမှာ ယခုမှ သူတို့ အဖြစ်ကို ရေလည်စွာသိတော့သည်။
ဘုကျား-ဘုကျား---
အောင်နက်ကယ်ပေလို့သာ ဒို့နှစ်ကောင် သေကံမရောက် သက်မပျောက်တာ ပေါ့ကွ
ဟုတ်တယ်၊ ဒို့အောင်နက်ကို အထင်လွဲမိတာ ဒို့မှားတာဘဲကွ
အောင်နက်ရေ-သိပ်ကျေးဇူးတင်ပါတယ်ကွာ မင်းသာမကယ်ယင်-ခင်း--
ဒို့ပါသွားပြီ ပေါ့ကွာ--
ပြီး


ဝင်းငြိမ်း၏ ဘာယ်ဆိုးလို့လဲ
ဘယ်လဲကွ
ဖိုးထောင်ရဲ့
ဘိနပ်သဲကြိုးပြတ်သွားလို့
ကုလားဆိုင်သွားဖြင်မလို့လေ
ဒါလေးများလွယ်ပါတယ်
ငါဖြင်ပေးမယ်လေ
သဘောဘဲ
သံကြိုးကိုအထဲမှာသွင်းပြီး
သံရိုက်လိုက်တော့ အကောင်း
ဖြစ်သွားတာပေါ့ . . .
ကဲ . . . ပြီးပြီ
ဒါဆိုစီးလို့ရတာဘဲ
အေး . . ကျေးဇူးဘဲ
အေးကွာ . . ဆိုင်သွားယင် ပိုက်ဆံ
ကုန်အုံးမယ် . . အခု ဒီပိုက်ဆံကို
ဒို့ မုံ့ စားမယ်
အခုလိုဆိုတော့
ဘယ်ဆိုးလို့လဲကွ
ဖိုးစည်


ကြိုတင်ပြင်ဆင်မှု
● အောင်ချိုးကြိုင်
ဟဲ့ မောင်ဦး စာမေးပွဲ အတွက်ခုထိ စာမကျက်သေးဘူးလား--
ဆယ်ရက် တောင် လိုပါသေးတယ်ဟာ--
နီနီသည် စာမေးပွဲအတွက် ကျောင်းစာများကို ကြိုတင်ကျက်မှတ်သော်လည်း–
မောင်ဦးကမူ ပေါ့ပေါ့နေနေသည်။
ဝိုး
စာမေးပွဲဖြေရန် တရက်အလိုတွင်
ဟာ! စာတွေ ကလဲ အများကြီးပါလား--
ဝိုး
ဖိုရက်တွေက မကျက်မိတော့ များတာဘဲ ဝါး-အိပ်ချင်လာပြီ-အိပ်ချင်လာပြီ--အိပ်-အိပ်-အူ ခေါ-ခေါ--
စာမေးပွဲ စဖြေသောနေ့–
ဘယ် ဖြေနိုင်ပါ့မလဲ-ကြိုတင်ပြင်ဆင်မှုမှ မရှိတာ–


# ဉာဏ်ကြီးရှင်

ပန်းချီ- မောင်မြတ်မိုး







# ဩစတြေးလျနိုင်ငံ



ရေးသူ-မွန်ယု

ဩစတြေးလျနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဖက်နှင့် အင်ဒိုနီးရှား ကျွန်းစု၏ တောင်ဖက်တွင် တည်ရှိသည်။ ကမ္ဘာ့ တိုက်ကြီးများနှင့် မိုင်ပေါင်းများစွာ ဝေးကွာပြီးလျှင် ပစိဖိတ်သမုဒ္ဒရာနှင့်အိန္ဒိယ သမုဒ္ဒရာတို့၏ စပ်ကြားတွင် ကျွန်းကြီးတကျွန်းသဖွယ် တည်ရှိနေသော တိုက်နိုင်ငံကြီးဖြစ်သည်။ စတုရန်းမိုင် ၂,၉၆၇,၉၀၉ ကျယ်ဝန်းသည်။ လူဦးရေ ၁၁ သန်းကျော် ရှိသည်။ အနောက်ဖက်ပိုင်းသည် ခြောက်သွေ့၍ သဲကန္တာရများရှိသည်။ မြောက်ပိုင်းသည်လည်း ခြောက်သွေ့သည်။ အရှေ့မြောက်ပိုင်းတွင်မူ မိုးများသည်။ တောင်ဖက် ကမ္ဘာလုံးခြမ်းတွင် ရှိသဖြင့် မြန်မာနိုင်ငံ၏ နွေဥတု၊ ဆောင်းဥတု သတ်မှတ်သော လများနှင့် မတူ။ ပြောင်းပြန် ဖြစ်သည်။ မြောက်ဖက်ပိုင်း သုံးပုံတပုံသည် အပူပိုင်း ရာသီဥတုမျိုးရှိ၍ ကျန်အပိုင်းများတွင်သမပိုင်း ရာသီဥတုမျိုးရှိသည်။ မြို့တော်မှာ ကင်ဗာရာ ဖြစ်လေသည်။

ဩစတြေးလျနိုင်ငံတွင် အခြားကမ္ဘာ့တိုက်ကြီးများ၌ မရှိသော အပင်နှင့် တိရစ္ဆာန်များရှိသည်။ ကင်ဂရူး သားပိုက်ကောင်၊ ကိုလာ ဝက်ဝံ၊ ပလက်တီပတ်ခေါ် ဘဲတူ ဖျံတူတို့သည် ထူးထူးဆန်းဆန်း အကောင်များဖြစ်ကြသည်။ ဆောင်းဥတုအခါ၌ အရွက်မကြွေဘဲ အခေါက်ကွာသော သစ်ပင်မျိုးကိုလည်း ဩစတြေးလျနိုင်ငံ၌သာ တွေ့ရလေသည်။



သရုပ်ပေါ်- ကျော်ကျော်



၁၈ ရာစုအတွင်း ဥရောပမှ လူဖြူများ လာရောက် အခြေမစိုက်မီက ရှိခဲ့သော တိုင်းရင်းသား လူမည်းများမှာ တဖြည်းဖြည်း လျော့နည်းလာသည်။ ကပြား တိုင်းရင်းသားများပင် သုံးသောင်း မပြည့်တော့ချေ။ ကျယ်ပြန့်၍ လူနေကျဲသော တိုက်နိုင်ငံကြီးဖြစ်၍ အခြား နိုင်ငံများမှ၊ အထူးသဖြင့် ဥရောပ နိုင်ငံများမှ လူဖြူများ နှစ်စဉ် သွားရောက် အခြေစိုက် နေထိုင်ကြသည်။ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှလွဲလျှင် လူနေမှု အဆင့်အတန်း အမြင့်ဆုံးဖြစ်သည်။ ခရစ်ယန်ဝါဒီ အများဆုံး နိုင်ငံတခုလည်း ဖြစ်သည်။

တိရစ္ဆာန် မွေးမြူရေးနှင့် စိုက်ပျိုးရေးသည် အဓိက လုပ်ငန်းများဖြစ်သည်။ သိုး မွေးမြူရေးကို အကြီးအကျယ် လုပ်ကိုင်ကြ၍ ကမ္ဘာ့တွင် သိုးမွေး အများဆုံး ထွက်သည်။ ဂျုံ၊ သကြား၊ ဝိုင်၊ သစ်သီးအစိုအခြောက်၊ အသား၊ နွားနို့ထွက်ပစ္စည်းများသည် အခြား ထွက်ကုန် ပစ္စည်းများ ဖြစ်သည်။ ခဲ၊ သွပ်၊ ကြေးနီစသော ဓာတ်သတ္တုများလည်း ထွက်သည်။

၁၈ ရာစု အတွင်း ဥရောပမှ လူဖြူများကသွားရောက်နေထိုင် အခြေစိုက်ကာ ကိုလိုနီနိုင်ငံ ထူထောင်ကြသည်။ သို့ဖြင့် ပြည်နယ်များပေါ်ပေါက်ခဲ့ရာ နယူးဆောက်ဝေး၊ ဗိတိုရိယ၊ ကွင်းစလန်၊ တောင်ဩစတြေးလျ၊ အနောက်ဩစတြေးလျနှင့် တက်စမေးနီးယား ပြည်နယ် ခြောက်နယ်တို့သည် ၁၉၀၁ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင်ဩစတြေးလျဓနသဟာယနိုင်ငံအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိ၍ ဒိုမီနီယံအဆင့်အတန်းသို့ ရောက်ခဲ့သည်။ မြောက်ဩစတြေးလျ ပြည်နယ်သည် ၁၉၁၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်မှ ဩစတြေးလျ ဓနသဟာယအဖွဲ့ဝင် ဖြစ်လာသည်။ ဩစ်တြေးနိုင်ငံ၏ အုပ်ချုပ်ရေးမှာ လွှတ်တော်နှစ်ရပ်ပါဝင်သော ပါလီမန်ရှိ၍ ဝန်ကြီးချုပ် ကြီးမှူးသော အစိုးရအဖွဲ့က အုပ်ချုပ်သည်။ ဗြိတိသျှဘုရင်မ၏ ကိုယ်စား ဘုရင်ခံချုပ်ထားသည်။ ယခု လက်ရှိ ဘုရင်ခံချုပ်မှာ လော့ဒ်ကေစီ၊ ဝန်ကြီးချုပ်မှာ ဂျွန်ဂေါ်တန် ဖြစ်လေသည်။




# ကြက်သွန်ဥကိုလှီးစဉ်

## ကျွန်ုပ်တို့ အဘယ်ကြောင့် မျက်ရည်ကျရသနည်း



ကြက်သွန်ဥများကို ဓားဖြင့် လှီးသောအခါ လူတိုင်းမျက်ရည်ကျရသည်။ ထိုသို့ မျက်ရည်ကျခြင်းမှာ ဝမ်းနည်း ပူဆွေးခြင်းကြောင့် မဟုတ်ပေ။


ကြက်သွန်ဥထဲတွင် အာလိုင်း ဟုခေါ်သော အဆီတမျိုးရှိသည်။ ကြက်သွန်ဥကို ဓားဖြင့်လှီးလိုက်သောအခါ ထိုအရည်သည် လေထဲသို့ ထွက်လာသည်။ ထိုအရည်သည် လေထဲမှတဆင့် ကျွန်ုပ်တို့၏ မျက်လုံးနှင့် နှာခေါင်းများအတွင်းရှိ အကြောများသို့တိုင်အောင် ဝင်ရောက်သွားလေသည်။ ယင်းအကြောများမှာ အရည်၏ဒဏ်ကို မခံနိုင်ဖြစ်ပြီး ဦးနှောက်သို့ အကူအညီ ပို့ပေးရန် သတင်းပို့လေသည်။



ထိုအခါ ဦးနှောက်က အကူအညီ ချက်ချင်းပေးသည်။ ယင်းအကူအညီမှာ မျက်ရည်ပင် ဖြစ်သည်။ မျက်လုံးထဲတွင် စပ်ဖျဉ်းဖျဉ်း ခံစားနေရသည်ကို ပြေပျောက်လွယ်အောင် ဦးနှောက်မှ ပေးပို့သော မျက်ရည်များက ဆောင်ရွက်ပေးလေသည်။

ကြယ်မြူ

# ဉာဏ်စမ်း




ကြယ်သီးသုံးလုံး ရွှေ့ရုံမျှနှင့် မူလ တြိဂံပုံအတိုင်း ဇောက်ထိုး ဖြစ်အောင် မည်သို့ရွှေ့မည်နည်း

အဖြေ။ ။ကြယ်သီး နံပါတ် ၁ ကို ၃ နံဘေးသို့၊ ၇ ကို ၂ နံဘေးသို့၊ ၁၀ ကို ၈ နှင့် ၉ အောက် အလယ် တည့်တည့်သို့ အသီးသီးရွှေ့ပါ။


အသက်ကယ်မည်
ကြက်ခြေနီ
တနင်္ဂနွေနေ့တနေ့
ထွန်းထွန်းသည် ပြိုင်ပွဲအတွက် လေ့ကျင့်ရန် ကြက်ခြေနီ ယူနီဖောင်းဝတ်၍ အားကစားကွင်းသို့ ထွက်လာစဉ် အပြေးကျင့်နေသော မောင်မောင်နှင့် တွေ့ရာ....
စနေနေ့ ညနေပိုင်းတွင် နယ်မြေအလိုက် ရပ်ကွက်သန့်ရှင်းရေးလုပ်ကြစဉ်—


မောင်မောင်တို့ လူသိုက်ရောက်လာကြပြီး--
ပြောပြောဆိုဆို ထွက်သွားကြ၏
ကျောင်းတွင်း အားကစားပြိုင်ပွဲ ကျင်းပချိန်တွင်
မောင်မောင် ပြေးလမ်းနံပါတ် တစ်
မြင့်ထွန်း ပြေးလမ်း နံပါတ်နှစ်
ဝင်းတင် ပြေးလမ်း နံပါတ်သုံး
မြသက်ဖေ ပြေးလမ်းနံပါတ် လေး
မောင်မောင် ကွ အပြာ အသင်းကွ
ပြေးပွဲတခု၌ မောင်မောင်သည် ရှေ့ဆုံးမှ ပြေးလျက်ရှိစဉ်....
ရုတ်တရက်ခြေခေါက် ပြီးလဲကျသွားသည်။
ထွန်းထွန်း ဦးဆောင်သော ကြက်ခြေနီအဖွဲ့က မောင်မောင်ကို ဝိုင်းဝန်းပြုစုပြီး သုံးဘီးကားဖြင့် ဆေးရုံကြီးသို့ပို့လိုက်သည်။



ဆေးရုံကြီး၌ချက်ချင်းပင် သွေး သွင်း၍ ကုသရ၏။
နောက်တနေ့ နံနက်၌ ဆရာ၊ ဆရာမနှင့် ထွန်းထွန်းတို့ သွားရောက်ကြည့်ရှုကြစဉ် -
ခုလိုသွေးလှူတာကို မတားဆီးနိုင်ဘဲ စိုးရိမ်ခဲ့ပါတယ် ခုတော့စိုးရိမ်စရာမရှိတော့ပါဘူး
နှစ်ပတ်ခန့်အကြာ ကျောင်းဆင်းချိန်တွင် မောင်မောင်က ထွန်းထွန်း၏ခါးကို ဖက်လျက်....



# ပျော်စရာ အဖြစ်အပျက်တခု

### မောင်ပေါ်ဖွန်း

ပ လပ် စ တစ် ဘော လုံးက လေးသည် ရေပေါ်တွင် ပေါ လော ပေါ်နေပါသည်။ ကိုကို လတ်သည် ကန်ဘောင်ရိုးတွင် ထိုင်ပြီး တုတ်ကလေးဖြင့် လှမ်း ဆယ်နေပါသည်။ ဘောလုံးက လေးမှာ တုတ်နှင့်ထိတိုင်း ဟိုဟို သည်သည် ရွေ့ရှားနေပါသည်။

ကိုကိုလတ်သည် အားယူပြီး လှမ်းနေရပါသည်။တုတ်ချောင်း ကတိုနေ၍ မမှီ့တမှီ ဖြစ်နေပါ သည်။ ရှေ့သို့ အနည်းငယ်အား ပြုလိုက်ပါက ရေထဲလိမ့်ကျသွား နိုင်ပါသည်။

ဤအ ဖြစ် ကို ကျွန် တော် သည် မီးဖိုချောင်မှ မြင်နေရပါ သည်။ ကိုကိုလတ်အစား ကျွန် တော်ရင် တထိတ်ထိတ် ဖြစ်နေ မိပါသည်။

ကိုကိုလတ်မှာ ကျွန်တော်တို့ ၏ ဘေးချင်းကပ်အိမ်မှကလေး ဖြစ်ပါသည်။ အသက်ခြောက်နှစ် ပင် မပြည့်သေးပါ။ အိမ်သာ တန် တား ပေါ် မှ အ ပေါ် သို့ မြှောက် ကစားရင်း ဘောလုံး ကလေးမှာ နောက်ဖေး ခြံစပ်မှ ရေကန်ထဲ လိမ့်ကျသွားခြင်းဖြစ် ပါသည်။ သူ့အဖေနှင့် အမေမှာ အိမ်ရှေ့တွင် ဧည့်သည်များနှင့် စကား ပြော နေ ကြ ပါ သည်။ ကလေးကို မေ့နေကြဟန် တူပါ သည်။

ဘောလုံး ကလေးသည် ရေ လယ်တွင် နစ်သွားလိုက်၊ ပေါ် လာလိုက် ဖြစ်နေပါသည်။ကိုကို လတ်သည် လက်ထဲက တုတ် ကလေးဖြင့် ကြိုးစား၍ အဆက် မပြတ် ဆယ်ယူနေပါသည်။ တ ချီတွင် ခြေတဖက်ချော်ပြီး ရေ ထဲကျတော့မလိုဖြစ်သွားသဖြင့် ကျွန်တော့်ရင်ထဲ အေးကနဲဖြစ် သွားမိပါသည်။

"ဒီကောင်လေးတော့ရေထဲ ကျတော့မှာဘဲ။ သူ့အဖေအမေ တွေလဲသိမှာမဟုတ်ဘူး။ ရေက အနက်ကြီး၊ ကျယင် တချက်ထဲ သေသွားမယ်။ ငါအော်ပြော လိုက်ရကောင်းမလား။အို–ဘာ လို့ပြောရမလဲ။ သူ့အဖေအမေ နဲ့ငါ့အဖေအမေတို့ ရန်ဖြစ်ထား တာဘဲ။ မပြောဘူး။ ဒီလိုဘဲ တိတ် တိတ် က လေး ကြည့် နေ မယ်"

ကျွန်တော်သည် ကိုကိုလတ် လုပ်နေပုံကို ကြည့်ရင်း စဉ်းစား နေပါသည်။ သို့သော် သူ့ကိုမုန်း လို့မရပါ။ သူ့မိဘနှင့် ကျွန်တော့် မိဘ ရန်မဖြစ်ခင်က ကျွန်တော် တို့ အတူတူ ကစားလေ့ ရှိပါ သည်။ ကျွန် တော့် ကို လည်း "တိုတိုကြီး–တိုတိုကြီး" ဟု မပီ ကလာ ပီကလာ ခေါ်တတ်ပါ သည်။ သူမုံ့စားရလျှင် ကျွန် တော့်ကို အမြဲ ဝေကျွေးတတ်ပါ သည်။ ကျွန်တော့်ကို သူ အလွန် ချစ်ပါသည်။ကျွန်တော်ကလည်း သူ့ကို ကိုယ့်ညီလေးကဲ့သို့ ချစ်ပါ သည်။ လူကြီးတွေ ရန်ဖြစ်ထား သဖြင့် ကျွန်တော်တို့ ယခု မက စားရတော့ပါ။ ကျွန်တော် အ လွန်စိတ်မကောင်းဖြစ်မိပါသည်။

ကျွန်တော် စဉ်းစားလို့မှ မ ဆုံးသေးပါ။ ကိုကိုလတ်သည် ရှေ့သို့အားယူ၍လက်လှမ်းလိုက်

သဖြင့် ရေထဲသို့ လိမ့်ကျသွားပါတော့သည်။ ကျွန်တော်လည်း ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားပါသည်။ သို့သော် ချက်ချင်းပင် နောက်ဖေးသို့ထွက်ပြီး အသံကုန်အော်လိုက်မိပါသည်။

"ဒီမှာဗျို့....ကိုကိုလတ် ရေထဲကျသွားပြီ။ ကိုကိုလတ် ရေနစ်နေပြီ"

ထိုသို့အော်ရင်း ကျွန်တော်သည် ကိုကိုလတ်တို့ ခြံထဲသို့ ဝင်ရောက်သွားပါသည်။

ချက်ချင်းပင် သူ့အဖေ၊ အမေနှင့် ဧည့်သည်များ ပြေးထွက်လာကြပါသည်။ ကျွန်တော့်ဖေဖေနှင့် မေမေလည်း ညီမလေးကိုခေါင်းရိတ်ပေးနေရာမှနောက်ဖေးသို့ ပြေးထွက် လာကြပါသည်။

"အမယ်လေး .... ကျမသားလေး လုပ်ကြပါအုံး၊ လုပ်ကြပါအုံးတော်...."

ကို ကို လတ် အမေက ပျာလောင်ခတ်ပြီး အော်လိုက်ပါသည်။ သူ့အဖေက ရေထဲသို့ အမြန်ဆင်းပြီး ကိုကိုလတ်ကို ဆယ်ယူလိုက်ပါသည်။ ကိုကိုလတ်မှာ တကိုယ်လုံးရေတွေစိုပြီး ခေါင်းတရမ်းရမ်း ဖြစ်နေပါသည်။

"အမယ်လေး .... သားလေးရယ်.... မသေကောင်း မပျောက်ကောင်း မေမေ့ရင်ကွဲရချည့်ရဲ့"

သတိ မရ တရဖြစ်နေသော ကိုကိုလတ်ကို ပွေ့ဖက်ပြီး သူ့အမေက ငိုပြောနေပါသည်။

"သူလိမ့်ကျသွားတာ ကျွန်တော် နောက်ဖေးခန်းက လှမ်းမြင်လိုက်ရတယ်။ မေမေတို့နဲ့ ရန်ဖြစ်ထားလို့ မပြောဘဲ နေတော့မလို့၊နောက်မှ ကိုကိုလတ်ကလေးကို သနားမိတာနဲ့ အော်ခေါ်လိုက်တာ"

"ကျေးဇူး တင်လိုက်တာ မောင်ကျော်သူရာ.... မင်းဟာ သိပ်ပြီး လိမ္မာတဲ့ ကလေးဘဲ"

ကိုကိုလတ် အဖေက ကျွန်တော့်ပခုံးကို ဆွဲဆုပ်လှုပ်ကိုင်ပြီး ပြောလိုက်ပါသည်။ ထိုအချိန်တွင် ကျွန်တော့်ဖေဖေသည် ကိုကိုလတ်တို့ ခြံထဲသို့ ဝင်လာပါသည်။

"ဘာဖြစ်လို့လဲ"ဟု ဖေဖေကမေးပါသည်။

"ကျွန်တော့် သားလေး ရေထဲလိမ့်ကျလို့လေ၊ မောင်ကျော်သူ ပြောပေလို့သာပေါ့ဗျာ...." ဟု ကိုကိုလတ် အဖေကဖြေပါသည်။

ထိုနေ့မှစပြီး လူကြီးချင်းပြန်သင့် သွား ကြပါသည်။ ကိုကိုလတ်နှင့်ကျွန်တော်တို့လည်းပြန်လည်၍ ပျော်ရွှင်စွာ ကစားနိုင်ကြပါပြီ။ ကျွန်တော်တို့ ပြန်ပေါင်းရလို့ အလွန် ဝမ်းသာနေကြပါသည်။

အကယ်၍ ကျွန်တော်တို့ ပဉ္စမတန်း စာမေးပွဲတွင် "ပျော်စရာ အဖြစ် အပျက်တခု" အကြောင်း ရေး ပါ ဟု မေးခဲ့လျှင် ဤအကြောင်းကိုရေးရန် ကျွန်တော်ဆုံးဖြတ်လိုက်ပါသည်။

## အားကစားလ

ဒီဇင်ဘာလ ဆီးနှင်းကျ
အားကစားပွဲလ။
စောစောထလို့ လမ်းလျှောက်မယ်
နှင်းငွေ့တိမ်ပင်လယ်။
ဆီးကွယ်ပိတ်ဖုံး ကာစေအုံး
မကြောက်ဒို့လုံးလုံး။
ချမ်းတုန်းအေးတုန်း မမှုတယ်
စုပေါင်းစိတ်ဓာတ်ကြွယ်။
လျှောက်ဟယ်ပြေးဟယ်
ပျော်တပါး
အချမ်းဘယ်ရောက်သွား။
နှင်းကြားထိုးဖောက် ခရီးပေါက်
ရွှေမှာတမိုးသောက်။
လမ်းလျှောက်ပျော်ရွှင်
စိတ်ကြည်လင်
ကျန်းမာရေးတွက်ပင်။
ခွန်အားဝင် ညီစိတ်ထား
တိုင်းပြည်တွက်စွမ်းအား။ ။

စန္ဒာမြင့်



# ငှက်ခါး




ဦးခေါင်း ရင်အုပ်နှင့် ကျောကုန်းတို့မှာ အပြာဖြော့ ရောင်ရှိသည်။ အတောင်နှင့်အမြီးမှာ အလွန်ပြာသည်။ ဦးခေါင်းကြီးသည်။ ပျံသောအခါ အတောင်ကို လေးလံစွာ ခတ်သည်။ ကြာရှည်မပျံချေ။ ကိုယ်ထည်အလျားမှာ ၁၃ လက်မခန့်ရှိသည်။

ငှက်ခါးသည် ပျံသန်းနေစဉ်ပင် စူးရှစွာ အော်မြည်တတ်သည်။ ငှက်ခါးကလေးများသည် မိခင်ငှက်မယူလာသော အစာကို ဆူညံစွာ အော်ဟစ်တောင်းဆို၍ အငမ်းမရ စားမျိုကြသည်။

ကွင်းတွင် အနေများသည်။ ကြေးနန်းကြိုး၊ သစ်ပင်ခြောက် စသည်တို့တွင်နားလျက် ငြိမ်သက်စွာ စောင့်ကြည့်နေတတ်သည်။ အစာကိုမြင်သည်နှင့် တရှိန်ထိုးဆင်းသက်၍ အမိအရ ဖမ်းယူသည်။ နားနေကျနေရာတွင် ပြန်နားသည်။ ပလူ၊ ပရစ်၊ ပိုးတုံးလုံးနှင့် ပေါက်ဖတ်များကို အလွန်နှစ်သက်သည်။ ဖားကိုလည်းစားသည်။ မြေပြင်တွင် ခုန်ဆွခုန်ဆွ လေးလံစွာ သွားတတ်သည်။ လေထဲတွင် ငုံ့မိုးထိုးတတ်သည်။

မတ်လမှ မေလအတွင်း ငှက်ခါးတို့ သားပေါက်သည်။ အများအားဖြင့် အသိုက်ကို သစ်ပင်အခေါင်းတွင် ပြုလုပ်သည်။ ဆက်ရက်လည်နက်၊ ငှက်ကျားစသော ငှက်များ၏ အသိုက်ဟောင်းကိုလည်း အသုံးပြုတတ်သည်။ ဥလေးလုံးမှ ငါးလုံးအထိ အုတတ်သည်။ ဥမှာ ရှည်မျောပြီး အခွံမာသည်။ ဆွတ်ဆွတ်ဖြူနေသည်။ တဥလျှင် ပျမ်းမျှ အလျား ၁.၃၀ လက်မနှင့် ပြက် ၁.၀၅ လက်မ ရှိသည်။

ငှက်ခါးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့တွေ့ရသည်။ မြန်မာနိုင်ငံ ကွင်းပြင်များ၌လည်း တွေ့ရသည်။ အမြင့်ပေ ၅၀၀၀ အထိ ငှက်ခါးကို တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် ဦးစီးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၂။ အမှတ်-၅၂

# ကျေးဇူးကန်းတို့ သွားရာလမ်း

## ရွှေသွေး ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်

၁၃၃၂ ခု၊ နတ်တော်လဆုတ် ၁၃ ရက် (၂၆-၁၂-၇၀)




ကဲ........ လွတ်ရာ ကျွတ်ရာ သွားပေတော့...
ဟင့်အင်း - မသွားပေါင်.... နင့်ကို ပေါက်သတ် ပြီးမှ သွားမယ်...
အလို -- ငါဟာ နင့် အသက်သခင် ကျေးဇူးရှင်ဘဲဟာ
အောင်မယ် - သူတော်ကောင်း လုပ်နေလိုက်တာ... နင် အိမ်က ထွက်လာ ကတည်းက - ငါတို့ တိရစ္ဆာန်တွေကို သတ် ဖြတ်ဘို့ ထွက်လာခဲ့တာ မဟုတ်ဘူးလား....တယ် --
အော် - လောက - လောက... ကောင်းမှုလုပ်မှ ဒုက္ခတွေ့နေပြန်ပြီ
ငါတို့ ပြဿနာကို သမာဓိရှိတဲ့ ပညာရှင် တဦးကို ဆုံးဖြတ်ခိုင်း မယ်လေ.....
သဘောတူ တယ်....
ဒါဖြင့် - ဟိုရှေ့က သရက်ပင် အိုကြီးကို ဆုံးဖြတ်ခိုင်းမယ်...
ကောင်းပြီ - ကျေနပ်တယ်... အယူခံ တက်ခွင့်တော့ ရှိတယ်နော်...
ကျုပ်က မြွေအသက်ကို ကယ်ထားတဲ့ ကျေးဇူးရှင်ပါ ××××××××××
ငါဟာ - လူတွေကို အသီးပေး - အရိပ်ပေးတဲ့ ကျေးဇူးရှင်ဘဲ၊ ငါ့ကို လူတွေက ဖျက်ဆီး ကြတယ်မဟုတ်လား - ဒါကြောင့် - ကျေးဇူးရှင်ကို ပေါက် သတ်စေ......
မှန်တယ်
မကျေနပ်ဘူး၊ မကျေနပ်ဘူး၊ အသက်ကို အယူခံ တက်မယ်။
ဒါဖြင့် - အလွန် ဖြောင့်မတ်တဲ့ နွားမကြီးထံ သွား ဖြေရှင်း ခိုင်းမယ်လေ...
အေးပါ - မကျေနပ်ယင် အယူခံ ခွင့်ရှိရမယ်
×××× ဒါကြောင့် - ကျုပ်က ကျေးဇူးရှင် ပါ××××× ×××××
ဟင်း . ငါတို့နွားတွေဟာ လူတွေကို လုပ်အားပေး တယ်၊ နို့ပေးတယ်၊ ကျေးဇူးရှင်တွေဘဲ၊ ဒါပေမယ့် လူတွေဟာ ငါတို့ကို သတ်စားကြတယ်။ ဒါကြောင့် ကျေးဇူးရှင်ကို မသေမချင်း ပေါက်သတ်စေ....


အလွန် ပညာကြီး ပါပေတယ်... ဖြောင့်မတ်ပါပေ တယ်... ဟဲ - ဟဲ - ဟဲ
ကဲ - ဒီတခါတော့ နောက်ဆုံး အကြိမ်ဘဲနော်. ဘယ်သွားမေးချင်သေးလဲ... ဟဲ - ဟဲ
ဟို - ယုန်ပညာရှိကြီးထံ သွားမေးမယ်လေ....
xxxxx ဒါကြောင့် - ကျုပ်က ကျေးဇူးရှင်ပါ။ သူက ကျုပ်ကို ပေါက် သတ်ပြီး စား သွားမယ်တဲ့ ဗျာ..
အသင်မြွေ - ဒီလို အဝကျဉ်းတဲ့ ခြင်းထဲ တကယ် ဝင်နိုင်လို့လား ဗျ။ အဲဒါကို သိချင်တယ်၊
သူ့ခြင်းထဲ ဝင်တာက တော့ မှန် ပါတယ်၊
ဒါဖြင့်ယင် - ဘယ်ပုံ - ဘယ်နည်း ကယ်တယ်ဆိုတာ လက်တွေ့ မလုပ်ပြနိုင်ကြဘူးလား
.....ကျုပ်က - ဟောဒီလို ဝင်လိုက် ပါတယ်
ဖြပါ့မယ် - သူက - ဟောဒီလို ခြင်းအနားကပ် ပေးတော့ .....
အင်း - ဟုတ်ပေသားဘဲ၊ ဝင်လို့လဲ ရပေသကိုး.....
ထိုခဏတွင် ယုန်ပညာရှိက ခြင်းဝကို ကျောက် ခဲဖြင့် ပိတ်လိုက်သည်။


လူတွေကို တိရစ္ဆာန်တွေက အတတ်ပညာတွေလဲ သင်ပေးခဲ့တယ်။
အကျိုး အသီးတွေလဲ ပေးခဲ့တယ်၊ ဒါပေမယ့် လူတွေဟာ
ကျေးဇူး မသိတတ်ကြဘူး။ သို့သော် လူတွေဖိုက်မဲ့တိုင်း
တိရစ္ဆာန်တွေက လိုက်ပြီး ဖိုက်မဲ့ဖို့ မသင့်ဘူး။
ခုအချိန်ဟာ တိရစ္ဆာန်နဲ့ လူတွေ စစ်ဖြစ်နေတဲ့ အချိန်လဲ
မဟုတ်ဘူး။ အယုန်တရားကို စီရင်ရမယ့်အခါ
ဖိဖိ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေ မထည့်သွင်းဘဲ
ဆုံးဖြတ်ရမယ်။ ဒါကြောင့် - ကျေးဇူးရှင်ကို ပစ်မှားတဲ့
မြွေကို ရန်မမူနိုင်အောင် ချောက်ထဲသို့
လွှင့် ပစ် စေ ............
ဖွန့်လှပါတယ် - သင့်ဖြတ်လှပါတယ်၊ ယုန် ပညာရှိ မင်းရယ် .... ကျေးဇူးကြီး လှပါပေတယ်
ရှီး
ယုန်ခွတ် - ယုန်ပဲ့ -
သိပ်ကို မတရားဘူး -
ရှဲ
ငါ့ကို လွှတ် ...
နိုင်ပါ ပေါက်သတ် မယ်
ရှီး
ကျေးဇူးကန်းတဲ့ မြွေဆိုး - သွားရော လဟာယ် ....



အမိန့်နာခံသူ
ပန်းချီ ဦးစိန်
ဇါတ်လမ်း မောင်မောင်ဟန်
တခါကတိုင်းပြည်တပြည်တွင်ဘုရင်တပါး အုပ်စိုးလျက်ရှိ၏။ ခုနစ်ပြည်ထောင်သော မင်းတို့သည် ထိုဘုရင်၏ လက်အောက်၌ ရှိကြ၍ –
နှစ်စဉ် အခွန်အကောက်များကို ဘုရင်ကြီးအား ဆက်သရလေသည်။
ကျော်စွာသည် ဘုရင်ကြီး၏ အမြောက်တပ်မှ အလွန် တာဝန် ကျေသော တပ်သားကလေး ဖြစ်၏။
တနေ့သော် လက်အောက်ခံမင်းတို့သည် ဘုရင်ကြီးအား ပုန်ကန်ကြလေသည်။
အခွန် အကောက် ပေးရတာ များတယ်
မတရားဘူး
သူတို့သည် မိမိတို့တိုင်းပြည် အသီးသီးကို အခိုင်အမာ ပြုလုပ်ကြပြီးနောက် –
ပေါ့ပေါ့ဆဆ မနေကြနဲ့


ဘုရင်ကြီး၏ နယ်များကိုပင် ထိပါးတိုက်ခိုက်လာကြသည်။
သတိထားကြပေါ့ ရန်သူ့နယ်ထဲ ကို ရောက်နေပြီ
ဘုရင်ကြီး၏တပ်များမှာ အင်အားချင်းမမျှသဖြင့် နေပြည်တော်သို့ ဆုတ်ခွာခဲ့ရလေသည်။
အင်အားချင်းက မမျှဘူး
ရန်သူတပ်များသည် နေပြည်တော်နှင့် မဝေးလှသော ရွာတရွာ၌ စခန်းချနေကြ၏။
ဒီနေရာမှာ စခန်းချမယ်
အိမ်ငယ်ကလေး တ အိမ် တွင် ရန် သူ ခေါင်းဆောင်တို့ စုဝေးနေကြသည်ကို ဘုလျှိုတဦးက-
ဘုရင်ကြီး၏ အမြောက်တပ်မှ ဗိုလ်မှူးအား လာရောက်သတင်းပေးသည်။
အိမ်ကလေး ထဲ မှာ ရန်သူတွေ ရှိတယ်
ထိုအခါ ဗိုလ်မှူးက ထိုအိမ်ကလေးကို အမြောက်ဖြင့် အသင့်ချိန်ရွယ်ထားရန် အမိန့်ပေးပြီးသော်


အမြောက်တပ်သား ကျော်စွာအား ပစ်ခတ်ရန် အမိန့်ပေးလိုက်၏။
အဲဒီ အိမ်ကလေးကို လှမ်းပစ် ရမယ်၊ကွဲ-အသင့်ပြင်ပေ တော့ ကျော်စွာ
အမြောက်ဆံသည် အိမ်ငယ်ကလေးအား တိုက်ရိုက်ထိမှန်သွားလေသည်။
ပစ်!
အိမ်ကလေးမှာ မီးဟုန်းဟုန်းတောက်လောင်ပြီး ရန်သူခေါင်းဆောင်များအနက် —
အချို့လည်း လွတ်မြောက်ထွက်ပြေးနိုင်ကာ အချို့လည်း သေဆုံးကုန်လေ၏။
ဗိုလ်မှူးသည် ကျော်စွာအား ချီးကျူးရန်ပြုရာ မျက်ရည်လည်နေသောကျော်စွာကိုတွေ့သဖြင့်
ဘာဖြစ်လို့ မျက်ရည် ကျနေတာလဲ-- ဟင်.. ကျော်စွာ
တာဝန်နှင့်အမိန့်ကို နာခံသောတပ်သားကလေး အတွက် ဗိုလ်မှူးသည် အလွန်ဂုဏ်ယူမိလေသည်။
ကျွန်တော့် အိမ်ကလေး မီးလောင် သွားပြီ - ဒီအိမ်ကလေး တလုံး ကိုသာ ကျွန်တော်ပိုင်ပါတယ် ခွင့်လွှတ်ပါ ဗိုလ်မှူး
ကျော်စွာဟာ စစ်သားကောင်း ပီသပါပေတယ်


ပြီးပါပြီ

# ခေါင်းလောင်း

ရေးသူ ရဲမြင့်




မြန်မာ



အိန္ဒိယ

တရုတ်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ လောက်က ခေါင်းလောင်းများ စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုကြသည်။ အနောက်နိုင်ငံများတွင်မူ ခရစ်ယန် အယူဝါဒကို အတည်တကျ ကိုးကွယ်လာကြသော ၅ ရာစုနှစ်၊ ၆ ရာစုနှစ်ခန့်သို့ ရောက်မှ ခေါင်းလောင်းများကို ထားရှိလာကြသည်။


အများအားဖြင့် ခေါင်းလောင်းကို သာသနာရေးနှင့် ဆက်စပ်၍ အသုံးပြုကြလေသည်။ ထိုပြင်နန်းတက်ပွဲ၊ လက်ထပ်ပွဲများတွင် ခေါင်းလောင်းထိုးခြင်း၊ စစ်ပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် ခေါင်းလောင်းထိုးခြင်း၊ ဘုရင်နတ်ရွာစံသဖြင့် ခေါင်းလောင်းထိုးခြင်း၊ ကျောင်းတက်ကျောင်းဆင်းခေါင်းလောင်း စသည်ဖြင့် ရှိပေသေးသည်။



ကွန်ဂိုသံခေါင်းလောင်း

အချို့နိုင်ငံများတွင် ခေါင်းလောင်းများကို အရွယ်ရွယ် အစားစား တပ်ဆင်ပြီး သံစုံထိုးခြင်းလည်း ရှိပေသည်။

ခေါင်းလောင်းကို အရည်ပျော်နေသောသတ္တုရည် တမျိုးဖြင့် ပုံသွန်းလောင်းယူရလေသည်။ ကြေးနီ ၁၃ ဆနှင့် သံဖြူ ၄ ဆကို ရောပြီး အရည်




အာဖရိက
သစ်သား
ခေါင်းလောင်း




အာဖရိက
ချူချူခေါင်းလောင်း




ဂျပန်ဗုဒ္ဓဘုရားကျောင်း
မှခေါင်းလောင်း





ကျိုခြင်းဖြင့် ခေါင်းလောင်းများအတွက် သင့်လျော်သော သတ္တုရော တမျိုးကို ရရှိသည်။




ပုံစံနှစ်ထပ်ဖြင့် ခေါင်းလောင်းကို ပုံသွန်းလောင်းသည်။ အတွင်းပုံစံသည်ခေါင်းလောင်း၏ အတွင်းပိုင်းကို ဖြစ်ပေါ်စေပြီး၊ အပြင်ပုံစံသည် ခေါင်းလောင်း၏ အပြင်မျက်နှာပြင်ကို ဖြစ်ပေါ်စေသည်။ ယင်းပုံစံနှစ်ထပ်အကြားသို့ အရည်ပျော်နေသော သတ္တုရောကို လောင်းထည့်ရသည်။ ထို့နောက် အအေးခံပြီး၊ ပုံစံများကို ခွာပေးရသည်။ ရွှံ့စေးဖြင့်ပြုလုပ်သော ပုံစံခွက်ဖြစ်လျှင် ခွဲထုတ်ပစ်နိုင်သည်။ အလွန်ကြီးမားသော ခေါင်းလောင်းကြီးများကို အအေးခံရာတွင် သီတင်းပတ် အတန်ကြာသည်အထိ အအေးခံရပေသည်။





ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းမှာ ရုရှနိုင်ငံ မော်စကိုမြို့တွင် ရှိပေသည်။ မြန်မာနိုင်ငံရှိ မင်းကွန်းခေါင်းလောင်းကြီးမှာ ဒုတိယ အကြီးဆုံး ဖြစ်သည်။



ခေါင်းလောင်းပုံသွန်းလောင်းခြင်း



မင်းကွန်းခေါင်းလောင်းကြီး



အတု နှင့် အစစ်
ပန်းချီ-ကော်ကော်
ဇာတ်လမ်း-မြင့်သိန်းချို
တောရွာတရွာမှ ရွာသူကြီး တဦးသည် အချိန်အားတွင် အမဲပစ်ထွက်လေ့ရှိသည်။
သားကောင်ရလျှင် မိတ်ဆွေများကိုဖိတ်ပြီး စားသောက်မြဲ ဖြစ်သည်။
စားကြဗျို့ ဝဝအောင် သာစားကြ
တခါသော် သူတို့စားသောက်နေစဉ် ခွေးပိန် တကောင် ဝင်လာရာ မိတ်ဆွေက–
ဟဲ့..ခွေး ခုတ် သွားစမ်း..တယ်...
သို့သော် ရွာသူကြီးက တားပြီး
ဒီမှာ အများကြီး ပိုနေတာဘဲ ကျွေးလိုက်ပါဗျာ–
အစာဝသောအခါ ခွေးသည် သူကြီးခြံတွင် နေပြီး စောင့်ရှောက်ပေးလေသည်။
ဂုတ်ကျား... ဒီကို လာစမ်း...
တနေ့တွင် အမဲပစ်ထွက်ရင်း ချုံထက်သော ကျောက်ဆူးတခုကို နင်းမိ၍ -


အိပ်ရာထဲတွင် လဲနေစဉ် မိတ်ဆွေများသည် ဝတ်ကြေတန်းကြေ လာကြသည်။
ကျွန်တော်တို့ မအားလို့ နောက်နေ့ လာနိုင်မှာ မှုတ်ဘူး
အင်း..တကယ်တော့ ဒီမိတ်ဆွေတွေဟာ.. အတုတွေဘဲ...
ဤသို့ဖြင့် ပြန်လည်ကျန်းမာလာသော အခါ အမဲလိုက် ထွက်ပြန်သည်။
ဂုဏ်ကျား လိုက်လာသည်ကို တွေ့ရသဖြင့်
ဟဲ့...ဂုတ်ကျား... လိုက်မရှုပ်စမ်းနဲ့
တောတွင်းတနေရာတွင်
တောဝက်ပါလား မြန်မြန်ပစ်မှဘဲ..
သို့သော် နွယ်ကြိုးနှင့် ခြေထောက်ငြိပြီး လဲသွားလေသည်။


ထိုစဉ် ချုံတချုံအတွင်းမှ ဂုတ်ကျား ပြေးလာပြီး တောဝက်ကို ဝင်ကိုက်လေ၏။
ထိုအခါ ပစ်ခတ်ရန် အခွင့်ကောင်းရလာတော့သည်။
အခုနေ မြန်မြန် ပစ်မှ
ထိုနောက် တောဝက်ကြီးကိုထမ်းပြီး ပြန်လာကြသည်။
ဒီနေ့တော့.. ဟင်းကောင်းကောင်း စားရမယ်ဟေ့..
ဝအောင်စား စမ်းကွ
ထိုစဉ်–
ခင်ဗျား အမဲ ရလာတယ် ကြားလို့ ဗျို့...
အော်.. အော်.. ဒီပေးခဲ့...
ခင်ဗျားတို့က မိတ်ဆွေ အတုတွေပဲ ကျုပ်ခွေးက မိတ်ဆွေ အစစ်ဗျ.. ခင်ဗျားတို့ အတွက် ကျုပ် ဒီမယ် တံခါး ကို.. ဒါဖြင့် ပိတ်ထားပြီ



# အသံမည်သို့ဖြစ်ပေါ်လာသနည်း


လေထုထဲတွင် လေလှိုင်းများ ဖြစ်ပေါ်ခြင်းကြောင့် အသံဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ ထိုလေလှိုင်းများကို အသံလှိုင်းများဟု ခေါ်သည်။ ကျွန်ုပ်တို့၏ ပတ်ပတ်လည်တွင် လေထု ရှိပေသည်။ လက်ခုပ်တီးသောအခါ၊ အော်လံများကို မှုတ်သောအခါ၊ ပီပီ မှုတ်သောအခါ ကျွန်ုပ်တို့သည် လေထုကို တွန်းသည့် သဘောသို့ ရောက်သည်။ ထိုအခါ လေထုသည် လှုပ်ရှား ရတော့သည်။ လေလှိုင်းများ ဖြစ်ပေါ်လာတော့သည်။ ရေအိုင်တအိုင် အတွင်းသို့ ကျောက်ခဲတလုံးကို ပစ်ချလိုက်ပါက ရေလှိုင်းများ ဖြစ်ပေါ်လာသည့်အတိုင်း ဖြစ်၏။

လေထဲမှ အသံလှိုင်းများ ကျွန်ုပ်တို့၏နားဝသို့ ရောက်လာသောအခါ နားအတွင်းရှိ ပါးလွှာသော အမြှေးပါးကို တုန်ခါစေသည်။ ထိုအခါ ကျွန်ုပ်တို့ အသံကို ကြားရသည်။

လေထုမရှိလျှင် အသံလှိုင်းများ မဖြစ်ပေါ်နိုင်ပေ။ ထို့အတူ အသံများကိုလည်း မကြားနိုင်တော့ပေ။ ထို့ကြောင့် လေထုမရှိသော လပေါ်တွင် လူနှစ်ယောက် စကား ပြောပါက တယောက် ပြောသည်ကို တယောက် ကြားနိုင်မည် မဟုတ်ချေ။

ကြယ်ဖြူ

## ဉာဏ်စမ်းရုပ်ကလေးများ




အထက်ပါပုံကို စက္ကူထူတွင် ကပ်ပြီး အကွက်များ အတိုင်းဖြတ်ပါ။ ထိုနောက် ကြိုက်ရာ အရုပ်များလုပ် ကစားပါ။



# မာနီ

မောင်ခိုးမွန် (ဗန္ဓုသိမ်)

အုန်းအုန်း သည်နှစ် ရှစ်တန်းသို့ တက်ရသည်။ ရှစ်တန်းမှာ အစိုးရစစ်ဖြစ်သည်။ ယခင်ကထက် ကြိုးစားရမည်ဟု အုန်းအုန်း နားလည်သည်။ သို့သော် အပေါင်းအသင်းများနှင့် ပျော်ပျော် နေခဲ့မိသည်။ ယခု ပထမအစမ်းစာမေးပွဲပင် စစ်ပြီးခဲ့ပြီ။

"မင်းတို့ ဒီကပ်တွေကို မိဘပြရမယ်နော်။ မိဘက ကြည့်ရှုပြီး ဆိုင်းထိုးပေးလိမ့်မယ်။ အဲဒီတော့မှ ပြန်ယူခဲ့ကြ"

အမှတ် စာရင်းများ ရေးဖြည့်ပေးထားသည့် အရည်အချင်းစစ် မှတ်တမ်း ကပ်များကို ဆရာက ဝေသည်။ အုန်းအုန်းသည် မိမိရသော အမှတ်စာရင်းကို ကြည့်လိုက်မိ၏။

| | | |
|---|---|---|
| အင်္ဂလိပ်စာ | (၁) | ၄၃ မှတ် |
| အင်္ဂလိပ်စာ | (၂) | ၄၀ ။ |
| မြန်မာစာ | | ၄၈ ။ |
| သင်္ချာ | (၁) | ၄၅ ။ |
| သင်္ချာ | (၂) | ၃၅ ။ |
| သမိုင်း | | ၃၈ ။ |
| သိပ္ပံ | | ၃၀ ။ |
| ပထဝီ | | ၃၄ ။ |

သူရသော အမှတ်များကို ကြည့် နေ မိ ရင်း မှ အုန်းအုန်း စိတ်ပျက်မိတော့သည်။ အတန်းထဲတွင် လူက အယောက်လေးဆယ်၊ သူရသော အဆင့်က သုံးဆယ်၊ အုန်းအုန်းသက်ပြင်းချမိသည်။ ဖေဖေ့ကိုပင် မပြချင်တော့။

× × ×

အုန်း အုန်း ထင် သည့် အတိုင်းပင် ဖြစ်သည်။ အမှတ်စာရင်းကိုကြည့်ပြီး ဖေဖေက မျက်မှောင်ကြီးကုတ်သည်။ သူ့ကိုလှမ်းကြည့်သည်။ အုန်းအုန်းခမျာ အတော်ပင် လန့်သွားမိသည်။ ဖေဖေဆူတော့မည်။

"အုန်းလေး – အမှတ်တွေ ကြည့်ပြီးပြီ မဟုတ်လား"

"ကြည့်ပြီးပါပြီ ဖေဖေ"

"ကိုယ်ရတဲ့ အဆင့်ရောတွေ့ရဲ့လား"

"တွေ့ပါတယ် ဖေဖေ"

"ဘယ်လောက်လဲ"

"အဆင့် သုံးဆယ်မှာပါ"

"အတန်းထဲရှိတဲ့လူက လေးဆယ်၊ အုန်းလေးရတဲ့ အဆင့်က သုံးဆယ်၊ ဒီတော့ အုန်းလေး နောက်မှာ ဘယ်နှစ်ယောက်ရှိသလဲ"

"ဆယ်ယောက်ပါ"

"ရှေ့မှာရော"

"နှစ်ဆယ့်ကိုးယောက်ပါ"

"လူ နှစ် ဆယ့်ကိုးယောက်တောင် အုန်းလေးရှေ့မှာ ရှိနေတာ မရှက်ဘူးလား"

အုန်းအုန်းမဖြေနိုင်၊ ငေးငိုင်နေရရှာ၏။ ဖေဖေက ဆက်မေးသည်။

"အုန်းလေးမှာ မာနမရှိဘူးလား"

"မရှိပါဘူး ဖေဖေ"

"ဘာ ဖြစ် လို့ မာနမရှိတာလဲ"

"မာနဆိုတာ မထားသင့်ဘူး၊ မာနထားယင် သူတပါးက လဲ မုန်း မယ်၊ မာနကြောင့် ပျက်စီးတတ်တယ်လို့ ဆရာတွေ

ကလဲဆုံးမဘူးတယ်၊ ဖေဖေက လဲပြောဘူးတယ် မဟုတ်လား"

"အေး— မှန်တယ်။ ဖေဖေပြောတဲ့ မာနက ခု အုန်းလေးပြောတဲ့ မာနမျိုး မဟုတ်ဖူး။ ပညာ သင်ယူတဲ့ ကျောင်းသူကျောင်းသားတိုင်း၊ အလုပ်အကိုင်လုပ်မဲ့ လူတိုင်း အတွက် ထားသင့်တဲ့မာနမျိုးပြောတာ"

"ဘယ်လိုမာနမျိုးလဲဖေဖေ၊ အဲဒီ မာနမျိုးတော့ အုန်းလေး နားမလည်ဘူး။"

"ဖေဖေပြောပြမယ်၊ သေသေချာချာ နားထောင်။ ခု အုန်း လေး တို့ အ တန်း မှာ ကျောင်းသူကျောင်းသား လေးဆယ်ရှိတယ်။ ဒီ လူလေးဆယ်ဟာ ပ ညာ ရေး ပန်း တိုင် ကို ရောက်ဖို့ အပြေးပြိုင်နေကြတာဘဲ။ ဒီလိုပြိုင်နေတဲ့နေရာမှာ တယောက်ထက် တယောက် ရှေ့ကရောက်အောင်ပြေးရမယ်။ ဒီလိုပြေးတဲ့နေရာမှာ တယောက်ကို တယောက် တွန်းခဲ့ဖို့၊ တိုက်ခဲ့ဖို့၊ ချောက်တွန်းခဲ့ဖို့မဟုတ်ဖူး။ သူလဲ ဒီအချိန် ဒီစာတွေသင်တာဘဲ။ ငါလဲ ဒီဆရာနဲ့ ဒီစာတွေသင်တာဘဲ။ ဒီတော့စာမေးပွဲမှာ ငါသူတို့ထက်တော်အောင်ကြိုးစားမယ်။ ငါတခြားလူတွေထက် သာ ရ မယ်။ မ သာ ဘဲ နောက်မှာရောက်နေယင် ရှက်စရာကောင်းတယ်ဆိုတဲ့ စိတ်မျိုးမွေးရမယ်။ မာနထားရမယ်။ ဒီနေရာမျိုးမှာ မာနဟာ သူတပါးကို စော်ကားဖို့၊ သူတပါးအကျိုးပျက်အောင်လုပ်မဲ့ မာနမျိုးမဟုတ်ဖူး။ မိမိရဲ့ကြိုးစားမှု၊ လုံ့လဝီရိယကိုဖန်တီးမဲ့ မာနမျိုးဖြစ်တယ်။ နားလည်ရဲ့လား"

"ဟုတ်ကဲ့ နား လည် ပါ ပြီ ဖေဖေ"

× × ×

အုန်းအုန်းတို့ စာမေးပွဲကြီးသည် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။ ကျောင်း ကို လည်းပျော်ပျော်ပင် တက်လျက်ရှိကြသည်။ စာလည်းအတူပင်ကျက်ခဲ့ကြ၏။ ဘယ်သူငယ်ချင်းနှင့်မျှ အုန်းအုန်း အ ခင် မင် မ ပျက်။ အုန်းအုန်းတယောက် မာနကြီးသွားပြီဟေ့ ဟူ၍လည်း ပြောသံ မ ကြား ရ။ ကျောင်း စာ ကိုတော့ အုန်းအုန်းတယောက် ယခင်ကထက် ကြိုးစားသည်။ သူငယ်ချင်းများနှင့် တွေ့လျှင် ပြုံးပြုံးကလေးရှိသည်။ ကျောင်းစာနှင့်တွေ့လျှင် အုန်းအုန်းမျက်နှာတည်၏။ နှုတ်ခမ်းလေးနှစ်လွှာ တင်းတင်းစေ့၍ ရေးနေ၊ မှတ်နေ၊ တွက်ချက်နေတတ်သည်။

× × ×

စာမေးပွဲကြီးပြီးသွားပေပြီ။ အောင်စာရင်းများလည်း ထွက်ခဲ့ပြီ။ အုန်းအုန်းတို့ကျောင်းမှ ကျောင်းသူကျောင်းသား တော်တော်လေးအောင်ကြသည်။ ထိုအထဲတွင် အုန်းအုန်းလည်း ပါသည်။ ပါရုံမက ဂုဏ်ထူး သုံးခုဖြင့် သိပ္ပံလိုင်းခွဲ စာရင်းတွင် အုန်းအုန်းတယောက် ရှေ့တန်းမှ ပါခဲ့လေပြီ။

## ကရင်နှစ်သစ်ကူး

ရှင်စရာ မင်္ဂလာ စဉ်လာနဲ့

ကရင်အမျိုးသား နှစ်ကူးပွဲ။

ယှဉ်တွဲကလို့ ဟန်ချီချီ

"ဒုံးယိမ်း""အော်ပွဲ"စုံလှသည်။

ဖားစည်သံလေး ချိုချိုအေး

သီကြ ဆိုကြ သံသာဓေး။

ကျွေးမွေး ပေးလှူ ကုသိုလ်ယူ

သဒ္ဓါယိုဖိတ် စိတ်ကြည်ဖြူ။

တို့ပြည်သူတွေ ဆုချွေတောင်း

ပျော်စေ ရှင်စေ သာစေ

ကြောင်း။ ။

တက္ကသိုလ်ကြည်မာ



R. 517



# ချိုးလည်ပြောက်

ရေး-သူ ဝဲမြင့်

ကိုယ်ထည်အလျား ၁၁ လက်မခန့် ရှိသည်။ မြေပေါ်တွင် ကျက်စား၍ လူအကပ်ခံသည်။ ကူသံမှာ ပျော့ပျောင်း၍ တကူ—ကူ—ကူ ဟု ဆင့်၍ ပေါ်ထွက်လာသည်။


မြန်မာနိုင်ငံတွင် မြင်ရဖန်များသော ၄က်မျိုးဖြစ်သည်။ ရေငတ်မခံနိုင်ပေ။ ရေရှိသည့် နေရာများတွင် အနေများသည်။ လယ်ကွင်းများတွင် အများဆုံး ကျက်စားသည်။ စုရုံးနေလေ့ မရှိသော်လည်း စပါးရိတ်ပြီးချိန်တွင် အမြောက်အမြား လာရောက်တတ်သည်။ မြေပြင်တွင် လျှောက်၍ အစာရှာဖွေတတ်သည်။

ချိုးလည်ပြောက် မောင်နှံသည် ရာသက်ပန် အတူ နေလေ့ရှိသည်။ စုံတွဲလိုက် သီးခြားနယ်များတွင်နေသည်။ အခြားနယ်သို့ မကျူးကျော်။တခြားမှ ကျူးကျော်လာလျှင်လည်း သတ္တိရှိစွာ တိုက်ခိုက်လွှတ်သည်။

သားပေါက်ချိန်မှာ တနှစ်လုံးလိုလိုပင် ဖြစ်သည်။ အသိုက်ကို တုတ်များ၊ နွယ်မျှင်များဖြင့်ပင် တည်ဆောက်သည်။ ဥသုံးလုံးခန့်သာ အများဆုံးအုသည်။တဥလျှင် ပျမ်းမျှအလျား ၁.၀၆ လက်မနှင့် ပြက် ဝ.၈၂ လက်မခန့် ရှိသည်။




အရှေ့တိုင်း နိုင်ငံများတွင် အများအပြား တွေ့ရှိရသည်။
မြန်မာနိုင်ငံတွင် နေရာအနှံ့၌ တွေ့ရသည်။





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။



# ရွှေသွေးဂျာနယ်

## ပေါင်းချုပ်



အတွဲ-၂၊ အမှတ် ၂၈မှ၅၂

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/